www.burmeseclassic.com

THIHAYADANAR

BURMESE CLASSIC .com



# ကမ္ဘာမြေဝယ် ဂျာနယ်ကျော်မမလေး

(တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# ဂျာနယ်ကျော်မမလေး

# ကမ္ဘာမြေဝယ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၁၉/ ၂၀၀၀ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၉/ ၂၀၀၀ (၉)

| | |
|---|---|
| စီစဉ်သူ | ■ ဦးသိမ်းနိုး |
| အကြိမ် | ■ ပထမအကြိမ် ၂၀၀၀ခု အောက်တိုဘာလ |
| အုပ်ရေ | ■ (၁၀၀၀) |
| ထုတ်ဝေသူ | ■ ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ၊ ၈/၆၅၊ အုပ်စု (၃) အောင်သိဒ္ဓိလမ်း၊ အင်းစိန်မြို့နယ်။ |
| မျက်နှာဖုံး | ■ I.C.G (Infinity Computer Graphic) |
| အတွင်းပုံနှိပ် | ■ ဦးတင်အောင်ဝင်း (၀၃၃၀၉)၊ ဘိုးရာဇာ ပုံနှိပ်တိုက်၊ ၁၆၂ ၄၅လမ်း၊ ရန်ကုန်။ |
| အတွင်းကွန်ပျူတာ | ■ I.C.G (Infinity Computer Graphic) |
| စာအုပ်ချုပ် | ■ Infinity Perfect Binding (I.C.G) |
| မျက်နှာဖုံးဒီဇိုင်း | ■ I.C.G (Infinity ) |
| တန်ဖိုး | ■ ၃၇၅ ကျပ် |

## စာရေးသူ၏အမှာ

ငှလိုင်လထုတ် ရှုမဝမဂ္ဂဇင်းတွင် 'ငြိမ်းချမ်းရေးအလဲ' ဟူ၍ ဆောင်းပါးတစ်ပုဒ် ရေးသားပေးနေသည့် ရက်အတွင်း ရှုမဝတိုက်မှ စာရေးဆရာ ရန်အောင်သည် ကျွန်မအိမ်သို့ ရောက်လာသည်။ ကျွန်မရေးသားပေးပို့သော ငြိမ်းချမ်းရေး အလဲ ကော်ပီ စာစီပြီးသား ပရုအကြမ်းများကို ပြလာသည်။ ထိုအချိန်၌ ကျွန်မအိပ်ရာထဲတွင် လဲလျက် အတော်ပင် နေထိုင်မကောင်းဖြစ်နေသည်။ ဆရာရန်အောင် ရောက်လာသည်ဆို၍ အောက်ထပ်သို့ ဆင်းခဲ့ကာ လာပြသော ပရု များကို အနိုင်နိုင်ထိုင်၍ ပြင်ပေးရလေသည်။

ဆရာရန်အောင်မှာ ကျွန်မအတော် နေမကောင်း ဖြစ်နေမှန်း သိသဖြင့် အားနာနာနှင့် ထိုင်စောင့်နေလေသည်။

ကော်ပီများ ပြင်ပြီးသွား၍ ဆရာရန်အောင် ထပြန်သွား

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ကျွန်းမာရေး ဂရုစိုက်ရန် တံခါးဝ၌ တော်တော် ကြာကြာ ရပ်ပြောသွားသည်။

ကျွန်မသည် တံခါးဝရှိ သံတံခါးကို မှီရပ်ကာ မိုးရေထဲတွင် ထွက်သွားသော ဆရာရန်အောင်ကို ငေးကြည့်နေမိသည်။ မိုးမှာ တသဲသဲ ရွာချနေလေသည်။

အပေါ်ထပ်ရှိ အိပ်ခန်းထဲသို့ ပြန်တက်သွားပြီးနောက် ကုတင်ပေါ်တွင် လှဲလိုက်ကာ တအုန်းအုန်း ရွာချနေသော မိုးရေပေါက်များကို ပြတင်းပေါက်မှ လှမ်းကြည့်နေမိသည်။

အပြင်ဘက်တွင် မိုးသံတို့သည် ညည်းတွား၍ နေကြလေသည်။ ခံစားနေရသည့် ဝေဒနာမှာ မိုးသံများကြောင့် တစစ်စစ် ကိုက်ခဲလာသလိုပင် ထင်ရသည်။ မိုးမှာ စဲပဲမစဲနိုင်တော့၊ တစိမ့်စိမ့် ရွာလျက်ရှိသည်။

မစဲနိုင်သော မိုးသံလေသံထဲတွင် အိပ်ရာထဲ၌ လှဲခွေနေရခြင်းမှာ ခြောက်ကပ် ငြီးငွေ့ဖွယ်ရာကြီး ဖြစ်နေလေသည်။ ပြတင်းပေါက်သို့ ငေးကြည့်နေရင်း စိတ်အာရုံများ လွင့်၍ နေသည်။

မန္တလေးမိုးတွင်းတုန်းက သထုံဘက်ကို ရောက်သွားသောအချိန်မှာ ကောက်စိုက်ချိန် ဖြစ်လေသည်။ လယ်ကွက်ထဲတွင် လယ်သူမများ ကုန်း၍ ကောက်စိုက်နေကြပုံကို ရထားပေါ်မှ လှမ်းကြည့်ခဲ့သည်။

ပြတင်းအပြင်ဘက်ရှိ မိုးရေများနှင့် ထိုသဏ္ဍာန်သည် ပေါင်းစပ်၍ ထင်မြင်လာပေသည်။

မိုးရေထဲ၌ ကုန်း၍ ကောက်စိုက်နေကြသော ကောက်စိုက်မများ၏ ပုံမှာ မျက်စိထဲမှ တော်တော်နှင့် မထွက်နိုင်၊ ထိုသဏ္ဍာန်များသည် ကျွန်မအား ဝတ္ထုရေးချင်အောင် သွေးဆောင်၍ နေကြ





ပေသည်။

ကောက်စိုက်မကလေးတစ်ယောက်၏ ဘဝကို ရေးခြယ်ဖော်ပြချင်သောစိတ်မှာ မနေနိုင် မထိုင်နိုင် ပြင်းပြလာသည်။ စိတ်ရှိတုန်းရေးလိုက်ချင်သောကြောင့် ကျွန်မနှင့် အဖော်အတူနေသော မိန်းကလေးကို လှမ်းခေါ်ကာ ကော်ပီစာအုပ်နှင့် ဖောင်တိန် ယူပေးရန်တောင်းလိုက်ရသည်။

စားပွဲတွင် ထိုင်၍ မရေးနိုင်သဖြင့် အိပ်ရာထဲတွင်ပင် အိပ်နက်ဖြင့် ဤဝတ္ထုကို စတင်၍ ရေးသားလေသည်။

ဝတ္ထုထဲတွင် ကောက်စိုက်မဘဝကို သရုပ်ပေးအောင် ရေးဖို့သိုလာလေသည်။

မိုးရေထဲတွင် ကောက်စိုက်မများသည် ကုန်း၍ ကောက်စိုက်နေကြသည် ဟူသော ပုံသဏ္ဍာန်လေးလောက်ခြယ်ရေးပြရုံနှင့် လုံလောက်မည်မဟုတ်၊ စိတ်ကူးနှင့် အစပျိုးထားသည့် ဝတ္ထုမှာ တောင်သူလယ်သမားတို့၏ လောလောဆယ် ရင်ဆိုင်နေရသော ပြဿနာနှင့် သူတို့၏ ဘဝအခြေအနေတစ်ရပ်လုံးကို တင်ပြရန် ရှိပေသည်။

ကောက်စိုက်မဘဝကို ပုံတူ ကူးယူထားသလို ၎င်းတို့၏ ကောက်စိုက်ပုံ၊ ကောက်စိုက်နည်း၊ စကားအသုံးအနှုန်း အကျင့်အကြံ၊ အလုပ်အကိုင်၊ ဟန်ပန်အမူအရာ၊ သရုပ်သဏ္ဍာန်အားလုံး ပေါင်းစုဆွဲယူပြီး တကယ်တန်း ဖြစ်ပျက်သည့် ကောက်စိုက်မဘဝကို အခြေပြု ဖော်ပြ ရေးသားနိုင်မှသာလျှင် ဝတ္ထုနှင့် ဆီလျော်မည်ဟု တွေးမိကာ စိတ်ပင်ပန်းသွားလေသည်။

ယခုအသက်အရွယ်အထိ လက်ကွက်ထဲသို့ တစ်ခါမျှ မဆင်းဘူးပေ၊ လယ်များကို မနီးမဝေး ကမ်းပါးကပင် လှမ်းမြင်ဖူးသည်။

ကျွန်မ၏ဖခင်မှာ စကခြောက်သောင်းခန့် ပိုင်ဆိုင်သော



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူ အရင်းရှင် လယ်ယာစိုက်ပျိုးရေး ဘဏ်တွင် မန်နေဂျာဖြစ်၍၊ ဘဏ်တိုက်ကြီး၏ လယ်ယာမြေများကို ကျွမ်းကျွမ်းကျင်ကျင် စီမံအုပ်ချုပ် လုပ်ကိုင်ပေးခဲ့သည်။

ထိုစဉ်က ကျွန်မမှာ လယ်အကြောင်းနှင့် ပတ်သက်၍၊ စပါးပေး၊ တင်းတိုး၊ ပုံသေတိုးစသည့် မြေရှင်စနစ် အချက်အလက်များကို ဒေါ်ဆင်ဘဏ်တိုက်ထဲတွင် ကြီးပြင်းနေ၍ မလွှဲမရှောင်သာ သိမြင်ကြုံတွေ့ခဲ့ရသည်။

တကယ့်လယ်သမား ဘဝကိုကား ကိုယ်တိုင်ကိုယ်ကျ တိုးဝင်နေထိုင်ခဲ့ဖူးသည့် အဖြစ်နှင့် အနုစိတ် သေသေချာချာမသိ သို့သော် ဘဏ်တိုက်သို့ လယ်အတွက် ငွေချေး ငွေထုတ်ရောက်လာကြကုန်သော လယ်လုပ်သားများနှင့် နေ့စဉ်လိုလို ဆုံစည်းကြုံတွေ့နေရသည်ဖြစ်၍၊ လူအပေါင်းတို့၏ အသက်သွေးခဲ ဆန်စပါးကို လုပ်အားဖြင့် ပေးစွမ်းခြင်း ရှိပေသော အဖြစ်သနစ်ကို လေးလေးစားစားနှင့် စိတ်ဝင်စားလာခဲ့သည်။

ဤဝတ္ထုသည် စိတ်ကူးနှင့် ရေးခြယ် ဖော်ပြသွားရုံဖြင့် ပြည့်စုံမည်မဟုတ်၊ သေသေချာချာ သရုပ်ပေးအောင် ဖော်ပြပေးရန်မှာလည်း ကျေနပ်လောက်အောင် မကျွမ်းကျင်သောကြောင့် စိတ်ပင်ပန်းခြင်း ဖြစ်ရသည်။

ဝတ္ထုရေးရန် အခက်အခဲနှင့် ကြုံတော့မှပင် သာ၍ရေးချင်လာသည်။ မဖြစ်ဖြစ်အောင် ရေးချင်လာသည်။

ထို့ကြောင့် လယ်သမားဘဝကို အနုစိတ်သိနိုင်အောင် ဆည်းပူးလေ့လာ အားထုတ်ကြိုးပမ်းပြီး ရေးသားမည်ဟု ဆုံးဖြတ်လိုက်ရသည်။

မကြာမီ နေထိုင်ကောင်းသွား၍ တစ်နေ့တွင် ရှုမဝတိုက်သို့





ရောက်သွားလေသည်။ ရှုမဝဦးကျော်နှင့် စကားစပ်မိ၍ နေမကောင်းနေခိုက် ဝတ္ထုတိုလေးတစ်ပုဒ် စ, ထားကြောင်းနှင့် ဝတ္ထုအမည်မှာ 'သည်လယ်ကို သည်မယ်စိုက်ပ' ဟု ပြောမိသည်။ ထိုအချိန်တွင် ဇော်ဂျီမှာ ရှုမဝတိုက်တွင် ရောက်နေ၍ နေမကောင်းနေတုန်း ဘာဖြစ်လို့ ရေးသလဲ၊ ကျန်းမာရေး ဂရုစိုက်မှပေါ့ဟု ကြိမ်းမောင်းနေသည်။

လကုန်ခါနီးလောက်တွင် ရှုမဝဦးကျော်သည် ကျွန်မထံသို့ လူလွှတ်၍ 'သည်လယ်ကို သည်မယ်စိုက်ပ' ဝတ္ထုတိုပေးလိုက်ပါရန် တောင်းခိုင်းလိုက်သည်။ ကျွန်မလည်း အဆုံးမသတ်သေးသော ဝတ္ထုတိုကလေးကို ပေးလိုက်ကာ မပြီးသေးကြောင်း ပြောလိုက်သည်။

ဦးကျော်က ဝတ္ထုကို အပိုင်းခွဲကာ အဆက်နှင့် လစဉ်ထည့်သွားမည်ဆို၍ ဝတ္ထုပြီးမှ တစ်ခါတည်း ထည့်ပါရန် တောင်းပန်ကာ ပြန်တောင်းယူလိုက်သည်။ ဝတ္ထုမှာ ဆက်ရေးရင်း ရေးရင်း ရှည်လာ၍ ဦးကျော်အား ဝတ္ထုတိုမဟုတ်ဘဲ၊ ရှုမဝဝတ္ထုရှည်အဖြစ် နောက်လမှ ထည့်ပါတော့ဟု တောင်းပန်လိုက်ရသည်။

အချိန်ကျ၍ ရှုမဝဦးကျော်သည် ကျွန်မထံသို့ ဝတ္ထုရှည်ကော်ပီပေးရန် အယူလွှတ်ပြန်သည်။ ရှုမဝဝတ္ထုရှည်အတွက် ရေးပေးနေသော ဤဝတ္ထုမှာ ရေးရင်း ရေးရင်း ရှုမဝဝတ္ထုရှည် ကန့်သတ်ထားသော စာမျက်နှာထက် ကျော်လွန်သွားပြန်၍ ရှုမဝတွင် မထည့်နိုင်တော့သဖြင့် စာအုပ်ရိုက်မှ ဖြစ်တော့မည်ဟု ပြောလိုက်ရတော့သည်။

ဝတ္ထုမှာ ရှည်လာ၍ 'သည်လယ်ကို သည်မယ်စိုက်ပ' အမည်မှ 'ကမ္ဘာမြေဝယ်' ဟု အမည်ပြောင်းထားလိုက်သည်။

ဝတ္ထုတိုမှ ဝတ္ထုရှည် ဖြစ်လာသော ဤဝတ္ထုသည် ရှုမဝအတွက်ရေးသားပေးသော ဝတ္ထုသာလျှင် အမှန်ဖြစ်၍ ကျွန်မတွင် စာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အုပ်ထုတ်ဝေရေး လုပ်ငန်းရှိပါသော်လည်း ရှုမဝ ဦးကျော်နှင့် ရှုမဝ ပရိသတ်ကြီးပေါ်တွင် မေတ္တာထားကာ ရှုမဝသို့ ရည်စူးရေးပေးသော ဝတ္ထု၊ ရှုမဝဦးကျော်ပင်လျှင် ထုတ်ဝေရန် ပေးအပ်လိုက်သည်။

ဦးကျော်မှာ ရှုမဝတိုက်အဖြစ် ကျွန်မဝတ္ထုကို ရိုက်နှိပ်ရမည် ဖြစ်၍ များစွာ အားရကျေနပ်ကာ အစစ, အရာရာ ကျွန်မအလို ကျအတိုင်း မေတ္တာဖြင့် စီစဉ်လုပ်ကိုင်ပေးလေသည်။

ဤသို့ဖြစ် ကမ္ဘာမြေဝယ်ဝတ္ထုကြီးသည် ဂျာနယ်ကျော်မမလေး ဖြန့်ချိရေးမှ မထုတ်ဘဲ၊ ရှုမဝတိုက်ထုတ် ဖြစ်ပေါ်ရခြင်းဖြစ်ပေသည်။

ဝတ္ထုရေးနေခိုက် လယ်နှင့် ပတ်သက်သမျှ အကြောင်းအရာ အချက်အလက်တို့ကို တတ်နိုင်သမျှ အချိန်ယူ ဆည်းပူးလေ့လာခဲ့ရ လေသည်။ ဦးကျော်က ဝတ္ထုကို ချုံးမရေးဘဲ ရေးချင်သလောက် ရေးရန် မှာကြားသော်လည်း ဝတ္ထုအဖိုးနှုန်းနှင့် စာမျက်နှာကို ငဲ့ကာ အကျဉ်းချုံး၍ ရေးသားရသည်။ အချို့အချက်အလက်များမှာ ရေးပြီး မှ သတ်မှတ်ထားသော စာမျက်နှာပြည့်သွား၍ မစီဘဲထားရသည်။

ရှေးကလယ်ခွန်တော်ကို လယ်ရှင်က ဆောင်ခဲ့သော်လည်း ယခုခေတ် လယ်သမားက ဆောင်နိုင်အောင် အခွန်ပြေစာတွင် လယ် ရှင်နှင့် လယ်သမား နာမည် တည့်ထားပုံများကို ရေးသားထားသည့် စာမျက်နှာများ မစီဘဲ ချန်ခဲ့ရလေသည်။ လယ်ယာမြေ နိုင်ငံပိုင် လုပ်လို၍ သဲလျှင်ဘက်တွင် စမ်းသပ်ကြည့်သော အကြောင်းအချက် များ ချန်လှပ်ခဲ့ရလေသည်။

ဤဝတ္ထုတိုရေးသားသော ကျွန်မ၏ စေတနာမှာ တိုင်းပြည် ၏ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှု ဖြောင့်မှန်မှုရှိရေးတို့ကို ရှေ့ရှုလျက် လယ်သမားများ၏ လက်ရှိအခြေအနေ ကျဉ်းမြောင်းခက်ခဲခြင်းများကို ဖော်ပြခြင်းဖြင့် ရှေ့အနာဂတ်တွင် လယ်သမားတို့၏ တရားနှင့်အညီ





ခေတ်သစ်ကြီး ဖြစ်ထွန်းရေးသည် အမြန်ဆုံး ပေါ်ပေါက်လာပါစေသ တည်း။

ဂျာနယ်ကျော်မမလေး

www.burmeseclassic.com

## တခန်း [ ၁ ]

လှနွယ်သည် အင်္ကျီကို ချိုင်းတွင် ညှပ်လျက် ရှင်ပျမြူးတူးလာလေသည်။ လမ်းတွင် ကျားတက်ရွာမှ နောက်ချေးချလာသည့် လှည်းကြုံနှင့်တွေ့သဖြင့် နောက်တွဲထိုင်၍တက်စီးကာ ရင်ထဲတွင်လှိုက်ဖိုက်လှိုက်လှို ဝမ်းသာနေသည်။ မနက်စောစောကြီး ကောက်စိုက်ဆင်းရတော့မည်။

ချိုင့်ခွက်သဲကို ဘီးချော်ကျ၍ တစ်ချက်တစ်ချက် လှည်းဆောင့်သွားသည့်အခါ လှနွယ်သည် အောက်ငုံ့ကြည့်ကာ--

"ဦးသူဘော် ဖြည်းဖြည်းတော့" ဟုအော်ပြောလိုက်သည်။

ဦးသူတော်လည်း နွားကျောကို ကြိမ်လုံးနှင့်ထိုး၍---

'တယ် ဒီနွားဟာ' ဟု ပြန်အော်သည်ကို လှနွယ်ကျိတ်၍ခစ်ခနဲရယ်လိုက်သည်။ ကျောနောက်က နောက်ချေးပုံမှ နွားချေးနံ့ကို နှာခေါင်းရှုံ့လျက် နံလိုက်တာတော် ဟုညည်းကာ တခစ်ခစ်ရယ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ လှည်းနောက်မြီးတွင် ငြိမ်ငြိမ်မထိုင်ဘဲ ခြေထောက်တွေ လှုပ်ယမ်းလိုက်ခဲ့သည်။

'ခွေးမလေး ကျသွားမယ်နော်'ဟု ဦးသူတော်က လှည့်ဆိုလေသည်။

နေရောင်ကြည်လင်ချိုအေးသည့်မိုးညနေမှာနွေ၊ ဆောင်းညနေ စောင်းမျိုးနှင့်မတူ၊ ထူးထူးခြားခြားသာယာခြင်းရှိပေသည်။ ကျားတက်ရွာကြီးမှ ကမကလဲဘက်သို့သွားရသောလှည်းလမ်းကြီးကို လယ်ကွက်ထဲတွင်ဖြတ်ကာ ခင်းထားလေသည်။ လမ်းမှာဖုန်ထနေပေသည်။ လယ်ကန်သင်းနှင့် လက်ခုပ်တစ်ဖောင်လောက်မြင့်အောင် မြေဖို့ထားလေသည်။

လမ်းဘေးနှစ်ဖက်တွင် လယ်ကွက်တွေသာ တစ်မျှော်တစ်ခေါ်ကြီးတွေ့ရသည်။ လယ်ကွက်ထဲ၌ ရေများမှာပြည့်လျှံဖြူဖွေးနေသည်။ ရေထဲက အညွန့်ထွက်နေကြသည့် မြက်ပင်မျိုးပင်တို့မှာ နေချိုချိုတွင် စိမ်းစိုနေပေသည်။

လှည်းနောက်ပြန် ထိုင်လိုက်ခဲ့၍လည်း လမ်းတစ်လျှောက်ခပ်ဝေးဝေးမှ ကုက္ကိုပင်၊ ပေါက်ပန်းဖြူပင်ကြီးတွေ အုပ်ဝေနေသည့် အုန်းနဲ့ရွာကြီးကို လှမ်းမြင်နေရသည်။ အုန်းနဲ့ရွာကြီးနှင့် တစ်ဆက်တည်းရှိသော သံတဲခါး၊ နိဗ္ဗာန်စသည့် ရွာခြေကလေးတွေလည်း အုံ့အုံ့ဆိုင်းဆိုင်းရှိကြသည်။ တစ်ဖက်တွင်လယ်ကွက်များကိုကျော်၍ မျှော်ကြည့်လိုက်လျှင် ပဲခူးမြစ်ရိုးကို ခပ်ရေးရေးမြင်နေရသည်။ ရွက်တိုင်များထူ၍သွားနေကြသည့် တုန်ကင်းသမ္ဗန်များမှာ မြစ်ထဲတွင် တရွေ့ရွေ့မျောနေကြသည်။ မြစ်တစ်ဘက်၌ မီးရထားသံလမ်းရှိလေသည်။

လှည်းရှေ့မှ နွားများရုန်းလိုက်တိုင်း လှည်းပဒေါင်းများမှာ တကျိကျိနှင့် မြည်နေလေသည်။ ဦးသူတော်လည်း နေရှိသေး၍ လှည်းကို





ဖြည်းဖြည်းပင် မောင်းလာသည်။ နေရောင်မှာ အရောင်တောက်လျက် စိမ်းညို့သောရှုခင်းတွေထဲတွင် ဖြာလက်နေလေသည်။

လှနွယ်သည် ရွာတွေကိုလွန်၍ တောင်တွေဆီသို့ မျှော်ကြည့်လိုက်ပြန်သည်။ တောင်ပေါ်၌အလေ့ကျပေါက်နေသည့် အရွက်ဖားဖားနှင့် အရိုင်းပင်၊ ညောင်ညိုပင်၊ ဝါးရုံပင်၊ ကြခတ်ပင်၊ ဘန့်ပွေးပင်တို့ကား ခက်လက်ဝေဆာကာ စိမ်းစိုနေလေသည်။ တောင်ကုန်းခြေရင်း၌ လယ်သမားများ၏ တဲပုတ်တွေစုဝေးလျက် ကုပ်ကုပ်ကလေးဝပ်နေကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို ဘာစိမ့်စိမ့်စူးစိုက်ကြည့်ရင်း စိတ်စက်ကြည်လင်နေ၍ နောက်ချေးနံ့ကိုပင် မေ့နေလေသည်။

လယ်ကွက်ထဲမှ အတိုင်အလှည့်တွင် နွားတွေကို 'ဟဲ့ဧ--ဟဲ့တော့'ဟု အော်ငေါက်လိုက်သော လယ်သမား၏အသံကို ကြားရ၍ လှည့်ကြည့်လိုက်လေသည်။ လယ်သမားမှာ နံငယ်ပိုင်းလုံချည်ကို ဒူးအထက်တွင်ဆီးလျက် လယ်ထွန်အကျီရင်ခွဲဝတ်၍ ခမောက်ဆောင်းကာ ထယ်ထိုးနေသည်။ သစ်သားနှင့် လုပ်ထားသည့် ထယ်သွားငါးချောင်းကို ထွန်ထုံးတွင်တပ်လျက် တံပိုးတုံးဖြင့် နွားနှစ်ကောင်ကို ရုန်းခိုင်းသည်။ နွားရုန်းသွားလျှင် ထယ်သွားအောက်မှ မြေကြီးခဲများမွမွထ၍ နုံးနှစ်များတက်လာလေသည်။ လှနွယ်သည် ထွန်ယက်နေသောလယ်ကွက်ကိုငေးလျက် မပေါက်သေးသောစပါးပင်များကို တစ်ပင်ပြီးတစ်ပင် သူ့လက်နှင့် စိုက်ကြည့်နေသည်။

ဦးသူတော်လည်း လှည်းနောက်တွင် ငြိမ်သက်လျက်ရှိသော လှနွယ်အား 'ဟဲ့ ကောင်မလေး၊ နင့်အဘကို ဖူးခဲ့သေးသလား'ဟု လှမ်းပြောလိုက်သည်။

'ဖူးခဲ့သားပဲ'

လှနွယ်၏မျက်စိထဲတွင် စိမ်းလန်းသန်စွမ်းသောစပါးပင်များကို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြည့်လျက်၊ စပါးပင်များမှာ လေတိုက်ရာသို့ ယိမ်းနွဲ့နေကြသည်။ သူစိုက်လိုက်သောစပါးပင်တွေဟု စိတ်ကူးနှင့်ကြည်နူးကျေနပ်နေစဉ် စကားကို ပြတ်ပြတ်ပင်ပြန်ပြောလိုက်သည်။ ထိုနောက် စပါးနှံတွေကို စာကလေးများက ကိုက်ဖြတ်နေ၍လယ်ထဲတွင် တုတ်တစ်ချောင်းနှင့် ပြေးခြောက်မောင်းကာ ပျော်နေပြန်သည်။

'တယ်---တိုးပွား၊ သွားစမ်းဆို ငါရိုက်လိုက်ရ၊ ရွှေနီနေဘ်၊ ဘာပေကတ်ကတ်နဲ့'

ကျားတက်နှင့် ကမကလဲသို့ တစ်နေ့လုံး ကူသယ် ခေါက်သယ်နွားချေးတိုက်နေရသော ဦးသူတော်၏နွားနှစ်ကောင်မှာ မောပန်းနေရှာသည်။ တိုးပွားကနှေးနေလျှင် ရွှေနီကလည်း လိုက်နှေးသွားသည်။ တစ်ကောင်ကောင်ကျောကို ကြိမ်ချက်စပ်စပ်ရိုက်လိုက်မှပင် ရွှေနီတို့မှာ နိုမိကတ်မိလျှင် နှာမှုန်းသံကာ တအားခဲ၍ ရုန်းကြပြန်လေသည်။

လှနွယ်သည် လယ်ထဲတွင် တုတ်တစ်ချောင်းနှင့် စာခြောက်ရင်းပြေးနေရာမှ ရွှံခနဲအသံကြား၍ အတွေးကိုရပ်လိုက်သည်။

'မရိုက်ပါနဲ့ ဦးသူတော်ရယ်၊ သူတို့လည်း မောရောပေါ့'

မိမိနောက်မှ နှာခေါင်းနှင့် တော့လုတော့ခင် ပုံထားသောနွားချေးပုံကိုကျော်၍ နွားတွေကို မျှော်ကြည့်ကာ သနားသွားသည်။

'အသွားတုန်းက ဘယ်သူလှည်းနဲ့လဲ'

'ကိုကြွက်နီတို့ မီးသွေးလှည်းနဲ့ လိုက်သွားတယ်'

'နင့်အဘဆီ သွားတာလား'

'အဘဆီ တမင်သက်သက် သွားတာတော့ မဟုတ်ပါဘူး၊ ကျားတက်က ဒေါ်သာယာတို့စက်မှာ ကောက်စိုက်အကျီအပ်ထားတာသွားရွေးတာ'

ဦးသူတော်လည်း သမင်လည်ပြန်ကြည့်လိုက်ကာ. . .





'အောင်မယ် နင်ကဲ'

ဦးသူတော်မှာ အံ့ဩသွားသည်။ ဆံထောက်ပေါက်စ··ဆယ့်လေးငါးနှစ် ကလေးစိတ်မကုန်သောလှနွယ်ကို သည်တော့မှပင် ဂရုပြု၍ သတိထားမိသည်။

ဦးသူတော်မှာ လှနွယ်မွေးသည့်နေ့၌ပင် လှနွယ်တို့ တဲသို့ပြောင်းကာ သူရင်းငှားဝင်လုပ်ခဲ့သည်။ လှနွယ်၏အဖေမှာ သူဌေးလယ်ကို သီးစားခံ နှစ်ရှည်လများ လုပ်ကိုင်နေခဲ့ရာမှ တဖြည်းဖြည်းကြွေးထူလျက်ရှိသည်။ ကျွဲနွားပါ ပြုတ်သွားလေသည်။ သူများလယ်တွင် သူရင်းငှား လိုက်လုပ်နေလေစဉ်၊ စိတ်ညစ်ညူးသည်နှင့် ကျားတက်ကျောင်းတွင် သင်္ကန်းသွားဆီးလေသည်။ ဦးသူတော်လည်း လှနွယ်တို့တွင် လယ်မရှိမှ တခြားလယ်သို့ရောက်သွားသည်။

လှနွယ်၏အမေ ဒေါ်သဲမြစ်သည် ခင်ပွန်းသည်ကို သာသနာ့ဘောင်တွင် ပျော်ပိုက်သဖြင့် နေပေတော့ဟု ခွင့်ပြုလျက် လှနွယ် ငါးနှစ်အရွယ် သမီးကလေးနှင့် ထင်းတိုက်ရောင်းကာ ရွာတွင်ဖြစ်သလို ရှာဖွေလုပ်ကိုင် စားသောက်ရသည်။

အင်္ဂလိပ်ခေတ်ပျက်၍ ဂျပန်တစ်ခေတ်လုံးတွင်လည်း လှနွယ် မှာ ဟုတ်တိပတ်တိ ဘာမှ ကူဖော်လောင်ဖက်မရသေး၍ အားကိုးရာမဲ့ဖြစ်ကာ ကြုံရာအလုပ်နှင့် အသက်မွေးခဲ့ရသည်။ ယခုစစ်အပြီးတွင် အင်္ဂလိပ်ပြန်ရောက်လာချိန်မှပင် လှနွယ်သည် အမေနှင့် ကူဖော်လောင်ဖက်ရကာ ရွာထဲတွင်ဈေးလည်ရောင်းနေသည်ကို တွေ့ရသည်။

မိမိမျက်စိအောက်တွင် မနေ့တစ်နေ့ကမှ လူဖြစ်လာသည်ထင်ရသောလှနွယ်ကို ကလေးတစ်ယောက်လိုပင် အောက်မေ့တုန်းရှိသေး၍ 'အောင်မယ် နင်က ကောက်စိုက်မလို့' ဟုဆက်ဆိုလိုက်သည်။

'ကောက်စိုက်မယ်လို့ ပါဆိုနေမှ'



www.burmeseclassic.com

www.burmeseclassic.com



လှနွယ်က နှုတ်ခမ်းကလေးစူလျက်၊ တွဲလောင်းချထားသောခြေ နှစ်ချောင်းကို လိမ်ချိတ်ကာ ရှေ့ထိုးနောက်ငင် လှုပ်နေလေသည်။

'ကောက်စိုက်တတ်လို့လား. . . . ဟဲ့'

'ဩော်. . . ဦးသူတော်ကလည်း သင်စိုက် ဆင်းစိုက်ရမှာပေါ့၊ ယာယီ သင်စိုက်စိုက်ရင် မျိုးတစ်ပေါက်ကို တစ်ပဲရတယ်၊ နောက်စိုက်တတ်လာတော့ နေ့စားစိုက်မှာပေါ့'

'ခွေးမကလေး မျိုးတစ်ပေါ်ဆိုတာ ဘာလဲ၊ နင်သိသလား'

လှနွယ်သည် ခေါင်းကို ချာခနဲ လည်၍ ဦးသူတော်ကို မျက်စောင်းထိုးကြည့်လိုက်သည်။ ဦးသူတော်မှာ လှနွယ်ကို ကျောခိုင်းကာ လှည်းမောင်းမပျက်မောင်းနေသည်။ လှနွယ်လည်း ဦးသူတော်ကို ပြန်၍ကျောပေးလိုက်သည်။

'မျိုးနုတ်တုန်းက မျိုးပင်တွေကို လက်နဲ့ လေးခါကိုင်ဆုပ်ပြီး စည်းထားတာ၊ ဒါဒါတစ်ပေါ်ခေါ်တာပေါ့'

'အမယ်၊ ဘုန်းကြီးသမီးက အလာကြီးပဲ၊ ဟဲ ဟဲ'

အဘိုးကြီး၏သွားမရှိဘဲ ရယ်မောနေသောလေသံကို လှနွယ်မှာ နားကြားပြင်းကပ်ကတ်လေသည်။ ဘုန်းကြီးသမီးခေါ်၍လည်း စိတ်တိုသွားသည်။ နောက်ချေးပုံထဲမှ နွားချေးခဲတစ်ခုကို ကောက်ယူကာ လယ်ကန်သင်းချိုပုတ်တွင် နားနေကြသည့် တစ်တီတူးလေး နှစ်ကောင်ကို စိတ်ပေါက်ပေါက်နှင့် လှမ်းပစ်လိုက်သည်။ ကြောက်အားလန့်အားနှင့် ဝုတ်ခနဲ ထပျံပြေးကြသည့် တစ်တီတူးလေးတွေကို မျက်စိတစ်ဆုံး လိုက်၍မော့ကြည့်နေလေသည်။

'ဘယ်လယ်မှာ စိုက်မလို့လဲ'

'သူဌေး ကိုခွက်လယ်မှာ'

'ဒါဖြင့် နင် ပဲပြုတ်မရောင်းတော့ဘူးပေါ့'





'အမေရောင်းလိမ့်မယ်'

လှနွယ်သည် မြသင်ကို ဖျတ်ခနဲ သွား၍သတိရလိုက်သည်။ ရင်ထဲ၌လည်း ထိတ်သွားသည်။

မြသင်တို့တဲတွင် ပဲပြုတ်အကြွေး ငါးမူးရစရာရှိသည်။ အမေသိရင် ဆိုလိမ့်မည်။ အမေကကြွေးမရောင်းရန် ပြောထားသည်။ မြသင်ဖျားနေတုန်းစားရန် မနက်တိုင်း ပဲပြုတ်တစ်ပဲဖိုး ဝင်ပေးသည်။ ပိုက်ဆံကို နောက်မှပေးတာပေါ့ဟု အကြွေးယားခဲ့သည်။

'လှနွယ် ဈေးရောင်းခိုင်းရတာ တယ်ကြွေးကျတယ်၊ ကြွေးတောင်းရတာ အလုပ်တစ်လုပ်၊ ဒီကရင်းပြီး ဒီကရောင်းတဲ့ဥစ္စာ၊ တကတဲတော် လက်လွှယ်လိုက်တာ၊ သူ့အဖေဘုန်းကြီးကျနေတာပဲ၊ ပြောလို့ ဆိုလို့လည်း မရပါဘူး၊ ငါသာသေချင်တာပါပဲ'

လှနွယ်မှာ အမေဆူနေတုန်း ကိုယ်အပြစ်နှင့်ကိုယ် ခေါင်းငုံ့ကာ ငြိမ်နေရသည်။ ကြွေးပေးခဲ့လျှင် မီးခိုးမဆုံး မိုးမဆုံး မြည်တွန်တောက်တီး ကြိမ်းမောင်းခံရသည်။

'နောက်တစ်ခါ အကြွေးပေးတယ်များ ကြားရရင်တော့ သေရအောင်သာ ပြင်တော့၊ အကြွေးရောင်းဝံ့ရောင်းစမ်း၊ ကြားရဲ့လား ငါပြောတာ'

လှနွယ်သည် တုန်၍သွားမိလေသည်။ မဖြစ်ချေဘူး၊ မနက်ကောက်စိုက်ဆင်းနေတုန်း မြသင်တို့ထဲက အမေ့ကို အကြွေးဆပ်လိုက်ရင် အခက်ပဲ။

'ဦးသူတော်၊ ကမကလဲကို မလိုက်ဘူး၊ စက်ပိုင်းမှာပဲ ဆင်းမယ်၊ ရပ်တော့၊ ရပ်တော့'

'တယ် ဒီကောင်မလေးဟာ၊ စက်ပိုင်းမှာဘာလုပ်တုံး' ဦးသူတော်သည် နဖားကြိုးကို တံ့ဆွဲကာ လှည်းကို အရှိန်သတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုင်းကအကျီကို မြဲမြဲညှပ်၍ လှည်းပေါ်မှ ခုန်ချလိုက်သည်။ ထဘီတွင် နွားချေးများပေရော့သလားဟု လည်ကိုလိမ်လျက် စောင်းငဲ့ကြည့်ကာ တင်ပါးကို လက်ဝါးနှင့် ပုတ်ပစ်သည်။ နောက် အကျီကို ချိုင်းပြောင်းညှပ်ကာ 'ကြွေးတောင်းစရာရှိလို့'ဟု လှမ်းအော်ပြောလိုက်သည်။

လှည်းလမ်းပေါ်မှဆင်းခဲ့၍ ကန်သင်းရိုးမှဖြတ်ကာ အတော်ကလေးလျှောက်ခဲ့ပြီးမှ 'ဟောတော့' ဟု ဆိုကာ လှည်းကိုပြန်လှမ်းကြည့်လိုက်သည်။ လှည်းမှာခပ်လှမ်းလှမ်းသို့ ရောက်သွားပေပြီ။ ထိုနေရာတွင်ရပ်လျက် စိတ်ထဲတွင် ချီတုံချတုံဖြစ်သွားပြီးနောက် လှည်းနောက်သို့အမီ ကဆုန်ချကာ ပြေးလိုက်သွားလေသည်။

'ဦးသူတော်. . . .ဦးသူတော်'ဟု နောက်က ခေါ်သံကြား၍ ဦးသူတော် လှည့်၍ကြည့်ကာ နဖားကြိုးကို ဆွဲထားလိုက်သည်။

'စက်ပိုင်းမသွားတော့ဘူး၊ ကမကလဲပဲ လိုက်မယ်'

ပြောပြောဆိုဆို လှည်းနောက်မြီးကို ကျောနှင့်မှီ၍ လှည်းပေါ်သို့ ခိုတက်ကာ နောက်တွဲထိုင်ချလိုက်သည်။

'တယ်. . . . ဒီကောင်မလေးဟာ'

လှနွယ်သည် တခစ်ခစ်ရယ်နေလေသည်။

'ဘာရယ်နေတာလဲ အရူးမ'ဟု ဦးသူတော်က ဆိုပြန်သည်။

'ရယ်တတ်လို့ပါ ဦးသူတော်ရဲ့'

ဦးသူတော်နဲ့ အမေနဲ့များတွေ့လို့ စက်ပိုင်းမှာ ကြွေးတောင်းနေရစ်ခဲ့တယ်ပြောလိုက်ရင် ဒုက္ခ။ သတိရတာတော်ပါသေးရဲ့၊ လှနွယ်သည် သူ့ဟာသူ တွေး၍အတောမသတ် တခစ်ခစ်ရယ်မောလိုက်လာသည်။



အခန်း[ ၂ ]

ဒေါ်သဲမြစ်မှာ လှနွယ်ကို စိတ်ပူကာ တဲကပြင်တွင် ထိုင်မျှော်နေသည်။ တဲရှေ့သို့ ငေးနေရာမှ သတိရ၍ ဆေးလိပ်တိုကို ရဲသွားအောင် ဖွာသောက်လိုက်သည်။ ဆက်တိုက်ဖွာရှူသောက်ပြီးနောက် ဆေးလိပ်တိုကို လက်တွင်ညှပ်ကာ မျက်တောင်မခတ် ငေးမြဲငေးနေပြန်သည်။

လှနွယ်လိမ္မာပုံ၊ မအေကို ကူဖော်လောင်ဖက်ရပုံ၊ သွက်လက်ချက်ချာပုံတွေ၊ လှနွယ်ကွယ်ရာတွင် လှနွယ်အကြောင်းကို တွေးမိကာ နှံမွမ်းနှစ်သိမ့်လျက်ရှိသည်။ ကောက်စိုက်ချင်သည်ဟု နားပူနားဆာပူဆာလှ၍အလိုလိုက်ကာ အစိုက်ခိုင်းရသည်။ နက်ဖြန်ကျရင် လှနွယ်ကောက်စိုက်တော့မည်။

ဒေါ်သဲမြစ်သည် တွေးတောနေရာမှ ဆေးလိပ်တိုကို ဖွာရှိုက်ပြန်ကာ ရင်ထဲတွင် လှိုက်ဖိုနေသည်။

အမှောင်သန်းလာသော်လည်း အလင်းရောင်ကား မပျောက်သေးပေ။ မိုးရိပ်ကြောင့် မှိုင်းရီနေသည်။

တဲရှေ့တွင် စိုက်ထားသောငှက်ပျောပင်၊ မာလကာပင်များပေါ်တွင် မိုးရေများတင်နေကာ အလင်းရောင်ကျနေသောနေရာ၌ကား တောက်ပလျှက်ရှိသည်။ ထိုညနေတွင် တိတ်ဆိတ်နေသည်။ အိပ်တန်းဝင်အိပ်တော့မည့် ကျေးငှက်အသံကိုသာ ကြားရလေသည်။

လှနွယ်အရွယ်မြင်လျှင် လှနွယ်လားဟု လည်တိုင်ဆန့်ကာလှမ်းကြည့်မိသည်။ လှနွယ်မဟုတ်လျှင် လှနွယ်တစ်ယောက်တွေ့ခဲ့သလားဟု လှမ်းအော်မေးလေသည်။

'မတွေ့ခဲ့ဘူး၊ မလာသေးဘူးလား'ဟု ပြန်အော်သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မကလေး လာပါစေဦး'ဟု ကြိမ်းနေလေသည်။

ထိုအခိုက်တွင် 'အမေရေ'ဟု လှနွယ်သည် အဝေးကြီးကပင် အသံပေး၍လာလေသည်။ လှနွယ်၏အသံကြားရမှ စိတ်အေးသွားသည်။ လှနွယ် တဲထဲမရောက်ခင် တမင်ပင် မျက်နှာကိုပြင်ကာ သုန်မှုန်ထားလိုက်သည်။

လှနွယ်သည် ရောက်ရောက်ချင်း အမေ့မျက်နှာကဲကိုသိ၍ အဆိုမခံရအောင် ဘုန်းကြီးအကြောင်းကို အရင်စ၍ပြောလိုက်သည်။

'ဘုန်းကြီးက အမေ၊ လက်ဖက်ခြောက်နဲ့ ထန်းလျက်ဘာလို့ ယူလာရသလဲ၊ ကျောင်းမှာရှိတယ်တဲ့'

လှနွယ် မျက်နှာချိုသွေး၍ ဘုန်းကြီးအကြောင်းပြောနေခြင်းကို မကြားသလိုလုပ်ကာ 'အကျႌပြီးခဲ့ပြီလား၊ မှန်းပြစမ်း' ဟုပြောလိုက်သည်။

ဒေါ်သဲမြစ်သည် အကျႌခေါက်ကို ဖြန့်လိုက်ရင်း 'တကတဲမှပဲ တော် သွားတာကြာလိုက်တာ ဘယ်ဝင်နေသလဲ'ဟု မြည်တွန်နေသည်။

လှနွယ်က ရွှင်ရွှင်ပျပျ ပြန်ပြောသည်။

'ဘုန်းကြီးကျောင်းမှာ ကြာနေတာအမေရဲ့။ အပြန် ဦးသူတော်ကြီးလှည်းကြုံတာနဲ့ ရွာထိပ်အထိတက်စီးလာတယ်။ အကျႌကအတော်ပဲ၊ ချုပ်ခတစ်ကျပ် ယူလိုက်တယ်'

'ဝတ်ကြည့်စမ်း'

လှနွယ်သည် ဝမ်းသာအားရ အကျႌကို ကောက်စွပ်လိုက်လေသည်။ ရှေ့ကရင်ခွဲ၊ လည်ပင်းအနားပတ်၊ လက်ရှည်လက်ဖျားကြယ်စီတပ် ဂေါ်ရာဖျင် ကောက်စိုက်အကျႌကို 'ယောက်ျားရှပ်အကျႌနဲ့ တူလိုက်တာနော် အမေ'ဟု အကျႌကြယ်စိတွေတပ်ရင်းပြောနေသည်။

ဒေါ်သဲမြစ်သည် လှနွယ်ကိုကြည့်နေရာမှ 'နင့်အဖေက အေးလေ ဘုန်းကြီးကဘာပြောသေးလဲ' ဟုမေးနေလေသည်။





'ကောက်စိုက်တော့မယ် ဘုရားလို့ လျှောက်တော့လေ မိန်းကလေး ကောက်စိုက်တတ်တာကောင်းတယ်တဲ့။ စိုက်တတ်ရင် ကုသိုလ်ဘောင်ရတယ်တဲ့။ ကောက်ဖတ်တစ်ဖတ် ပုတီးတစ်လုံးစိပ်သလိုအောက်မေ့ရမယ်တဲ့။ ဆန်ဆိုတာ အသက်သွေးခဲ၊ သတ္တဝါတွေရဲ့ အစားအစာကို ကိုယ်ကစိုက်ပျိုးပေးရတာ စိတ်ထားကောင်းရင် ကုသိုလ်ရမယ်လို့ ပြောလိုက်တယ်အမေရဲ့'

လှနွယ်၏နှုတ်ဖျားမှ ရွှန်းရွှန်းဝေအောင် ပြောဆိုနေသည်ကို နားထောင်ကာ 'ဘုန်းကြီးသမီးလို့ မဆိုရပါဘူးတော်' ဟု မျက်စောင်းထိုး၍ ခနဲ့လိုက်သည်။

လှနွယ်မှာ အမေ မျက်နှာသာပေးမှန်းသိ၍ 'အမေခေါင်းပေါင်းပါ ပေါင်းကြည့်ဦးမနော်. . .'။ဟုဆိုကာ တန်းပေါ်ကအဝတ်ကိုသွားဆွဲယူသည်။

သုံးတောင်ထွာရှိသောပိတ်စကို ထောင့်ဖြတ်ချိုး၍ ခေါင်းပေါ်၌ နဖူးအလုံ အုပ်ချလိုက်ပြီးလျှင် ရှေ့သို့ဆက်မလုပ်တတ်ဘဲ ယောင်နေလေသည်။

'ဘေးကကျနေတဲ့အစကို အနောက်ကိုယူရတာ မဟုတ်ဘူးတဲ့၊ နဖူးထောင့်က ချိုးလေ၊ အစသိမ်းပြီးအရှေ့ဘက်ကိုဆွဲယူ၊ အဲဒီသိမ်းတဲ့အစကို ပါးစပ်နဲ့ကိုက်ထား၊ တစ်ဖက်ကလည်း ဒီလိုပဲချိုးပြီး ပါးစပ်နဲ့ကိုက်၊ ဘယ်မတုံး ချည်မဲ့ကြိုးက'

လှနွယ်သည် တန်းပေါ်၌ မလွင့်အောင်ချည်ထားခဲ့သောအဝတ်ကြိုးစကို ထဖြုတ်နေစဉ် ဒေါ်သဲမြစ်က နောက်မှကြည့်လျက် ပြုံးရယ်နေသည်။

'ကြိုးကို နဖူးပေါ်ကစည်းချည်လေ၊ နဖူးထောင့်က ချိုးထားတဲ့အစပေါ်ကဖိပြီး ခေါင်းနောက်မှာချည်လိုက်၊ ခိုင်အောင်လည်းချည်၊



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခေါက်စောင်းလို့အကျမှာပေါ့ဟဲ့'

လှနွယ်လည်း ကြိုးကို ခေါင်းနောက်တွင်တင်းတင်းကြီး ချည်ဆိုက်သည်။ ခေါင်းပေါင်းပေါင်း ကြည့်ရသော ချွေးများပင်ထွက်လာလေသည်။ အမေကရယ်နေ၍ ရှက်သွားကာ နှုတ်ခမ်းနှင့်ကိုက်ထားသောအဝတ်စနှစ်ဖက်ကို လက်ချလိုက်ပြီး. . .

'ပြီးတော့ကော အမေရဲ့'ဟု ပြောရင်း မျက်နှာမထားတတ်သလိုဖြစ်နေသည်။

'ဘေးကကျနေတဲ့အစကို ပါးစပ်ပေါ်ကဖုံးပြီးတစ်ဖက်ကို သိမ်းလိုက်၊ ဟိုဘက်အစကလည်း ပါးစပ်ပေါ်ကဖုံးပြီး ဒီဘက်ကိုသိမ်း၊ အဲကုပ်မှာသွားချည်လေ၊ ကဲ လည်ပင်းပါလုံသွားရော မဟုတ်လား'

လှနွယ်သည် ဒူးထောက်လျက် အမေပြသည့်အတိုင်း သေသေချာချာလုပ်နေလေသည်။

'လယ်ထဲဆင်းသွားတော့ ပါးစပ်နဲ့လည်ပင်းကို မဖုံးနဲ့ဦးပေါ့၊ ခမောက်ဆောင်းသွားပြီး အစနှစ်ဖက်ကို ဘေးမှာ ကျနေပေစေဦးပေါ့၊ စိုက်ခါနီးတော့မှ ပါးစပ်ကိုအုပ်ပြီး ကုပ်မှာချည်ရတယ်ဟဲ့၊ ထဘီကို ဒူးဆစ်မှာဝတ်'

ဒေါ်သဲမြစ်မှာ လှနွယ်ကိုကြည့်ကာ မရယ်မိအောင် မနည်းအိန္ဒြေဆည်၍ ပြောရသည်။

ခေါင်းပေါင်းနှင့် ကောက်စိုက်အင်္ကျီဝတ်ထားသည့် ရုပ်တွင်တစ်ခေါင်းလုံး မျက်လုံးနှင့်နှာခေါင်းသာ ကွက်ပေါ်နေပုံကို စေ့စေ့ကြည့်လေ ရယ်ချင်လာလေသည်။

လှနွယ်တွင် မျက်နှာကို အဝတ်နှင့်ထုပ်ထား၍ အသက်ရှူရကျပ်သွားသော်လည်း အတိုင်းမသိပီတိဖြစ်လျက် ခမောက်ကို ထယူဆောင်းပြန်သည်။ ထို့နောက် ထဘီကိုဖြန့်ကာ အထက်သို့ လုံး၍





မြှင့်ဝတ်လိုက်ရာ ပေါင်လယ်အထိရောက်သွားသည်။

'အမယ်တော်. . . တိုလိုက်တာ'

ဒေါ်သဲမြစ်က အလန့်တကြား အော်လိုက်သည်။

ဒေါ်သဲမြစ်မှာ လှနွယ်ဖြစ်နေပုံကို ကြည့်လျက်ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ လှနွယ်ထဘီကို ဒူးဆစ်အထိ ပြင်ဝတ်လိုက်မှ တကယ့်ကောက်စိုက်သမလေးနှင့် တူသွားလေသည်။

'မျက်စိနဲ့ နှာခေါင်းသာ ဖော်ထားတာက အသားမမည်းအောင်ဘဲ့ လက်ကောက်ဝတ်အထိ အင်္ကျီလက်ရှည်ဝတ်ရတာလည်း အသားတွေ မမည်းအောင် ဝတ်ရတာ၊ အဲသလိုမှမဝတ်ဘဲစိုက်ရင် နေပူမိုးရွာလေတိုက်ထဲ စိုက်နေရတော့ အသားတွေဟာချွတ်လို့မရအောင် နက်နိုင်သွားမှာပေါ့၊ ခြေထောက်ကတော့ ရေထဲမှာမြှုပ်နေရတာပဲ'

"ကောက်စိုက်တာ မိုးရွာရင် သိပ်ပျော်စရာကောင်းမှာပဲနော်အမေ၊ မြသင်ပြောတယ်၊ ထမင်းစားလို့လည်း သိပ်မြိန်တာပဲတဲ့၊ ခုမ်းချမ်းနဲ့ ဆေးလိပ်သောက်ရတာလည်း ဇိမ်ပဲအမေနော်'

'ဒါပေါ့၊ တို့တုန်းက မုန့်သေတ္တာဘူးကလေးထဲမှာဆေးလိပ်နဲ့မီးခြစ်ထည့်ပြီး ပိုက်ယူသွားတာပဲ၊ လယ်ထဲမှာ ဒီတိုင်းသောက်လို့မရဘူး။ မုန့်သေတ္တာဘူးနဲ့မှဖြစ်တာ'

'မြသင်ကပြောတယ်အမေ။ ယာယီမစိုက်ဘဲ ကလေးတစ်ဝက်ခသုစိုက်ဖို့ပြောတယ်။ ကလေးတစ်ဝက်ခ တစ်နေ့သုံးမတ် ရမယ်တဲ့၊ ထမင်းလည်းကျွေးတယ်'

'စိုက်မှ မစိုက်ဖူးသေးတာ၊ ယာယီပဲသင်စိုက် စိုက်ဦးပေါ့၊ မတတ်ရင် ဘယ်သူကပေးမလဲ၊ ယာယီပဲစိုက်ကြည့်၊ အိမ်က ချိုင့်ကလေးနဲ့ ထမင်းထည့်ယူသွား'

'ယာယီစိုက်တာ နာမည်ပျက်တယ်အမေရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အလိုလေး စိုက်ဖြင့်မစိုက်ဖူးသေးဘူး၊ နာမည်ပျက်မှာ စိုးရတာကအရင်၊ ကိုယ်မှ မစိုက်ဖူးသေးလို့ ယာယီစိုက်ရတာပဲ၊ နောက်လက်သွက်တော့မှ တစ်နေ့တစ်ကျပ်ခွဲနဲ့ နေ့စားစိုက်ပေါ့အေ့'

လှနွယ်သည် အစောကြီး အိပ်ရာသို့ ဝင်လေသည်။ ကောက်စိုက်ရင် တို့တော့ မှောင်တာနဲ့ အိပ်တာပဲ၊ မနက်ကိုအစောကြီးထရတယ်ဟု မြသင်ပြောသည့်အတိုင်း တစ်သဝေမတိမ်းအောင် အစောကြီးဝင်၍အိပ်သော်လည်း ရုတ်တရက်အိပ်မပျော်ချေ။ အိပ်မပျော်၍မနက်စောစော နိုးပါ့မလားဟု တွေးပူလာလေသည်။ စိတ်ထဲ၌ ထင့်နေသဖြင့် မအိပ်နိုင်၍ထပြန်ရသည်။

လှနွယ်သည် အိပ်ရာမှ ချွတ်နင်း နင်း၍ ထလာသည်။ ညဦးက အမေမမြင်အောင် မီးဖိုနောက်တွင်ဝှက်ထားသည့် မုန့်သေတ္တာဘူးကို မှောင်ထဲတွင် လိုက်စမ်းကြည့်သည်။ အသံမကြားအောင် ဘူးထဲမှဆေးလိပ်ကို နှိုက်ယူကာမီးခြစ်လျက်တိတ်တိတ်ခိုး၍ ထိုင်သောက်နေလေသည်။ တစ်ဖွာပြီးတစ်ဖွာ ဝအောင်ရှူရှိုက်ပြီးသောအခါ ဆေးလိပ်ခေါင်းကမီးကို သံပုံးထဲတွင် ထိုးငြိမ်းပြီးနောက် မနက်စောစောယူသွားရန် အသာပြန်ဝှက်ထားခဲ့သည်။

ဒေါ်သဲမြစ်မှာ ဟောက်လျက်အိပ်မောကျနေလေသည်။

အခန်း| ၃ |

တဲနောက်ဖေးမှ ကြည့်လိုက်လျှင် လယ်ကွက်တွေမှာ မျှော်၍မဆုံးအောင်ရှိလေသည်။

'လှနွယ်ရေ. . .'





လှနွယ်သည် သနပ်ခါးဘဲကျားလူးပြီး ခေါင်းပေါင်းပေါင်းနေလေသည်။ တဲနောက်ဖေးမှ ဒေါ်ပုအသံကြား၍ ကပျာကယာလုပ်ရသည်။ ဒေါ်သဲမြစ်မှာ နောက်ဖေးတွင် ပဲပြုတ်နေသည်။ 'မြန်မြန်လုပ်တဲ့' ဟု တစ်ချက်ခေါ်လိုက်သည်။

မိုးလင်းစ မိုးသက်လေသည် ပက်ဖျန်း၍နေသည်။ မိုးသဲသဲရွာ ချမ်းပါဟု လှနွယ်က တောင့်တသည်။ ထဘီကို ဒူးဆစ်အထိ မြမြ ဘ်လျက် 'လာပါပြီ အမေ'ဟု ပြန်အော်လေသည်။ လှနွယ်သည် ထမင်းချိုင့်နှင့်အတူ မီးဖိုအောက်မှ မုန့်သေတ္တာဘူးကို မယောင်မလည်းထုတ်၍ နောက်ဖေးမှ ပြေးဆင်းသွားလေသည်။

တဲနောက်ဖေးတွင် ခမောက်ကိုယ်စီဆောင်းထားသည့် မိန်းကလေးတွေ ကဒူးကိုယ်စီ ဆောင်းထားသည့် မိန်းမကြီးတွေ အစုအဝေးနှင့်လျှောက်လျက် မိုးရေများကြားထဲမှ လယ်ထဲသို့သွားနေကြသည်။

လှနွယ်သည် ဒေါ်ပုနှင့်အတူလိုက်သွားသည်။ ဒေါ်ပုမှာ လှနွယ်၏အဒေါ်ဖြစ်သည်။ ကလေးတစ်ဖက်ဖြစ်နေ၍ လယ်ထဲတွင် နေ့ဝက်သာ ယာယီဆင်းစိုက်နိုင်သည်။ ကောက်ပင်စိုက်နည်းစိုက်ပုံကို ဒေါ်ပုက လက်ထပ်ပြပေးမည်ဖြစ်၍ ဒေါ်ပုထံမှ သင်ရတော့မည်။

နေ့စားစိုက်ကြမည့်ကောက်စိုက်မများက ယာယီသမားနှင့်ရောစိုက်ရဘဲ သတ်သတ်စိုက်ရသည်။ လယ်ကွက်ထဲတွင် မျိုးပေါ်များကို အစည်းလိုက်၊ ဟိုတစ်စည်း ဒီတစ်စည်း ချထားသည်။

ယာယီစိုက်သည့် လယ်ကွက်ထဲ၌ မျိုးပေါ်များ၏အဖျားတွင် နှီးနှင့်စည်း၍ထောင်ထားပြီး မျိုးစည်းထိပ်တွင် ကရိုတိုင်ချောင်းများကို တစ်ပေါ်တစ်ချောင်းကျ အမှတ်အသားလုပ်ကာ ထိုးစိုက်ထားသည်။

လှနွယ်သည် ကန်သင်းရိုးပေါ်တွင် မုန့်သေတ္တာဘူးနှင့်ထမင်းချိုင့်ကို တင်ထားခဲ့သည်။ အမေပြောသည့်အတိုင်း ဘေးကကျနေသည်



www.burmeseclassic.com

www.burmeseclassic.com



အစနှစ်ဖက်ကို ပါးစပ်နှင့် လည်ပင်းလုံအောင်ဖုံးချည်လိုက်ကာ လယ်ကွက်ထဲသို့ ဒေါ်ပုနောက်မှဆင်းလိုက်လာသည်။

လယ်ကွက်ထဲသို့ခြေချလိုက်သည့်အခါ သံမန်းမြေထဲ၌ခြေမျက်စိအထိမြုပ်သွားသည်။ လယ်ကွက်ထဲရှိရေတို့ကား ခြေသလုံးတစ်ဝက်လောက်ရှိလေသည်။ လှနွယ်ဆုတောင်းသည့်အတိုင်းပင် မိုးမှာသည်းလာတော့သည်။ မိုးသည်းလျှင် လေလည်းထန်၍လာလေသည်။ ကွင်းပြင်ကြီးဖြစ်၍ အဆီးအတားမရှိပေ။

ဒေါ်ပုသည် မျိုးစည်းကကြိုးကိုဖြတ်၍ တုတ်ချောင်းကို မျိုးစည်းတစ်စည်းတွင် သွားစိုက်ထားလိုက်သည်။ လှနွယ်မှာ ဒေါ်ပုလုပ်သလိုမျိုးပေါ်မှ ကြိုးကို လိုက်ဖြတ်သည်။

'ဒီမှာကြည့်ဟဲ့. . . ဟောဒီ ကန်သင်းက ခေါင်းချပြီး ကိုယ့်ငန်းနဲ့ကိုယ်စိုက်ရမယ်။ စိုက်တဲ့အခါ တစ်တောင်သုံးပင် အကွာအဝေးစိုက်ရမယ်'

ဒေါ်ပုသည်ရေထဲတွင် မျောနေသည့် မျိုးပေါ်ထဲမှ မျိုးပင်များကို ဘယ်လက်နှင့် လက်တစ်ဆုပ် ကုန်းယူလိုက်ပြီးလျှင် ဖင်ညီအောင် မျိုးမြစ်တွေကို ညာလက်ဝါးနှင့် ဆောင့်ညှိပေးလိုက်သည်။ နောက်မှ ခါးကိုကုန်းလိုက်ကာ မျိုးပင်တွေညီညီကိုင်ဆုပ်ထားသည့် ဘယ်လက်ကို ဒူးပေါ်တွင် မှေးတင်လျက် မျိုးပင်များ နှစ်ပင်စသုံးပင်စ လက်မနှင့် ဖန်၍ပေးလေသည်ကို တစ်ဖက်ကဆွဲယူလျက် မြေတွင် ထိုးစိုက်သွားသည်။

ကုန်း၍စိုက်ရာတွင် လက်တစ်ဖြန့်အမှီ အလျားသုံးတောင်လောက် နေရာကိုခါးနွဲပြီး ဘယ်ပြန်ညာပြန် ယိမ်းစိုက်သွားလေသည်။ ဘယ်ပြန်ညာပြန်ယိမ်းလာသည့်အခါတိုင်း ခြေတစ်ဖက်မှာ ဘယ်ပြန်ညာပြန် နောက်ဆုတ် နောက်ဆုတ် သွားလေသည်။ ရှေ့ဒူးပေါ်တွင်





မှီးအတ်ကိုင်သောလက်ကိုမှေးလျက် နောက်ဒူးကိုဖြောင့်ဆန့်ထားသည်။

လှနွယ်မှာ အင်မတန်စိတ်ဝင်စားနေသည်။ ဒေါ်ပုလုပ်သည်ကို သေသေချာချာ စိုက်ကြည့်နေလေသည်။ ကောက်စိုက်နေသည့်ဟန်မှာ ကိုယ်နေမခို့တရို့နှင့် ကြည့်လို့ကောင်းသည်ဟုပင် ထင်မိသည်။

'တစ်ခါစိုက်ရင် နှစ်ပင်သုံးပင်ပူးစိုက်ရတယ်၊ တစ်ပင်သေရင် တစ်ပင်ရှင်အောင် အပင်တွေကို တန်းစီစိုက်သွားတဲ့အခါ နောက်တစ်တန်းကျတော့ ပထမအတန်းနဲ့ညီညီလိုက်မစိုက်ရဘူး၊ ဖိုခနောက်ဆိုင်စိုက်ရတယ်၊ ညီညီလိုက်စိုက်ရင် လေမဝင်နိုင်ဘူး။ ဖိုခနောက်ဆိုင်ပြီးစိုက်မှ လေဝင်လေပေါက်ရပြီး အပင်သန်တယ် ဒီမှာကြည့်ဒီလိုစိုက်'

ကောက်စိုက်သည့်အလုပ်မှာ အပြောလွယ်သလောက် အလုပ်မလွယ်လှပေ၊ ကုန်း၍စိုက်သည့်အခါ ခါးတစ်ခွဲစာကောက်စိုက်အခေါ်တစ်ငန်းတွင် ကောက်ပင်များကို ဖိုခနောက်ဆိုင်ကာ အကွက်လည်အောင် စိုက်တတ်ရသည်။

လှနွယ်သည် စူးစူးစိုက်စိုက်ကြည့်နေပြီးမှ ဒေါ်ပုပြသည့်နည်းအတိုင်း ကောက်ပင်တို့ကို သမန်းမြေထဲသို့ ထိုးစိုက်သွားလေသည်။ သုံးတန်းလောက်ရသောအခါ ကောက်ပင်များမှာ ဟိုယိုင် သည်ထိုးနှင့် လက်ယှက်ထိုးသလို ရှုပ်နေလေသည်။

'လှနွယ်. . . . နင့်ဟာ သည်လိုမဟုတ်ဘူး၊ အပင်လေးတွေဟာစိုက်နေရတယ် မရှုပ်ရဘူး။ လယ်ငှားလုပ်တဲ့လူက ကန်သင်းပေါ်ကနေပြီး ငန်းကိုကြည့်လိုက်တာနဲ့ကောက်စိုက်တတ်တယ် မတတ်ဘူးသိတယ်။ အဲလိုဖြစ်အောင်ပြန်စိုက်'

မိုးသံလေသံတွေထဲမှ ဒေါ်ပုက အော်ဟစ်၍သင်ပြောနေသည်။ လှနွယ်မှာ ပြန်စိုက်ရ၍လည်း နည်းနည်းမှစိတ်မပျက်ပေ၊ ကောက်စိုက်မမြန်ရင်သာ ရှိရမည်၊ မတူတူအောင်တော့ ဂရုတစိုက် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်စိုက်လေသည်။

တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်၊ ချမ်းရမှန်းလည်းမသိပေ၊ တစ်ဘက် လယ်ကွက်က နေ့စားမိန်းမဖော်များကို လှမ်းကြည့်ကာ မြန်မြန် သူ တို့နှင့်အတူ ရောစိုက်နိုင်အောင် တတ်ချင်သည့်စိတ်မှာ အားကျမခံ ပြင်းထန်နေလေသည်။

မျိုးနှစ်ပေါလောက် ကျသွားသောအခါ ခါးဆန့်လိုက်လေသည်၊ ခါးမှာ ချည်နေလေသည်။ နောက်တစ်ခါ ခါးကိုမဆန့်ဝံ့တော့ဘဲ ကုန်း နေတာကမှ သူ့အရှိန်နှင့်သူ တော်သေးသည်ဟု မှတ်ထင်မိသည်။

မိုးသက်လေကြားထဲမှ တေးသီချင်းသံများ ထွက်လာလေသည်၊ လှနွယ်သည် တေးသံကို နားစွင့်လျက် စိုက်နေပေသည်။

တို့လယ်သမားရဲ့အဖြစ်ရယ်၊
ဘယ်လိုဝဋ်များဆိုက်ပါတယ်၊
အလုပ်မှာဆန်ဖြူပေမယ့်၊
ငစိန်ဆန်အနီကို မိုတ်၍စားရတယ်၊
တကယ်ပင် ငတ်သမျှအကျိုးဟာ၊
သူခိုး၊ ဓားပြတွေက၊
တကြည်ကြည်ပါကွယ်။
လုပ်ရင်းနဲ့ပဲ မွဲရတော့တယ်၊
ကြက်နဲ့ဘဲတောင် မခံနိုင်ပါတယ်၊
လယ်ထွန်ရာ ဓားဝဲလို့ နွားဆွဲခံရတယ်။ ။

လယ်သမားဘဝ ဆန်ရအောင် လုပ်နေသော်လည်း စားတော့ ဆန်ဖြူကို မစားရဘဲ ဆန်ကြမ်းဆန်နီကိုသာ စားရပါသလား စသည် ဖြင့်. . .





နားထဲတွင် ကြားလိုက်ရသောလယ်သမားသီချင်း၏အနက်ကို ကောက်၍ သူနားလည်သလို စဉ်းစားကြည့်ရင်း လက်ကလည်း တွင် တွင်ဖိစိုက်နေပေသည်။

လယ်ကွက်ထဲ၌ညည်းကြသောတေးသံသာတို့မှာ တစ်ယောက် ဆိုလျှင် သံပြိုင်လိုက်ပြီး ဆိုကြသည်။ ပင်ပန်းကြီးစွာ ညောင်းချဉ်း နေအောင် ကုန်းစိုက်နေရခြင်းကို မေ့ပျောက်နိုင်စေခြင်းမှာ တေးဆို ၍သာဖြစ်သည်။

လှနွယ်သည် သံပြိုင်လိုက်၍ ဆိုသံကြားကြားချင်း သူပါလိုက်၍ ဆိုတော့သည်။

'ငတ်လိုက်ဟယ် ပြတ်လိုက်ဟယ်၊
ကပ်ဆိုက်တဲ့ ဒီအထဲထဲမယ်၊
တစ်ထွာကျော်နံ့ငယ်၊
မလုံခြုံ ပြန်တယ်၊
လွတ်လပ်ရေးကို အသက်နဲ့လဲကာ။
ရဲဘော်တွေလည်း ကျွေးခဲ့ရတယ်။
ကျုပ်တို့လယ်သမားမှာ၊
ထယ်သွားနဲ့တော့ မကင်းနိုင်ပါဘူးတကယ်။'

'လှနွယ်ကောင်းကောင်းစိုက် ဒီနေ့ဘယ်လောက်မှ မရရင် နေ ပေစေ၊ ဖြစ်အောင်စိုက်ဟေ့. . .'

ဒေါ်ပုက တစ်ချက်တစ်ချက်အော်၍ သတိပေးလေသည်။ 'စိတ်ချ ဒေါ်လေး' ဟု လှနွယ်က သီချင်းဆိုရာမှ ကုန်းအော်ပြောလိုက်သည်။

လှနွယ်သည် မျိုးတစ်ပေါကုန်လျှင် ကောက်ပင်များကို အရိပ် တကြည့်ကြည့်နှင့် ကြည့်မဝရှုမဝဖြစ်နေပေသည်။ တစ်ခါမှ သည်



www.burmeseclassic.com

www.burmeseclassic.com



လောက်တောင်စိတ်မပျော်ရွှင်ဖူး၍ သီချင်းကိုအော်ဆိုပြန်လေသည်။

'ကွက်ကွင်းကာရယ်၊ မိုးသောက်လင်းရင်၊
ခမောက်ကိုဆောင်းကာ၊ ကြိမ်လုံးကို ကိုင်လို့ကာ
ဘုရားသွားကျောင်း တက်၊ အခါခါကိုပဲ ပျက်ခဲ့တယ်၊
လယ်သမားတွေမှာကွယ်. . . .။ဘိတင်းသီလနှင့်
ကြာလေဝေးဝေးပြီး၊ နွားပြာတွေ နွားဝါတွေပဲ၊
ပုတီးစိပ်ရပါတယ်။ ဩော်. . . လယ်သမားလောက၊
ဘယ်တော့မှဒုက္ခအေးပါ့မယ်. . .'

သီချင်းဆုံးသွားလျှင်၊ ဘုန်းကြီးမျက်နှာကို ပြေး၍ကွက်ခနဲ သတိရလိုက်သည်။

ကောက်ဖတ် တစ်ဖတ်ဟာ ပုတီးတစ်လုံးစိပ်သလိုပဲ ကုသိုလ်ရတယ်တဲ့ အဘက၊ ဟုတ်ပါဘူး ဘုန်းကြီးကပြောလိုက်တယ်။ သည်အပင်လေးတွေက စပါးတွေရမယ်၊ စပါးလေးတွေက ဆန်တွေဖြစ်မယ်၊ ဆန်ဟာ အသက်သွေးခဲတဲ့၊ အားလုံးအားလုံးစားကြဖို့ ကောင်းကောင်းစိုက်နေပါတယ်။ သည်ကုသိုလ်ကြောင့် လယ်ကလေးတစ်ကွက်လောက် ပိုင်ရပါစေတော်။

လှနွယ်သည်ကျေနပ်စွာ ရယ်လိုက်လေသည်။

လှနွယ်၏နားထဲတွင် 'လယ်ရှိတုန်းက လယ်လုပ်တုန်းက'ဆိုသောစကားကို အခါပေါင်းမရေတွက်နိုင်အောင် အမေ့ထံမှကြားခဲ့ရသည်။

လယ်ရှိတုန်းက ဝတ်ခဲ့တာတွေ၊ လယ်ရှိတုန်းက စားခဲ့တာတွေ၊ လယ်လုပ်တုန်းက လှူခဲ့တာတွေ ဒါတွေကိုအမေပြောလို့သာ ကြားဖူးနားဝရှိရသည်။ ထိုစဉ်ကလူဖြစ်စရှိသေး၍ နည်းနည်းလေးမှ မမှတ်မိတာ နာတာပဲဟု အောက်မေ့ရတော့သည်။





ငယ်ငယ်တုန်းက ရွှေနားသန်သီးလေး ဆွဲထားပေးတာကိုလည်း ကြားဖူးရုံကြားခဲ့သည်။ ရွှေဆင်ထားတာ ကိုယ့်ကိုယ်ကိုယ်မမြင်ဖူး၍ ချက်လုံးများမေ့ဆင်းလျှက်၊ ရွှေနားဆွဲနှင့်ရုပ်ကို မနည်းလိုက်မှန်းကြည့်ရသည်။

လှနွယ် လူမှန်းမသိသည့်အရွယ်ကား လှနွယ်အဖို့ ဘာမှအသုံးမကျချေ။ ယခု လူမှန်းသိသည့်အရွယ်မှာလည်း လှနွယ်အဖို့ ဘာမှအသုံးမကျပေ။ ဆန်းဆန်းပြားပြားမြင်လျှင် ကိုယ်နှင့်မတန်မှန်း သိရသည်။ အဖိုးထိုက် အဖိုးတန်မြင်လျှင် ကိုယ့်အရာမဟုတ်မှန်းသိရသည်။ သည်လိုသိသည့် လူမှန်းသိသည့်အရွယ်ဖြစ်နေသည်။

ဝတ်ကောင်းစားလှ ရွှေတွဲလွဲနှင့် ကိုယ်ထက်သာတဲ့ရွယ်တူတန်းတူတွေကိုမြင်ရင် လှနွယ်မှာ ငေးလျက်။

လယ်ရှိတုန်းက. . . ဒါနှင့်ပဲ ပြီးလိုက်ရတော့သည်။ ဒါနှင့်ပဲ ပျောက်သွားတော့သည်။

ပျောက်သွားသည်ဆိုသော်လည်း အစဉ်အမြဲမဟုတ်။ အရာဝတ္ထုတို့ တပ်မက်သောစိတ်ကလေးက နှိုးဆွပေးလျှင်၊ လယ်ရှိတုန်းက အတိတ်မှာ ပြန်ပေါ်လာလေသည်။

အတိတ်မှာအကြောင်းပြု၍ စိတ်ဆန္ဒအရ အနာဂတ်လမ်းစပါ အစအနပေါ်လာရလေသည်။

လယ်သာရှိရင် လယ်များရှိရင်. . . . သည်အသိသည် အမြင်သစ်မှာ တရေးရေးထင်လာသည်။

ဘာလိုချင်လိုချင် ဘာဝယ်ချင်ဝယ်ချင် လှနွယ်လိုချင်သည့်အရာဝတ္ထုပစ္စည်းများမှာ လယ်ကွက်ထဲက မြေကြီးထဲတွင်ရှိမှန်းတစ်စစရိပ်မိလာသည်။ တစ်နေ့ထက်တစ်နေ့ နားရည်ဝကာ အတော်အတန်နားလည်မှတ်သားမိပြီး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှနွယ်သည် လယ်များရှိရင်. . . ဟု သိမြင်လာကတည်းက လယ်ကို စုံမက်လာသည်။ လယ်လုပ်ချင်သည်၊ လယ်လိုချင်သည်၊ လယ်ကိုချစ်နေသည်။

လယ်. . . လယ်. . . လှနွယ်ခင်တွယ်နေသည့်လယ်၊ လယ်ထဲကို တော့ရောက်ပြီ။ ကောက်ပင်တွေလည်း စိုက်ပြီ၊ ကောက်နှံတွေမှ ကောက်သီးတွေထွက်လိမ့်မည်။ သို့သော် သူစိုက်လိုက်သည့်အသီး တွေမှာ သူ့အသီးတွေမဟုတ်။ သူနှင့်ဘာမှမဆိုင် သူ့ဌေးလယ်. . .

ထို့ကြောင့် ဘုန်းကြီးက ကုသိုလ်ရမည်ပြောလိုက်ခြင်းကို လယ် ကလေးတစ်ကွက်လောက် ပိုင်ရပါစေတော်ဟု လှူကလှူကလဲ့လဲ့ ဆု တောင်းလိုက်သည်။

## အခန်း ၄

လှနွယ်သည် ရေစက်လက်နှင့် မြသင်တို့ တဲနောက်ဖေးကဲလား ပေါက်၌ရပ်ကာ 'မြသင်' ဟုလှမ်းခေါ်လိုက်သည်။

စောင်ခေါင်းမြီးခြုံ၍ အိပ်နေသောမြသင်သည် လှနွယ်အသံကြား ၍ စောင်ကိုမျက်နှာလှပ်ကာ ကဲလားပေါက်ကို မော့လှန်ကြည့်လိုက် သည်။

ခမောက်ဆောင်းထားသည့် လှနွယ်၏ခေါင်းတစ်ပိုင်းမှာ ကဲလား ပေါက်တွင်မိုးနေသည်။

'ပြီးခဲ့ပလား. . . ဟော့ကောင်မ. . .'

လှနွယ်က ပြုံး၍ ခေါင်းညိတ်လျက် 'မနက်က အမေလာသေး သလား'ဟု မေးလိုက်သည်။





'မလာဘူး၊ မျိုးဘယ်နှပေါ်ပြီးခဲ့သလဲ'

'မပြီးပါဘူးအေ၊ လယ်တစ်ကွက်ကို မျိုးဆယ်ပေါ်ကုန်အောင် ဘာစ်နေကုန် စိုက်ရတယ်၊ ခြောက်မူးရခဲ့တယ်'

အားမရသောလေသံဖြင့် ညည်းတွား၍ မြသင်ပေါ်သို့ ရေပေါက် မကျအောင် ခမောက်ဖျားကရေများကို လက်နှင့်သိမ်းပစ်လိုက်သည်။

'တဖြည်းဖြည်းနဲ့ နောက်တော့တတ်မှာပေါ့အေ၊ လယ်ထဲမှာထ မင်းစားလို့မမြိန်ဘူးလား'

'မြိန်တာပေါ့အေ၊ ချမ်းချမ်းနဲ့ ဆေးလိပ်သောက်လို့လည်းကောင်း လိုက်တာအေ၊ မညိမ်းရင်တို့ မအေးသင်တို့တော့ လယ်ထဲမှာစိုက်နေ တုန်းပဲ၊ နေ့စားသမားတွေ ကောက်စိုက်မလွတ်သေးဘူး၊ ငါသာ နေ မကောင်းခင် ပြန်လာတာ ညည်းကိုပြောစရာရှိလို့'

လှနွယ်၏နှုတ်ခမ်းများသည် တဆတ်ဆတ်တုန်၍နေလေသည်။ ရင်ဘတ်ပေါ်တွင် လက်ယှက်လျက် ပခုံးနှစ်ဘက်ကို တင်းတင်းဖက်၍ ဆုပ်ကိုင်ပြီးရပ်နေလေသည်။ ကိုယ်ပေါ်က တတောက်တောက် ယိုကျ နေသည့်ရေပေါက်တို့သည် တဲနောက်ဖေးအဖီအောက် မြေကြီးပေါ် တွင် အိုင်ထွန်းလျက်ရှိသည်။

'အမေ့ကို ပိုက်ဆံပေးလိုက်မှာစိုးလို့ လာပြောတာအေ့ရဲ့ အမေ မသိစေနဲ့နော်'

'အေးပါ ငါလည်း အဖျားမတက်တော့ဘူး၊ ကောက်စိုက်ဆင်း တော့ ငါပေးပါ့မယ်'

'အေး အေး ပြန်ဦးမှ အမေမျှော်နေမယ်'

တဲနောက်ဖေးက ကန်သင်းပေါ်တွင် ချထားခဲ့သည့်ထမင်းချိုင့်နှင့် မုန့်သေတ္တာဘူးကို ကောက်ယူကာ လယ်ကန်သင်းရိုးအတိုင်း လယ် ကွက်တွေကိုကျော်၍ ခပ်သုတ်သုတ်လျှောက်ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် လယ်ကွက်တွေထဲ၌ တွေ့သမျှမြင်သမျှ တို့စရာပင်တွေကို နုတ်ယူသွားလေသည်။ ရေထဲတွင် စိမ်းလဲ့လဲ့ထွန်းတောက်မျောပေါက်နေသော မှိုနတို၊ ဖားပေါင်၊ ကညွတ်၊ တက်ပြား၊ ကတောက်ဆတ် စသည့်တို့စရာညွန့်တွေကို ဝမ်းသာအားရစွာ လိုက်ချိုးရင်း ထမင်းဆာလာတော့သည်။

တစ်နေ့လုံးပင်ပန်းခဲ့သမျှ ငါးပိရေနှင့် တို့စရာသာ စားရသော်လည်း ထောင်းသွင်းလိုက်ရသလိုပင် ထမင်းမြိန်လှသည်။ ညအိပ်၍လည်းကောင်းသည်။ 'ကောက်စိုက်မှ စားလို့ အိပ်လို့ ပိုကောင်းတယ်' ဟု လှနွယ် ပြောတတ်လာလေသည်။

တစ်လလောက်စိုက်မိသောအခါ လက်ညီလာ၍ နေ့စားပြောင်း၍စိုက်နိုင်သွားပေသည်။

ခပ်ဝေးဝေးက ဘုန်းတော်ကြီးကျောင်းဆီမှ တုန်းခေါက်သံ ကြေးစည်သံကို ကြားရလျှင် မွန်းတည့်ပြီဖြစ်၍ လယ်ထဲမှထမင်းစားတက်ကြရလေသည်။

ထမင်းတောင်းကြီးသည် ကန်သင်းပေါ်၌ အငွေ့တထောင်းထောင်းထနေလေသည်။ ပဲဟင်းအိုးကြီး၊ ငပိရေအိုး၊ ငရုတ်သီးမှုန့်အိုး၊ ပဲရေပွတစ်ဇလုံနှင့် တို့စရာဗန်းတို့ကို လယ်ထွန်သမာသူရင်းငှားကဆိုင်းနှင့်ထမ်း၍ ယူလာသည်။

အားလုံးဝိုင်းအုံကာ တစ်ယောက်တစ်လက် ခူးခပ်၍ ကန်သင်းပေါ်၌ ထိုင်စားကြသည်။ ထမင်းမစားခင် အမယ်ကြီးတစ်ယောက်ကသံပန်းကန်ပြားထဲတွင် ထမင်းဟင်းထည့်၍ ပန်းကန်ကိုမြှောက်ကာပသလိုက်သည်။

'ပိုင်ရာဆိုင်ရာ အရှင်သခင်များတင်ပါတယ်၊ မြှောက်ပါတယ်၊ ကောက်စိုက်တုန်းကလေး အမိုက်အမဲတွေပြောတာဆိုတာ ဖွေမယူပါနဲ့





အရှင်ကြီးတို့'

တင်မြှောက်ပြီး၍ ပန်းကန်ပြားထဲက ထမင်းဟင်းကိုနှိုက်ကာဘိုဘက်သည်ဘက် လှမ်းပက်လိုက်ပြီးမှ အားလုံးစုဝေးပြီး ထိုင်စားကြလေသည်။

ကောင်းကင်၌အုံ့၍ညို့ညို့မှိုင်းလာသည်။ တိမ်ခဲတွေ ဆို့လျက်တိမ်ခိုးညိုရောင်ဆင်ကာ မှုန်ရီ၍ ဝေနေရာမှ တမိုးလုံး မည်းလာလေတော့သည်။

'မြန်မြန်စားဟေ့ တောင်ဘက်က မိုးညို့လာပြီ. . . .'

ပြောရင်းဆိုရင်းပင် မိုးလယ်တစ်ခွင်မှ ပဲ့တင်ထစ်ချုန်းလိုက်သည့်မိုးခြိမ်းသံနှင့် မိုးပေါက်တွေ တပေါက်ပေါက်ကျလာလေသည်။

ထမင်းစားနေကြသောကောက်စိုက်မတွေမှာ စားရင်းမတ်တတ်ခမောက် ကဒ္ဒူးတွေကို ပြေးယူ၍ ဆောင်းကြရသည်။

ခေါင်း၌ဆောင်းထားသည့် ခမောက်အောက်သို့ ထမင်းပန်းကန်ပြားကို မိုးလုံအောင် သွင်းစားရသည်။

ဟင်းခွက်၊ ငပိခွက်ထဲတွင် ချက်ချင်းပင် မိုးပေါက်ရေတွေ ပြည့်လျှံကာ စီးကျနေသည်။

လှနွယ်လည်း ပါးစပ်ထဲသို့ ထမင်းလုတ်ကို တစ်လုတ်ပြီးတစ်လုတ် ကမန်းကတန်း ပလုတ်ပလောင်းသွင်းရ၍ လည်ချောင်းနင်သွားလေရာ၊ မိုးရေရောနေသည့် ပဲဟင်းရေကို သောက်ချရလေသည်။

ဇလုံထဲတွင် ဆီပူလှိမ့်ထားသည့် ပဲရေပွ၌ ပါလေဟန်ကပ်နေသည့် ဆီကလေးများမှာ ရေထဲတွင် ဝေ့လျက်မျောပါသွားကြသည်။

မြသင်မှာ ငါးပိခွက်ကြီးကို မိုးရေများကြားမှ လှမ်းခပ်ရင်း 'အကုန်သက်သာအောင် ဆားထိုးထားတာ၊ မိုးရေဝင်တော့ အတော်ပဲတော့'ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမှာ စဲပဲမစဲနိုင်တော့၊ သဲသဲမဲမဲကြီးရွာချနေလေသည်။ ဟင်းခွက်ထဲတွင် ရေတွေ ဝင်ချင်တိုင်းဝင်နေခြင်းကို မည်သို့မျှမတတ်နိုင်ကြပေ။ သည်အတိုင်းပင် ကြည့်နေရပြီး တစ်ယောက်တစ်လက် လုခပ်စားကြရသည်။

လှနွယ်မှာ ဗိုက်ပြည့်အောင် စားပြီးသွားသောအခါ၊ အရိုးတွေ ကွဲမတတ် စိမ့်ချမ်းလာလေသည်။ တစ်ကိုယ်လုံး ရွှဲနစ်နေရာတွင် ထမင်းဆိပ်တက်၍ ပိုချမ်းလာသည်ဟု ထင်မိသည်။

ဖက်ပေါ်တွင် စက္ကူတစ်ထပ်ပတ်၍ စက္ကူပတ်ဆေးလိပ်ကို ချမ်းချမ်းနှင့် ဖွာရှိုက်သောက်လေသည်။ လက်ချောင်းများမှာ ပဲကြီးတွန့် ဖြစ်လျက် ထုံကျင်နေ၍ ကောက်စိုက်လျှင် ကောက်ဖတ်ဖန်နိုင်အောင် ဆေးလိပ်မီးနှင့် ကင်ပေးရသည်။

မြသင်ကား အဖျားပျောက်ခါစရှိသေး၍၊ ဒီလောက်တောင်ချမ်းအေးစက်နေတာ မဖြစ်ဘူးအေ ဆိုပြီး ပြန်သွားလေသည်။

ထမင်းစားပြီး တစ်အောင့်တစ်နား နားနေကြပြီးနောက် လယ်ကွက်ထဲသို့ ပြန်၍ဆင်းကြရလေသည်။

မိုးသည် သည်းရာမှ စဲသွားလေသည်။ မိုးစဲသွားသောအခါ လယ်ကွက်ထဲတွင် ရေများလျှံနေ၍ ဖောက်ထုတ်ပေးရသည်။

ညနေစောင်းတွင် မိုးတိတ်သွားလေသည်။ နေရောင်ခြည်က လေးထိုးလာ၍ တစ်ကွင်းလုံးမှာ စိမ်းနေတော့သည်။ စိုက်စမျိုးပင်တို့ကား အမြစ်မတွယ်ခင် ဝါကြန်နေလေသည်။ သုံးရက်လောက်ရှိမှ ထိုအပင်များ စိမ်းထောင်လာပေသည်။

လေမှာ ဒလကြမ်း တိုက်ခတ်လျက်ရှိလေသည်။ မျိုးပင်တို့မှာ လေတိုက်ရာသို့ ယိမ်းသွားကြပြီး လေလွန်သွားမှ ပြန်ထောင်လာကြသည်။





လှနွယ်သည် ခေါင်းမထူဘဲ စိုက်နေလေသည်၊ ခါးနာမှန်းပင် မသိတော့ပေ၊ လှနွယ်တစ်ယောက် ဖွဲ့ရှိသည်၊ ကောက်စိုက်ကောင်းသည်ဟု နာမည်ကောင်းရအောင် ကြိုးစားစိုက်လေသည်။

ရွာထဲ၌ ကောက်စိုက်လိုက်ခေါ်နေသည့် လယ်သမားများသည် ကောက်စိုက်ကောင်းသူကို ရွေး၍အလုအယက် စျေးပိုပေး ခေါ်တတ်ကြပေသည်။

## အခန်း [ ၅ ]

ဝါခေါင်လပြည့်ကျော်သွား၍ ကောက်စိုက်ချိန်လည်း ပြီးသွားလေပြီ။

လှနွယ်သည် ကောက်စိုက်ရသည့်အခထဲမှ ထက်မီးအောက်မီး တစ်အိုးဖုတ်၍ ဘုန်းကြီးကျောင်းသို့ အမေနှင့်အတူသွားကပ်ကြသည်။

ကျောင်းတက် ကျောင်းဝင်းထဲသို့ ဝင်ကြသောအခါ လှနွယ်က ထက်မီးအောက်မီး မုန့်အိုးကို ရှေ့ကရွက်လျက် ဒေါ်သဲမြစ်မှ နောက်ကလိုက်လာလေသည်။

ကျောင်းဝင်းထဲ၌ သရက်ပင်၊ ပိန္နဲပင်၊ ခရေပင်များ အုပ်ဝေလျက်ရှိကြသည်။ ကျောင်းလှေကားရင်းတွင် အုတ်ရေတွင်းကြီးရှိလေသည်။ ရေတွင်းဘေးတွင် ငှက်ပျောပင်စည်များရဲလျက် အဖူးအခိုင်တွေနှင့် ညွတ်ကိုင်းနေပေသည်။

ကျောင်းမှာ သွပ်မိုးလျက် ဘုံဆောင်အချွန်အတက်တွေနှင့် ခြေတံရှည် တစ်ထပ်ကျောင်းဖြစ်သည်။

ကျောင်းပေါ်သို့ တက်လာကြသောအခါ ဘုန်းကြီးကိုမြင်၍



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖိနပ်ချွတ် စင်္ကြံတွင်ထိုင်လိုက်ကြသည်။ ဘုန်းကြီးမှာကျောင်းမကြီး၏ခါးပန်းတွင် မှီထိုင်လျက် သွားကြားထိုးနေသည်။

စင်္ကြံလမ်းအောက် ဖိနပ်ချွတ်မှထိုင်နေကြ၍ ကျောင်းခေါင်းရင်းကဘုရားဆောင်၊ ကိုယ်လုံးပေါ်မှန်၊ နာရီ၊ ဗီရို စသည့်ပစ္စည်းများနှင့် တည့်နေသည်။

ထက်မီး အောက်မီးမုန့်အိုးကို ရှေ့တွင်ချလျက် သားအမိနှစ်ယောက် ဦးချလိုက်ကြသည်။

ဒေါ်သဲမြစ်မှာ ဘုန်းကြီးမျက်နှာကိုမကြည့်ဘဲ အောက်ငုံ့စိုက်ထား၏။

'ကောက်စိုက်ပြီးပြီလား'

'တင်ပါ့ဘုရား'ဟု လှနွယ်လျှောက်ရင်း၊ ထက်မီးအောက်မီးအိုးကို ကျောင်းမပေါ် ဘုန်းကြီးရှေ့သို့ မ တင်လိုက်သည်။

'ကုသိုလ်ရအောင် စိုက်ခဲ့ရဲ့လား'

'စိုက်ပါတယ်ဘုရာ့၊ ဆုလည်းတောင်းပါတယ်'

ဘုန်းကြီးသည် သွားကြားထိုးတံကို ဖိနပ်ချွတ်စင်္ကြံတစ်ဖက်သို့ လှမ်းပစ်လိုက်လေသည်။ သလိပ်တစ်ချက်ဟပ်ကာ ထွေးခံဆွဲ၍ တံတွေးထွေးပြီးနောက် လှနွယ်ကို မော့ကြည့်လိုက်သည်။

'ဘာဆုများ တောင်းသလဲ'

ဒေါ်သဲမြစ်သည် လှနွယ်ဘက်သို့ အသာငဲ့ကြည့်လိုက်သည်။ ဘုန်းကြီးက ချိုသာကြည်နူးစွာ ပြုံးလေသည်။ လှနွယ်မှာ ရှက်ကိုးရှက်ကန်းဖြစ်သည့်အမူအရာနှင့် ခေါင်းငုံ့ကာ ပြုံးနေသည်။

'ပြောစမ်းပါ၊ ဘာဆုတောင်းသလဲ၊ နတ်ပြည်ကို ဆုတောင်းသလား၊ နတ်သမီးဆုတောင်းသလား'

လှနွယ်သည် ဘုန်းကြီးရှေ့တွင်မအောင့်နိုင်၍ ခစ်ခနဲတစ်ချက်





ရယ်လိုက်သည်။ ရယ်ချင်လှ၍ ဘုန်းကြီးမျက်နှာကိုမကြည့်ဘဲ ခေါင်းငုံ့လျက် 'မဟုတ်ဘူး ဘုရား' ဟု လျှောက်လိုက်ရလေသည်။

'နို့ . . . ဘာဆုတောင်းသလဲ'

လှနွယ်မှာ ကျိတ်ရယ်နေလေသည်။ ဒေါ်သဲမြစ်က တံတောင်နှင့် ထွက်၍ ပြောလိုက်လေဟု ခပ်တိုးတိုးပြောလိုက်သည်။

တပည့်တော်တောင်းတဲ့ဆုက လယ် ဘုရား လယ်၊ လယ်လိုချင်တယ်လို့ ဆုတောင်းတယ်'

ငုံ့၍ရယ်နေရာမှ ဘုန်းကြီးမျက်နှာကို မော့ဖူးကာ မျက်စမျက်နနီးလျက် ရဲရဲတင်းတင်း ပြန်လျှောက်လိုက်သည်။

လှနွယ်မျက်နှာကို စိုက်ကြည့်ကာ မျက်နှာညှိုးနွမ်းသွားမိလေရာ ရဟန်းတော်ဖြစ်၍ ချက်ချင်းပင် ဣန္ဒြေမြန်ဆည်ထားလိုက်လေသည်။

မွေးသခင်ချေက ပင်လယ်ထဲတွင် ကြီး၍ လယ်ကိုသာ လုပ်ခဲ့ပေသည်။ လယ်လုပ်ရင်းနှင့် သီးစားခံလုပ်သည့် လယ်သမားဘဝမှ နေ့ကူလီ၊ မိုးကူလီလုပ်ခစား၊ လယ်ကူလီဘဝသို့ သက်ဆင်းသွားရလေ၏။ သူဌေးလယ်ကို သီးစားခံ၍လုပ်ခဲ့တုန်းကဆိုလျှင် လယ်ထဲမှထွက်သည့် စပါးများကို သီးထောက်ခပေးရသည့်အပြင် မိုးတွင်းလယ်စရိတ်အတွက် ငွေ ၅၀လျှင် စပါး၁၀၀နှင့် ချေးယူခဲ့ရသည်။ စပါးထွက်ချိန်ကျသောအခါ လယ်ရှင်က ပေါက်လာကာ လယ်သီးထောက်ခနှင့် စပါးပေးသူ့ငွေ စပါးများကို သလင်းထဲတွင်တင်းနှင့်ခြင်၍ သိမ်းပေတော့သည်။ သို့တိုင် အကြွေးကမကျေလည်၊ အကျေအလည်မဆပ်နိုင်လျှင် နောင်နှစ်ခါ မိုးတွင်းစရိတ်အတွက် စပါးပေးငွေ၊ ငွေမချေးမည်စိုး၍ မိုးတွင်းစားရန် ဝမ်းစာစပါးလေးမှ မချန်နိုင်ဘဲ အကုန်ကျုံး၍ခြင်ပေးလိုက်ရတော့သည်။

သီးထောက်ခတစ်မျိုး၊ စပါးပေးကတစ်မျိုး၊ ငွေတိုးကတစ်မျိုး၊



www.burmeseclassic.com

www.burmeseclassic.com



ပုံသေတိုးကတစ်မျိုး၊ တင်းတိုးကတစ်မျိုး၊ ဈေးကွေးကတစ်မျိုးစသည် ဖြင့် လယ်ပြီးတာနှင့် တစ်ချက်တည်း၊ တစ်နွေ-တစ်မိုးလုံး ကုန်း၍ လုပ်ခဲ့ရသောစပါးများမှာ သလင်းထဲ၌ ပြောင်ကျသွားအောင် ခြင်ယူ ကြတော့သည်။ စပါးအထွက် ဆုတ်သဖြင့် ကြွေးမကျေလျှင် လယ် ပိုင်ရှင်များသည် ကျွဲ၊ နွားပါ သိမ်းယူလေသည်။ လယ်ကို စိတ်အ ပျက်ကြီးပျက်ကာ စိတ်ညစ်ညူးနေစဉ် ရွာထဲတွင် ပဋ္ဌင်းဒကာပေါ်၍ ကျောင်းသို့သွားကာ ပဋ္ဌင်းခံလိုက်သည်။ ပထမ ခေတ္တခဏ ဒုလ္လဘ မှန်းထားဝတ်လေသည်။ သို့သော် လူထွက်လျှင် အသက်မွေးဝမ်း ကျောင်းဆို၍ လယ်သာလျှင် လုပ်တတ်သူဖြစ်လေရာ လယ်နားသို့ လည်း မကပ်နိုင်တော့သည့်အဆုံး စိတ်ကုန်ကုန်ဖြင့် ရဟန်းဘဝ နေလက်စနှင့် ရဟန်းဘောင်တွင်ပင် ဆက်လက်၍နေခဲ့ရင်း ကျောင်း ထိုင်ဘုန်းကြီးပင် ဖြစ်နေလေသည်။ ရဟန်းဘောင်သို့ဝင်ခဲ့စဉ်အခါက လှန္တယ် ငယ်ငယ်ပင်ရှိသေးသည်။

'လယ်ရှိချင်တယ်' ဟု လှန္တယ်ထံမှ စိတ်နှလုံးထိခိုက်အောင် ကြားသိရ၍ ရုတ်တရက် မျက်နှာပျက်ကာ သတိလက်လွတ်ဖြစ်သွား မိသည်။

ကိုယ့်တစ်ယောက်တည်း မဟုတ်ဘဲ၊ လယ်သမားတိုင်း ဤနည်း နှင်နှင် ဖြစ်ကြ၊ ပျက်ကြသည့်တိုင်း ဘုန်းကြီးအဖို့ရာတွင် ကံတရားဟု ကံကိုသာ လွှဲချရပေမည်။

ဒေါ်သဲမြစ်တွင် ဘုန်းကြီးအရှေ့တွင် အနေရအထိုင်ရခက်သွား လေသည်။ နောက်ကြောင်းတွေကို သတိရကာ မျက်နှာကို အောက်ချ လျက် ငုံ့နေပေတော့၏။

ဘုန်းကြီးလည်း ဒကာမတွေ ရှေ့ထားပြီး ဆိတ်ဆိတ်နေရန် မသင့်၍. . .





'လယ်လုပ်ချင်သကိုး'ဟု ပြောလိုက်ရကာ ဆက်လက်၍ 'လယ် လုပ်ဖို့ရာ လွယ်တာမဟုတ်ဘူး' ဟု မလွယ်ကြောင်းတွေကို လျှောက် ပြောပြနေလေသည်။

လှန္တယ်သည် ငေး၍နားထောင်နေသည်။ ဘုန်းကြီးအမိန့်ရှိပုံ အတိုင်းဆိုလျှင် လှန္တယ်အနေနှင့် နောက်ဘဝနတ်ပြည်သို့ ရောက်ဖို့ရာ လွယ်ချင်လွယ်ဦးမည်။ ယခုဘဝလယ်ရှိဖို့ အလွန်တရာမှ ခက်သည်ကို နားလည်ရပေတော့သည်။

'ကောက်စိုက်ချိန်ပြီးတော့ တော်သလင်း သီတင်းကျွတ် ဘာလုပ် ကြမလဲ'

ဘုန်းကြီးသည် ဒေါ်သဲမြစ်ဘက်သို့ လှည့်၍ မေးလိုက်သည်။ ဒေါ်သဲမြစ်မှာ ငုံ့လျက်နေ၍ သူ့ကို မေးမှန်းမသိပေ။ လှန္တယ်ပင် လျှောက်တင်ရပေသည်။

'ကောက်စိုက်ခ ရတဲ့ငွေနဲ့ ရွက်ကော်ရိုးက ကိုသာဦးတို့ပိုက်မှာ ငါးတွေ သွားဝယ်ပြီး ငါးပိ လုပ်ရောင်းမလို့ ဘုရာ့'

ဘုန်းဘုရားသည် ရိုးဘေးတွင် ဖျာကြမ်းခင်းပြီး ပုံထားသော ငါးပုံထဲက ငါးတွေ တခုန်ခုန် တဖျပ်ဖျပ်ဖြစ်နေပုံကို သွားမြင်မိသည်။ ရဟန်းတော်၏နားနှင့် ကြမ်းတမ်းခြင်းရှိလှ၍ နားလွဲနေလိုက်ကာ နှလုံးမချမ်းသာဖြစ်ခြင်းဖြစ်မိလေသည်။ ဥပေက္ခာပြုနိုင်မှ တော်တော့ မည်။

'တန်ဆောင်မုန်းကျရင် ဒကာမကြီး ကောက်ရိတ်ဦးမလား'

'တင်ပါ' ဟု ဒေါ်သဲမြစ်က တစ်ခွန်းပင် တင်လိုက်သည်။

'ငါးပိလုပ်ပြီးတော့ ထင်းခွေသွားရမယ်ဘုရား' ဟု ဒေါ်သဲမြစ် ကိုယ်စား လှန္တယ်ဆက်လက်၍ လျှောက်သည်။

လယ်သမားများမှာ တော်သလင်း သီတင်းကျွတ်တွင် လယ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ငန်းမရှိသေး၍ နွားတွေသာ မြက်ရိတ်ကျွေးရသည်။ ထင်းခွေကြရသည်။ တန်ဆောင်မုန်း စပါးရိတ်ဆင်းနေခိုက် ဆိုက်စရာထင်းရှိအောင် အားလပ်တုန်း ကြိုတင်၍ ထင်းခွေထားကြရသည်။

လှူဝတ်နှင့်နေစဉ်တုန်းက သည်အချိန်ကို ကျောက်တန်းနောက်ဘက်က တောကြီးထဲသို့သွားကာ ထင်းခွေရလေသည်။ ထင်းတုံးများပင်မက တဲတိုင်အတွက်ပါ ခုတ်ယူကာ လှည်းနှင့် ဆိုက်ခဲ့ရသည်။

ယခုတော့ သားအမိနှစ်ယောက်မှာ တောကြီးထဲသို့သွားဝံ့မည်မဟုတ်ကြ။ တောစပ်တွင် ပေါက်နေသောတစ်လ်လောက်မြင့်သည့် မြရာပင်၊ ဘန့်ပွေးပင်၊ ပဲပြားပင်တွေကိုဖြတ်လှဲကြကာ အရွက်များကို ဓားနှင့်သင်၍ အချောင်းတွေကို ကြိုးနှင့်စည်းလျက် ခေါင်းနှင့်ရွယ်ယူကြရပေမည်။

ဘုန်းကြီး၏ရင်ထဲတွင် မချမ်းသာ၍ လောကစံတရားကို ကြပ်ကြပ်နှလုံးသွင်းကာ ဆိတ်ဆိတ်ပင် ထိုင်နေတော်မူသည်။ အတန်ကြာမှ. . .

'အေးအေး ကောင်းကောင်းမွန်မွန်နေကြ ထိုင်ကြ၊ အကုသိုလ်ကို ကြောက်ကြ၊ အပါယ်ငရဲ မရောက်စေနဲ့၊ ကုသိုလ်ကောင်းမှုလည်း မမေ့နဲ့၊ ကဲ ရှိခိုးကြ ငါးပါးသီလခံ ရေစက်လည်းချသွား'

သားအမိနှစ်ယောက်ကို ငါးပါးသီလပေးကာ ရေစက်ချပြီးနောက် ဆွမ်းစားကျောင်းသို့ ထသွားလေသည်။ လှနွယ်တို့လည်း ထက်မီးအောက်မီးအိုးကို ဆွမ်းစားကျောင်းတွင် လှယ်ထားခဲ့ကာ ကျားတက်ကျောင်းမှ ထွက်လာခဲ့ကြသည်။



## အခန်း| ၆ |

နေ့ရက်တို့သည် အရောင်အသွေးအဆင်းအမျိုးမျိုးဖြင့် သစ်ဆန်းနိုင်ခဲ့လေသည်။ မြရည်စိုလူးနေသည့် စိမ်းသောအရောင်၊ စိမ်းသောအသွေးရှိသည့် စပါးပင်တို့သည် ရွှေရောင်အဆင်းဖြင့် ထွန်းပပြန်ကာ ထိန်ဝါဝင်းမှည့်၍ လာကြလေပြီ။

လယ်သမားများမှာ တံစဉ်ကိုသ လျက် ကောက်ရိတ်ဆင်းရန် ဆွမ်းတင်နေကြလေသည်။ ကွင်းထဲတွင် မြေပါးကင်းပါး ဖယ်ရှားတော်မူပါရန် အရှင်ကြီးတို့အား ဆွမ်းတင်ကာ ပသဆုတောင်းကြကုန်သည်။ ကောက်ရိတ်ရန် ပြင်ကြဆင်ကြ၍ ရွာထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

ခေါ် သဲမြစ်သည် ပန်းပဲဖိုတွင် တံစဉ်သ ပြီးချေပြီ။ မနက်ဆင်းတော့မလား၊ ဘယ်ကွင်းလဲ စသည်ဖြင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ပြောဆိုနေကြသည့်အသံတို့ဖြင့် ဆူညံလျက် အားတက်သရောရှိနေကြသည်။

လှနွယ်သည် အမေစပါးရိတ်ဆင်းလျှင်၊ စပါးရိတ်သင်မည်၊ ကောက်သင်းလိုက်ကောက်မည်ဟု ဆွေ့ဆွေ့ခုန်ကာ ဝမ်းအသာကြီးသာနေသည်။ စပါးတွေ မဝင်းမမှည့်မှီ အပင်များအုံထလျက် အပင်ပွားကာ သန်စွမ်းနေကြခြင်းကို လယ်ထဲသို့ အခေါက်ခေါက်အခါခါ သွားကြည့်ရသည်မှာလည်း အမောပင်။

လှနွယ်လယ်ထဲသို့သွားလျှင် ဦးသူတော်နှင့် တွေ့ကြသည်။ သူငွေး ကိုခွက်လယ်ကို သီးစားခံ၍လုပ်သော ဦးတုတ်တို့ထဲတွင် ဦးသူတော်မှာ သူရင်းငှားလုပ်နေသည်။

'စပါးတွေမှည့်ကုန်ပြီ' ဟု ဦးသူတော်ကို အားရပါးရ အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောမိသည်။

ဦးသူတော်မှာ ကောက်လှိုင်းဖြန့်ရုံနဲ့ သလင်းလုပ်ဖို့ လယ်ကွက်တစ်ကွက်ကို ဂျုတ်ဆွဲနေလေသည်။ လှနွယ်သည် ကန်သင်းရိုး၌ရပ်လျက် ဂျုတ်ဆွဲပုံကို ငေးကြည့်နေလေသည်။

လှည်းတန်းနောက်တွင် ပျဉ်ပြားကြီးဘပ်လျက် နွားများမှာအားပြု၍ ဆွဲနေကြရသည်။ နွားနှစ်ကောင်စလုံးပင် ပိန်ချုံးလျက်နံရိုးအပြိုင်းပြိုင်းထကာ ဖင်ချွန်းနေလေသည်။ ချည့်နဲ့နဲ့ဆွဲသွားကြရင်းက ထိုင်းမှိုင်းလေးလံသောမျက်လုံးများကို ဖြည်းနှေးစွာ မျက်တောင်ခတ်၍သွားကြလေသည်။ ရှေ့ကတစ်ချက်ရုန်းလိုက်တိုင်း ပျဉ်ပြားကြီးမှာ မြေပေါ်တွင် တရွတ်တိုက်၍ ပါသွားလေသည်။

ဦးသူတော်သည် ဂျုတ်နောက်မှ ကြိမ်လုံးကိုကိုင်လျက် တစ်ကိုယ်လုံးမှာ ပေကျံညစ်ထေးလျက်ရှိသည်။ ပျဉ်ပြားစောင်းကို လက်နှင့်ဖိ၍ နွားများကို ရေရွတ်လျက် မောင်းနေလေသည်။ မြေပေါ်တွင်ရှိနေသောမြေကြီးခဲတွေကို ပျဉ်ပြားကြီးက တိုက်ယူသွားလေသည်။ မြေကြီးခဲတွေ ပြည့်လာလျှင် ပျဉ်ပြားကြီးကိုလှပ်၍ သလင်းဘေးတွင်မြေခဲတွေ ပုံထားပြီးနောက် ခေါက်ပြန်မောင်းလျက် မြေညှိနေလေသည်။

'ဦးသူတော် သလင်းပြီးတော့မလား'

ဦးသူတော်မှာ တော်တော်နှင့်မကြားနိုင်၍ ခပ်ကျယ်ကျယ်အော်မေးရသည်။

'ဘယ်ပြီးဦးမလဲ၊ လှည်းနဲ့မောင်းပြီး မြေညှိအောင် သလင်းခေါက်ရဦးမှာပေါ့'

'သလင်းခေါက်ပြီး၊ ပြီးရောမဟုတ်လား'

လှနွယ်သည် ဘာမဆိုမေးတတ်သည်။ ထို့ကြောင့် ပါးစပ်အငြိမ်





နေဘဲ စုံတကာ့စုံအောင် တစ်မေးထဲမေးနေလေသည်။

'ခေါက်ပြီးတော့ ရေလိုက်ဖျန်းပေးရမယ်'

'ရေဖျန်းပြီးတော့ သလင်းဖြစ်ရောပေါ့'

ဦးသူတော်သည် ဂျုတ်ဆွဲနေခိုက် စကားကြောရှည်ခြင်းကို စိတ်ညည်ဟန်ဖြင့် 'တယ်လျှာရှည်တဲ့ကောင်မလေး'ဟု ဆိုလိုက်သည်။

'ဦးသူတော်ကလည်း အကောင်းပြောတာပဲဥစ္စာ'

'ရေဖျန်းပြီးတော့ မြေကြီးကို နောက်ချေးနဲ့ လိုက်ကျံပေးရမယ်...'

'နောက်ချေးနဲ့ ကျံတော့ ဘာနဲ့ ကျံမှာလဲ ဟင်...'

လှနွယ်မှာ မေးခွန်းထုတ်ပြီး ရယ်နေလေသည်။ ဦးသူတော်လုပ်ရှုပ်နေတုန်း တောင်မေးမြောက်မေး လုပ်ရင် စိတ်တိုမှန်းကိုလေသည်။

'လက်နဲ့ လိုက်ကျံရမှာပေါ့ဟဲ့၊ ဘုန်းကြီးသမီးရဲ့ လက်နဲ့ လက်...'

ပြောလိုက်ရသဖြင့် ကျေနပ်အားရသောမျက်နှာထား မိမိအားစောင်းကြည့်ရှုနေသောဦးသူတော်၏မျက်နှာကို မကြည့်ချင်ယောင်ဆောင်ကာ၊ အသံကိုလည်း မကြားချင်ယောင်ဆောင်ကာ အနီးအနားရှိသော စပါးပင်တွေကို လှုပ်ခါကြည့်နေလေသည်။ စပါးနှံခိုင်တွင်တ်သီးနေသည့် စပါးစေ့လေးတွေကို ဆွတ်ခြွေကာ လက်ခုပ်ထဲတွင်က်ဖနောင့်နှင့်ပွတ်၍ အခွံချွတ်နေလေသည်။ အခွံတွေက မကျွတ်သွားနှင့်ကိုက်ကာ ဝတ်ဆံကို ဝါးကြည့်လေသည်။

'ဟဲ့ကောင်မလေး မပြန်သေးဘူးလား ပြန်လေ'

'ကိုပိုက်တို့ဆည်ကို သွားရဦးမယ်'

'ဘာလုပ်တုံး'



www.burmeseclassic.com

www.burmeseclassic.com



'ငါးခေါင်းဖြတ်မယ်'

လှနွယ်သည် ကောက်စိုက်ပြီးနောက် အနားနေရသည်ဟူ၍ မရှိပေ၊ ငါးပိုက်သို့သွားကာ ငါးသလဲတိုး ငါးခုံးမတွေကို ငါးပိလုပ်ရန် တင်းနှင့် နှစ်တင်း ဝယ်ယူလိုက်သည်။

ငါးတွေကို ဆုံထဲတွင် ထောင်းလျက် အကြေးထိုးကာ ဆားပက်နေပြီးသောအခါ အိုးသိပ်ထားလိုက်သည်။ ထို့နောက် မြသင်တို့နှင့် ကျောက်တန်းတောစပ်တွင် နေကုန်နေခန်းသွား၍ ထင်းခွေရလေ၏။ ထင်းခွေပြီးသောအခါ မနက်စောစော ရွာထဲတွင် ပဲပြုတ်လည်ရောင်းလျက်၊ နေ့လယ်တွင် ဆည်သို့သွားကာ ငါးခေါင်းဖြတ်သည်။ ဆည်၌ ငါးခေါင်းချိုးပေးလျှင် ငါးတစ်ဟင်းချက် ရလေသည်။

'ဘုန်းကြီးသမီးက ငါးခေါင်းဖြတ်သကိုး' နားထဲ၌ ထော်လော်ကန့်လန့်ကြီးဖြစ်၍ ဦးသူတော်က ပြောင်လှောင် သရော်လိုက်ကာ ခွက်ထိုးခွက်လန် ရယ်နေလေသည်။

လှနွယ်သည် ရင်ထဲတွင်လှိုက်၍ မျက်ရည်တွေ ကျလုခမန်းဖြစ်လာလေသည်။ သို့သော် မျက်ရည်တွေ စီးကျလာမည်ကို ဦးသူတော် မမြင်စေချင်ပေ။ ရုတ်တရက် အမှတ်မထင် ဝမ်းနည်းသွားလေသည်။ ဝမ်းနည်းပြီးမှ ဘာကိုဝမ်းနည်းမှန်းကို တစ်ယောက်ယောက်ကို ပြောပြနေသလိုဖြင့် အသံမထွက်ဘဲ စိတ်ထဲက ပြောပြရွတ်ဆို၍ နေလေသည်။ ဤသို့ စိတ်ထဲက ပြောပြလိုက်ရမှ ရင်ထဲတွင် ချောင်ချိသက်သာသွားလေသည်။

ကောက်စိုက်ပြီးနောက် သားအမိနှစ်ယောက် ကျပန်းအလုပ်တွေကို လျှောက်လုပ်ရင်း ကောက်ရိတ်ချိန်ကို စောင့်ကြရသည်။ ဆယ်ဧကရှိသောလယ်တစ်တုန်းကို ကောက်ရိတ်ရန် စာချုပ်ထားပြီးကြပြီ။

စာချုပ်ထဲတွင် ကောက်သင်းကောက်နှံတွေကို ဖိတ်ဖိတ်စဉ်စဉ်





အောက်မကျစေရပါဘူး၊ စပါးလည်း မကျွမ်းရစေပါဘူး၊ အချိန်မီပြီးအောင်ရိတ်ပါမည်။ စသည်ဖြင့် အာမခံတာခံ၍ ချုပ်ဆိုကြရသည်။ အချိန်မီပြီးအောင် တစ်လနီးနီး ကြိုးစားပမ်းစား ရိတ်ကြရပေမည်။

နံနက်အရုဏ်တက် လယ်တောထဲတွင် အလင်းရောင်ဟူ၍မရှိ၊ လရိပ်မှာလည်း မှုန်တီမှုန်မွှားဖြင့် လင်းလင်းထင်းထင်း မမြင်ရချေ။ နှင်းနှင့်မြူတို့မှာ ထွေးယှက်ကာ ပိန်းမှုန်နေလေသည်။ နှင်းလေသည် အတားအဆီးမရှိဘဲ မြူးဝှေ့တိုးခွေ့နေလေရာ အသားထဲသို့စူးဝင်အောင် အေးမြသွားလေသည်။

လှနွယ်သည် တံစဉ်ကို ပခုံးပေါ်တွင် ထမ်းလက် နှင်းထဲတွင် တိုးသွားနေသည်။ ကန်သင်းပေါ်တွင် မြက်ပင်များနှင့် တိုက်ထိ၍ ထဘီနားမှာ စိုရွှဲနေလေသည်။ ဒေါ်သဲမြစ်မှာ တောင်းကိုရွက်ကာ ချမ်းချမ်းနှင့် ဆေးလိပ်တိုကိုဖွာလျက် နောက်မှ ခပ်သုတ်သုတ်လိုက်သွားလေသည်။

လယ်ကွက်ထဲတွင် တီးတိုး တီးတိုး လူသံများကို ကြားရလေသည်။ ခပ်ဝေးဝေးဆီမှ လေးလေးတွဲ့တွဲ့ တွန်လိုက်သည့် ကြက်တွန်သံမှာ လေထဲတွင် လွင့်၍နေလေသည်။ လေးဘက်လေးတန်တွင် ကုပ်ကုပ် ကုပ်ကုပ်နှင့် သွားနေကြသောသဏ္ဌာန်တွေကို မည်း မည်း မည်း မည်း မြင်နေရသည်။ လယ်ထဲသို့ အလျှိုလျှိုထွက်လာကြသည့် ကောက်ရိတ်မည့်သူများမှာ အများအားဖြင့် ယောကျ်ားများသာ ဖြစ်လေသည်။ မိန်းမဆို၍ နှစ်ဦး သုံးဦးသာလျှင် တွေ့မြင်ရပေမည်။

တော်တော်ကလေးလျှောက်မိသောအခါ အရှေ့ဦးကို ကြိုဆိုလိုက်ပေသောတုံးခေါက်သံ၊ ကြေးစည်ထုသံနှင့် ခွေးတွေ တစ်ပြိုင်တည်း ရောအူနေကြသည့်အသံများ ပေါ်ထွက်လာလေ၏။ ထိုအသံ



www.burmeseclassic.com

www.burmeseclassic.com


များမှာ တော်တော်နှင့်မစဲနိုင်ဘဲ ကြည်နူးစရာကောင်းလောက်အောင် လွှမ်းမိုးသွားလေသည်။

နှင်းရေဖျန်းလောင်းထား၍ စပါးပင်တို့သည် ရွှဲရွှဲစိုကာ ငိုက်ကျနေ၏။ တွဲလောင်းကျနေသောစပါးခိုင်အဖျားတွင် နှင်းပေါက်တို့သည် အောက်သို့ တစက်စက် ကျဆင်းလျက်ရှိလေသည်။

သားအမိနှစ်ယောက်သည် လယ်ကွက်တွေကိုဖြတ်ကာ ခပ်ပြင်းပြင်းလျှောက်လာကြ၍ မောလာကြသည်။

ဦးတုတ်တဲတွင် အမောအပန်းဖြေရန် တစ်အောင့်တစ်နား တက်ထိုင်ကြသည်။ လှနွယ်သည် ချမ်းလွန်း၍ မီးဖိုနားတွင်သွားထိုင်သည်။ မျက်နှာကို မီးရှိန်ဟပ်မှ နွေး၍သွားပေသည်။ မီးဖိုပေါ်တွင် ထမင်းအိုးကြီး တည်ထားလေသည်။ မီးဖိုတစ်ဖက်ရှိ နွားတင်းကုပ်ထဲ၌ နွားသတွေကို ကြားရသည်။ နွားများမှာ ဝပ်လျက် အမြီးခတ်ကာ ကောက်ရိုးဝါးပြီး စားမြုံ့ပြန်နေကြသည်။

တောင်ထိပ်စွန်းမှ နေဝန်းသည် တဖြည်းဖြည်း ပေါ်ထွက်လာလေပြီ။

စိုစွတ်အေးစက်သောဆောင်းနံနက်ကို အပူငွေ့ဖြင့် ဖြည့်လောင်းထွေးပိုက်လျက်ရှိလေသည်။ ဝေမှုန်နေသည့်နှင်းတို့ တဖြည်းဖြည်း ပါးလာရာမှ ကြည်ကြည်လင်လင် ရှိလာပြီး စပါးပင်များတွင် တွဲခိုနေကြသောနှင်းဥတို့ကို လှုပ်ခါပုတ်ချပစ်လိုက်သကဲ့သို့ ရှိလေသည်။

နေရောင်ခြည်ကို လှုံရသည့်တစ်ခဏ နှင်းရေများ သွေ့ခြောက်လွင့်ပျောက်သွား၍ စပါးပင်တို့သည် ဝင်းဝါမော့ထောင်၍ လာကြလေ၏။

ကျောတွင် အင်္ကျီမရှိဘဲ လုံချည်ဟောင်းကို ကျောမှ ရင်တွင် သိုင်းချည်လျက် ခမောက်ဆောင်းကာ စပါးရိတ်နေကြသည့် ကောက်ရိတ်သမားများသည် စပါးပင်မှတစ်ပါး အခြားဘာမျှ မကြည့်ဘဲ ကုန်းရိတ်နေကြသည်။

လှနွယ်သည် စပါးပင်များကို လှမ်းဆွဲကာ တံစဉ်နှင့် ရှယ်လိုက်သောအခါ ....

'ဟဲ့...'

ဒေါ်သဲမြစ် လှမ်းငေါက်လိုက်၍ တံစဉ်ကို အသာချထားလိုက်ရသည်။

'အောင်မယ်...တံစဉ်ကို ဘာမှတ်လို့လဲ၊ မရိတ်တတ်ရင် လက်ရှသွားမယ်၊ ငါရိတ်တာကိုကြည့်'

လှနွယ်သည် ဘာပြောပြော ရိတ်ကြည့်ချင်သည်။ ရှချင်ရှ၊ ဖြတ်ချင်ဖြတ် ရိတ်ဖြတ်လိုက်ချင်သည်။ မရိတ်ရဘူး ဟန့်တားလိုက်၍ ကန်သင်းပေါ်က ရပ်ကြည့်ကာ လက်ယားနေလေသည်။

'ပင်လှဲဆိုတာ ဘာလဲအမေ'

"ကောက်ရိတ်တာ ပင်ထောင်ရိတ်ရတာက မတ်တတ်ရပ်ပြီး ရိတ်ရလို့ သက်သာတယ်၊ ပင်လှဲရိတ်ရတာက ကုန်းရိပ်ရလို့ မသက်သာဘူး"

ဒေါ်သဲမြစ်သည် ကန်သင်းပေါ်ကဆင်း၍ ရိတ်တော့မည်ဟု ထဘီတိုတိုပြင်ဝတ်ကာ အဝတ်ကို ခေါင်းပေါင်းနေလေ၏။

'စပါးပင်တွေ တစ်တန်းနဲ့ တစ်တန်း၊ တစ်ပင်နဲ့တစ်ပင်ထိပြီး အရွက်အခက်တွေ ရှုပ်နေတော့ ရိတ်လို့လွယ်အောင် အပင်တွေကို ခေါင်းလုံးနဲ့ လိုက်ဖိထားတာ ပင်လှဲပေါ့'

လယ်တစ်ကွက်တွင် ဝါးနှင့်ဖိထား၍ အပင်များမြေပေါ်တွင် မှေးကျနေသည်ကို လက်ညှိုးထိုး၍ပြလေသည်။

'လှဲနေတဲ့အပင်တွေ ဘယ်လိုရိတ်မလဲအမေ'



www.burmeseclassic.com

www.burmeseclassic.com



"ကုန်းပြီး တံစဉ်ဦးနဲ့ ကော်ရိတ်ရတယ်"

ဒေါ်သဲမြစ်သည် အပင်များထောင်နေသောလယ်ကွက်ကို အရှင်စဉ် ရိတ်လေသည်။

ကန်သင်းပေါ်က ဆင်းလိုက်ကာ စပါးတောထဲသို့ ခြေတစ်လှမ်း ချဝင်လိုက်သည်။ စပါးပင်များမှာ နဖူးနှင့်တိုက်နေလေ၏။ အပင်တွေကို ညာဘက်လက်က တံစဉ်နှင့်သိမ်းလျက်၊ ဘယ်ဘက်လက်နှင့် ဖမ်းဆုပ်ကာ ဆွဲရိတ်လိုက်သည်။ ရှိခနဲရိတ်လိုက်တိုင်း လက်ဖနောင့်နှင့် တံစဉ်နှောင့်မှာ ထိတိုက်၍သွားလေ၏။ လှနွယ်သည် ကန်သင်းမှ ဆင်း၍ အနားတွင် လာရပ်ကြည့်နေလေသည်။

အပင်တစ်ဆုပ် ဖြတ်ပြီးလျှင် ရိုးဖြတ်ပေါ်သို့ ကောက်သင်းဆုပ်များကိုမကျအောင် အသာခွေလှဲချတင်ထားခဲ့သည်။ ကောက်ဆုပ်သုံးဆုပ်ရိတ်ပြီးသောအခါ၌ စပါးပင်အချို့ကို အပင်ရင်းကထား၍ ရိတ်ဖြတ်လိုက်ကာ အသီးကို ဇောက်ထိုးထား၍ အရွက်တွေကို အမြစ်ခြေမှ လက်နှင့်လှန်သပ်ချလိုက်သည်။

ထိုနောက် အပင်များကိုခွဲ၍ တစ်ပင်နှင့်တစ်ပင် ကြက်ခြေခတ်လိမ်လျက် ဆူးခတ်ကြိုးလုပ်သေးသည်။ ပြီးလျှင် ရိတ်ဖြတ်လိုက်သည့် ရိုးဖြတ်တွေ ရိုးငုတ်တွေကို လဲသွားအောင် ခြေထောက်နှင့် လိုက်စီပြီးနောက် ဆူးခတ်ကြိုးကို ဖြန့်တန်းချလိုက်လေသည်။

လှနွယ်မှာ စကားမပြောနိုင်တော့ဘဲ မတ်တတ်ရပ်ကာ စိုက်ကြည့်နေလေသည်။

'ကောက်လှိုင်းစည်းဖို့ ကြိုးပါတစ်ခါတည်း လုပ်ရတယ်၊ ရိတ်ထားတဲ့ကောက်ဆုပ်ကို ဒီကြိုးပေါ်မှာ လေးကော်ချရမယ်၊ လက်နဲ့ သုံးဆုပ်ဖြတ်တာကို တစ်ကော်၊ လေးကော်ကို ကောက်လှိုင်းတစ်လှိုင်း ခေါ်တယ် ကြည့်ထား'





ဒေါ်သဲမြစ်သည် ရိတ်ပြီး ကောက်ဆုပ်များကို လေးကော်ပြည့်အောင် ကြိုးပေါ်တွင်ချပြီးနောက် ဆက်လက်၍ ရိတ်ပြန်လေသည်။ သုံးဆုပ်ပြည့်၍ တစ်ကော်ရလျှင် ကြိုးလုပ်ပြန်လေ၏။ ကောက်ငန်းထဲ၌ ဖြန့်ထားသောကြိုးတွေပေါ်တွင် ကောက်လှိုင်းများကို တန်းစီ၍ အညီတညာတည်း တစ်ပုံစီပုံ၍ ထားလေသည်။ ကြိုးပေါ်တွင် ပုံထားသည့်ကောက်သင်းအပုံ တစ်ပုံကို ကြိုးစည်းပေးမည်ဟု လှနွယ်သည်း ဒူးထောက်လျက် ကြိုးစကို ကောက်ယူလေသည်။

'သူရင်းငှားက သူ့ဟာသူ နေ့းထဲမှာ လိုက်စည်းလိမ့်မယ်။ ဒီလိုဲ ရိတ်ပြီး ကြိုးပေါ်မှာပုံချထားခဲ့ရတာပဲ။ ဒါတွေသာ စည်းနေရရင် အချိန်ကုန်မှာပေါ့'

လှနွယ်မှာ နတ်ကရာကျိုးမောနေလေသည်။ မျက်စိထဲတွင် တံစဉ်နှင့်လက်ဖနောင့် ပွတ်တိုက်သွားသည်ကို ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်သည်။ ရိတ်ပုံမှာ အလွန်မြန်သည်။ ရိတ်လိုက် ကြိုးလုပ်လိုက်၊ ပုံလိုက် ရိတ်လိုက်နှင့် လုပ်နေကျနေ၍ မွန်းတည့်လောက်တွင် ကောက်လှိုင်းအပုံ နှစ်ဆယ့်ငါးပုံ ရသွားသည်။

နေသည် ချစ်ချစ်တောက်အောင် ပူပြင်းလာလေ၏။ ဝင်းထိန်နေသောစပါးခင်းကြီးမှာ နေပူကျဲကျဲကြီးထဲတွင် အရောင်ထိုးလွန်း၍ မျက်စိတွေ ပူကျိမ်းလာသည်။ စပါးပင်ရှ၍ ဒေါ်သဲမြစ်၏ ခြေသလုံးများတွင် အစင်းတွေနီရဲလျက် ရှိလေသည်။ လေတိုက်၍သော်လည်းကောင်း၊ လက်နှင့်ဆွဲလိုက်သည့်အခါတွင်လည်းကောင်း၊ တစ်ပင်နှင့်တစ်ပင် ပွတ်ထိသွားသည့်အသံတို့မှာ ခြောက်ကျိကျိ ရှတတနှင့် အုယားစရာကောင်းသည်ဟု ထင်မိသည်။

လယ်တဲသို့တက်ကာ ဒေါ်သဲမြစ် ထမင်းစားပြီး အမောအပန်းဖြေနေခိုက်တွင် လှနွယ်သည် တံစဉ်ကိုဆွဲ၍ နှီးရိတ်လိုက်သည်။ တံစဉ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်နှင့် လက်ဖနောင့်တွင် သွေးများပန်းထွက်လာလေသဖြင့် အမေမသိအောင် ကောက်ရိုးနှင့် သုတ်ပစ်ရလေသည်။

ဒေါ်သဲမြစ် ကောက်ပြန်ဆင်းရိတ်သောအခါ လှနွယ်လည်း ကောက်လှိုင်းသိမ်းပြီး ရိုးဖြတ်တွေသာကျန်သော လယ်ကွက်တွေထဲ၌ ကောက်သင်း ကောက်နှံများကို အပင်ကြို အပင်ကြားတွင် လိုက်ရှာ ကောက်ယူနေလေသည်။

လယ်တစ်ကွက် ကုန်သွားလျှင် ဦးသူတော်သည် ကောက်လှိုင်းတွေကို ကြိုးလိုက်စည်းကာ လှည်းနှင့်တိုက်ပြီး တလင်းထဲတွင် သွားပုံထားလေသည်။

နေဝင်ရီတရော အိမ်သို့ပြန်လာကြသည့်အခါ လယ်ထဲတွင် တစ်နေ့လုံးလိုက်ရှာကောက်ခဲ့သောကောက်နှံတွေမှာ တောင်းနှင့် တစ်တောင်းရခဲ့လေသည်။

## အခန်း | ၇ |

ညနေစောင်းအချိန်ဖြစ်သည်။

အနောက်ဘက် မိုးကုပ်စက်ဝိုင်းတွင် နီမြန်းသောနေလုံးကြီးသည် ရွဲနေပေသည်။ ကောင်းကင်၌ ပြာရင့်သောတိမ်ခိုး တိမ်တန်းကြီးများ ယှက်သန်းလျက်ရှိချေသည်။

မိုးအောက် မြေပြင်တွင် အမြင့်အနိမ့် အကာအကွယ်ဟူ၍ မရှိ ညီညာပြန့်ပြော ကျယ်ဝန်းနေလေသောလယ်ပြင်ကြီးမှာ မဆုံးနိုင်အောင် ပတ်ဝိုင်းသိုင်းချုံလျက်ရှိ၏။

ကျယ်ပြန့်သောတလင်းကြီးထဲ ကောက်လှိုင်းစည်းများကို ညီညီ





ညာညာ စီချထား၍ ကောက်ပြန့်ကြီး ဖြစ်နေလေသည်။ ကောက်လှိုင်းခေါင်းများတွင်ရှိသောအသီးအနှံအချို့မှာ ထောင်လျက် ပြွတ်ခဲနေကာ ခေါင်းနှင့်ကိုယ် အိုးစားမကွဲကြသေးပေ။

စပါးနယ်ရန် ငှားထားသည့် ခွာကြီး၊ ခွာငယ်၊ နွားထီး၊ နွားမ၊ နွားပေါက်ကလေးများမှာ ဆယ်ကောင်လောက် ရှိပေမည်။

ဦးသူတော်သည် ကောက်ပြန့်အလယ်တွင် ရပ်လျက် တုတ်တစ်ချောင်းကို ကိုင်ကာ နဖားကြိုးကိုထိန်း၍ စပါးနယ်နေလေသည်။ နွားတစ်အုပ်ကို ကြိုးနှင့်သီကာ ကောက်ပြန့်ပေါ်တွင် ပတ်ချာလှည့်၍ ခြေနှင့်နင်းနယ်ခိုင်းနေသည်။ နွားအုပ်မှာ စေခိုင်းရာအတိုင်း ကောက်ပြန့်ပေါ်တွင် တသိကြီး ပတ်ချာလှည့်လျက် ဝိုင်းကြီးပတ်ပတ်သွားနေကြသည်။

နွားများက ခြေထောက်နှင့် နင်းသွားကြ၍ စပါးသီးများမှာ အခိုင်မှ တဖြုတ်ဖြုတ်ပြုတ်ကြွေကာ အောက်သို့ ကျကုန်လေသည်။

ဦးသူတော်သည် နွားများကဲ့သို့ပင် အခြားကို ဘာမျှမကြည့်ဘဲ၊ နွားတွေ ခြံရံလျက် ကောက်ပြန့်ထဲတွင် မတ်တတ်ရပ်ရင်း ကိုယ်ကို ပတ်ချာလှည့်၍ နေရလေသည်။ မည်းသဲသောကျောတွင် အင်္ကျီမရှိဘဲ ကိုယ်တုံးလုံးနှင့် ခါးတောင်းမြှောင်အောင် ကျိုက်၍ ခမောက်ကို နောက်သို့ လှန်ဆောင်းထားလေသည်။ သူ့ကိုကြည့်ရသည်မှာ ဆီဆုံတွင် လည်နေသောဆုံတိုင်ကြီးကဲ့သို့ အဆင်မပြေလှချေ။

ကောက်ရိုးပေါ်တွင် နင်းနေကြသောနွားများ၏ပါးစပ်တွင် စပါးနယ်နေစဉ် ကောက်ရိုးများကို မစားနိုင်အောင် ပါးချုပ်တပ်၍ ပေးထားသည်။

ရှေ့နွားနောက်မှ နွားဖြူကြီးမှာ သွားရေတွေ တမျှားမျှားနှင့် ကောက်ရိုးများကို စားချင်လှ၍ ရှေ့သို့မသွားနိုင်ဘဲ ငိုက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အစာကိုမြင်သော်လည်း နှုတ်ခမ်းဟ၍ မရနိုင်ရကား ခေါင်းတရမ်းယမ်းဖြင့် နှုတ်သီးနှင့် ထိုးနေလေသည်။

သူရပ်နေ၍ သူ့နောက်ကနွားများမှာ ရပ်ဆိုင်းလျက် တရှုးရှုး တရှဲရှဲဖြင့် အမောအပန်းဖြေကာ တသင်းသင်းထွက်နေသည့်ကောက်ရိုးနံ့ကို ရှူရှိုက်၍ အနံ့ခံနေကြသည်။

ဦးသူတော်သည် နွားဖြူကြီး၏ ကျောကို တအားလွှဲ၍ ရိုက်လိုက်သည်။ နွားဖြူကြီး၏ ကျောကုန်းသားမှာ တဆတ်ဆတ် လှုပ်သွားလျက် မလှမ်းချင် လှမ်းချင်ဖြင့် လှမ်းသွားနေလေ၏။

နွားများကို ခေတ္တ အနားပေးသည့်အခါတွင် ကောက်ပြန့်တွေကို ကောက်ဆွနှင့်လိုက်၍ ဖွဆွပေးပြီးနောက် နွားများကို ပြန်နင်းခိုင်းပြန်သည်။

လှနွယ်သည် တလင်းဘေးသို့ရောက်လာပြီး နွားခွာအောက်က ကောက်နှံတွေကို စိုက်ကြည့်နေလေ၏။ စပါးကုန်၍ ကောက်ရိုးချည်း ကျန်နေသောနေရာကို နင်းသွားတိုင်း နွားခြေအောက်က ကြွိ၊ ကြွိနှင့် ခွာသံတစ်မျိုး ထွက်၍နေလေသည်။

မိမိ စိုက်လိုက်သည့်ကောက်ပင်တွေ၊ အမေက ရိတ်ပေးသည့် ကောက်နှံတွေ သည်စပါးတွေ ဘယ်လောက်ထွက်ပြီး ဘယ်လောက် ရမည်လည်းဟု စိတ်ဝင်စားကာ တွက်ချက်ကြည့်လိုလာသည်။

'ဦးသူတော်၊ သုံ့ရင်းငှားခ စပါးဘယ်လောက်ရသလဲတော်. . .'

'တစ်နေ့လုပ်ခ စပါးငါးဆယ်ရမှာပေါ့ဟ. . .'

'ဒါဖြင့် ဦးသူတော် စပါးအတင်းငါးဆယ် ရတော့မှာပေါ့နော် . . .'

ဦးသူတော်သည် ကောက်ရိုးများကို ကောက်ဆွတံနှင့် မ ၍ အသီးများကို ခါနေရာမှ 'ဘယ်ငါးဆယ် အကုန်ရမလဲ၊ မိုးတွင်းတုန်းက





ခံမိုးဖို့ ငွေနှစ်ဆယ် အရင်ယူသားတော့ နှိမ်ဦးမှာပေါ့'

'ကျန်တာတွေကို ဦးတုတ်ရမှာပေါ့'

'ဦးတုတ်လည်း ထွက်သလောက် ဘယ်အကုန်ရမလဲ၊ သီးစားကိုခတို့ ကြွေးတို့ ပေးစရာတွေက ဝိုင်းလို့ ကျန်ကျန်ပါစေဦး'

'ဘယ်လောက်ထွက်မလဲ'

ဦးသူတော်သည် ကောက်ဆွတံကို ချလိုက်ပြီးလျှင် ခါးထောက် ၍ ကောက်ရိုးအောက်ကစပါးတွေကို ဟိုလှည့်သည်လှည့် ကြည့်ကာ 'လေးရာငါးဆယ်လောက် ထွက်မလား မသိဘူး' ဟု ဖြည်းဖြည်းလေး လေး ချင့်မှန်း၍ပြောလိုက်သည်။

လယ်များရှိရင် . . . ဟူသောအတွေးမှာ လှနွယ်၏ ခေါင်းထဲသို့ ရောက်လာပြန်သည်။ လှနွယ်သည် နှုတ်ခမ်းများကို တင်းကျပ်စွာစေ့ လိုက်ပြီး မျက်မှောင်ကြီးကြုတ်၍နေ၏။ ထိုနောက် ခေါင်းကို မသိမသာရမ်းကာ သက်ပြင်းချလျက် အတွေးကို မှုတ်ထုတ်ပစ်လိုက်သည်။

လယ်နှင့် ပတ်သက်၍ လယ်ရနိုင်နည်း၊ လယ်လုပ်နိုင်နည်းတွေကို စဉ်းစားတွေးတောကြည့်ခဲ့သမျှ အဘက်ဘက်က အလှမ်းအဝေးကြီးသာ ဝေးနေခဲ့၏။

မျက်လုံးများကို စိုက်လျက်၊ ကောက်ပြန့်ကြီးကို မျက်တောင်မျှပင် မခတ်နိုင်ဘဲ အားထုတ်ကြိုးပမ်းပြီးကြည့်နေစဉ် မျက်လုံးများသည် နီမှိုင်းညှိုဆိုင်း၍ လာလေသည်။ ထိုနောက် ဝမ်းနည်း ဝမ်းနည်း ဖြစ်၍ စီးထွက်လာသောမျက်ရည်များကို မျက်တောင်များနှင့် ခတ်ပစ်နေလေသည်။

'လှနွယ်. . .'

ခေါ်သံလိုပင် ကြားလိုက်ရသည်။ လှနွယ်သည် လှည့်မကြည့်ခင်



www.burmeseclassic.com

www.burmeseclassic.com

သည်အသံကို မကျက်မိ၍ နားအာရုံတွင် တစ်မျိုးတစ်ဖုံ ထူးခြားသွားသည်။ ထို့ကြောင့် ခေါင်းကို ဖြည်းဖြည်းပင်လှည့်၍ကြည့်သည်။

လက်ကိုင်ပဝါကို ခေါင်းတွင်စည်းလျက် လုံချိအောက်စကိုလှန်၍ ပေါင်လယ်တွင် တစ်ကြော့တစ်ခါ ထပ်စည်းဝတ်ထားသော မိမိနောက် ကလာနေသည့် ခပ်ရွယ်ရွယ်လူငယ်ကို တွေ့ရလေသည်။

ကိုယ်နေ လုံးကျစ်ကျစ်နှင့် အသားအရေညိုမည်းကာ ကျောက် ပေါက်မ သက်သက်ကလေးရှိသောမျက်နှာတွင် ရယ်ပြုံးထား၏။ သွားများမှာ ဖြူဖွေးနေပေသည်။

'အမယ်. . . လူထွက်လာပြီလား. . . .'

လှနွယ်သည် အံ့ဩစွာဖြင့် အနားသို့ လျှောက်လာသော လူငယ်၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ရှုနေလေသည်။

'မနက်ကပဲ ရှင်လိင်ပြန်လိုက်တယ်ဟ၊ တဲမှာ အဖေ့ကို မတွေ့ လို့ လယ်ထဲလိုက်လာတာ'

မိမိအား စိုက်ကြည့်နေသောလှနွယ်ကို မကြည့်သလို ကြည့်သလို ဟန်နှင့် ပြန်ပြောပြီး ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်သည်။ လူငယ်၏ ပွင့်လင်းချိုမြ၍ နုပျိုတက်ကြွနေသောဟန်အမူအရာများကို လှနွယ် သည် ငေးစိုက်လျက်ပင် ကြည့်နေသည်။

'ဗျို့ ဦးသူတော် အဖေကောဗျ. . .'

ဦးသူတော်သည် ကောက်ဆွတ်နှင့် ကုန်း၍ ကောက်ဆွနေရာမှ လှည့်ကြည့်ကာ 'မောင်သိန်းလား ဟေ မင်း လူထွက်လာပလား' ဟု လှမ်းမေးနေသည်။

'အဖေကောဗျ အဖေကော'

မောင်သိန်းက အရင်စလို ထပ်မေးလိုက်သည်။

'ဦးတုတ်စက်ကိုသွားတယ်၊ မနက် ပုန်းမကြည်လှည့်ပွဲလုပ်ဖို့





ကောက်ညှင်းဆန်သွားကြိတ်တယ်ကွ'

'ဘယ်တော့ပြန်လာမလဲ'

'မှောင်ရင် ရောက်လာမှာပေါ့၊ ဆန်က နှစ်တင်းတောင် ကြိတ်ရ တာကွယ့်'

မောင်သိန်းသည် ဦးသူတော်၏ စကားများကို ဆုံးအောင်နား ထောင်။ ကြားရဟန်လည်းမတူ။ တစ်ခါတည်း လှည့်ထွက်သွားလေ သည်။ ရွှင်ပျကြည်လင်သောမျက်နှာဖြင့် လေချွန်ရင်း ခပ်သုတ်သုတ် ထွက်သွားပုံကို လှနွယ်သည် မျက်လုံးမျက်ဆန်ပြူးပြူးနှင့် အံ့ငေးကြီး ငေးကြည့်နေသည်။ သို့ကြည့်နေရာမှ မျက်စိထဲတွင် လူသဏ္ဌာန် နွယ်ပျောက်သွားသည့်အခါတွင် 'ဟန်ကြီးပန်ကြီး နိုင်လိုက်တာ' ဟု တစ်ကိုယ်တည်း ရွတ်ဆိုလိုက်သည်။

## အခန်း၊ ၈ ၊

နုပျိုလန်းဆတ်သောနေရောင်ခြည်ကလေးသည် သက်ငယ်ကြား ဆင်းပြူ၍လာလေသည်။

လှနွယ်သည် ခေါင်းကိုဆီရွှဲရွှဲထည့်၍ ကုတ်ပေါ်က ဆံထောက် တို့ကို ဆံပင်ရှည်နှင့်ဆုပ်စုကိုင်ကာ နောက်တွင်တစ်ပတ်ကျော့၍ ထုံးလေသည်။

နောက်မှ မဝင့်တဝင် မမိတမိ ဖြစ်နေသေးသောဆံဟိုဆံစတို့ကို လက်နှင့်စမ်းကာ ဆီနှင့်သပ်၍ဖိပေး၏။ ကုတ်ပေါ်၌ သနပ်ခါးများထူ



www.burmeseclassic.com

www.burmeseclassic.com



ပိန်းအောင် လူးထားသည်။ ခေါင်းဖြီးပြီး ကုတ်တွင်ဆံတွေပေကာ လက်ကြောင်း ထင်နေလေသည်။ ဆံရောင်မှာပြောင်ထင်း၍ နေလေသည်။ နဖူးဆံစတို့တွင်လည်း လက်နှင့်ပွတ်မိထိမိ၍ ဆီများဖြင့် ကွက်ပြောင်နေသည်။ သနပ်ခါးစက်များ ထူပြောက်နေသည့် လေးထောင့်မှန်ချပ်ကလေးကို ကိုင်ထောင်လျက် မျက်နှာနှင့် အပ်ကြည့်လိုက်၏။

သူသည် မှန်ကိုကြည့်လေ၏။ မှန်ထဲတွင် အစက်အပြောက်များအကြားမှ ခပ်ဝါးဝါးပေါ်နေသောသူ့ရုပ်ကို ဂရုစိုက်ကာ မြင်အောင်ကြည့်ပုံမျိုးလည်း မကြည့်ပေ၊ မှန်ကိုသာကြည့်လေ၏။ ဆီထွက်နေသောမျက်နှာကို မှန်ထဲ၌မြင်မိခြင်းလည်းမရှိပေ။

မှန်ကိုထောင်၍ သနပ်ခါးအစက်အပြောက် လွတ်ရာနေရာမှသားတွင် နဖူးတစ်ကွက် ပါးတစ်ကွက် မေးစေ့တစ်ကွက် တစ်ကွက်လှည့်ပတ်လျက် မျက်စိမှေးကာ ကြည့်နေလေသည်။

ပါးပေါ်၌သနပ်ခါးကို ထူထူကြီး ပါးကွက်ရိုက်လူးထား၍ အသားတွေတင်းနေသဖြင့် ပါးစပ်ကိုအစွမ်းကုန် ဟဖြဲလိုက်ရ၏။ ပြီးလျှင် မျက်ခုံးပေါ်ကသနပ်ခါးကို ဘီးနှင့်ဆွဲခြစ်သည်။ စိတ်လိုက်မာန်ပါ ခပ်မြန်မြန်ကြီး ဆွဲဆွဲခြစ်နေသဖြင့် မျက်ခုံးအထက် မျက်ရိုးစပ်သနပ်ခါးများပါ ကွာကျကုန်လေသည်။ မျက်ခုံးစပ်တွင် သနပ်ခါးမှတော့ဘဲ အသားပေါ်လာကာ နီမြန်းနေသည်။ မျက်ခုံးဆွဲပြီး လျှာထုတ်လိုက်ကာ လျှာကို လက်ညှိုးနှင့်ဆတ်ခနဲ တို့လိုက်သည်။ လက်ညှိုးတွင် ပါလာသည့်တံတွေးစိုစိုနှင့် မျက်တောင်မွေးကို စမ်းသုတ်ပစ်သည်။ အရှိန်နည်းနည်းလွန်သွား၍ မျက်တောင်မွေးများပင်မမျက်ခွံပါ တံတွေးများ ကွက်ပေသွားသည်။ ဖြီးသ လိမ်းခြယ်ပြီးသွား၍ မျောက်ကွင်းဖြူဖြစ်နေသောမျက်နှာကို မှန်ထဲတွင် စောင်းလိုက် တည့်လိုက်လုပ်ပြီး ကျောက်ပြင်ပေါ်၌ မှန်ကလေးကို အသာပြန်မှောက်





ထားလိုက်သည်။

ခါးထဲတွင် တိုနံ့နံ့သရက်ထည် အင်္ကျီကိုမူ အခါခါပြန်၍ ငုံ့ကြည့်၏။ သရက်ထည်အင်္ကျီ၏အစင်းမှာ ညိုညိုညစ်ညစ်အဆင်းထွက်နေပေရာ 'အဟောင်းနှင့်တူသည်'ဟု စိတ်တိုင်းမကျပေ။ စိတ်တိုင်းမကျ၍လည်း ဝတ်ရန် သည်ထက်ကောင်းသည့်အင်္ကျီလည်းမရှိပေ။

လုံချည်လဲရန် ကျန်သေး၍ တဲထရံမှနီရွက်ကြား၌ ဖြန့်ညှပ်ထားသောလုံချည်ကို ခြောက်မခြောက် ဆုတ်စမ်းကြည့်ပြီးလျှင် ဆွဲယူကာ တော်တတ်ရုပ်၍ ထပ်ဝတ်လေ၏။ ထဘီပေါ်မှ အစိမ်းအဝါပန်းပွင့်များသည် အရောင်အဆင်းပျက်တက်တက်နှင့် ဖားဥများစွဲကာ စိုထိုင်းနေပေသည်။

အရွယ်ရောက်လာမှ သူ့ကိုယ်သူ သည်တစ်ခါလောက် လှလှပပဝတ်ချင်စိတ်မှာ မဖြစ်စဖူး ထူးထူးကဲကဲ ပြင်းထန်သွားလေသည်။ သွားစရာ လာစရာရှိရင် ဝတ်ဆင်ရန် အင်္ကျီတစ်ထည်ကောင်း ထဘီတစ်ထည်ကောင်းမှ မဝယ်နိုင်သည့်အဖြစ်ကို စိတ်မကောင်းဖြစ်သွားသည်။

ထိုအခိုက် မြသင်သည် အပြေးအလွှား ရောက်ရှိလာလေသည်။ မျက်နှာချေဖုန်လောက်အောင် လူးလာသောသူ့မျက်နှာမှာ ရွှန်းရွှန်းတောက်နေလျက် ပါးပေါ်တွင် သွေးရောင်လျှမ်းကာ အားရလွန်းလှတန်ဖြင့် တရှူရှူဖြစ်နေလေသည်။

'လှည့်တော့မယ်တော့. . .'ဟု သူက သတင်းပေးလေသည်။

'လှည်းတွေစုနေကြပြီအေ့၊ တို့တဲကလှည်းတော့ အစောကြီးထွက်သွားတယ်။ ညည်းများ သွားနိုင်ပြီလားလို့ . . . လာအေ့ သွားကြစို့'



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တဲနောက်ဖေးမှ လယ်တောသို့ အပြေးအလွှား ထွက်လာခဲ့ကြသည်။

လယ်ထဲသို့ရောက်သောအခါ သဲသဲလှုပ်နေသောအသံများကို ကြားရလေသည်။ စပါးရိုးပြတ်တွေ ထုထပ်နေသောကွင်းထဲ၌ လှည်းတွေ စုရုံးလျက်ရှိကြသည်။ လှည်းပေါ်တွင် လူများအချို့ ရောက်နေကြလေပြီ။ တချို့လည်း လှည်းနားဘွင်ရပ်လျက် လှည်းတွေကို အလံများလိုက်စိုက်နေကြသည်။ ပန်းရောင်၊ အနီ၊ အဝါ၊ ခေါင်းပေါင်းပဝါစသည် ယနေ့နံနက် လှည်းတိုင်တွင်ထူသောအလံအဖြစ် တံခွန်စိုက်နေကြသည်။

ဦးတုတ်တဲရှေ့တွင် ပရိသတ်တရုန်းရုန်းနှင့်ဖြစ်နေသည်။ အငွေ့များတထောင်းထောင်းထွက်နေသည့်ကောက်ညှင်းပေါင်းကို တောင်းကြီးထဲ၌ နှိုက်ယူပြီး သံပန်းကန်ပြားထဲတွင် ထည့်ကာ လာလာသမျှ ပရိသတ်ကို ကျွေးနေလေသည်။

လှနွယ်သည် သံပန်းကန်ပြားကိုကိုင်ကာ မတ်တတ်ရပ်လျက် ဆုပ်ဆုပ်ပြီး အဝစားနေပေတော့သည်။ မြသင်မှာ ဦးတုတ်ဇနီး ဒေါ်သက်နှင့်အတူ တောင်းထဲမှ ကောင်းညှင်းများကို လက်မလည်အောင် ဝိုင်းဝန်းခူးခပ်၍ ပေးနေရလေသည်။

ကလေးတစ်အုပ်သည် ကောက်ညှင်းပေါင်းတောင်းနားတွင် ဝိုင်းအုံကာ လက်ဖြန့်၍ ဆူညံစွာ တောင်းနေကြသည်။

လက်ထဲ၌ ကောက်ညှင်းတစ်ဆုပ်ရသွားလျှင် ကလေးတွေမှာ ဝမ်းသာအားရ ခုန်ပေါက်ကာ ကန်သင်းရိုး၌ ကောက်ညှင်းစားနေကြသည့် ကလေးဖော်များရှိရာသို့ ပြေးသွားလေသည်။

ကောက်ညှင်းစားရင်း လူတွေကြည့်လိုက်၊ လှည်းတွေကြည့်လိုက်နှင့် သဲသဲရုတ်ရုတ်ဖြစ်နေသည်ကို အားရကာ ခုန်ပေါက်ဟစ်အော်





ဘုက် အတော်ပင် မြူးထူးနေကြလေသည်။

ကလေးသိုက်ထဲတွင် အကျႌမရှိ၊ ပုဆိုးကွင်းသိုင်းနှင့် ကလေးတစ်ယောက်မှာ ကောက်ညှင်းပေါင်းကိုစားရင်း အလံတွေကို ငေးနေလေသည်။ ချေးအလိမ်းလိမ်း၊ ဖုတ်အလူးလူးကိုယ်နှင့် နှပ်တွေ တွဲလောင်းထွက်လျက် ငေးရပ်စားနေခိုက် အခြားကလေးတစ်ယောက်က နောက်မှနေ၍ ကန်သင်းပေါ်က အလစ်တွန်းချလိုက်သည်။

အတွန်းခံရသည့် သူငယ်လေးသည် လဲကျမသွားဘဲ သူ့ရှေ့က ရပ်နေသည့်မိုးကြိုးနားကွင်း၊ ငွေခြေချင်း ဝတ်ဆင်လျက် ဦးထုပ်အနီကလေးဆောင်းထားသော လေးငါးနှစ်အရွယ်ရှိ ကလေးလေးသာ အရှိန်နှင့် ထိုးလဲကျသွားသည်။

ရိုးဖြတ်ထဲတွင် ခြေကားရားလက်ကားရားနှင့် ကြောက်လန့်၍ အော်ဟစ်ငိုလိုက်သောကလေး၏အသံသည် စီခနဲ ညံသွားလေသည်။

'ဟဲ့...ဟိုမှာလဲနေပြီ' ဟုပြောပြောဆိုဆို မိန်းမနှစ်ယောက် တဲပေါ်မှ ပြေးဆင်းသွားကြသည်။ မိန်းမတစ်ယောက်က ကလေးကို ဆွဲထူကာ တစ်ယောက်က အတွန်းခံရသည့် သူငယ်ကလေးကို ဇက်ကက်လန်အောင် ရန်တွေ့နေလေ၏။

'နင် မကောက်သားမဟုတ်လား၊ သေချင်းဆိုးကလေး၊ ကလေးကို သည်လိုပဲ တွန်းရသလားဟင်'

ကလေးသည် ထုလိုက်ခါမှ ပိုမို၍ ကျွက်ကျွက် လောင်အောင် ငိုနေလေသည်။

'ကျွန်တော်တွန်းတာမဟုတ်ဘူးဗျ၊ ဟိုကောင်က ကျွန်တော့်လာတွန်းတော့ သူကရှေ့ကနေလို့ တိုက်မိပြီး လဲသွားတာ'

'ဘာ...ကျွန်တော်တွန်းတာ မဟုတ်ဘူးလဲ'

မိန်းမကြီးသည် ထဘီကို စွန်တောင်ဆွဲကာ ပါးစပ်ပြဲအောင်



www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်သည်။

တဲထဲမှ ယောကျ်ားကြီးသုံးယောက် ထွက်လာကြကာ 'တော်ပါဗျာ... ကလေးတွေပဲဆော့ကြတာပေါ့'ဟု လာဖျင်ကြသည်။

မိန်းမကြီးမှာ ကျယ်လောင်ကျယ်လောင်နှင့် အပြီးမသတ်နိုင်ပဲ ဖွဲ့နွဲ့တိုင်းထွာပြီး ဆဲဆိုနေလေ၏။ ကလေးကို သည်လောက်မဆိုလှဘဲ ကလေးအမေ မကောက်ကိုသာ ငယ်ကျိုးငယ်နာတွေဖော်၍ ဆဲဆိုနေပေတော့သည်။

မိမိအား လက်သီးတဝေါက်ဝေါက်နှင့် ရန်တွေ့နေပုံကို စောင်းငန်း စောင်းငန်းနှင့် ပြန်ကြည့်လျက် တော်တော်ကလေးရောက်လျှင် အမြင်မတော်လုပ်ပြကာ သူငယ်ကလေးသည် ပုဆိုးကွင်းသိုင်းကို ဆုပ်ကိုင်၍ လှည်းတွေရှိရာသို့ တအားကျုံးပြေးလေသည်။

လှနွယ်သည် ကလေးရန်ပွဲကို ငေးနေမိ၍ အနားတွင် မောင်သိန်းရောက်လာသည်ကို မသိလိုက်ပေ။

'မြသင်ရေ... ရော့ သောက်ဟော့'ဟု ပြောလိုက်သောမောင်သိန်း၏အသံကို ကြားရတော့မှ လှည့်ကြည့်မိသည်။ ဟင်းသောက်ပန်းကန်လုံးနှင့် နွားနို့ထည့်၍ မြသင်ကို မောင်သိန်းက လှမ်းပေးနေသည်။

မြသင်သည် မောင်သိန်းလက်မှ လှမ်းယူလိုက်ကာ နို့ပန်းကန်ကို ကောက်ညှင်းတောင်းနံဘေးတွင် ချထားလိုက်သည်။ လှနွယ်သည် မမြင်ချင်ယောင်ဆောင်လိုက်ကာ တစ်ဘက်သို့ အသာပြန်လှည့်နေလိုက်သည်။

'လှည်းနဲ့ လိုက်မယ်မဟုတ်လား၊ ငါမောင်းမယ်'

မြသင်သည် လှနွယ်ကို လှည့်ကြည့်ကာ 'လှနွယ်နဲ့ လိုက်မယ်'ဟု ပြန်ပြောလိုက်သည်။

မောင်သိန်းက မိမိကို ကြည့်မကြည့်တော့ ကျောခိုင်းထား၍ မ





မြင်ရပေ။ မိမိအား 'လှနွယ် လိုက်မလား'ဟု တစ်ခွန်းမှ လှမ်းမေးဖော်မရဘဲ ထွက်သွားသည့်အတွက် လှနွယ်၏စိတ်သည် 'သင်းက လယ်ရှိလို့ သွေးကြီးတာ'ဟု ထုံကျင်၍သွားလေ၏။

'ဟော့ကောင်မ၊ နွားနို့သောက်မလား'

မြသင်သည် မလုံသလို ပြုံးစိစိနှင့် လှမ်းမေးလေသည်။

'ငါ မသောက်ချင်ဘူးအေ၊ ညည်းသာ သောက်ပါ'

သူ့ကိုမှ လာပေးသော နို့ပန်းကန်ကို မျက်နှာအမ်းအမ်းနှင့် သောက်လိုက်ရသည်။

ပုန်းမကြည်ရှင်မကို ခေါ်ရန် အချိန်တန်၍ လှည်းတွေဆီသို့ စုရုံး၍ ထွက်သွားကြသောလူအုပ်ကြီးနောက်သို့ သူတို့နှစ်ယောက် လိုက်သွားကြသည်။

လှနွယ်တို့လှည်းတွင် မောင်သိန်းကမောင်းလျက် ကလေးလူကြီး ပြွတ်သိပ်ယိုင်ကြသည်။ လှနွယ်သည် နောက်ဆုံးမှ ခြေတွဲလောင်းချကာ ထိုင်လိုက်လာသည်။

တစ်စီးနောက်မှ တစ်စီး အစီအစဉ်အလိုက် တလင်းဘေးကောက်လှိုင်းတိုက်သည့် လှည်းလမ်းကြောင်းမှ ထွက်လာကြသည်။

လှည်းတွေထွက်လာကြသောအခါ နေရောင်အောက်တွင် ဖုံတထောင်းထောင်းထနေသည်။ အချို့လယ်ကွက်ထဲတွင် စပါးများကို လှေ့နေကြသည်။ လှေ့စင်ပေါ်မှာလွင့်နေသည့် စပါးအမှေး အမွှာအမှင်များမှ မွှန်သွားမတတ်ပင် လွင့်လာလေ၏။

ခပ်လှမ်းလှမ်းမှရှိသော ညောင်ပင်ကြီးဆီသို့ လှည်းများကို ဦးတိုက်၍ မောင်းသွားကြသည်။ ပုန်းမကြည်ရှင်မကြီးသည် ညောင်ပင်ပေါ်၌ အကိုင်းကိုမှီလျက် မိမိဆီသို့ တန်းစီမောင်းလာကြသော လှည်းတန်းကြီးကို မလှုပ်မရှား ကြန္ဓေရရ ရှုစားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုးတွေကို လူနှင့်တူအောင် အရုပ်ကြီးလုပ်ထားကြကာ မိုးလင်းစကပင် ညောင်ပင်ကြီးပေါ်၌ သွားတင်ထားလိုက်သည်။

ရှင်မ၏ခေါင်း၌ ဆံစုတပ်လျက် သရက်ထည်ထဘီအနီပွင့်၊ ဝိတ်အင်္ကျီအဖြူကို ဝတ်ဆင်ပေးထားကြသည်။ ရှင်မဘေးတွင် ပန်းရောင်ပဝါတစ်ပိုင်ကို ဝါးလုံးတွင်ချည်ကာ အလံလုပ်လျက် သစ်ကိုင်းနှင့်ချည်နှောင်ထူစိုက်ထားလေသည်။

ညောင်ပင်ဆီသို့ရောက်လျှင် အပင်ပေါ်က အရှင်မကို ချီမခေါ်ယူလိုက်ကြပြီး ရှေ့ဆုံးလှည်းက တင်ယူသွားရသည်။

အရုပ်ကြီးကို ထောင်ကိုင်ထားကာ လှည်းကို ဒုန်းစိုင်း၍ မောင်းသွားလေသည်။ လှည်းတွေမှာ တစ်လှည်းနှင့်တစ်လှည်း အမှီလိုက်ကာ အပြိုင်မောင်းလိုက်ကြသည်။

ရှင်မကြီးသည် လှည်းပေါ်တွင် တစ်ခါတစ်ရံ စိုက်မတ်နေလျက် တစ်ခါတစ်ခါလည်း ကန်သင်းအဆင်းတွင် မျှောရှခုန်ဆောနေလေ၏။ ရှင်မကို ကိုင်ထားသည့်လက်များက အထက်သို့ မြောက်လာလေလျှင် ရှင်မမှာ ယိမ်းခါ၍ သွားပြန်လေသည်။

'ပုန်းမကြည်ရှင်မ'ဟု လှည်းဦးက လူရွယ်တစ်ယောက်က စအော်လိုက်လေသည်။

လှည်းပေါ်က လူရွယ်တွေလည်း တိုင်လိုက်သည့်အတိုင်း ပွဲတင်ဟိန်းအောင် လိုက်ဆိုကြလေသည်။

'ပုန်းမကြည်ရှင်မ
နို့ပျဉ်း ကိုးတောင်ကျ
တို့လယ်ထဲက ကျော်ကျော်
တို့လယ်ထဲက ကျော်ကျော်
သုံးတောင်ကျော်တဲ့ တို့စပါး





မထွက်စေလား ...ထွက်စေလား'

အသံများသည် လေထဲတွင် အားရ တက်ကြွဖွယ်ရာ မြူးလွင့်ပျံ့ဝဲ၍ နေလေသည်။

'ထွက်စေဟေ့...ထွက်စေဟေ့'

ပရိသတ်အားလုံး နောက်ဆုံး ထိုသို့ ဝိုင်းအော်ဟစ်ကြသည်။

'ထွက်စေဟေ့၊ ထွက်စေဟေ့'ဟု ဝိုင်းအော်ပေးကြသည့်အသံတို့သည် လယ်သမားများအား ကြွရွ၍ထလာစေသည်။ ကလေးတွေ ဝိုင်းအော်ကြသည့်အသံများပါ လေထဲတွင် သံသေးသံကြောင် တုန်ရီ၍ ညှပ်ထွက်လာသည်။

လှနွယ်သည် မိမိကို မောင်သိန်း အဖက်မလုပ်ပုံကို စဉ်းစားတွေးတောလာလေသည်။ ငယ်ငယ်ကလည်း ကစားဖော် ကစားဖက်ဖြစ်သည်။ ယခု ရှင်လိင်ပြန်ပြီးမှ အမူအရာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပုံကို မတွေးတတ်အောင် ဖြစ်မိသည်။ လူတွေအော်ဟစ်နေကြသည့်အသံများမှာ စိတ်ကူးလွန်နေ၍ နားထဲသို့ မဝင်တစ်ချက် ဝင်တစ်ချက် ဖြစ်နေရာမှ သတိရပြီး 'ထွက်စေဟေ့ ... ထွက်စေဟေ့' ...ဟု အော်လိုက်ရသည်။

လှည်းနံတောင်းတွင် စိုက်ထားသည့်ရောင်စုံပဝါအလံများသည် တလူလူယမ်းလွင့်ကာ လှည်းပေါ်ကလူများ၏ခေါင်းပေါ်တွင် ဝဲလျက်နေလေသည်။ နွားများသည် လည်ကိုမော့လျက် တတင်တင်ချုသံပေးကာ ဒုံးဆွဲ၍ ပြေးကြပေသည်။

'သုံးတောင်ကျော်တဲ့ တို့စပါး ...'

မထွက်စေလား ... ထွက်စေလား ...

ဟူသော သံပြိုင်အသံတို့သည် ကျယ်ကျယ်လောင်လောင်ကြီးပေါ်ထွက်လာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုခဏ ညီညာဖွေဖွေ သီဆိုသွားသောသံချပ်ကို 'ထွက်ခဲစေဟေ့. . . ထွက်စေဟေ့'ဟု အော်ရမည့်အစား အသံတစ်ခုက ဝင်၍ ဖျက်လိုက်လေ၏။

ထိုအသံမှာ -

'ခပ်ကြပ်ကြပ် ခပ်ကြပ်ကြပ်' ဟူသော အသံဖြစ်လေသည်။

'ခပ်ကြပ်ကြပ် ခပ်ကြပ်ကြပ်'

ထိုသူတို့ကား စိတ်ထဲတွင်ဖြစ်ပေါ်နေသောခံစားမှုကို နှုတ်မှဖွင့်၍ လှစ်ဟလိုက်ဟန် လက္ခဏာရှိလေသည်။ စပါးအထွက်ဆုတ်နေခြင်းကို 'ခပ်ကြပ်ကြပ် ခပ်ကြပ်ကြပ်' ဟု ဖွင့်ထုတ် ညည်းတွားသံဖြစ်လေသည်။ ထိုအသံတွင် အဖိအနှိပ် မလွတ်ကင်းကြသည့် ယွင်းရော်စုတ်မြည့်နေသည့် မြေရှင်သွေးစုတ်စနစ်ကြီး၏ လွှမ်းမိုးမှုအဖြစ်ဆိုးကို လယ်သမားများ တော်လှန်ရန် ခက်ခဲဘိခြင်းဖြစ်ကြောင်း ပြနေလေသည်။

ထိုအသံလွှမ်းမိုးသွား၍ လှနွယ်ရှေ့တွင် ထိုင်နေသောဒေါ်သစ်သည် ရင်ထဲတွင် အေးခနဲ ဖြစ်သွားလေသည်။ သည်အသံမှာ အမှန်ပင် ရင်ဖိုဖွယ်ရာဖြစ်၍ လာသည်။

မိုးဦးကျတုန်းက လယ်တွေထဲတွင် ရေကြီးနေ၍ မျိုးပင်အချို့ ပုပ်ကုန်ခဲ့ရာ ယခုနှစ် စပါးအထွက်နည်းမည်ကို ခန့်မှန်းကြည့်မိခြင်းဖြစ်သည်။

'ကောက်ညှင်းတွေ စားသွားပြီး ဘယ်လိုအော်ကြတာလဲဟေ့ ကောင်းကောင်းအော်ပါ'

ဒေါ်သဲမြစ်သည် ထိတ်လန့်တကြား လက်မောင်းတန်းကာ လှမ်းအော်ပြောဆို၍ သတိပေးလိုက်သည်။

ပရိသတ်မှာ ဒေါ်သဲမြစ်ကိုကြည့်ကာ ဝါးခနဲ ပွဲကျသွားလေ၏။





ကွင်းတစ်ပတ် မောင်းပြီး၍ ရှင်မရုပ်ကြီးကို တလင်းထဲသို့ ယူဆောင်သွားကြသည်။ တလင်းအလယ် ကောက်ပြန့်များပေါ်၌ ထောင်၍ ထားလိုက်လေသည်။

ရှင်မမှာ ကောက်ရိုးခင်းထဲမှ ယခုပင်ထောင်၍ ထလာကာ ကိုယ်ရောင်ကိုယ်ဝါပြသကဲ့သို့ ရှိနေလေသည်။ ရှင်မရှေ့တွင် ကျောက်ပျဉ်၊ သနပ်ခါးတုံးနှင့် မှန်တစ်ချပ် ချပေးလိုက်သည်။ ရှင်မမှာ သနပ်ခါးကြိုက်သည်။

လယ်ကဏန်းများ ဖောက်ယက်ထားသည့် မြေကြီးအနှစ်အခဲ ကဏန်းကျစ်စာခဲ သုံးတုံးကို ရှင်မရှေ့၌ စီ၍ချကာ ဒေါ်သဲမြစ်သည် သည်းလိုက်အူလှိုက် ပသဆုတောင်းနေပေသည်။

'ရှင်မကြီး . . . အရှင်သခင်မကြီးကို ဟောဒီ ရွှေတုံးကြီး ငွေတုံးကြီးတွေကို ရှေ့မှောက်အရောက် ဆက်သပါတယ် မ,ပါ၊ စ,ပါ ရှင်မ။ ဒီနှစ် စပါးများများထွက်ပါစေ . . .'

ရှင်မ၏နားထဲ၌ နင့်ခနဲ နင့်ခနဲ ဖြစ်သွားလောက်အောင် မသွယ်ခိုက် ပြောင်ပြောင်ရဲရဲကြီး မြေခဲကို ရွှေခဲ ငွေခဲအဖြစ် ဆက်သခြင်းခံရပေသော်လည်း ရှင်မသည် မကျေမချမ်း ဖြစ်တော်မူခြင်းမရှိ။

ဤမြေကြီးခဲများသည် အမှန်စင်စစ် ရွှေခဲ ငွေခဲသာဖြစ်ကြောင်း နတ်တို့မျက်စိနှင့် မြင်ပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း| ၉ |

ရှင်မကို တလင်းထဲသို့ ပင့်သွားရန် လှည်းများ ရပ်လိုက်လျှင်ပင် လှနွယ်သည် လှည်းပေါ်မှ ခုန်ချလိုက်သည်။

တစ်ဖြောင့်တည်းတန်း၍ အိမ်သို့သာ ပြန်သွားချင်သည်။ သို့သော် မပြန်နိုင်၊ ဒေါ်သစ်ထံတွင် ကောက်ရိတ်ခ ငွေတစ်ဆယ်ကျန်နေတာ တောင်းခဲ့ဟု အမေမှာလိုက်၍ ဦးတုတ်တဲသို့ ပြန်လျှောက်လာခဲ့ရသည်။

သူ့နောက်တွင် မောင်သိန်းနှင့် မြသင်တို့ ခပ်လှမ်းလှမ်းမှ လိုက်လာကြသံကို ကြားရသော်လည်း လှည့်မကြည့်ပေ။ ကွင်းထဲတွင် လူတွေ ရှုတ်ရှုတ်သဲသဲပင် ရှိသေးသည်။ တလင်းထဲမှ ဒေါ်သစ်တဲသို့ ပြန်လာမည်ကို စောင့်နေရန် တဲကပြင်၌ ဝင်ထိုင်လိုက်သည်။

တဲရှေ့ ကန်သင်းရိုးပေါ်တွင် မြသင်နှင့်မောင်သိန်းတို့ စကားရပ်ပြောနေကြသည်။ လှနွယ်ထိုင်လိုက်သည့်နေရာမှာ မောင်သိန်းနှင့် မျက်နှာချင်းဆိုင် ဖြစ်နေ၏။

ထိုအခါ မောင်သိန်းသည် လှနွယ်ကို ငူငူစိုက်စိုက်ကြည့်လိုက်၏။ တစ်ဖန်ကျွန်ကွှေ့ကို ပြန်ဆည်၍ ထိုအကြည့် ကျွန်ရှော ရော၍၊ ထိုနောက် မမြင်ပုံဆောင်၍၊ ထိုနောက် တစ်ခါပြန်စိုက်ကြည့်ပြန်ပြီးသော် လှနွယ်နှင့် မျက်နှာချင်းဆိုင်မကျအောင်၊ ကိုယ်ကို ကျောခိုင်းထားရန် သိသိသာသာ ရွှေ့ကာ လှည့်ကာ ပြင်ရင်း ပြင်ရင်း မြသင်အား စကားကို မဆက်မပြတ် ပြောနေလေသည်။

လှနွယ်သည် မိမိနှင့် မျက်နှာချင်းဆိုင်ရာမှ ကျောခိုင်းသွားသည့်အထိ အမူအရာအားလုံး တစ်စမကျန် မျက်တောင်မခတ်ဘဲ မျက်ခြေမပြတ် စိုက်ကြည့်နေလိုက်၏။



မိမိအား ဘယ်လိုပင် ကျောခိုင်းလျက် ရပ်နေသော်လည်း မောင်သိန်း၏ မျက်လုံးတို့သည် နောက်စေ့မှ ဖေါက်ထွက်လျက် မျက်လုံးချင်းဆုံနေ ကြည့်နေသယောင် ထင်မှတ်ကာ မကြုံဖူးသော ဆုံငင်ခြင်းတစ်ခုနောက်သို့ ငြိပါ၍ နေလေပြီး၊ ငိုချင်သလို ရယ်ချင်သလို ဖြစ်၍လာသည်။

ဒီအပြင် ဘာဖြစ်လာမှန်း မသိသည့် မဖြစ်စဖူးသော အဖြစ်တစ်မျိုး၊ ဝေဒနာတစ်မျိုးပါ လုံးထွေးရောနှော၍ ရင်ထဲတွင် လှိုက်တက်သွားလေသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ထိုဝေဒနာနှင့်ပင် လှနွယ်သည် ဘဝတစ်ခုသို့ ကူးသွားလေ၏။ ဘဝသစ်ထဲသို့ ကူးဝင်လာသည့်အချိန်တွင် လှနွယ်သည် ဘဝဟောင်းက လှနွယ်နှင့်မတူတော့၊ လုံးလုံးလျားလျားကြီး ခြားနားခြင်းဖြစ်သွားပေသည်။

မျက်နှာမူရာ တည့်တည့် ဝေးဝေးကြီး ကြည့်မိကြည့်ရာ ကြည့်နေသောအကြည့်ပင်၊ ဘာကြည့်၍ ကြည့်နေမှန်း မဟုတ်တော့ပေ။ တစ်မျိုးတစ်ဖုံ ပြောင်းလဲမှုယစ်လျက် လှနွယ်နှင့် လှနွယ်သည် တွေ့ကြလေသည်။

မိမိကိုယ်နှင့် မိမိ၊ အာရုံဖြင့်တွေ့ထိ၍ သုံးသပ်လိုက်ပုံမှာ သူကိုယ်သူပင် မသိအောင် နူးညံ့သိမ်မွေ့လှသည်။ တဒင်္ဂအတွင်း တွေ့သိလိုက်သည့် တစ်ခဏ ထိုအတွေးသည် တစ်ကိုယ်လုံး ဖိအုံလျက် တဖျဉ်းဖျဉ်းထ၍ လာလေ၏။

ထိုအဖြစ်သည် လျှင်မြန်ထူးဆန်းစွာ ဖြစ်ပေါ်ပျောက်ကွယ်သွားသည့်တိုင် ဖိန်းရှိန်းသည့်အငွေ့မှာ နွေးတေးတေး ကျန်ရစ်ခဲ့သည်။

ဘယ်တုန်းကမှ မထားဖူးသောမျက်နှာထားတစ်မျိုးသည် သူ့အလိုလိုဖြစ်လာကာ သူ့ဟန်နှင့် သူ့မျက်နှာပေါ်သို့ရောက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညှို့မှိုင်းနေသောမျက်လုံးများသည်လည်း ရယ်လာလျှက် မျက်တောင်များ ခတ်လိုက်ရာ ဝင်းဝင်းပသွားသည်။

တဲအပြင်၌ ထိုင်လျှက်ချထားသော ဒူးနှစ်ဖက်ကို အသာစုပူးကပ်ထိုင်လိုက်၏။ ရှေ့ကအင်္ကျီစကို မသိမသာဆွဲချရင်း မျက်နှာထားဟန် ဣန္ဒြေအသစ်နှင့် တလင်းဘက်သို့ ငြိမ်သက်စွာ လှမ်းကြည့်နေလေသည်။

တလင်းထဲမှ လှေသံများ တစ်ချက်တစ်ချက် လွင့်၍လာသည်။ ထိုအသံများနှင့်အတူ မလှမ်းမကမ်းရှိ မောင်သိန်းနှင့်မြသင်တို့၏ ရယ်ကြသံကို ကြားရသည်။ မောင်သိန်း၏အသံသည် လှနွယ်၏နှလုံးကို ထိငြိစေလျှက်ရှိသည်။

မိမိဆီသို့ ရယ်မောရင်း လျှောက်လာကြ၍ အသာငုံ့ကြည့်လိုက်သည်။

'ဒီတစ်နွေတော့ သင်္ဘောကြေအောင် ပြန်ဝတ်ဦးမယ်၊ နှောင်နှစ်မိုးတွင်းမှ လှူထွက်ပြီး လယ်ထဲဆင်းမယ်'

မောင်သိန်းသည် ခပ်ကျယ်ကျယ်ပြောလာလျှက် တဲကပြင်မှ လှမ်းနှင်း၍ တဲပေါ်သို့ တက်လေသည်။

လှနွယ်သည် ထိုင်ရာမှထလိုက်ကာ 'ကြီးတော်သစ်ဆီသွားဦးမယ်' ဟု မြသင်ကြားလောက်အောင် လှမ်း၍ပြောဆိုကာ ထွက်သွားလေရာ မြသင်သည် လှနွယ်နှင့်အတူ ပြန်၍လှည့်လိုက်ခဲ့သည်။

တဲပေါ်သို့ မောင်သိန်းတက်လာ၍ မိမိအား ခေါ်ခေါ်ပြောပြော လုပ်လိမ့်မည် မဟုတ်မှန်းသိမြင်၍ ထလာခဲ့ခြင်းမဟုတ်ပေ။ မိမိအား စကားမပြောခြင်းကို မြသင် မသိရန်သာ ဦးအောင်ထလာခဲ့ခြင်းဖြစ်၏။





မြသင်မှာ လှနွယ်နှင့် မောင်သိန်း စကားပြောသလား မပြောသလားပင် သတိမပြုနိုင်ပေ။ သူနှင့်မောင်သိန်း စကားလက်ဆုံကျနေပုံသာ လှနွယ်များ ရိပ်မိမည်လားဟု စိုးပူလေသည်။

တလင်းထဲမှ ခေါ်သံ ထွက်လာသည်ကို လှမ်းမြင်ကြ၍ သူတို့သည် ရှေ့ကမလျှောက်ကြဘဲ တဲနှင့်မလှမ်းမဝေးနေရာတွင် ရပ်စောင့်နေကြ၏။

မြသင်၏ ရင်ထဲတွင် အားရလွန်းလှသဖြင့် ရွှင်နေမှန်း လှနွယ်သိစေရန် မနည်းပင် ဣန္ဒြေဆည်လျှက် မျက်နှာကို မှင်သေသေသုပ်ထားလိုက်သည်။

လှနွယ်မှာလည်း ရင်ထဲတွင် ဆွေ့ဆွေ့ခုန်နေလျှက် မျက်နှာပေါက်စေရန် ရွှင်ရွှင်ပျပျ အမူအရာ မျက်နှာထားမျိုး ပြင်ထားသည်။

'အမေ့ကာ အေရယ် . . . ငွေတစ်ဆယ် ကျန်တာ တောင်းခဲ့ဆိုလို့တော့'

လှနွယ်သည် ရယ်မောစရာအကြောင်းမရှိပါဘဲ ရယ်မောပြောလိုက်ကာ မျက်ထောင့်ကလေးစွေကြည့်လျှက် ဆက်လက်ပြီး ရယ်နေလေသည်။

မြသင်မှာ ရင်ထဲတွင်ဖိုသွားလေ၏။ လှနွယ်၏ အကြောင်းမဲ့ဆက်သက် ရယ်ခြင်းရွှင်ခြင်းတို့သည် ရင်ဖိုချစ်စရာဖြစ်၍လာသည်။ မိမိကို မောင်သိန်းနှင့်များ ထင်နေပြီလားဟု ရင်ဖိုလာခြင်းဖြစ်သည်။ မောင်သိန်းနှင့်မိမိမှာ ဘယ်အခြေအနေမှ မဆိုက်သေးချေ။ မိမိအား မောင်သိန်းလိုက်၍ စကားပြောပုံ၊ ဂရုစိုက်ပုံကလေးတွေကို စွဲငြိသွားသော ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေရသည့်အထဲ၊ အမူအရာ ထူးနေသည့် လှနွယ်၏ရယ်သံကြောင့် မလုံသလိုဖြစ်လာကာ မျက်နှာမထားတတ်အောင် ပွထပင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညည်းတို့ ရိတ်လို့ ပြတ်ကုန်ပြီလား'

မြသင်၏ ခပ်တည်တည်မေးနေသောမျက်နှာကို စိုက်ကြည့်လိုက်ပြီးသော် လှနွယ်သည် အသံကျယ်ကျယ် ရယ်ပစ်လိုက်သည်။

'ညည်းနှယ်အေ၊ ပြီးကုန်လို့ ဟိုမှာပဲလေ့နေပြီမဟုတ်လားအေရဲ့'

မြသင်က ပြုံးလေသည်။ ထိုအပြုံးသည် ဘာကြောင့် အပြောမှားကုန်သည်ကို ကွယ်ဝှက်လို့မရသောအပြုံးဖြစ်ချေသည်။

လှနွယ်သည် အတောမသတ် နင်းကန်ပြီး ရယ်နေလေသည်။

'ညည်းလင်လားအေ့၊ တကတဲ ရယ်လိုက်တာ'

လှနွယ်ကို မျက်စောင်းထိုးကာဆို၍ စိတ်ထဲက မလုံနိုင်တော့ဘဲ မောင်သိန်းရှိရာ တဲဘက်သို့ လှမ်းကြည့်လိုက်သည်။

'အရယ်သန်လို့ပါကောင်မရဲ့၊ ညည်းက ခုမှဘာဖြစ်နေတာလဲ'

လှနွယ်သည် တခစ်ခစ်ရယ်နေလေသည်။ ရယ်တယ်သာ ဆိုရသော်လည်း စိတ်ထဲ၌ မြသင်ကို မသင်္ကာသလိုရှိလာကာ ရင်အောင့်အောင့်နှင့် အရှိန်မပျက် ညှစ်ပြီး ရယ်ရလေသည်။

သူတို့အနီးသို့ ဒေါ်သစ်ရောက်လာသည်နှင့် 'ဘာများရယ်နေကြသလဲ'ဟု မေးလိုက်ရာ 'အလကား ရယ်နေတာ အရီးလေးရဲ့'ဟု လှနွယ်ကို မျက်စောင်းထိုးလျက် ပြန်ပြော၍ လှနွယ်လည်း မျက်နှာပိုသတ်လိုက်သည်။

'ကြီးတော်သစ်၊ အမေက ငွေ ၁၀ ကျန်တာ ပေးလိုက်ပါတဲ့'

'အေးအေး လာလာ'ဟု ဒေါ်သစ်က ခေါ်လိုက်ကာ ဆတ်လျှောက်သွားသည်။ မြသင်သည် လှနွယ်နှင့်အတူ တဲသို့ပြန်လိုက်ဖို့ရာတွင် လှနွယ်က 'မပြန်နဲ့ဦးအေ၊ လာပါအေရဲ့' ဟု ပြုံးစိစိကြီးလုပ်ခေါ်၍ ပြန်လိုက်ဖို့ပင် ရှန့်တန့်တန့်နှင့် အမ်းနေသည်။

မြသင်ကို ခေါ်မယ့်သာ ခေါ်နေသော်လည်း မောင်သိန်းရှိရာ





တဲသို့ မြသင်နှင့်အတူပြန်၍ မသွားချင်ပေ။ မြသင်က 'သွားတော့အေ၊ ပြန်တော့မယ်'ဟု ဆိုလိုက်သောအခါ စိတ်ထဲတွင် ပေါ့ပါးသွားလေသည်။

ကွင်းဘက်တွင် လူများ တဖြည်းဖြည်း ရှင်းသွားလေပြီ။ ဦးသူတော်သည် လှေစင်ပေါ်၌ စပါးများကို လှေခါလျက်ရှိသည်။ ဆန်ခါပေါက်မှစပါးများ တလင်းပေါ်သို့ တဝေါဝေါကျနေကာ စပါးအမြှာများသာလျှင် ဘေးဘက်သို့ လေနှင့်လွင့်ကုန်ပေသည်။

လှနွယ်သည် တဲကပြင်၌ ဝင်ထိုင်လျက် တလင်းဘက်သို့ စိုက်ငေးကြည့်နေ၏။ ဒေါ်သစ်သည် တဲအတွင်းသို့ ဝင်သွားကာ ဖျာအောက်တွင်ထားသော ငွေစများကို ရှာဖွေနေလေသည်။

'မောင်သိန်းရေ၊ အိပ်ရာအောက်က ပိုက်ဆံကောဟဲ့' . . . ဟု ဒေါ်သစ်က တဲအတွင်းမှ အော်မေးလိုက်လျှင်၊ နွားတင်းကုပ်ဆီက 'ကျုပ်မယူဘူးဗျ'ဟု ပြန်အော်ပြောသော မောင်သိန်းအသံကို ကြားရသည်။

မကြာမီ နွားတင်းကုပ်ထဲမှ တက်လာသောအသံနှင့် တဲခန်းထဲသို့ လှမ်းဝင်သွားသော မောင်သိန်း၏ခြေသံများကို ကြားရသော်လည်း လှည့်မကြည့်ဘဲ ကျောခိုင်းနေလိုက်သည်။

'ဗျို့ ဦးတုတ်'

တဲရှေ့မှ အသံတစ်သံကြားရ၍ ဒေါ်သစ်သည် ငွေရှာနေရာမှ ကပျာကယာ ထွက်ကြည့်သည်။

သင်္ကလတ်အင်္ကျီအနက်ဝတ်လျက် နှုတ်ခမ်းမွေးရေးရေးနှင့် ဝါကျင့်ကျင့် မျက်နှာရှိသောလူပုပုတစ်ယောက်ကို တဲရှေ့တွင်မြင်လိုက်သောအခါ အင်အားဟူသမျှ ခန်းခြောက်၍ သွားလေသည်။ ဦးနှောက်ထဲသို့ သွေးရောက်ကာ ရုတ်တရက် အသိတရားလက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လျက် ခြေမကိုင်မိ လက်မကိုင်မိ၊ ချက်ချင်းပင် ဗျာများသွားလေ၏။

'ဦးစံသိန်းကို လာပါ၊ လာပါ ကိုယ်စားလှယ်ကြီးဦးတုတ် တလင်းထဲမှာ စပါးတွေလှေ့တုန်း၊ မပြီးတတ်သေးဘူး'

ဒေါ်သစ်သည် နီးကြောဖျာကိုဆွဲ၍ ဆောင့်ခါပြီးမှ ကဲခေါင်းရင်းတွင် ပြန်ခင်းကာ နေရာထိုင်ခင်းပေးလေသည်။

မြေပိုင်ရှင် သူဌေးဦးခွက်၏ ကိုယ်စားလှယ် ဦးစံသိန်းလာပြီဆိုလျှင် ဒေါ်သစ်မှာ ဗျာလောင်ခတ်လျက် အသက်ရှုမှားကာ ဂနာမငြိမ်ဖြစ်ဘတ်သည်။

သီးစားခနှင့် စပါးပေးအတွက် စပါးများလာခြင်တော့မည်ကိုသိ၍ ယခုနှစ် အကျေအလည် တင်းတိုးပေးနိုင်မည်မဟုတ်ပုံကို တွေးမိကာ မျက်နှာချင်းဆိုင်မိတာနှင့် ပခုံးပေါ်တွင် သဘက်တင်၍ ထိုင်ပြီးဝတ်မချရှုံတမယ် ကျုံ့ကျုံ့ရှုံ့ရှုံ့ ဆီးကြိုလေသည်။

လှန္တယ်သည် တဲဆင့်ပေါ်သို့ တက်ထိုင်လိုက်သော သူဌေးကိုယ်စားလှယ်ကိုလည်းကောင်း၊ ဒေါ်သစ်ကိုယည်းကောင်း သေသေချာချာစိုက်ကြည့်လျက် စိတ်ဝင်စားနေမိ၏။

'ဘယ်လိုတုံးဗျ. . . ဒီနှစ်'

ဦးစံသိန်းသည် ထိုင်ထိုင်ချင်း သူဌေးသံပါပါဖြင့် ခပ်ခန့်ခန့်မေးမြန်းလိုက်ရာ ဒေါ်သစ်မှာ ရုတ်တရက်မပြောနိုင်ဘဲ ကြေးကွမ်းအစ်ကို ရှေ့၌ချပေးပြီး ပုဆစ်ဒူးတုပ်ထိုင်လျက် မျက်နှာညှိုးညှိုးငယ်ငယ်ဖြင့် သက်ပြင်းချကာ ခပ်ဖြည်းဖြည်းပြန်ပြောရသည်။

'ကိုယ်စားလှယ်ကြီးရယ်. . . လယ်သမားတွေအဖြစ်တော့ မမေးပါနဲ့တော့. . . ရေကြီးပြီး မျိုးတွေပုပ်ကုန်လို့ ဒီနှစ်လည်း မနှစ်ကအတိုင်းပါပဲ၊ ခပ်ကျပ်ကျပ်ပဲ ဆိုပါတော့'

ဦးစံသိန်းသည် မျက်နှာကိုပင့်လျက် သက္ကလတ်အင်္ကျီရင်ဖုံးစနှင့်





ရင်ဘတ်ကို ယပ်ခတ်၍ သူ့ပစ္စည်းရဖို့လောက်သာ အာရုံထားပြီးနားထောင်နေသည်။

လှန္တယ်သည် ဒေါ်သစ်ကိုတစ်လှည့်၊ သူဌေးကိုယ်စားလှယ်ကိုတစ်လှည့် ကြည့်၍နေလေ၏။ ထို့နောက် ဦးစံသိန်းကို ပြန်ကြည့်နေပြီးလျှင် 'ဘယ်လို လူကြီးပါလိမ့်' ဟူသော ကြည့်ခြင်းမျိုးဖြင့်သုံးသပ်ကြည့်ရှု၍နေလေ၏။

'ခင်ဗျားတို့ဘက်ကချည်းလည်း မကြည့်နဲ့ဗျ၊ သူဌေးဘက်ကကြည့်ဦး၊ အခု ဗိုလ်ချုပ်အောင်ဆန်းအစိုးရထုတ်တဲ့ လယ်သီးစားခ စံနှုန်းအက်ဥပဒေအတိုင်း သူဌေးက လယ်ထောက်ခနှုန်း လျှော့ယူရတယ်၊ ဦးစောဦးလက်ထက်တုန်းက လုပ်သွားတဲ့စံနှုန်းဥပဒေက တော်သေးဘယ်၊ အခုဆိုရင် ခေါက်ချိုးနီးနီး လျှော့ယူရတယ် မဟုတ်လား၊ မနှစ်က ငွေအကျေမဆပ်တာ သူဌေးကို ကျုပ်ပြောပေးလို့ ဒီနှစ်ဘယ်ပြန်ချတယ်ဆိုတာကော ခင်ဗျားတို့ သိဘယ်မဟုတ်လား'

ဖဆပလ ဗိုလ်ချုပ်ရာထူးလက်ခံသည့်အခါ လယ်သမားများအတွက် လယ်သီးစားခစံနှုန်းဥပဒေ ထွက်လာလေသည်။

ထိုဥပဒေမှာ နောက်ဆုံး ဦးစောလက်ထက်က ပြင်သွားသည့်စံနှုန်းဥပဒေကို တင်းထပ်လျှော့၍ ပထမတန်းလယ်၊ ဒုတိယတန်းလယ်၊ ဘတိယတန်းလယ်၊ စသည်ဖြင့် လယ်ထွက်စပါးပေါ်၌ တည်ကာဆုံကြုံနိမ့်မြင့် နှုန်းသင့်ထားသည်။ ဦးစောက တစ်ဧက နှစ်ဆယ့်ငါးတင်းနှုန်းလောက် သင်ခဲ့ခြင်းကို ဗိုလ်ချုပ်က ဆယ့်ငါးတင်းနှုန်းလောက် လျှော့ချ၍ သင့်ပေးသည်။

သူဌေးကိုယ်စားလှယ်သည် တဲဦးခန်းကထိုင်၍ အောင်မြင်ခဲ့ညားသိုက် ကရုဏာကင်းမဲ့သောအသံနှင့် ခပ်လေးလေး ခပ်မာမာပြောလိုက်သည့်အခါ ဒေါ်သစ်၏မျက်နှာမှာ ညှိုးရော်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ဆုတ်နစ်အားလျှော့လျက် တိုး၍သာ ရင်လေးရင်း အသက်ရှုကျပ်လာလေ၏။

ဒေါ်သစ်သည် စကားပြောရမည်ကိုပင် ရွံ့ကြောက်တွန့်ဆုတ်လျက်ရှိကာ မျက်နှာကို ငုံ့ချလျက် တစ်စုံတစ်ရာ ဘာမျှပြန်မပြောနိုင်ဘဲ ရှိလေသည်။

တစ်တဲလုံးတိတ်သွားလေသည်။ တစ်ခဏလောက်မှာ အသက်ရှူသံပင် မကြားရသလောက် ဖြစ်သွားလေသည်။ ထိုအခိုက် ငှက်ဆိုးထိုးလိုက်သလို ရုတ်တရက် အသံတစ်ခုပေါ်လာလေသည်။ ပိုင်စိုးပိုင်နင်း ညည်စာစာ ခပ်စွာစွာပြောလာသောထိုအသံမှာ တဲရှေ့၌ကျယ်လောင်လွန်းသည်။

'ဦးတုတ်ကော၊ ဩော်. . . ဒေါ်သစ်၊ ကျွန်မတို့ တင်းတောင်းရော လှည်းပါယူလာတယ်၊ သလင်းထဲမှာပဲ တစ်ခါတည်းသွားချိန်မလို့' ဒေါ်သစ်မှာ ငုံ့နေရာမှလှည့်ကြည့်လျက် စကားတစ်လုံးမျှမထွက်နိုင်။ ရင်ထဲတွင် ပွက်ပွက်ဆူအောင်ပင် ခတ်လျက် ခေါင်းနားပန်းကြီးသွားလေသည်။

ရွာထဲက တရုတ်ကုန်စုံဆိုင်မှ တရုတ်မယားဒေါ်ကြင်မြိုင်သည် ကြွားလာတောင်းနေပြီ။ မိုးတွင်းတုန်းက သူဌေး၏စပါးပေးငွေနှင့် လုံလောက်၍ ဈေးဆိုင်တွင် စပါးနှင့်တင်းတိုး အကြွေးခံကာ ချေးသူ သုံးခဲ့ရသည်။ ကြွေးရှင်များသည် လယ်ပြီးတာနှင့် တစ်ချက်တည်း သူ့ထက်ငါဦးအောင် သလင်းထဲသို့ တရကြမ်း လာချိန်ယူကြသည်။

ဒေါ်သစ်သည် ဒေါ်ကြင်မြိုင်ကို လှည့်ကြည့်မှပင် လှန့်ယ်စောင့်နေသည်ကို မြင်မိတော့သည်။

ရုတ်တရက် စိတ်ရှုပ်ရှုပ်နှင့် 'ဟဲ့. . . မောင်သိန်း၊ မတွေ့သေးဘူးဟား၊ လှန့်ယ် စောင့်နေတယ်' ဟုပါးစပ်က ထွက်သွားပြီး တစ်ဖန်





'လှေနေတုန်းပါ ဒေါ်ကြင်မြိုင်ရယ်၊ ဟောဒီမှာ သီးယောက်ခတောင် ချိန်ရသေးဘူး၊ တစ်ဦးချိန်ပြီးမှ တစ်ဦးချိန်တာပေါ့'

'ဘယ်ဖြစ်မလဲရှင့်၊ လှည်းကတစ်ခါတည်းငှားလာရတာ၊ ပေးရမယ့်အတူတူ ခုပဲချိန်ယူမယ်၊ မဆိုင်းပါရစေနဲ့'

ဦးစံသိန်းမှာ အသာငြိမ်ငြိမ်ထိုင်နေလျက် 'ဟိုက ဒီကလာချိန်ကြသို့ သူဌေးဟာ အကုန်မှရပ့်မလား' ဟု ပူပန်သည့်ဟန်ဖြင့်. . .

'ကျုပ်တို့လည်းဒီနေ့ပဲစချိန်မှာနော်' ဟုစိုးရိမ်တကြီးဝင်ပြောလေသည်။

ဒေါ်သစ်မှာ တစ်ဦးကိုကျေနပ်အောင်ပြောနေတုန်း 'ချိန်တာပေါ့ ချိန်တာပေါ့' ဟုတစ်ဦးကိုလည်း လှည့်၍ ကျေနပ်အောင် ပြောရတော့သည်။ မောင်သိန်းသည် ငွေစက္ကူကို ဒေါ်သစ်အား လာ၍ကမ်းပေးသည်။ ဒေါ်သစ်မှာ ကြွေးရှင်များနှင့် ဗျာများနေစဉ် စိတ်မရှည်နိုင်တော့သလို 'ဟိုမှာ ပေးလိုက်ပါလားဟဲ့'ဟု ခပ်ဆတ်ဆတ် လှည့်ကာပြောလေသည်။

'ရော့'

ဆင့်ပေါ်မှလှမ်း၍ မိမိအားကမ်းပေးနေသောငွေစက္ကူကို မယူခင်မိမိကို တိုတိုတောင်းတောင်း တစ်ခွန်းတည်း မောက်တောက်တောက်ပြောလိုက်ရမည်လားဟု မောင်သိန်း၏မျက်နှာကို ဆတ်ခနဲကြည့်လိုက်သည်။

မိမိမျက်နှာကို မြင်သလိုလို မမြင်သလိုလိုဖြင့် ငွေစက္ကူကမ်းပေးပြီး ချာခနဲလှည့်သွားပုံကို လှန့်ယ်သည် စိတ်ထဲ၌အကြီးအကျယ် မျက်သွားကာ နာကြည်းခြင်းနှင့် အခံရခက်ခြင်းသည် တစ်ရင်လုံးကို ပတ်ချာတုပ်နှောင်လျက် ဒေါ်သစ်ကိုမျှ နှုတ်မဆက်နိုင်ဘဲ အခဲမကျေထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[ ၁၀ ]

ဒေါ်သဲမြစ်သည် တဲထဲသို့ မျက်နှာပျက်ပျက်နှင့် ဝင်လာသော လှနွယ်ကို ဆီး၍ 'မရခဲ့ဘူးလား'ဟု ထိတ်ထိတ်ပျာပျာမေးလိုက်သည်။

လှနွယ်သည် အမူအရာအားဖြင့်ပင် ပြန်မပြောဘဲ လက်ထဲက ငွေစက္ကူကိုထိုးပေးကာ တဲပေါ်သို့ တက်သွားလေသည်။

လှနွယ်၏အမူအရာမှာ ထူးလေသည်။ အခါတိုင်းဆိုလျှင် ဘယ်ကပြန်လာလာ အမေ့အားစကားတွေရွှန်းရွှန်းဝေအောင် တောင်စဉ် ရေမရ ပြန်ပြောတတ်လျက် ယခုမူ အခြားအခြားတုန်းများနှင့်မတူ မူတစ်မူပြောင်း၍ တိတ်ဆိတ်သားကောင်းလွန်းသဖြင့် တစ်စုံတစ်ခု တော့ ဖြစ်လာပြီဟု စိတ်ထဲတွင်လေးသွားလေသည်။

လှနွယ်၏ညိုမောင်းသောမျက်နှာသည် အလိုမပြည့်ဝမှု၊ မကျေနပ်မှုတို့ဖြင့် ယှက်သန်းနေခြင်းကိုလည်း ထူးထူးခြားခြား ဂရုထားမိ၍ 'ဟဲ့. . . လာစမ်း'ဟု လှမ်းခေါ်လိုက်သည်။

လှနွယ်သည် အပေါ်က ထပ်ဝတ်ထားသည့်ထဘီကိုချွတ်၍ တဲထရံ၌ ဖြန့်ညှပ်လိုက်ပြီးလျှင် ဒေါ်သဲမြစ်အနားသို့ လာ၍ထိုင်သည်။

မိမိ၏မျက်နှာကို အမေအကဲခတ်ကာ ကြည့်နေမှန်းကို သိသော်လည်း မျက်နှာအချိုးမပြင်ဘဲ သုန်သုန်မှုန်မှုန်နှင့်ပင် ထိုင်နေသည်။

'ဟဲ့ နင်ဘာဖြစ်လာသလဲ'

'ဘာမှ မဖြစ်ပါဘူး'

ဘာမှမဖြစ်ပါဘူးဟု ပြောလိုက်သောအသံပင် နဂိုသံမဟုတ်ချေ၍ ဒေါ်သဲမြစ်မှာ ခေါင်းကြီးသွားကာ. . .

'ပြောစမ်းပါဟဲ့ ဘယ်သူနဲ့ ဘာဖြစ်လာသလဲ'ဟု ထပ်မေးလိုက်





သည်။

"ဘယ်သူနဲ့မှ ဘာမှမဖြစ်ပါဘူး"

ဒေါ်သဲမြစ်အား မကြည့်ဘဲ စကားကို ပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

'ဘယ်သူနဲ့မှ ဘာမှမဖြစ်ပါဘူးဆိုတယ်၊ နင့်မျက်နှာက ပုပ်သိုးသိုးနဲ့၊ ပြောစမ်း ဘာဖြစ်လာသလဲ. . .'

ဒေါ်သဲမြစ်၏အသံမှာ ကျယ်လာကာ ဒေါသထွက်တော့မည့်ပုံပါဆောင်နေ၍ လှနွယ်၏မျက်နှာမှာ ပို၍ပင် ညိုမည်းသွားလေသည်။ လှနွယ်သည် မလှုပ်မယှက် ငြိမ်နေရာမှ မျက်ရည်တွေ ကျလုခမန်း ဖြစ်လာ၏။

ဒေါ်သဲမြစ်မှာ သာ၍ မချင့်မရဲ ဖြစ်လာကာ 'မေးနေတာ ပြောစမ်းပါဟဲ့' ဟု ခပ်အုပ်အုပ် ကျိတ်မေးလိုက်ပြန်သည်။

'အမေရယ် ဘာမှမဖြစ်ပါဘူး လယ်လုပ်ချင်လို့ပါ၊ လယ်လုပ်မယ်။ နောက်ကိုလေ ဘယ်အလုပ်မှ မလုပ်ဘူး လယ်ပဲလုပ်မယ်. . .'

ဒေါ်သဲမြစ်မှာ ဘာပြောရမှန်းပင် မသိတော့ကာ မျက်လုံးမျက်ဆံပြူးပြူးနှင့် လှနွယ်ကို စိုက်ကြည့်နေရာ၌၊ သူ့မျက်လုံးများတွင် လှနွယ်မှာ အထူးအဆန်း မိန်းကလေးတစ်ယောက်အသွင် မြင်ထင်ဖြစ်နေသည်။

လှနွယ်၏အသံမှာ ယခင်ကနှင့် လုံးလုံးမတူ၊ တစ်မျိုးထူးခြားလာလျက် ပို၍ထန်လာခြင်းရှိသည်ဟု အောက်မေ့မိလေ၏။ ကြီးမားသောကရုဏာစိတ်များသည် မျိုသိပ်၍ မရနိုင်တော့အောင်ပင် ရင်ထဲတွင် ဆို့သွားကာ များစွာမှ စိတ်လှုပ်ရှားသွားလေသည်။

လှနွယ်သည် ကျလာသောမျက်ရည်ကို လက်ဖမိုးနှင့်သုတ်လျက် သူ့အမေကို တစ်ချက်ကြည့်ပြီး 'နော်အမေ နော် ဟုတ်လား၊ လယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရအောင် လယ်ပဲ လုပ်မယ်၊ နော်' ဟု ဇွတ်တရွတ်ပင် ပြောနေသည်။

ဒေါ်သဲမြစ်သည် ခေါင်းကို ခါယမ်း၍ နေလေ၏။ ထိုနောက် ရုတ်တရက် ရှိုက်ကြီးတငင် ဖြစ်၍လာလေ၏။

လှနွယ်အဖေမရှိ၍ ဘာတစ်ခုမှ မတတ်နိုင်တော့အောင် အစွမ်းအစတုံးနေသည့် မိမိအဖြစ်ကို တစိမ့်စိမ့်တွေးကာ မချိလှသည့် မျက်ရည်ပူတို့မှာ မဖြေဆည်နိုင်အောင် တလိမ့်လိမ့် တဖြိုင်ဖြိုင် ကျဆင်းလာတော့ရာ၊ ရှိုက်ငင်ခြင်းအားဖြင့် ပွပြင်းလှသည့် ဝေဒနာကို သက်သာရာပြုရပေ၏။

'ဩော် အမေကလည်း ဘာဖြစ်လို့ ငိုရတာလဲ' ဟု လှနွယ်က သဘောမကျဟန်ဖြင့် မေးလိုက်သည့်အခါ၌ ဒေါ်သဲမြစ်သည် မျက်ရည်များကို အင်္ကျီစဖြင့်သုတ်ရင်း. . .

'စိတ်မကောင်းလို့ပါဟယ်' ဟု ငြိမ်သက်စွာ ဖြေရှာလေ၏။ လှနွယ်သည် ရှိုက်ငင်လျက် သူ့အမေ၏လက်ကို ဆုပ်ကိုင်လိုက်ပြီး 'မလုပ်နိုင်ဘူးလား. . . ဟုတ်လား' ဟု မေးလေ၏။

'အေး ဘယ်လုပ်နိုင်မလဲ. . .'

ဟု သူ့အမေသည် ဝန်ခံရှာပြီး ဆက်လက်၍ 'ငွေမှမရှိတာ' ဟု ဆိုလေ၏။

လှနွယ်သည် ဒေါ်သဲမြစ်၏ မျက်နှာကို မော့ကြည့်လိုက်လေသည်။ ထို့နောက် မခံချိ မခံသာ ဖြစ်လွန်းလှသောအသံဖြင့် သူ့အမေအား ပြန်၍ပြောလိုက်ပုံမှာ ကျားဘက်ကျောင်းက ဘုန်းကြီးသက်န်းမဆီးခင်က ပြောပုံ ဆိုပုံနှင့် တူလှလေခြင်းဟု စိတ်ထဲ၌ ခု၍ပင် သွားမိသည်။

'အမေက တစ်ဆိတ်ရှိငွေပဲ၊ တစ်ဆိတ်ရှိငွေပဲ လယ်လုပ်မှပဲဟာ





ငွေလိုချင်ရတာပေါ့ အမေဘာသိသလဲ၊ လယ်လုပ်ရင် ငွေဆိုတာ သူဌေးက ထုတ်ပေးရတာ၊ ဘယ်သူကော ငွေရှိလို့ လုပ်သလဲ၊ ငွေကို သူဌေးဆီမှာချေးပြီး လုပ်ကြတာချည်းပဲ။ အမေ့လို လက်ထဲမှာ ငွေရှိသော လုပ်ရမယ်ဆိုရင် ဟင်း လယ်တွေဟာ ကွဲစားကျက်တွေ ဖြစ်ကုန်ပြီ'

ထိုနောက် မျက်နှာလွှဲပြီး 'ဘာပဲဖြစ်ဖြစ် အမေရယ်. . . လယ်လုပ်ရအောင်နော်. . .'ဟုဆိုပြန်ရာ ဒေါ်သဲမြစ်မှာ စိတ်မကောင်းသထက် မကောင်းလှစွာဖြင့် . . .

'သူဌေးဆီမှာ ငွေမချေးခင်၊ ကိုယ့်မှာ အောက်တန်းနွားတို့ လှည်းဘို့ရှိရတယ်ဟဲ့၊ လယ်လုပ်နိုင်တဲ့အင်အားရှိတာ သူဌေးကသိမှလည်း ငွေထုတ်ချေးပြီး ခိုင်းတာ၊ ဘယ်မတုံး လှည်း နွားက'

လှနွယ်သည် ငိုင်ကျသွားလေသည်။ သူ့နှုတ်ခမ်းများမှ အသံမထွက်ဘဲ တလှုပ်လှုပ်နှင့် ရှိနေကြသည်။ ယိုကျလာသောမျက်ရည်ပေါက်ကြီးများသည်လည်း ပါးပြင်ထက်တွင်တလိမ့်လိမ့်နှင့် ရှိနေပေသည်။

လှည်းနှင့် နွားဝယ်ဖို့ဆိုလျှင် လက်ထဲတွင် ငွေရှိမှဖြစ်မည်။ လှနွယ်မှာ သည်ငွေကို ဘယ်လိုများရနိုင်သလဲဟု မစဉ်းစားတတ်၍ ခေါင်းများပင် မူးနောက်လာလေသည်။

ဒေါ်သဲမြစ်သည် ဆက်ပြောရန် စကားစ ရှာမတွေ့တော့ချေ။ မျက်ရည်များသာလျှင် ယိုစီးဆင်းကျလာလျက် ရင်ထဲ အသည်းထဲတွင်ကား ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းတို့ဖြင့် မရှုမလှ ခံစားနေရပေတော့သည်။

လှနွယ်သည် နှုတ်ခမ်းများကို မမြင်ရအောင်ပင် ခပ်တင်းတင်း ပိတ်စေ့လျက် လေးလေးနက်နက် တွေးတောကြံဆနေသည့်အလား



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာမျှ တွေတွေကြီး ငိုင်နေပြီးနောက် ကဖြည်းဖြည်းနှင့် ကာလ အတန်ကြာ ကြိတ်ခဲခိုအောင်းလျက် မြှုပ်နှံနေခဲ့သည့် မထင်ရှားသော စိတ်အမြင်အထင်တို့သည် နိုးကြားထကြွ၍လာကြကုန်သည်။

ငယ်ရွယ်သူတို့၏အတွေး ငယ်ရွယ်သူတို့၏ ဇောသန်မှုမျိုး ပေါ် ပေါက်ဝင်လာခြင်းပင် ဖြစ်ပေတော့သည်။

'လှည်းနဲ့နွားဝယ်ဖို့တော့ အကြံရပြီ'

ဒေါ်သဲမြစ်၏ အရေတွန့်နေသောမျက်နှာပြင်၌ မျက်ရည်စများ လျှံကျလျက်ရှိစဉ် စိတ်အားတက်လာခြင်း၏ သိမ်မွေ့လှသောအပြုံး ကလေးသည် နှုတ်ခမ်းနားတွင် ထင်၍လာသည်။

လှနှယ်သည် 'ဒီမှာအမေ. . .' ဟု ခေါ်လိုက်ရာ ဒေါ်သဲမြစ် သည် လှနှယ်၏လက်ကို ခပ်တင်းတင်း ဆုပ်ထားလိုက်လေသည်။ စိတ်လှုပ်ရှားလှစွာဖြင့် 'ဘယ်လိုတုံး' ဟု ပြန်ပြောလိုက်သောအသံနှင့် မိမိ၏လက်ကလေးများကို တစ်ခါမှ မလုပ်စဖူး ထူးထူးဆန်းဆန်း ဆုပ်ဖျစ်နေသောအပြုအမူသည် လှနှယ်၏စိတ်ကို ပို၍ အားတက် စေသည်။

'အမေ ရန်ကုန်ကိုငါးပိသွားရောင်းရင် ကျွန်မပါ လိုက်မယ်။ ပုဇွန်တောင်က အရင်ရွာကို လာတဲ့ ဒေါ်အေးတို့အိမ်ကို သွားမယ်။ ဒေါ်အေးကပြောတယ်။ ရန်ကုန်က ပိုက်ဆံရှိတဲ့အိမ်တွေမှာ ခိုင်းဖို့ စေဖို့ သွားနေရင် တစ်လကို ဆယ့်ငါးကျပ်နှစ်ဆယ် ပေးခိုင်းတယ်တဲ့။ ကျွန်မသွားနေမယ်'

လှနှယ်သည် သူ့အမေမျက်နှာကိုကြည့်၍ ခပ်သွက်သွက် ပြော နေသည်။ အသံမှာ မတုန်ယင်ဘဲ ကြံ့ခိုင်လှလေသည်။ မျက်လုံး များမှာလည်း ပြဋ္ဌာန်းချက်ဖြင့် ဝင်းလက်၍နေလေသည်။

ရုတ်တရက်သော် ဒေါ်သဲမြစ်မှာ ဘယ်ပုံ အသက်ရှူရမည်ကို





သိတော့ဘဲ ဝမ်းသာဝမ်းနည်းခြင်းဖြင့် အသည်းနှလုံးတွေ ဆတ်ဆတ် ခုန်၍သွားလေသည်။

လယ်လုပ်ချင်လှသည့်သမီးကလေး၊ လယ်လုပ်မယ်ဟု ဇွဲနပဲဖြင့် ငယ်ငယ်ရွယ်ရွယ် အကြံအစည်ကြီးတဲ့ တယ်လာတဲ့သမီးကလေး. . .

ထိုသမီးကလေးအပေါ်တွင် ဖြစ်မိသောဂုဏ်မာနသည် တစ်ခု သောဝမ်းသာခြင်းတစ်ရပ်ဖြစ်ပေသည်။ နောက်တစ်ခုမှာ အပျိုအရွယ် သမီးလေးအတွက် ခိုင်းဖို့စေဖို့ သူများအိမ်သွားထားဖို့ရာ မစွန့်ရက် နိုင်သောဝမ်းနည်းခြင်းဖြစ်သည်။ အမေသည် ဝမ်းသာဝမ်းနည်း အ ကြားတွင် ချီတုံချတုံဖြစ်၍နေပေ၏။

'ဟုတ်တယ် အမေရဲ့၊ ကျွန်မသွားနေမယ်၊ အမေက ငါးပိ ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ဈေးရောင်းပြီး အမေ့ဟာအမေနေပေါ့၊ ကျွန်မ ပိုက်ဆံစုလို့ရတော့ ပြန်လာမှာပေါ့၊ ဒီတော့လေ၊ နွားတွေ လှည်းတွေ ဝယ်မယ်၊ သူဌေးဆီမှာ ငွေချေးပြီး လယ်လုပ်မယ်'

'ညည်းဟယ် လုပ်ချင်တာကတော့ ဟုတ်ပါရဲ့၊ သူများအိမ်မှာ ညည်းသွားနေမယ်ဆိုတာတော့ ငါသဘောမတူနိုင်ဘူး၊ ငါ စိတ်မ ကောင်းလိုက်တာ လှနှယ်ရယ်'

ခေါင်းတယမ်းယမ်းနှင့် အမေသည် ဝမ်းနည်းစိတ်မကောင်းဖြစ် သွားပြန်၏။

'အို. . . မဟုတ်တာ သူများအိမ်မှာ နေတာက ပိုက်ဆံရ အောင်လို့ သွားနေမှာ၊ ဒီမှာလုပ်ကိုင်လို့ရတဲ့ ပိုက်ဆံက စားတာဝတ် တာနဲ့ကုန်တာပဲ၊ ဟိုမှာ သူတို့အစားစားပြီး ရတဲ့ပိုက်ဆံကိုစုနိုင်တယ် ဟုတ်လား'

လှနှယ်သည် ဆတ်ခနဲ ခေါင်းကိုမော့၍ အော်ပြောလေသည်။ သူ့မျက်နှာမှာ အမေကန့်ကွက်လိုက်လျှင်ပင် ဖြူရော်သွားလျက်၊



www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်နေသောမျက်လုံးများပင် မှေးမှိန်ဖျော့တော့လာလေသည်။

လှနွယ်သည် အမေ၏လက်မောင်းနှစ်ဖက်ကို သူ့လက်ကလေးများနှင့် ဆုပ်ထားပြီးနောက် မိမိ၏အကြံအစည်တွင် ပီတိဖြစ်လာသကဲ့သို့ အသည်းထဲမှထွက်ပေါ်လာသောအသံမျိုးဖြင့် ပြောပြန်လေသည်။

'အမေရယ် သွားနေပါရစေ၊ ကျွန်မတို့ အခုသူများလယ်တွေမှာလိုက်ပြီး အချိန်ကျရင် လယ်ကူလီလျှောက်လုပ်စားနေရတယ်၊ ကိုယ့်လယ်နဲ့ကိုယ်ဆိုတော့ အခုလိုလည်း မျက်နှာမငယ်ရဘူး။ ကိုယ့်ဟာကိုယ် လုပ်နိုင်တော့ အခုထက် ချောင်ချောင်လည်လည်ဖြစ်ပြီး အခုလိုလည်း မဆင်းရဲဘူးပေါ့။ သွားပါရစေ အမေရာ. . .နော်'

အမေသည် ဟင်းခနဲ သက်ပြင်းကြီးချလိုက်မိလေသည်။ ထို့နောက် မျက်လွှာကို ချလိုက်ပြီး. . . .

'အေးပါအေ ညည်းသဘောပဲ' ဟု ဆို့တစ်သောအသံများဖြင့် ပြန်ပြောလိုက်ပြီး ဒေါ်သဲမြစ်မှာ ဘယ်လိုဆက်လက်၍ပြောရမည်ကို နားမလည်ရှာတော့ရကား၊ 'ညည်း အဖေများ သိရင်အေ' ဟူသောစကားဖြင့် ညည်းညူကာ စကားကို အဆုံးသတ်လိုက်လေ၏။

ထိုနောက်တစ်ဖန် ဆက်လက်၍ လှနွယ်အား ကရုဏာဖြစ်လှသောကြည့်ခြင်းဖြင့် ကြည့်လျက်. . .

'ညည်းဒါလောက်တောင် စိတ်ထက်သန်တာ ငါမတားပါဘူး သူများအိမ်မှာ နေတယ်ဆိုတာ သတိထားပြီးနေရတယ်၊ သတိထားပြီး လုပ်ရတယ်၊ အရိပ်အကဲလည်း သိရတယ်၊ ကိုယ့်ကို သဘောကျအောင် သနားအောင် လိမ်လိမ်မာမာ နေတတ် လုပ်တတ်မှ'

လှနွယ်သည် အမေ၏ဆုံးမစကားကို အသာနားထောင်၍ နေလေသည်။ သူ့အမေစကားဆုံးကာမှ ပြုံးလိုက်ပြီးလျှင်. . .





'ပိုက်ဆံလိုချင်လို့ သွားနေတာပဲအမေရာ၊ ဘာခိုင်းခိုင်း သဘောကျအောင် ကျေနပ်အောင် လုပ်လိုက်မှာပေါ့ စိတ်သာချပါ'

လှနွယ်၏ အားတက်သရောအသံနှင့်စကားကိုကြားရသည့်အခါ၌ ဒေါ်သဲမြစ် ရင်ထဲတွင် ကြေကြေကွဲကွဲဖြစ်လာလျက် နားရွက်ပေါ်၌အုပ်ကျနေသည့်ဆံထောက်ဆံယဉ်လေးများကို လှမ်း၍ လက်နှင့်သပ်ပြသိမ်းပေးရင်းက လှုပ်ရှားနေသောစိတ်နှလုံးကို သည်နည်းနှင့်ဘည်ငြိမ်စေရလေသည်။

'ငယ်သေးလို့၊ ကြီးများကြီးရင်'

ဒေါ်သဲမြစ်သည် သည်လိုတွေးမိသည်နှင့် သည်းဘဝင်တွင် တငြိမ့်ငြိမ့် တသိမ့်သိမ့်ဖြစ်သွားကာ ကြေကွဲခြင်းနှင့် အားတက်မိသလိုလိုဖြစ်ခြင်းတို့ ရောဖက်နေသောဝေဒနာတစ်မျိုးကို ခံစားရမိလေသည်။

## အခန်း | ၁၁ |

ပြာသောကောင်းကင်အောက်၌ အမိုးမဲ့ တိုက်ပျက်များ။

စိမ်းညို့ညို့ရေညှိမှော်ပင်များ၊ ညောင်ပင်ပေါက်စအနွယ်များဖြင့် ဖုံးအုပ်လျက် ကွေးကောက်သောသံယက်မကြီးများသည် လက်ချောင်းများကို ဆန့်တန်းထားသောအမည် မမှည့်တတ်သည့်သတ္တဝါကြီးများနှင့် တူသေးတော့၏။

နံရံတစ်ခုမှာ အစွန်းအစမညီဘဲ တစ်ပိုင်းသာရှိလျက် ထိုပြတ်နေသောတစ်ပိုင်းနှင့် ရှည်လျားသောနံရံတစ်ခုကြား၌ မီးလောင်ထားသည့်သံတုတ်ကြီးများသည် အောက်သို့ တွဲလောင်းကျနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သံတုတ်အောက်၌ ခနိတဲများ စီစီရီရီရှိကြ၏။ တဲရှေ့ လမ်းပလက်ဖောင်းအဆင်း၌ သံချေးတက်ကာ မည်းမှောင်နေသောမော်တော်ကားစက်ခေါင်းများမှာ ပိန်ချိုင့်ပက်ဟောက် ကွေးလိမ်တွန့်ကောက်ကာ တုံးလုံးလဲနေကြသည်။ ထိုကားစက်ခေါင်းပျက်ဘေး၌ ယင်ကောင် တလောင်းလောင်းဖြင့် အမှိုက်ပုံထဲတွင် ကာကီရောင်ရာရှင်စည်ဘူးလွတ်များနှင့် ဟင်းသီးဟင်းရွက် ထမင်းကျန် ဟင်းကျန်အစအနများ. . .

ထိုပလက်ဖောင်း၌ ခနိမိုးတဲတန်းများမှာ နေရာမလပ်အောင် ညပ်နေကြ၏။

အုတ်နံရံအုတ်ကျိုးကို အမှီသဟဲပြု၍ ခနိမိုးက တဲထိုးနေထိုင်ကြသောတဲပုတ်ကလေးများမှာလည်း တိုက်ပျက်များပေါ်၌ မှိုနေလေရာ၊ ညောင်ပင်ကြီးတွင် ညောင်ပင်ကလေးခပါက်နေဘိသကဲ့သို့ တိုက်ကြီးပေါ်တွင် တွဲတက်နေလေ၏။

လှနွယ်သည် စစ်မဖြစ်မီ ခပ်ငယ်ငယ်က ရန်ကုန်သို့ ဘုရားဖူးတစ်ခါရောက်ဖူးခဲ့သည်။

ယခု စစ်ပြီးစ ဗိုလ်ချုပ်အစိုးရရာထူး လက်ခံနေခိုက် ရန်ကုန်သို့ တစ်ခေါက်ပြန်ရောက်လာလေရာ၊ ရန်ကုန်မြို့ကြီးမှာ မျက်စိထဲတွင် အစစအရာရာ တစ်မျိုးတစ်ဖုံ ပြောင်းလွဲနေပေသည်။

ညောင်တုန်းမှ လှနွယ်တို့ စီးလာသောဘတ်စ်ကားမှာ လူများကျပ်လျက် တစ်ယောက်နှင့် တစ်ယောက် တိုးဝှေ့၍ နေကြသည်။ ကတ္တရာကားလမ်းမှာ ကျောက်ပေါက်မ ထူလျက် ချိုင့်တွေကို ကားဖြတ်သွားတိုင်း ကားထဲတွင် ယိမ်းထိုး၍ နေကြလေသည်။

ပုဇွန်တောင်လမ်းမကြီးတစ်လျှောက် ပြေးလွှားမောင်းသွားသော ဂျစ်ကားကလေးများကို ကားပေါ်မှ ငေးကြည့်လျက်၊ 'ဟိုမှာအမေ





ကားလေးတွေက ပိစိညှပ်ကလေးတွေ' ဟု ပြောလိုက်၍ ဒေါ်သဲမြစ်မှာ သူတွေမသိအောင် အသာလက်ကုတ်ရသည်။

လှနွယ်၏မျက်နှာမှာ သနပ်ခါးမရှိဘဲ ပြောင်တင်းနေသည်။ ကားမောင်းသွားစဉ် လေတိုက်လျက်ရှိရာ၊ ဆံထောက်ဆံယဉ်များမှာ ဆံထုံးနောက်တွဲမှ ထွက်ကျလျက် ပါးပေါ်တွင် လွင့်ပါးလျက်ရှိသည်။ သရက်ထည်အကျီညိုညိုနှင့် အပွင့်ပျက်နေသောထဘီမှာ ဟောင်းနွမ်းနေ၏။ ကားပေါ်တွင် ဟိုငေးသည်ငေး ကျီးကန်းတောင်းမှောက်ကြည့်ရှုလိုက်လေသည်။

ကားမှာ မောင်ဂိုမာရီလမ်းမကြီး (ယခု ရွှေဘုံသာလမ်းမ)ကြီးပေါ်သို့ ရောက်လာလေသည်။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် ဈေးဆိုင်တဲများ ပြည့်ညပ်လျက် တိုက်တိုင်းစေ့ ဆိုင်းဘုတ်အသီးသီးနှင့် ရှိကြသည်။ စာရွက်စာတန်းဆိုင်းဘုတ်တွေ ရှုပ်ပွေနေသည့်အိမ်တွေ တိုက်တွေကို ငေးကြည့်ကာ မြင်လိုက်သည့်စာလုံးများကိုစိတ်နှင့်ပေါင်း၍ ဖတ်ကြည့်သည်။

တိုက်နံရံတစ်ခုတွင် ဘယ်အခါကာလက ကပ်ထားသည်မသိသောပိုစတာတစ်ခုမှာ-

'ဖ-ဆ-ပ-လ နေသူရိန်အစည်းအဝေး'

စာလုံးသာ ရှိတော့လျက် ကွာပျက်နေသည်။

ကွမ်းယာဆိုင်ကလေးများ၏နံရံများတွင် ဆေးကြော်ငြာ၊ ရုပ်ရှင်ကြော်ငြာများကား တစ်ရွက်ပေါ်တွင် တစ်ရွက်ထပ်လျက် ရှိကြသည်။

ခရီးသည်များအား ဆူညံစွာဟစ်ခေါ်နေသောစပယ်ရာ၏အသံသာ တစာစာညံနေလေသည်။ ကားမှာ တရိပ်ရိပ်ပြေးလျက်ရှိသည်။ လှနွယ်သည် လမ်းမကြီးတစ်လျှောက် လမ်းထောင့်တစ်ခုတွင် ခပ်ငေး



www.burmeseclassic.com

www.burmeseclassic.com



ေးကပင် မြင်ရသည့် သစ်ပင်ခွကြား၌ ကပ်မှီချည်ထားသည့် ရုပ်ပုံကြီးတစ်ခုကို မြင်ရလေသည်။

မလုံ့တလုံ ဝတ်ထားသည့်အမေရိကန်မတစ်ယောက်ကို အမေရိကန်တစ်ယောက်က ပွေ့ပိုက်၍နမ်းရှုတ်နေသော အင်္ဂလိပ်ရုပ်ရှင်ပိုစတာဖြစ်သည်။

သစ်ပင်နားသို့ ကားဖြတ်လျှင် လှနွယ်သည် အရုပ်ကားကြီးကို မကြည့်ရဲကြည့်ရဲဖြင့် ကြည့်လျက် 'လူလယ်ကောင်မှာ အရှက်မရှိလိုက်တာ' ဟု စိတ်ထဲ၌ပြောမိလေသည်။

ကားသည် တရစပ်မောင်းနှင်လာရာမှ 'ကရိလမ်း(ယခု ဗိုလ်မြတ်ထွန်းလမ်း)ပါသလား' ဟု စပယ်ရာက အော်မေးလိုက်သည်။ ဒေါ်သဲမြစ်ဘေးတွင် ထိုင်နေသောဒေါ်အေးက 'ပါတယ် ပါတယ်' ဟု ပြန်အော်လိုက်သည်။

လှနွယ်နှင့်မျက်နှာချင်းဆိုင်ထိုင်နေသည့် နှုတ်ခမ်းနီ၊ ပါးနီ၊ လက်သည်းနီဆိုးထားသောမိန်းမတစ်ယောက်မှာ ဆတ်တွန့်အင်္ကျီပါး၊ ပိုးတွန့်ထဘီ အောက်နားတွန့်နှင့်ဝတ်ဆင်ထား၍ လှနွယ်သည် လမ်းဘက်သို့ ငေးကြည့်နေရာမှ ထိုမိန်းမကိုလည်း တစ်ချက်တစ်ချက်လှမ်း၍ ကြည့်သည်။

'ဘယ်လို လူမျိုးများပါလိမ့်. . .' ဟု စိတ်ထဲတွင်မဝေခွဲနိုင်အောင်ဖြစ်ကာ၊ ပါးလွှာသောဆတ်တွန့်အင်္ကျီအောက်က မို့မောက်သောရင်အုံကိုကြည့်၍ အနေရအထိုင်ရကျပ်လာသည်။

ယခုဗိုလ်မြတ်ထွန်းလမ်းထိပ်တွင် ကားသည် အရှိန်သတ်ကာရပ်ပေးလိုက်သည်။ ဒေါ်အေးက ကားပေါ်မှအရင်ဆင်းလိုက်ရာ ဒေါ်သဲမြစ်မှာ ရှေ့ကမိန်းမကို ငေးနေသောလှနွယ်အား လက်ကုတ်ပြီးခေါ်ဆင်းလာခဲ့သည်။





ယခု ဗိုလ်မြတ်ထွန်းလမ်းသို့ ဝင်သွားကြလျှင် စစ်သားသုံးယောက် လမ်းထဲမှ လျှောက်လာကြသည်ကို တွေ့ရသည်။

လှနွယ်သည် ဂျပန်ခေတ်ကရွာတွင် ဂျပန်စစ်သားများကို တွေ့ဖူးလေသည်။ ဂျပန်စစ်သားများ၏ ခက်ထန်ကြမ်းကြုတ်သော မျက်နှာထားများကို စေ့စေ့မျှ မကြည့်ဝံ့ဘဲ မြင်တာနှင့် ရှောင်သွားခဲ့သည်။

မျက်နှာချင်းဆိုင်လျှောက်လာနေကြသောစစ်သားများကို လှနွယ်သည် မရဲတရဲကြည့်လေသည်။ နေရောင်လောင်၍ နီရဲနေသော မျက်နှာများနှင့် မျက်လုံးပြာပြာ ဆံပင်နီနီကို မျက်စေ့ထဲတွင် စူးသွားသည်။ 'ဘယ်လိုသတ္တဝါများပါလိမ့်'ဟု အံ့ဩခြင်းဖြင့် သုံးသပ်ကြည့်ရှုမိသည်။

'အဲဒါ အမေရိကန်စစ်သားတွေရှင့် . . .'

ဒေါ်အေးသည် ဒေါ်သဲမြစ်အား မေးထိုး၍ ပြောပြလိုက်ရာ၊ လှနွယ်မှာ မိမိတို့ဘေးမှ ဖြတ်သွားကြသောစစ်သားများကို သမင်လည်ပြန် လိုက်၍ကြည့်လေသည်။

စစ်သားများသည် မိမိတို့အား လိုက်ကြည့်နေသောလှနွယ်ကို ပြန်၍လှည့်ကြည့်ကာ ပြုံးစိစိနှင့် မျက်စေ့မှိတ်ပြလျက် လေချွန်ခေါ်ကြသည်။

လှနွယ်သည် ခေါင်းကို ချက်ချင်းပြန်လှည့်ကာ ရင်ထဲတွင် တဒိတ်ဒိတ်ဖြစ်လျက် ခပ်မြန်မြန် လျှောက်သွားလေသည်။ အနောက်မှ လေချွန်သံများ တော်တော်ကလေး ဝေးသွားမှပင် ရင်ခုန်ရပ်တော့သည်။

လမ်းထောင့် နှစ်ထပ်တိုက်ခံ ဆင်ဝင်အိမ်ရှေ့သို့ရောက်လျှင် ဒေါ်အေးက သည်အိမ်ပဲဆို၍ အိမ်ကိုလှမ်းကြည့်သည်။ မိမိနေရမည့် အိမ်ဖြစ်၍ ဘယ်လိုအိမ်များလဲဟူသောအကြည့်ဖြင့် ကြည့်လိုက်ရာ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်အောက်ထပ် ပိတ်ထားသောဘီလပ်သံဆွဲတံခါးအပေါက်ဝနားတွင်
တပ်ထားသည့်ဆိုင်းဘုတ်ကို မြင်မိသည်။

သူကြည့်လိုက်သောဆိုင်းဘုတ်ကား အညိုရောင်တင်ဆီပေါ်
စာလုံးအဖြူများဖြင့် ရေးထားသဖြင့် လှပပေါ်လွင်လျက်ရှိပေသည်။

မချောရင်
ဘိတော ဘိအိးဒိ

လှနွယ်သည် ခြံဝမှ စာလုံးများကို တစ်လုံးစီပေါင်းဖတ်၍ကြည့်
ရင်း ခြံဘေးသို့ ကွေ့ဝင်သွားသောဒေါ်အေး၏နောက်သို့ အမီ
လိုက်သွားရ၍ စာတန်းဆုံးအောင် မဖတ်လိုက်ရပေ။

ဒေါ်အေးသည် အိမ်ရှေ့သံတံခါးအပေါက်မှမဝင်ဘဲ အိမ်
က ကွေ့လျှောက်သွားလေသည်။ ထို့နောက် အိမ်နောက်ဖေး
ဘေးဇာခါးပေါက်ရှိ အုတ်ခုံကလေးအနားသို့ရောက်လျှင် အုတ်
ခြေရင်း၌ ခုံဘီနပ်ကိုချွတ်လျက် 'လာကြ' ဟု ဆိုကာ ရှေ့မှ လှ
တက်သွားလေရာ၊ လှနွယ်တို့လည်း လိုက်တက်ကြသည်။

မီးဖိုဆောင်ထဲမှ ငံပြာရည်ဆီသတ်လိုက်သောအနံ့မှာ လှနွယ်
နှာခေါင်းထဲသို့ လုံးဝင်သွားလေသည်။ အနံ့ကို တစ်ချက်ရှိုက်လျ
'မွှေးလိုက်တာ' ဟု စိတ်ထဲက ရွတ်ဆိုကာ အထဲသို့လှမ်းကြည့်လို
သည်။

အသက်ငါးဆယ်ခန့်အရွယ်ရှိမည်ဖြစ်သော ဝဝဖိုင့်ဖိုင့် အဒေါ်
ကြီးသည် ဖိုပေါ်တွင် ငါးပိကြော်နေလေသည်။ မိန်းမကြီးမှာ အသာ
အရေဖြူဖွေးနေ၏။ ပဒုမ္မာအကျီနှင့် အဖြူလုံးများ ခပ်ကျဲ
ပြောက်ထားသည့် တိုဘရက်ကိုး နက်ပြာရောင် ထဘီကိုဝတ်လျ
ခါးထောက်ထားသော လက်ကောက်ဝတ်တွင် ပယင်းရောင်စိပ်ပုတီး
သုံးလေးပတ် ပတ်ထားသည်။ လက်တစ်ဖက်က ယောက်မနှင့်ဒ





ကို မွှေရင်း ဘေးတံခါးပေါက်မှ လှသံကြား၍ လှည့်ကြည့်လေ
သည်။

မျက်နှာပေါ်တွင် ကိုင်းအနက်နှင့် တပ်ထားသောမျက်မှန်မှာ
ခေါင်းပေါ်တွင် လျှောကျနေရာ၊ မျက်လုံးများကိုပင့်ကာ လှန်၍
ကြည့်ရလျက် 'မအေးပါလား ထိုင်ကြထိုင်ကြ' ဟု လှမ်းပြောလိုက်
သည်။

ဒေါ်သဲမြစ်သည် လှနွယ်နှင့်ကပ်၍ထိုင်လျက် လှနွယ်ကို ငုံ့ကြည့်
သသည်။

လှနွယ်သည် သမံသလင်းပေါ်တွင် မိန်းမပီပီ ထိုင်လိုက်လျက်
တ်ကလေးနှစ်ဘက်ကို ညာဘက်ပေါင်ပေါ်တွင် အုပ်တင်ထားပြီး
မိသက်သက် ပိပိရိရိနေပုံကလေးကိုမြင်ရ၍ စိတ်ထဲ၌ပြုံးမိသည်။

လှနွယ်၏ အဝိုးသေသေအမူအရာကို အရွယ်ရောက်ခါမှ ဒီတစ်
ခါ ဒေါ်သဲမြစ် တွေ့ဖူးသေးသည်။ မိမိကမသင် မပြောရဘဲ သည်
မိန်းရောက်တာနှင့် သူ့ဟာသူ ပြင်နေပုံကို ဒေါ်သဲမြစ်မှာ သူ့ခေါင်း
သူညိတ်နေမိသည်။

မီးဖိုချောင်မှာ ရှင်းလင်းပြောင်လက်နေလေသည်။ မီးဖိုဘေးရှိ
စင်ပေါ်တွင်မှောက်ထားသည့် ဒန်အိုးအကြီးအငယ်များမှာ တိုက်ချွတ်
ထား၍ ဖြူစင်တောက်လက်နေလေသည်။ အိမ်မခန်းနံရံနှင့် ကပ်မှီ
ဆောင်ထားသောကြောင်အိမ်ကြီးတစ်လုံး၏ သံဆန်ခါများမှာ အစိမ်း
ရောင်ဖြစ်သည်။ ကြောင်အိမ်၏ တံခါးတစ်ဖက်ဖွင့်ထား၍ အထဲရှိ
ဆေးကြောသုတ်မှောက်ထားသော ပန်းကန်ခွက်ယောက်များကို ကြီး
ငယ်လိုက် တွေ့ရသည်။

မီးဖိုနှင့် မနီးမဝေးတွင် စားပွဲခုံတစ်လုံး ချထားသည်။ စားပွဲခုံ
ပေါ်တွင် ပုလင်းများ သံဘူးများကို သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



စီထားသည်။ စဉ်းတီတုံးကလေးကို ရေနှင့်ဆေးကြော၍ ခုံပေါ်
သံဘူးနှင့် မီးထောင်ထားသည်။ စားပွဲခုံမှာ ရေနှင့်ပွတ်တိုက်ဖန်များ
အသားပေါ်ကာ ဖြူနေပေသည်။

အုတ်ဘောင်ဝိုင်းခတ်ထားသည့်နေရာ၌ ရေပိုက်ခေါင်းအောက်
တွင် ဇလုံတစ်လုံးချထားသည်။ ဖြူဖွေးသောဇလုံကြီးထဲ၌ ပန်းကန်
ခွက်ယောက်တချို့ ရေနှင့်စိမ်ထားလေသည်။ သံ၊ ဆပ်ပြာ၊ အုန်း
ဆပ်ပြာခဲများကို ငါးသေတ္တာသံခွက်၊ အလွတ်များနှင့် ထည့်လျက်
အုတ်ဘောင်ပေါ်တွင် စီတင်ထားသည်။

မီးဖိုအခန်းတစ်ဝက် ကာခြားထားသောအခန်းတစ်ဖက်မှ တ
ယောက်ယောက် ရေချိုးနေသောရေသံများကို တဖြန်းဖြန်း ကြား
ရလေသည်။

လှနွယ်သည် သည်လို မီးဖိုချောင်မျိုးကို ရှေးရှေးကမမြင်ဖူး၍
မီးဖိုချောင်တစ်ခန်းလုံးကို နှံ့နှံ့စပ်စပ် မျက်လုံးကျွတ်မတတ် လှည့်ပတ်
ကြည့်နေလျက် 'မီးဖိုချောင်က ကောင်းလိုက်တာတော်' ဟု အော
မေ့မိသည်။

အဒေါ်ကြီးသည် ယောက်မနှင့် ဒယ်အိုးကို ခပ်မြန်မြန် မွှေ
ပြီး အိုးကို ဖိုပေါ်မှချလိုက်ကာ ရေနွေးအိုးတွင် ရေထည့်တင်ထား
ပြီးမှ လှနွယ်တို့အနားသို့ လျှောက်လာသည်။ ထိုနောက် လှနွယ်
အနီးရှိ ခွေးခြေတစ်လုံးပေါ်တွင် ထိုင်ချလျက် ကြိုးတန်းပေါ်တွင်
လွှားထားသည့် အဝတ်ပိုင်းကိုဆွဲ၍ သူ့လက်ကိုသုတ်ရင်း 'မနေ့
လာပြောတဲ့ ဟာလား' ဟု ဒေါ်အေးအား မေးလေသည်။

'ဟုတ်တယ် အဒေါ်ရဲ့၊ သူတို့ပဲ'

ဒေါ်အေးသည် ခပ်သွက်သွက် ပြန်ပြောပြီးသောအခါ မျ
ပေါက်ကျဉ်းကျဉ်းနှင့် ပါးစပ်ကိုဖြဲကာ ပျားရည်လောင်းထားသော





မျက်နှာမျိုးဖြင့် အဒေါ်ကြီးကို ပြုံးကြည့်နေလေသည်။

လှနွယ်မှာ မိမိအား အကဲခတ်ဟန်ဖြင့် စူးစူးစိုက်စိုက် ကြည့်ရှု
နေသောမျက်မှန်အောက်က မျက်လုံးများ၏အကြည့်ကို ရင်မဆိုင်
နိုင်ပေ။ စူးရှလှသည်။ အနေအထိုင်ရ ကျပ်သလိုလို၊ အသက်ရှူ
မှားပင် မှားနေကာ ခေါင်းကို တောင့်တောင့်ခိုင်ခိုင်ကြီး ငိုက်ချထား
လိုက်သည်။

'ရှင်က အမေလား'

အဒေါ်ကြီးသည် လှနွယ်ကို ကြည့်ရှုနေရာမှ လည်တိုင်ကို ငဲ့
လျက် ဒေါ်သဲမြစ်အား စေ့စေ့ကြည့်၍ မေးလိုက်ပြန်သည်။

ဒေါ်သဲမြစ်သည် အရေတွန့်နေသည့် မျက်နှာကို ရှုံ့ဝင်သွား
အောင်ပြုံးလျက် 'ဟုတ်ကဲ့' ဟု ခေါင်းညိတ်ဆိုလိုက်ကာ မျက်တောင်
များခတ်လျက် အသာပြန်ကြည့်နေလေသည်။

'နင် နာမည် ဘယ့်နှယ်ခေါ်သလဲ'

လှနွယ်သည် ခေါင်းကို မော့၍ 'လှနွယ်' ဟုဖြေကာ ရဲဆေး
တင်လျက် မိန်းမကြီးနှင့် မျက်နှာချင်းပြန်ဆိုင်ထားလေသည်။ အဒေါ်
ကြီး၏ လှုပ်ရှားခြင်းမရှိသော မျက်နှာကြီးအား စိုက်ကြည့်နေလေ၏။

'အရင်က နင်ဘယ်အိမ်တွေမှာ နေဖူးသလဲ'

'တစ်ခါမှ မနေဖူးပါဘူး'

မျက်စိမျက်နှာကို ခါ၍ ပြောလိုက်မိပြီးမှ လှနွယ်သည် သတိ
ရကာ မျက်မှောင်ကိုဖြေလျက် မျက်နှာကို ခပ်ပြုံးပြုံး ပြင်ထားရသည်။

'ဒီအိမ်မှာ လူကလည်း သိပ်ရှိတာမဟုတ်ဘူး၊ လက်တိုလက်ရှည်
အိမ်တာဟီရ ခိုင်းသွားမှာပဲ၊ လခက ဘယ်လိုတုံး'

လှနွယ်သည် ဒေါ်သဲမြစ်ဘက်သို့ လှည့်ကြည့်လေသည်။ ဒေါ်
သဲမြစ်မှာ ဒေါ်အေးသို့ လှမ်းကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးသည် ရဲရဲတင်းတင်း မပြောဝံ့သောအမူအရာ ဟန်ဆောင်လျက် မိန်းမကြီး၏မျက်နှာကိုမကြည့်ဘဲ ဒူးတစ်ချောင်းထောင်၍ ပိုက်ထိုင်ထားသောလက်ကိုရုပ်ကာ ခြေဖမိုးကို ငုံ့၍ကြည့်ရင်း အသံနှိမ့်ပြောလေသည်။

'လခကတော့ နှစ်ဆယ်ပါပဲ အဒေါ်'

အဒေါ်ကြီးသည် ပေါက်ထွက်မတတ်မျက်လုံးများဖြင့် ဒေါ်အေးကိုကြည့်၍ 'များလှချေကလားအေ'ဟု ဆိုလိုက်လေ၏။

တိတ်ဆိတ်၍သွားလေ၏။ တစ်ဘက်ခန်းမှ ရေသံမှာသာဖြန်းဖြန်းမကြားရဘဲ ရပ်ဆိုင်း၍ နေလေသည်။ ဒေါ်အေး၏ ဆက်လက်ပြောဆိုသောအသံ ပေါ်ထွက်လာ၏။ ဤတစ်ကြိမ်၌ သူ့အသံမှာ စောစောကလောက် ပျော့ပျောင်းနူးညံ့ခြင်းမရှိပေ။

'လခကတော့ ဒီအတိုင်းပဲ၊ မနေ့က အဒေါ်တို့က ခေါ်လာပါဆိုလို့ ကျွန်မခေါ်လာတာ၊ ဟိုတစ်အိမ်က နှစ်ဆယ်ပေးမယ် ခေါ်ခဲ့ဆိုတာတောင် ကျွန်မခေါ်မသွားသေးဘူး'

လှနွယ်သည် စဉ်းစား၍နေလေ၏။ တစ်လ နှစ်ဆယ်၊ ဆယ်လနှစ်ရာ စသည်ဖြင့် စိတ်ထဲ၌ စဉ်းစား၍တွက်နေသည်။ ငွေနှင့်လနှင့်တွက်ချက်ကြည့်ကာ 'နှစ်ဆယ်ပေးတဲ့အိမ်မှာနေမယ်'ဟု သန္နိဋ္ဌာန်ထပ်ချပြန်သည်။

'ဘယ့်နှယ်လဲရှင့် မလျှော့ဘူးလား၊ ရှင့်သမီးက ဘာမှတတ်နိုင်သေးတာ မဟုတ်ဘူး၊ အရိုင်းကို ခိုင်းရမှာ၊ နေလည်းကြည့်ဦးပေါ့၊ တစ်ဆယ်ဆိုရင် မတော်ဘူးလား'

ဒေါ်သဲမြစ်သည် သူ့ပတ်ဝန်းကျင်ကိုလှည့်ကြည့်လိုက်ရာ၊ အားလုံးသောမျက်လုံးအစုံတို့သည် သူ့ကိုဝိုင်းကြည့်နေကြသည်ကို မြင်ရလေ၏။ ထိုအခါ ဘာပြောရမှန်းမသိအောင်ပင် ဖြစ်သွားရှာလျက်. . .





'ကျွန်မတို့ ငွေအသုံးလိုလို့ လာနေတာပါ၊ ကျွန်မသမီးလေးဟာ လိမ္မာပါတယ်၊ ခိုင်းလည်းကြည့်ပါဦး၊ ဒါလောက်တော့ ရှင်တို့လည်း ပေးနိုင်မှာပေါ့'ဟု တုန်တုန်ယင်ယင်နှင့်ပြောပြသည့်အခါ အဒေါ်ကြီးက ရယ်လိုက်လေ၏။

'နှစ်ဆယ်ဆိုတာ များတယ်ရှင့် . . . များတယ်၊ ခေတ်မပျက်ခင်တုန်းက တစ်လငါးကျပ်ပေးရတာ၊ အခုတစ်ဆယ်ပေးနေပြီဟာပဲ။ နောက်တော့ သဘောကျရင် လေးငါးကျပ်တိုးပေးမယ်၊ ဘယ့်နှယ်လဲ'

ဒေါ်သဲမြစ်သည် အခန်းနံရံကိုငေးလျက် အဖြေမပေးပေ။ အလိုလိုကမှ သူများအိမ်တွင်မထားချင်ရာတွင် ယခုလို အရောင်းအဝယ်ဈေးဆစ်သလို ပြောနေခြင်းကို နားမချမ်းသာသဖြင့် စိတ်ထဲတွင် ဆို့နစ်ပြီး ကျွားတက်ကျောင်းကဘုန်းကြီးကို မြင်ယောင်၍လာလေသည်။ ဘုန်းကြီး၏ရုပ်ပုံလွှာကို ထင်မြင်ရင်း ရင်ထဲ၌ ဖိုလှိုက် လေးလလာသည်။

လှနွယ်သည် အမေစိတ်မကောင်းမှန်းကို သိလေ၏။ ညှိုးရော်နေသောအမေ၏မျက်နှာကို သိလေ၏။ ညှိုးရော်နေသောအမေ၏မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီးသော် ကြာကြာမနေချင်တော့သဖြင့် နှစ်ဆယ်မရရင် ပြန်မယ်ဟူသောအကြည့်ဖြင့် ဒေါ်အေးကို လှမ်းကြည့်လေသည်။

'ဒါကတော့ အဒေါ်၊ သူတို့က နှစ်ဆယ်ပဲတောင်းနေတာပဲ။ ထားနိုင်ရင်လည်း ထားပေါ့ မထားနိုင်ရင်လည်း ကျွန်မတို့ပြန်မယ်'

ထိုအခိုက် မီးဖိုတစ်ဝက် ကာခြားထားသော ရေချိုးခန်း၏ တံခါးပေါက်မှ ကျောက်ခနဲ အသံကြားရကာ မိန်းမတစ်ယောက်ပေါ်လာလေသည်။

မိန်းမမှာ အသက်သုံးဆယ်ခန့်ရှိပေမည်။ အသားရောင် ဝါဝါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းဝင်းနှင့် တောင့်တင်းပြည့်ဖြိုးကာ ကြည်လင်ချိုမြ ချောမွေ့သော မျက်နှာကို ဘွားခနဲ တွေ့ကြရသည်။

ထဘီကို ရင်ရှားလျက် မျက်နှာသုတ်ပဝါဖြူဖြူကို လွှမ်းခြုံထားကာ ပဝါအောက် ရင်ရှားပေါ်၌လက်ယှက်လျက် ပခုံးနှစ်ဘက်ကို သဘက်စနှင့် တင်းတင်းဖက်၍ ဆုပ်ကိုင်ပြီး ထွက်လာလေသည်။ လှနွယ်သည် ငေးမောပြီးကြည့်လေသည်။

'မချောရင်ရေ ဟောဒီမှာ ကလေးမလေး တစ်လနှစ်ဆယ်တဲ့၊ မလျှော့ဘူးတဲ့အေ'

မချောရင်သည် ခုံဖိနပ်ကို ခပ်ကြွကြွနင်းလာလျက် သူတို့အနားတွင် လာရပ်သည်။ ကိုယ်ကထဘီမှာ အသားနှင့်ကပ်လျက် ပေါင်နှစ်ဘက်စလုံးရေထိကာ ကွက်စိုနေလေသည်။

ယဉ်ကျေးဖွယ်ရာ လှစွာပြုံးလျက် ခေါင်းတညိတ်ညိတ်နှင့် မျက်နှာစေ့လိုက်၍ ကြည့်လေသည်။ လှနွယ်သည် မိမိအား ပြုံးရယ်၍ ကြည့်လိုက်သောချစ်စရာကောင်းသည့်မျက်နှာကို ချစ်ခင်သောစိတ်ထားဖြင့် ပြန်၍ပြုံးမိသည်။

'မင်းက နှစ်ဆယ် လိုချင်သလား . . .'ဟု ချိုသာစွာမေးလိုက်သောအသံနှင့် စီရီဖြူဖွေးနေသောသွားကလေးများပေါ်အောင်ပင် ပြုံးရယ်ကြည့်နေသောမချောရင်အပေါ်၌ လှနွယ်သည် ဘာကြောင့်မှန်းမသိ လေးစားခင်မင်သောစိတ်ကလေးများ ဝင်စား၍လာလေ၏။

'ဟုတ်ကဲ့ အစ်မရယ် နှစ်ဆယ်ပေးပါ'

လှနွယ်၏အသံမှာ သနားစရာကောင်းသောတောင်းပန်တိုးလျှိုးသံထွက်နေသည်။ မချောရင်သည် တစ်စက္ကန့်မျှကြာအောင် လှနွယ်ကို စူးစိုက်၍ကြည့်လေသည်။

မချောရင်ကြည့်နေပုံမှာ စောစောက မိမိအား မိန်းမကြီး အကဲ





ခတ်၍ စူးစိုက်ကြည့်ရှုစဉ်ကလို အနေရကျပ်ခြင်းမျိုးမဖြစ်ပေ။ တစ်ဦးကိုတစ်ဦး စေ့ပြော စေ့ဆစ်နေသောအခြေအနေမျိုးလည်း မပေါ်ပေါက်ဘဲ၊ တစ်ယောက်နှင့်တစ်ယောက် မြင်မြင်ချင်း အပြန်အလှန်ထားလိုက်သောမေတ္တာစိတ်မှာ ရင်တွင်း၌အသီးသီးရှိကြလျက် ချက်ချင်းပင် မျက်နှာမှန်းတည့်သွားကြသည်။

'အေးကွယ်၊ မင်းလိုချင်တဲ့အတိုင်း နှစ်ဆယ်ရတာပေါ့၊ အိမ်အလုပ်တွေ ဘာတွေ လုပ်တတ်ပါ့မလား'

လှနွယ်သည် ပြုံးလိုက်လေသည်။ ထို့နောက် မနည်းကြွေဆည်လျက်

'မလုပ်တတ်ဘူးအစ်မ၊ ဒါပေမဲ့ အစ်မပြပေးတဲ့အတိုင်း တစ်သဝေမတိမ်းအောင် ကျွန်မလုပ်မယ်'

မချောရင်သည် လှနွယ်အား ကျေနပ်နှစ်သိမ့်စွာဖြင့် ခေါင်းညိတ်လိုက်ပြီး အဒေါ်ကြီးဘက်သို့ လှည့်ကာ

'အကြီးရယ်၊ ခေါ်ထားလိုက်ပါ၊ ကျွန်မ သဘောကျပါတယ်'ဟု ပြောပြောဆိုဆို အိမ်မခန်းထဲသို့ ရေစိုစိုဖြင့် ခပ်မြန်မြန် လှမ်းဝင်သွားလေသည်။

'တွေ့လား၊ အင်မတန် စိတ်သဘောကောင်းတယ်၊ ဒီလိုအိမ်မျိုးရှင့်သမီးလာထားတာ ကုသိုလ်ကောင်းတယ်မှတ်'ဟု မိန်းမကြီးက ရယ်ရယ်မောမော လုပ်ပြောလျက် တစ်ဖန်ဆက်လက်၍ မျက်နှာခပ်တင်းတင်းဖြင့် . . .

'တစ်ခုတော့ ပြောမယ် မအေးရဲ့၊ လခကို ငါးလတွက် ခြောက်လတွက် အခုတစ်ခါတည်း မပေးနိုင်ဘူး၊ ကာလက အခက်သားလေးငါးလစာ ယူသွားပြီး တောမှာ ဘယ်သူသေလို့ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့ တစ်လလောက်ကြာရင် သွားပါလေရော၊ ဒါကြောင့် တစ်လ



www.burmeseclassic.com

www.burmeseclassic.com



တွက်ပဲ ပေးနိုင်မယ်'

'သူတို့ကလည်း အဒေါ်ရယ် မတောင်းပါဘူး၊ တစ်လနှစ်ဆယ်သာ တောင်းနေတာပါ။ သုံးလေးလကြာမှ သူ့အမေတစ်ခေါက်လာပြီး ပိုက်ဆံယူမှာပေါ့'

အဒေါ်ကြီးသည် အိတ်ထဲမှ ဆယ်တန်နှစ်ချပ်ကိုထုတ်၍ ဒေါ်သဲမြစ်အား လှမ်းပေးလိုက်ရင်း . . .

'ခဏာ ခဏာလည်း ရှင်လာမနေနဲ့၊ ရန်ကုန်ဆိုတာ အင်မတန်စရိတ်ကုန်တာ' စသည်ဖြင့် ဗျစ်တောက် ဗျစ်တောက် မှာနေလေသည်။

'တစ်ခါတည်း ထားခဲ့မှာမဟုတ်လား၊ ထားခဲ့'

ဒေါ်သဲမြစ်သည် ငွေကိုယူလျက် လှနွယ်ကို ကြည့်လိုက်လေသည်။ လှနွယ်သည် မျက်လုံးများတဝိုင်းသားနှင့် အမေ့ကို ပြန်ကြည့်လျက် မိမိတစ်ခါတည်းနေရစ်ခဲ့ရတော့မည့်အရေးကို ဝမ်းနည်းလာကာ အမေ့ရှေ့တွင် မျက်ရည်မကျစေရန် ကြိတ်မှိတ်၍တင်းထားရသည်။

အဒေါ်ကြီးသည် ခွေးခြေမှထရပ်လျက် 'ကိုင်း မိုးမချုပ်ခင် ပြန်ကြတော့'ဟု ပြောဆိုကာ နှင်နေလေသည်။

ဒေါ်အေးကထ၍ အဒေါ်ကြီးအား နှုတ်ဆက်သဖြင့် ဒေါ်သဲမြစ်လည်း နှုတ်ဆက်ကာ လိုက်၍ထလာရာ၊ လှနွယ်သည် အမေနှင့်ကပ်၍ အမေ၏ လက်တစ်ဖက်ကိုဆုပ်ကိုင်ပြီး အပေါက်ဝသို့ လိုက်လာလေသည်။

လှနွယ်၏ရင်ထဲတွင် လှုပ်ရှားလာကာ၊ မျက်လုံးများမှာ ပူချစ်စပြုလာလေသည်။ အာခေါင်များမှာ ခြောက်သွေ့လာလျက် အခံရဆိုး၍ လာလေ၏။ တံခါးပေါက်ဝတွင် သူ့အမေ၏လက်ကို အသာအယာလွှတ်လိုက်လျက် . . .





'အမေ ဒီငွေနှစ်ဆယ်ကို ဒေါ်အေးကြီးကို ပွဲခပေးလိုက်နော်။ ကျွန်မအတွက်စိတ်ချ ဘာမှမပူနဲ့၊ နေထိုင်မကောင်းရင် ဒေါ်လေးပုတို့ပြောနော် စိတ်မကောင်းမဖြစ်ပါနဲ့ အမေရယ်. . .'

'မဖြစ်ပါဘူး လှနွယ်ရယ်'ဟု ခေါင်းကို ဖြည်းညင်းစွာမော့ရင်း အမေက ပြန်ဖြေလေသည်။ သို့သော် စိတ်တင်းထားသောလက္ခဏာကို ဆောင်နေသည့် လှနွယ်၏မျက်လုံးများနှင့် ဆိုင်ရသည်နှင့် အမေ့မျက်နှာသည် ပြန်၍ငိုက်ကျသွားလေ၏။

'အမေရယ် စိတ်မကောင်းမဖြစ်နဲ့ ဝမ်းသာပါ၊ ချောင်ချောင်လည်လည်ရှိအောင် လယ်လုပ်ကြဖို့ လာနေတာပဲဟာ၊ ပိုက်ဆံစုမိတော့ ပြန်မှာပဲ၊ အမေ နက်ဖြန် ငါးပိဖိုးတောင်းပြီး သန်ဘက်ခါ ရွာကိုပြန်နော် . . .'

ပိုက်ဆံဟူသောအသံမှာ အမေ၏နားထဲတွင် ခါး၍သွားလေသည်။ ဆင်းရဲ၍ သားအမိနှစ်ယောက် ခွဲရခြင်းကြောင့် အမေ့ရင်ထဲတွင် ဆူလှိုက်ပူလောင်လျက် ရှိပေသည်။

ဆင်းရဲကြလို့သာဟူသောအထင်အမြင်သည် အမေ၏နှလုံးအား နာကျင်ပြင်းပြလှသည့် ဝမ်းနည်းခြင်းဖြင့် လှုပ်ရှားစေလျက်ရှိပေသည်။

အမေသည် လှနွယ်ကိုပြောရန် စကားရှာမတွေ့နိုင်ပေ။ အမေသည် သူ့ခေါင်းကိုညိတ်၍ ပြလိုက်ရပေသည်။ ထို့နောက် လှနွယ်၏မျက်နှာကို ကြည့်နေလေသည်။ ဤသို့ကြည့်နေသောမျက်လုံးများတွင် နာကျင်မှု၏အရှိန်သည် မကွယ်ထောင့်သာဘဲ ညှို့ဆိုင်းလျက် ထွက်နေလေသည်။

'သွားတော့ အမေ'ဟု လှနွယ်သည် ခေါင်းကြီးကို ငုံ့၍ပြောလေ၏။

'ညည်းနေချင်လို့ ငါလာထားရတာ၊ ငိုမနေနဲ့နော်၊ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း မပူနဲ့'ဟု ဆိုလိုက်ရာ၌ ဒေါ်သဲမြစ်၏အသံမှာ လည်ချောင်းတွင် နစ်ဝင်လျက်ရှိလေသည်။ ခေါင်းကို ချာခနဲလှည့်ကာ မိမိအားရပ်စောင့်နေသောဒေါ်အေးကိုမှ သတိမထားဘဲ ခပ်သုတ်သုတ်လျှောက်သွားလေသည်။

'သွားမယ် လှနွယ်၊ ငါလာခဲ့ဦးမယ်၊ ညည်း ဒီအိမ်မှာမပျော်ရင် ငါတစ်အိမ်ပြောင်းပေးမယ် စိတ်ချ'ဟု ဒေါ်အေးက ပွဲခ နှစ်ထပ်ကွမ်းလိုချင်ကာ လှနွယ်ကို တိုးတိုးကပ်ပြောလျက် ဒေါ်သဲမြစ်နောက်သို့ လိုက်ပါ၍သွားလေသည်။

တံခါးပေါက်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ၌ လှနွယ်သည် ထိုနေရာတွင်ရပ်လျက် လမ်းပေါ်သို့ငေးကြည့်နေလေ၏။

သဘက်ကလေးကို ခေါင်းပေါ်တွင်တင်လျက် စိုက်စိုက် စိုက်စိုက်နှင့် လျှောက်သွားသောအမေ၏နောက်ပိုင်းကို မျက်စိတစ်ဆုံးစိုက်၍ကြည့်လိုက်လေ၏။ မျက်စိအောက်မှ ပျောက်ကွယ်သွားသောအခါ မျက်လုံးအိမ်တွင် မျက်ရည်တွေစုဝေးရောက်ရှိလာကြလေ၏။

နောက်ဆုံး အမေပြောသွားသောစကားများသည် ယခုအခါ လှနွယ်၏ရင်ထဲတွင် မျိုသိပ်ဖုံးဖိထားသည့်ပူဆွေးခြင်းနှင့် မြိုက်မိကာ လောင်ကြွ၍ လာလေ၏။

ငေးစိုက်လျက်ရှိသောလှနွယ်၏မျက်စိထဲတွင် ပြေပြစ်ညီညာလှသော လယ်ထဲရှိသလင်းကြီးနှင့် စပါးလှေ့နေသောသဏ္ဌာန်သည် ခပ်ဝေးဝေးဆီ၌ ပြန့်ပြန့်ပြူးပြူးကြီး ပေါ်ထင်၍လာလေသည်။ လေသည် စပါးအဖျင်း၊ အမြွာများကို သယ်ယူကာ လယ်ထဲတွင် ပြေးလွှားလျက်ရှိပေသည်။ တစ်မျှော်တစ်ခေါ်ကြီးရှိနေသော ထိုလယ်ကွက်တွေနှင့် မနီးမဝေးသောတဲတဲတွင် ယောကျာ်းတစ်ယောက်၏ မှုန်မွှားမွှားသဏ္ဌာန်သည် လှုပ်ရှားလျက် လက်တစ်ဖက်ကမ်းကာ ငွေ





လှမ်းပေးနေလေသည်။

'ဒီမှာဟေ့'

လှနွယ်သည် လက်ဖဝါးဖြင့် ပါးပေါ်က မျက်ရည်များကို လျင်မြန်စွာ ပွတ်သုတ်လျက် မီးဖိုဆောင်သို့ ခေါင်းလှည့်ကြည့်လိုက်ရာ အခန်းတံခါးဝဲ၌ တစ်ဘက်ခြံလျက် မိမိအား လက်ယပ်ပြခေါ်လိုက်သော မချောရင်နှင့် မျက်နှာချင်းဆုံမိသည်။

'အကြီး အပြင်မှာထင်တယ်၊ အဲဒီတံခါးပိတ်ခဲ့'

လှနွယ်သည် တံခါးနှစ်ချပ်ကို ဆွဲပိတ်ကာ မျက်နှာကိုပြင်လျက် အနားသို့ လျှောက်သွားလေသည်။ ချိုမြသောမချောရင်၏မျက်နှာသည် လှနွယ်၏စိတ်ကို ချမ်းသာသွားစေလေသည်။ မချောရင်သည် လှနွယ်၏ နီရဲနေသောမျက်နှာကို ကရုဏာသက်စွာဖြင့်ကြည့်လျက် 'လာ. . . လာ'ဟု ညင်သာစွာ ခေါ်သွားလေသည်။

အခန်းထဲသို့ ဝင်မိလျှင် နံရံနှင့်ကပ်မှီထားသောဗီရိုစင်ပေါ်၌ တဖိတ်ဖိတ်လက်နေသောဖန်ခွက်တွေကို အရင်မြင်ရသည်။ စင်အောက်ဗီရိုခုံပေါ်၌ ဖန်ပန်းကန်ခွက်ကြီးများနှင့်ထည့်ထားသည့် ပန်းသီးများမှာ ကြက်သွေးရောင်ရင့်ရဲနေပေလျက် တစ်လုံးပေါ်တစ်လုံး ဆင့်နေကြသည်။

ဗီရိုအနီးရှိ ကုလားထိုင်များ ဝိုင်းထားသည့်လေးထောင့်စားပွဲခုံကြီးကို ဖြူဖွေးသောအဝတ်ကြီးခင်းလျက် ခုံပေါ်တွင် ပန်းကန်များမှောက်ထားသည်။ တုံးလုံးဗီရိုတစ်လုံးမှာ စားပွဲတစ်ဖက်တွင် ချထားလျက်၊ မုန့်သေတ္တာဘူး၊ ယိုပုလင်း၊ ထောပတ်ခွက်၊ ပန်းစိုက်အိုး စသည့် ပစ္စည်းများကို အပေါ်၌တင်၍ထားသည်။

မချောရင်သည် မီးဖိုမှ ဝင်ဝင်ချင်း ထမင်းစားခန်း၏ ဘယ်ဘက်အခန်းထဲသို့ ခန်းဆီးအပြာကို လက်နှင့်ဖယ်ကာ ဝင်၍သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်၌ မြင်ရသောအိမ်ထောင်ပရိဘောဂ အခင်း အကျင်း အဆောင်အယောင်များသည် လှနွယ်ကို အံ့အားများပင်သင့်၍ သွားစေလေ၏။ ထမင်းစားခန်းထဲတွင် ဝမ်းသာသလိုလို ပျော်သလိုလို ဘယ်လိုရယ်လို့ပင် တိတိကျကျမဖော်ပြနိုင်သောစိတ်မျိုး ဖြစ်ပေါ် သွားကာ ခန်းဆီးကို လက်နှင့်ဖယ်၍ အခန်းထဲသို့ လိုက်ဝင်သွား လေသည်။

မချောရင်သည် မှန်ခုံရှေ့တွင် ကြိမ်ထိုးသစ်သား ထိုင်ခုံပုက လေးပေါ်တွင်ထိုင်ချကာ သူ့မျက်နှာကို မှန်ထဲတွင်ကြည့်လျက် လက် ထဲက သွားပွတ်တံနှင့် မျက်ခုံးများကို ဆွဲခြစ်လေသည်။

လှနွယ်မှာ . . . ဒီအခန်းကလည်းတစ်မျိုး . . . ဟု အံ့သြလျက် ခုတင်ခြေရင်းတွင်ရပ်ကာ မိမိရောက်ရှိနေသောဘဝတစ်မျိုးကို မမြင် ဖူးသောအမူအရာဖြင့် ဟိုကြည့် သည်ကြည့် လှည့်ပတ်ငေးမော ကြည့်ရှုနေမိသည်။

တစ်ယောက်အိပ် ခုတင်တစ်လုံးကို အခန်းနှင့် အလျားလိုက် ဆင်ခင်းထားလျက် ပန်းပွင့်အဖြူ အဝါ အနားကွပ်အိပ်ရာဖုံး အဝတ် စိမ်းစိမ်းကြီးနှင့် ခုတင်ကို ဖုံးအုပ်ထားသည်။

ခုတင်နားတွင် စားပွဲခုံအသေးတစ်လုံးရှိသေးသည်။ စားပွဲပေါ် တွင် စာအုပ်များ ပုံတင်ထားလေသည်။ စားပွဲနှင့် တစ်ဖက်တည်း အခန်းထောင့်တွင် မှန်ခုံရှိလျက် ခုတင်ခြေရင်းဘက်နှင့် တစ်ဆက် တည်း အခန်းထောင့်ဖက်တွင်ရှိ အခန်းနံရံကို ပြန်ကျောပေးနေသော အဝတ်ဗီရိုကြီးတစ်လုံးရှိလေသည်။ အခန်း၏ကြမ်းပြင်ပေါ်တွင် ဖုံမှုန့် ဟူ၍ မရှိဘဲ လျှာထိုးပျဉ်များမှာ ချောပြောင်နေလေသည်။

မချောရင်သည် မှန်ထဲမှ လှနွယ်ကိုကြည့်လျက် 'ဒီကိုလာခဲ့ကွယ်' ဟု ခေါ်လိုက်သည်။ လှနွယ်သည် မချောရင်နားသို့ အသာဖြည်းဖြည်း





လျှောက်သွားပြီး မှန်ခုံနားရှိ ဘေးပြတင်းပေါက်ကို ကျောခိုင်းကာ မချောရင်နှင့် မျက်စောင်းထိုးရပ်နေလေသည်။

'မင်းနာမည် ဘယ့်နှယ်ခေါ်သလဲ'

'လှနွယ်'

မိမိအား မကြည့်ဘဲ မှန်ကိုသာ ကြည့်မြဲကြည့်လျက် တို့ပတ် နှင့်ပေါင်ဒါကိုတို့ယူကာ ပါးပေါ်တွင်ဖို့နေလေ၏။

ပခုံးပေါ်၌ ခြုံထားသောတဘက်မှာ ဘေးဘက်သို့လျှောကျလျက် ရှိသည်။ လည်တိုင်နှင့် တစ်ဆက်တည်းပေါ်နေသော မောက်နေသည့် ရင်ညွန့်သည် ညနေစောင်း နေရောင်တွင် ဝင်းပနေသည်။ ပေါင်ဒါ တို့ပြီး၍ မျက်နှာကို ဘယ်လှည့် ညာလှည့် ကြည့်လျက် နှုတ်ခမ်းကို သျှာဖျားနှင့် မထိတထိစိုက်တို့နေကာ နှုတ်ခမ်းချင်း ညီညီညာညာ ဖိထပ်လိုက်ပြီးမှ လှနွယ်ကို လှမ်းကြည့်လေသည်။

'သနပ်ခါး သွေးတတ်တယ်မဟုတ်လား'

လှနွယ်သည် ပြုံးချို၍မေးနေသောစကားကို ပြန်၍ပြုံးကာ ခေါင်းညိတ်ပြလိုက်လေ၏။

မှန်ခုံအောက်တွင် သွင်းထားသော ကျောက်ပျဉ်ကိုဆွဲထုတ်လျက် မှန်ခုံအံဆွဲကိုဆွဲကာ အထဲမှ သနပ်ခါးတုံးကိုယူ၍ ကျောက်ပျဉ်ပေါ် တွင် တင်ပေးလိုက်သည်။

လှနွယ်သည် ကြမ်းပြင်ပေါ်တွင် ပုဆစ်ဒူးတုပ် ထိုင်ချလိုက်ကာ ကျောက်ပြင်ကို မိမိရှေ့တည့်တည့်သို့ ရွှေ့ယူလေသည်။ မချောရင် သည် မှန်ခုံပေါ်၌ ဇွန်းတပ်ထားသောရေပုလင်းကလေးကို ကျောက် ပြင်နားသို့ တည့်တည့်လှည့်ထိုင်လိုက်သည်။

လှနွယ်သည် ပုလင်းထဲကရေကို ဇွန်းနှင့်ခပ်ယူကာ ကျောက်ပျဉ် ပေါ်တွင် လောင်းလျက် သနပ်ခါးကို စတင်၍သွေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖိမသွေးနဲ့လေ၊ အဖတ်တွေ ထွက်ကုန်တော့ ကြမ်းတာပေါ့ အသာ ခပ်ရွရွကလေး သွေးရတယ်'

လှနွယ်မှာ မချောရင်ကို မော့၍တစ်ချက် ပြုံးပြလျက် ထိုနောက် ခေါင်းမှာ ကျောက်ပြင်ပေါ်သို့ ပြန်ငိုက်ကျသွားလေသည်။ မချောရင် ပြောသည့်အတိုင်း အားမစိုက်ဘဲ ခပ်ရွရွသွေးနေလေသည်။

မိမိအား လုပ်ပုံကိုင်ပုံ အစစအရာရာ အကဲခတ်လျက် ထိုင်ကြည့်နေမှန်းကိုသိ၍ စိတ်တိုင်းကျဖြစ်စေရန် ကိုယ်ကိုယိမ်းထိုး၍ ဖွဖွရွရွ သွေးနေလေ၏။

'တောမှာ ဘာလုပ်သလဲ'

လှနွယ်သည် သွေးနေရာ ခေတ္တရပ်ဆိုင်းကာ ပုလင်းထဲမှရေကို လှမ်းခပ်လျက် 'စုံနေတာပဲ အစ်မရယ်၊ ဈေးလည်းရောင်း၊ ကောက်လည်းစိုက်၊ ကောက်သင်းလည်းကောက်၊ ငါးပိလည်းလုပ်'ဟု ပြော၍ ကျောက်ပျဉ်ပေါ်တွင် ရေစက်ချကာ သွေးပြန်လေသည်။

'အဖေရှိသလား'

'ရှိတယ်. . .'

'ဒီလိုမပြောရဘူးကွယ့်၊ ရှိပါတယ်လို့ ယဉ်ယဉ်ကျေးကျေး ပြောရတယ်၊ အစ်မပြောတာ မမေ့နဲ့၊ သင်ပေးတာကို မှတ်ထားနော် ဟုတ်လား'

လှနွယ်သည် ဆတ်ခနဲ ရပ်လိုက်လေသည်။

စဉ်းစားသည့်အမူအရာဖြင့် ကြမ်းပြင်ကို စိုက်ငေးနေကာ ခေါင်းတစ်ချက်ညိတ်၍ မချောရင်၏ တည်ငြိမ်သောမျက်နှာကို ရှိသေလေးမြတ်သောကြည့်ခြင်းဖြင့် မော့ကြည့်လျက် 'ဟုတ်ကဲ့' ဟု ပြုံးပြောလေသည်။

ကျောက်ပျဉ်ပေါ်တွင် သနပ်ခါးများ ပျစ်ထူလာမှ ရေစက်ကလေးကို တစ်စက်တစ်စက်ချလျက် အသာအယာ သွေးနေလေရာ၊ ဝါဝင်း ပျစ်ခဲသောသနပ်ခါးများသည် တော်တော်နှင့် အောက်သို့မကျနိုင်ဘဲ သနပ်ခါးတုံးနှင့် တွန်းချပေးမှပင် ပျစ်ပျစ်နှစ်နှစ်ကြီး ကျဆင်းသွားလေ၏။

သနပ်ခါးကို ရေကျဲကျဲ ခပ်သွက်သွက် သွေးမချဘဲ စိတ်ရှည်လက်ရှည် ဖြည်းဖြည်းဆေးဆေး သွေးနေသောစိတ်သဘောကို အကဲခတ်လျက် မချောရင့်မှာ လှနွယ် နားမထေးမှန်း ကျေနပ်နှစ်သိမ့်သွားမိသည်။

'အဖေကရော ဘာအလုပ်လုပ်သလဲ'

လှနွယ်သည် ခစ်ခနဲ ရယ်လိုက်လေသည်။ ထိုနောက် မချောရင့်ရှေ့တွင် သတိလစ်ကာရယ်မိခြင်းကို လှပ်ခနဲ ရင်ထဲ၌ ဖြစ်သွားလျက် ဣန္ဒြေရရ 'ဘုန်းကြီး လုပ်တယ်' ဟု ပြန်ပြောလိုက်သည်။

'ဘုန်းကြီး လုပ်ပါတယ်လို့ ပြောရတယ်'

လှနွယ်သည် ပူထူသွားလေသည်။ ပြောထားရက်သားနှင့် မေ့ရမလားဟု သူ့ကိုယ်သူ အပြစ်တင်ကာ မျက်နှာတွင် သွေးရောင်လျှမ်းလျက် မလုံသလို ရှက်ကိုးရှက်ကန်း ဖြစ်သွားလေသည်။

'ဘုန်းကြီးဝတ်တာ ကြာပြီလား'

'ဟုတ်ပါတယ် အစ်မ၊ ကြာပါပြီ အစ်မ၊ ကျွန်မ ငယ်ငယ်ကပါပဲ'

လှနွယ်သည် ရယ်ချင်လာသည်။ မချောရင် သင်ပေးသည့်အတိုင်း စကားကို 'ပါ' ကို ထည့်ပြောရခြင်းမှာ အကျင့်မရှိသဖြင့် သွက်သွက်လက်လက် ပြော၍မရဘဲ ထောက်နေကာ တစ်လုံးနှင့်တစ်လုံး ဖြည်းဖြည်းလေးလေးကြီး စီပြောရ၍ ရယ်ချင်လာသည်။

'ညီအစ်ကို မောင်နှမကော ရှိသလား'

'မရှိဘူး၊ ဩော်၊ မရှိပါဘူး'





သီဟာရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မချောရင်သည် လှနွယ်ကို ပြုံး၍ ကြည့်လျက် 'တော်တော့ တော်တော့' ဟု ဆိုလိုက်သည်။

ကျောက်ပျဉ်ပေါ်မှ သနပ်ခါးများကို လက်ဝါးနှင့် သုတ်ယူလျက် လက်မောင်းများကို သာသာ ညင်းညင်း လူးနေလေ၏။ လက်မောင်း နှစ်ဖက်လူးပြီးလျှင် ကျောက်ပျဉ်ပေါ် သနပ်ခါးမရှိ၍ ကျောက်ပျဉ် အောက်က သနပ်ခါးများကို လက်ညှိုးနှင့် ကော်တင်ပြီး လက်ခုပ် ထဲတွင် ထည့်ကာ ခြေသလုံးများကို လူးပြန်လေ၏။

သနပ်ခါးများ ခြောက်သွေ့လာလျှင် ဖင်ထိုင်ခုံကလေးမှထ၍ ဗီ ရိုကို သွားဖွင့်လေသည်။ ဗီရိုထဲတွင် မြင်လိုက်ရသောအဝတ်အထည် များမှာ အရောင်မျိုးမျိုး စုံနေလျက် 'များလိုက်တာဟယ်' ဟု စိတ် ထဲတွင် ရွတ်ဆိုမိသည်။ မချောရင်သည် ဗီရိုအပေါ်ဆင့်မှ ဘော်လီ အင်္ကျီတစ်ထည်ကို ရွေးယူလျက် ကိုယ်ပေါ်ကသဘက်ကို တန်းပေါ် တွင် လွှားတင်လိုက်ပြီး ဘော်လီကြိုးကို လက်လျှို၍ ဝတ်လေသည်။ လှနွယ်သည် လက်သေးသေးနှင့် ခါးတစ်ဝက်ရောက်နေသောဇာများကို နောက်မှ ထိုင်ငေးကြည့်နေသည်။

လှနွယ်ကို ကျောပေးထားကာ ရင်ရှားဖြုတ်လျက် ခါး၌ချဝတ်ပြီး ဘော်လီအင်္ကျီကြယ်ဆေ့များ တပ်နေရာမှ 'အဝတ်အစားအပိုပါသလား' ဟု မေးနေလေသည်။

'ဟုတ်ကဲ့ ပါပါတယ် ကျွန်မ ခါးထဲမှာပါ'

'ဘာ. . . .' ဟု မချောရင်သည် လည်တိုင်ကိုငဲ့လျက် လှည့်၍ မေးလေရာ လှနွယ်က၊ 'ထဘီနှစ်ထပ် ဝတ်လာပါတယ် အစ်မရဲ့'ဟု ထဘီကို ကိုင်ပြသည်။

'အင်္ကျီကော'

မချောရင်သည် လည်ပင်းကို လိမ်၍ပင် လှနွယ်၏ အဖြေကို စောင့်နေလေသည်။

'အင်္ကျီတော့ အကောင်းဆိုလို့ ဒါပဲ ရှိတယ်အစ်မ'

'ဩော် အင်္ကျီအပိုမပါဘဲကိုး. . .'

မချောရင်သည် ဘော်လီအင်္ကျီဝတ်ပြီးလျှင် နိုင်လွန်အင်္ကျီတစ် ထည်ကို ထပ်ဝတ်၍ ခုံပေါ်၌ ပြန်ထိုင်ကာ အင်္ကျီကြယ်ဆေ့တပ် နေသည်။ အင်္ကျီကြယ်ဆေ့တပ်ပြီးမဝတ်ခင် မှန်ခုံပေါ်ရှိ ပေါင်ဒါဘူး အရှည်ကြီးထဲမှ ပေါင်ဒါမှုန့်များကို လက်ဖဝါးပေါ်တွင် လှူပ်ချလျက် အင်္ကျီရင်ဖုံးအောက်က လက်လျှိုကာ ချိုင်းနှစ်ဘက်လို ပွတ်လေသည်။

သင်းပျံ့သောရနံ့သည် တစ်ခန်းလုံး တထောင်းထောင်း မွှေး ကြိုင်သွားလေ၏။ ထိုရနံ့သည် နှာခေါင်းတွင် သင်းမြမြမွှေးလျက် ရင်ထဲတွင် ချိုအေးသွား၍ လှနွယ်သည် လေထဲတွင် ဝေ့နေသော အနံ့ကို အရဖမ်းကာ ရှူရှိုက်နေပေသည်။

မချောရင်သည် ဗီရိုထဲမှ ရှုံသားအင်္ကျီတစ်ထည်ကို ဆွဲထုတ် သာလျက်၊ မှန်တင်ခုံပေါ်ရှိ စက္ကူဘူးထဲမှ အပ်နှင့်အပ်ချည်ကို ထုတ် ယူကာ အင်္ကျီ၏လက်ဖျားအောက်နား ကိုယ်ထည်များကို သေးငယ် အောင် ကျဉ်းလျက် နပတ်ခေါက်ချုပ်နေလေ၏။

လှနွယ်သည် ကျောက်ပျဉ်ကို မှန်ခုံအောက်တွင် သွင်းလျက် ရေပုလင်းကို မှန်ခုံပေါ်သို့ အသာလှမ်းတင်ပြီး မချောရင်ဘေးတွင် ထိုင်ကာ အင်္ကျီချုပ်နေသည်ကို ကြည့်နေသည်။

'ထစမ်း တိုင်းကြည့်စမ်းမယ်'

မချောရင်သည် အင်္ကျီမှ အပ်ချည်ကြိုးကို ပါးစပ်နှင့် ကိုက်ဖြတ် လျက် အင်္ကျီကို လှနွယ်ကိုယ်နှင့် ကပ်၍ မှန်းတိုင်းကြည့်လိုက်သည်။

'တော်တော်ကြာတော့ ရေချိုး၊ ခါးထဲကအင်္ကျီကို လျှော်လိုက်ပြီး ဒါးကိုဝတ်၊ ဘော်လီတော့ နက်ဖြန်မှ ဝယ်ပေးမယ်'







www.burmeseclassic.com

www.burmeseclassic.com



လှနွယ်သည် ရှုံသား အပွင့်ရိုက် အင်္ကျီကလေးကို ကိုင်ကြည့်လျက် စိတ်ထဲတွင် အတိုင်းမသိ ကြည်နူးသွားလေ၏။

'ဒီလုံချည်ကို ရေချိုးခန်းမှာ သွားလွှား၊ ပြီးတော့ အိမ်ရှေ့ကို လာခဲ့နော်. . .'

မချောရင်သည် လုံချည်နီနီအသစ်ကို လဲဝတ်လျက် မှန်ကို တစ်ချက်ရှုပ်ကြည့်လိုက်ပြီးလျှင် အခန်းထဲမှ ထွက်သွားလေသည်။

မချောရင်၏ကိုယ်မှ ကြိုင်နေသောအမွှေးနံ့များမှာ အခန်းထဲတွင်ကျန်ရစ်ခဲ့၍ လှနွယ်သည် ထုံသင်းလှသောရနံ့အဟုန်တွင် နစ်မြုပ်ကာ မိန်မိန်ကြီး ရှိုက်ရှူလေလျက် ကြမ်းပေါ်ကလုံချည်ကို ကုန်းကောက်ယူ၏။

ရေချိုးခန်းထဲတွင် လုံချည်ကို သွားလှမ်းလိုက်ပြီးလျှင် အိမ်ရှေ့သို့ထွက်ရန် ထမင်းစားခန်းထိပ်အပေါက်သို့ ရောက်လာလေသည်။ ထိုအပေါက်မှ ဧည့်ခန်းဆောင်ကို မြင်ရလေ၏. . .။

ဧည့်ခန်းဆောင်ထဲရှိ ဆိုဖာ၊ ကော်ဇော်၊ ရေဒီယို စသည့် လူကုံထံပစ္စည်းများသည် တောမှ ယနေ့အိမ်သို့ ရောက်ရှိလာသောလှနွယ်တို့ မောက်ကြွားလျက် ဝိုင်းထည်ဝါကြလေသည်။ လှနွယ်သည် မျက်လုံးမျက်ဆန်ပြူး၍ 'ငါဘယ်များရောက်နေပါလိမ့်' ဟု သူ့ကိုယ်သူ အိပ်မက်သလို ဖြစ်နေလေသည်။

'အဘပြောတဲ့ နတ်ပြည်ဆိုတာ ဒီလိုနေမှာပဲထင်ပါရဲ့' ဟုလည်း ရှူးရှူးပေါပေါတွေးတောမိကာ ဧည့်ခန်းထဲသို့ အသာ မရဲတရဲ ထွက်လာလေသည်။

အကြီးသည် ဆိုဖာပေါ်တွင်မှီထိုင်လျက် ခေါင်းမော့ကာ ဘုရားတာဖတ်နေလေ၏။ မချောရင်မှာ အိမ်ရှေ့သံဆွဲ တံခါးမှ လမ်းမသို့ ရပ်ကြည့်နေ၏။ လှနွယ်သည် နောက်မှ ရပ်လျက်. . .





'အစ်မ ကျွန်မ လာပါပြီ' ဟု လှမ်းပြောလိုက်သည်။

မချောရင်မှာ နောက်သို့ လှည့်မကြည့်ဘဲ 'ရေချိုးခန်းထဲက သံပုံးနဲ့ ရေထည့်ပြီး ဟောဒီပန်းအိုးတွေကို လောင်းစမ်းကွယ်' ဟု ပြောလေသည်။

လှနွယ်သည် ရေချိုးခန်းကို အမြန်သွားလျက် ရေသံပုံးကို ဆွဲထွက်လာရာ မချောက တံခါးဖွင့်ပေးသည်။

အခန်း| ၁၂ |

'ဒီမှာကြည့်နော်၊ အဝတ်ကို ဟိုယမ်း ဒီယမ်း မလုပ်ရဘူး၊ ကြမ်းကို သူ့အကြောင်းနဲ့သူ အရှည်လိုက် တိုက်သွားရတယ်။ ရေကလည်း ရွှဲနေအောင် မဆွတ်ရဘူး၊ ရေဆွတ်ပြီး အဝတ်ကို ညှစ်ပစ်ရတယ်၊ အဝတ်စိုစိုနဲ့ ဟိုဘက် ဒီဘက် လှန်တိုက်ပေးလို့ မည်းလာရင် တစ်ခါ ရေခွက်ထဲ အဝတ်နှစ်ပြီး ချေးရေတွေ စင်သွားအောင် ညှစ်ချလိုက်ရတယ်၊ မြင်လား အစ်မတိုက်တာ၊ အဲဒီလို တိုက်နော်'

လှနွယ်သည် မချောရင် လက်မှအဝတ်ကို ယူလိုက်ကာ လက်ထပ်ပြပေးနေသည့်အတိုင်း ကြမ်းပေါ်တွင် ဒူးကိုထောက်လျက် ရေစိုအဝတ်နှင့် ကြမ်းကို အရှည်လိုက် ပွတ်တိုက်လေ၏။

ကြမ်းပေါ်၌ နောက်ဆုတ် နောက်ဆုတ်နှင့် ပွတ်တိုက်လာရင်းသည်အလုပ်မှာ ကောက်စိုက်အလုပ်လောက် မခဲယဉ်းဘူး၊ မပင်ပန်းဘူးဟု အောက်မေ့မိသည်။

ကြမ်းပြင်ကို စေ့စေ့စပ်စပ် စင်စင်ကြယ်ကြယ် တိုက်နေပုံကို မှားစွာမှ စိတ်တိုင်းကျလျက် အသင်ရမခဲယဉ်းဘဲ ပါးနပ်ခြင်းရှိမှန်းကို



www.burmeseclassic.com

www.burmeseclassic.com



အားရကျေနပ်ကာ ဧည့်ခန်းမှ ထွက်သွားလေသည်။

မချောရင်မှာ မိုးမလင်းခင် အိပ်ရာက ထတတ်လေသည်။ အိပ်ရာမှထတာနှင့် မီးသွားမွေးလျက် ဖိုပေါ်တွင် ရေနွေးအိုးတည်ထားလိုက်ပြီးမှ မျက်နှာသစ်ကာ ကိုယ်လက်သုတ်သင်လေသည်။

မိုးမလင်းသေးသဖြင့် အိမ်တံခါးများကို မဖွင့်သေးခင် မီးဖွင့်၍ ဧည့်ခန်းကိုဖုန်ခါလေသည်။ အဝတ်တစ်ခုနှင့်ကုလားထိုင် စားပွဲပစ္စည်းများကိုပွတ်တိုက် သုတ်သင်ပြုပြင်ပြီးနောက် ရှေ့ဦးစွာ ကော်ဇောပေါ်မှ အမှိုက်များကို အုန်းတံမြက်စည်းတိုကလေးနှင့် လှည်းချပြီးမှ ကြမ်းပြင်ကို ကြက်မွေးနှင့် လှည်းလိုက်လေသည်။

ဧည့်ခန်းပြီးလျှင် ထမင်းစားခန်း အိပ်ခန်း မီးဖိုခန်းစသည်ဖြင့် အကြီးတံခါးပိတ်အိပ်နေသည့် အခန်းမှလွဲ၍ တစ်အိမ်လုံးလျှောက်လှည်းကျင်းလေသည်။

ထိုနောက် သံပုံးတွင်ရေထည့်လျက် အဝတ်နှင့်ကြမ်းပြင်များ အနှံ့အစပ် သုတ်သင်ပွတ်တိုက်လေ၏။ ကြမ်းတိုက်နေရင်း ရေနွေးအိုးဆူမဆူထ ကြည့်လျက် ရေနွေးဆူနေလျှင် ရေနွေးအိုးကိုချကာ ဒန်အိုးထဲတွင်ဆန်ထည့်၍ဆေးကြောလျက် ဖိုပေါ်တွင်ထမင်းအိုးတင်ခဲ့ပြီးမှ ကျန်သောနေရာများကို ဆက်လက်၍တိုက်ပြန်လေ၏။

ကြမ်းတိုက်ပြီးလျှင် ထမင်းစားခန်းရှိ စားပွဲခုံပေါ်တွင် အဝတ်ခင်းပေါ်တွင် အဝတ်ခင်းလျက် လက်ဖက်ရည်သောက်ရန် ပန်းကန်ခွက်ယောက်နို့ခွက် သကြားဘူးများကို ခင်းကျင်းကာ စားပွဲပြင်ထားလိုက်သည်။

ထမင်းအိုးဆူ၍ ငှဲ့ပြီးသလောက်တွင်ပင် မိုးမှာ လင်းလာလေသည်။

ကျေးငှက်သာရကာကလေးများသည် သိုက်မြုံထက်မှထကာ





ဘေးချိုချို ကျူးရင့်နေသည့်အလား အိမ်နားပတ်လည်တစ်ဝိုက် တဆိုကျီအော်မြည်၍ပျံသန်းနေကြလေသည်။ မချောရင်သည် ပြတင်းတံခါးများကို တစ်ပေါက်မကျန်လျှောက်ဖွင့်လျက် ပြတင်းပေါက်အပြင်သို့ ခေါင်းပြူကာမျှော်ကြည့်နေလေသည်။

သာယာကြည်နူးဖွယ်ရာကောင်းသော နံနက်ခင်းရှုခင်း၏အလှအပကို ခံစားကြည်မြ၍လာ၏။ နုပျိုလန်းဆတ်သောလေကလေးသည် သိုယ်လက်လှုပ်ရှားထား၍ မောဟိုက်နေသောနှလုံးကို တိုးဝှေ့ပွတ်သပ်လျက် အမောပြေ အကြည်ဓာတ်ပက်ဖျန်းပေးကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ဆိတ်ငြိမ်အေးချမ်းစွာဖြင့် ပကတိရိုးရိုးကလေးဖြစ်နေခြင်းပင် ချစ်စရာကောင်းနေပေ၏။

မချောရင်သည် ကောင်းကင်မှ ထွက်ပြူစ နေမင်းနှင့် နံနက်စဉ်လွှတ်တမ်း မျက်နှာချင်းဆုံကြည့်သည်။ တစ်ခါတစ်ရံ နေလုံးတွင် ကမကွယ်သေးသောလဝန်းကိုပါ တွေ့ဆုံကာ ကြည်ပြာဖြူသင်းနေသောမိုးသားကို ငေးမျှော်၍ တဖက်သတ် ကြည်နူးမိတော့သည်။

နံနက်ဦး၏ ငြိမ်ဝပ်သာယာလှပခြင်းကြောင့် အလှဓာတ် အကြည်ဓာတ်တို့ တစ်ကိုယ်လုံးသို့ ပျံ့နှံ့၍ သွားလေ၏။ တစ်ကိုယ်လုံးတွင် အေးမြကြည်လင်ကာ မွေးကြိုင်၍လာလေသည်။ အင်အားကိုဖြည့်တိုး၍ ပေးဘိသကဲ့သို့ တက်ကြွလန်းဆန်း၍ သွားလေသည်။

သွက်လက်ပေါ့ပါးလှသော ခြေလှမ်းများဖြင့် ပြတင်းပေါက်မှ ခွာခဲ့လျက် မီးဖိုထဲသို့ သုတ်ခြေတင် ဝင်သွားလေ၏။ ထို့နောက် ဆွမ်းခူးအာ ဆွမ်းတော်ခွက်ကို ပြင်ရင်းဆင်ရင်း အလုပ်ရှုပ်နေလေ၏။ ပန်းကန်ခွက်ယောက်များကို အသံမကြားရအောင် သတိထား၍ ကိုင်တွယ်ပြင်ဆင်ပြီး လက်ဖဝါးပေါ်တွင် ဆွမ်းဘော်ပန်းကိုတင်လျက် ဘုရားခန်းသို့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးမှာ အိပ်ရာထဲမှ မချောရင်၏ တိုးတိုး တိုးတိုး ဘုရားရှိခိုးနေသံနှင့် ဆုတောင်းနေသံများကို အတန်ကြာ နားထောင်၍နေလေသည်။ ထို့နောက် ကိုယ်ပေါ်မှ စောင်ကိုခွာ၍ တံခါးထဖွင့်ကာ ကြမ်းပြင်ကို ရုပ်တိုက်လျက် အခန်းထဲမှ ထွက်လာလေသည်။

လက်ဖက်ရည်စားပွဲတွင် မချောရင်သည် သတင်းစာကို စိမ်ပြေနပြေဖတ်ကာ စိတ်ဝင်စားနေ၍ ရှေ့မှထိုင်သောက်နေသောအကြီးက 'အေးကုန်တော့မယ်' ဟု သတိပေးရသည်။ သတင်းအထူးအဆန်းပါလျှင် မချောရင်သည် အကြီးအား ဖတ်ပြတတ်လျှက် ဘယ်သို့ဘယ်ညာ ဝေဖန်ပြောဆိုနေပေသည်။

အကြီးက 'ကိုင်း ဘာစားမလဲ' ဟု မေးလိုက်မှပင် 'အကြီးချက်ချင်တာ ဝယ်ခဲ့ပါ' ဟု ပြောကာ သတင်းစာကို တစ်စောင်လုံးကုန်အောင် ထိုင်ဖတ်နေလေ၏။

အကြီးဈေးသွားနေခိုက် မချောရင်သည် ညဦးက စိမ်ထားသောအဝတ်များကို ကပျာကယာ လျှော်ဖွပ်လျက် အိမ်ဘေးရှိ ကြိုးတန်းတွင် ထွက်၍လှမ်းလေသည်။

မော်တော်ကားသံများမှာ လမ်းထဲတွင် တစ်စီးပြီးတစ်စီး ဖြတ်ကာညံလာနေသည်။ 'အီကြာကွေး' ဟု လေးတွဲ့တွဲ့ အော်ဟစ်နေသောတရုတ်ကြီး၏အသံနောက်တွင် စောစောစီးစီး ဆိုင်းထမ်းနှင့် လမ်းထဲသို့ဝင်လာသောအညာသားကြီး၏ 'မုန့်ဟင်းခါး'. . . ဟု အုပ်တုပ်တုပ်အောင့်ညစ်အော်လိုက်သောအသံသည် တစ်လမ်းလုံး အော်သွားလေသည်။

အိမ်ခန်းထဲရှိ စားပွဲခုံပေါ်ကနာရီကို လှမ်းကြည့်ပြီးလျှင် ကုလားထိုင်တွင် ဝင်ထိုင်ကာ ယနေ့အဖို့ ကျောင်းသားများအား ပြသမည့်စာပေများကို ရွေးချယ်မှတ်သား စိစစ်နေလေ၏။





မချောရင်သည် အင်္ကျီလိပ်များ ပြန်ဝင်လာပြီးမှ ဆရာမအဖော်သင်ယောက်နှင့် စပ်တူ ဂျူဒါအီစကယ်လမ်း ယခု သိမ်ဖြူလမ်းတွင် အခန်းတစ်ခုငှားကာ အလွတ်ပညာသင်ကျောင်းဖွင့်လျက် ကျောင်းသားများအား စာသင်လေသည်။

စစ်ပြီးခေတ် စကောစကအရွယ် ကျောင်းသားများ၏ ပညာရေးအခြေခံမှာ ရှေးကထက် ဆုတ်ယုတ်နိမ့်ကျလှသဖြင့် ဖြတ်လမ်းနည်းနှင့် အမြန်တတ်မြောက်စေရန် အပတ်တကုတ် ကြိုးစားအားထုတ်၍သင်ပြရသည်။ နံနက်တိုင်း ကျောင်းမသွားခင် ကျောင်းစာများကိုအစီအစဉ်ထိုင်လုပ်ရသည်။

အကြီးဈေးမှပြန်လာသောအခါ ဈေးခြင်းထဲတွင်ပါလာသောဟင်းချက်ဟင်းသီးများကို ကူညီသင်ခြွေ လှီးဖြတ်ပေးလေသည်။

မီးဖိုဆောင်၏ လက်စမသိမ်းနိုင်အောင် ကြွယ်ဝပေါများလှသောအလုပ်များကို ဝိုင်းလုပ်နေစဉ် 'အချိန်နီးပြီထင်တယ် ရေချိုးတော့' ဟု အကြီးက အခါခါ နှိုးဆော်လေမှ မီးဖိုမှ ထွက်ခဲ့ကာ ခေါင်းဖြီး၍ ရေချိုးပြီး ဖြီးလိမ်းကာ အဝတ်အစားလဲရသည်။

မိမိ ဖြီးလိမ်းနေစဉ် အကြီးပြင်ပေးထားသော ထမင်းစားပွဲသို့သွားထိုင်ကာ နံနက်စာကို စားလေသည်။ ကိုးနာရီထိုးလျှင် မချောရင်သည် အိမ်မှထွက်ခဲ့ကာ လမ်းထိပ်၌ ဘတ်(စ်)ကားကို တက်စီးလျက်ကျောင်းဘက်သို့ သွားလေသည်။

ထိုသို့ နံနက်ခင်းပြုလုပ်နေကျ မိမိ၏အိမ်လုပ်ငန်းများကို လှနွယ်ရောက်လာ၍ လှနွယ်အား တစစလွှဲပြောင်းကာ သင်ပြ၍ပေးလေသည်။ လှနွယ်ကို မိုးမလင်းခင် မချောရင်က နှိုးလေသည်။

လှနွယ်သည် အိပ်ရာမှထထချင်း မီးမွေး၍ ရေနွေးအိုးဖိုပေါ်တင်ပြီး မျက်နှာသစ်ကာ ခေါင်းဖြီး၍သည်။ ထိုနောက် ဖုန်သုတ်



www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်းလှည်း ကြမ်းတိုက်အလုပ်များကို နေ့တိုင်းလက်ထပ်သင်၍ သွားလေသည်။ အလုပ်လုပ်နေစဉ် မချောရင်သည် ဘေးမှရပ်ကြည့်လျက် နှုတ်နှင့်တတွတ်တွတ် တဖွဖွ စည်းကမ်းကျအောင် လိုက်ပြောပြနေသည်။

'ကြည့်ထားနော်... ဟောဒီ ကုလားထိုင်တွေကို ဘယ်လိုဝိုင်းချထားပုံလဲဆိုတာ သေသေချာချာ ကြည့်နော်....'

လှနွယ်သည် မျက်စိနှင့် စိုက်ကြည့်နေသည်။ မချောရင်သည် ကုလားထိုင်များကို ကော်ဇောပေါ်မှ ကြမ်းပေါ်သို့ ဖယ်ရွှေ့ပြီးနောက် 'ကဲ လှည်း လှည်း' ဟု ဆိုလိုက်သည်။ ဧည့်ခန်းဆောင် လှည်းပြီးသွားလျှင် လှနွယ်ကို 'ကဲ စောစောကပုံအတိုင်း မျက်စိထဲမှာ မြင်သလို ဝိုင်းချစမ်း...' ဟု ခိုင်းလေသည်။

လှနွယ်သည် ကော်ဇောထောင့်စတွင် ဆိုဖာကုလားထိုင်များကို အုပ်ဖိ၍ချလေသည်။ မချောရင်သည် ဘေးမှရပ်ကာ ကြည့်နေလေသည်။

အပွေးမြင်ရင် အပင်သိ အသွေးမြင်ရင် အသွင်သိ ဆိုသလို လှနွယ်ပြင်နေသောပုံစံကို စိစစ်လျက် လှနွယ်၌ မြင်မျက်စိ ဘယ်အထိ တတ်မတတ် လက်ရာကို လိုက်ဖမ်းကြည့်နေလေသည်။ ပြီးစီးသွားသည့်အခါ၌ မချောရင်သည် လှနွယ်ကိုကြည့်၍ တစ်ချက်ပြုံးလိုက်လေ၏။

'ဒီလိုမဟုတ်ဘူး လှနွယ် ...မ,စမ်း၊ ဒီဘက် နည်းနည်းလေး ရွှေ့လိုက် ...အဲ့အဲ ... ဒီဘက်ထောင့်ကလည်း ဟိုထောင့်ကအလုံးနဲ့ မျက်နှာချင်းဆိုင်နေအောင် တည့်တည့်မှန်းပြီး ချစမ်း ...'

လှနွယ်သည် ပြောသည့်အတိုင်း လုပ်လေသည်။ သူပြင်လိုက်သောအနေအခင်း ပုံနေပုံစံကို ခေါင်းကိုတည့်လိုက် စောင်းလိုက်





မျက်စိများစွေ၍ ပင့်၍ ပြန်ကြည့်လျက် အနေအထားကို မှတ်သားနေရ၏။

'ကိုင်း ... ကြည့်စမ်း စောစောက မင်းချပုံနဲ့တူသလား'

လှနွယ်သည် ခေါင်းကိုယမ်းလျက် ပြုံးရယ်နေသည်။ စနစ်တကျ ခင်းကျင်းပြီးစီးသွားသည့် အနေအထားကိုလှည့်၍ သေသေချာချာ စိုက်ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်လျက် မှတ်သားမိအောင် ကြည့်နေသည်။

မချောရင်သည် သူ့သဘောကျပုံစံအတိုင်း စီမံပြောင်းလဲပစ်လိုက်ပုံကို လှနွယ် စိတ်ဝင်စားခြင်း ရှိမရှိ၊ ကြိုက်နှစ်သက်ခြင်းရှိမရှိ၊ အလှအာရုံကို ခံစားတတ်ခြင်း ရှိမရှိ ...လှနွယ်အား လှေ့လာလျက် မျက်တောင်များ တဖျပ်ဖျပ်ခပ်ကာ အကဲခတ်ကြည့်လိုက်ပြီးလျှင်... 'သဘောကို သိပြီလားလှနွယ်...' ဟု မေးစမ်းကြည့်သည်။

အိမ်ရှေ့ဆောင်တစ်ဆောင်လုံး၏ကျက်သရေမှာ လှနွယ်၏ လက်ဖဝါးတွင် ရှိလာလေသည်။ 'ဉာဏ်ကို အတုံးလိုက် အတစ်လိုက် မသုံးရဘူး... လွှာပြီး သုံးရတယ်'ဟု မချောရင် တတွတ်တွတ် သွန်သင်မှုကြောင့် အသိဉာဏ်ရင့်သန်ကာ တဖြည်းဖြည်း မျက်စိပွင့်လာလေသည်။

အိမ်ရှေ့ပြီးလျှင် လှနွယ်မှာ နောက်ဖေးတွင် အကြီးနှင့် ကူညီလုပ်ပေးရသည်။ အကြီးမှာ မချောရင်လောက် စိတ်ရှည်ရှည် ပြောဟောသင်ကြားခြင်းမရှိသော်လည်း သူ့စနစ်အတိုင်း တစ်သဝေမတိမ်း မလုပ်လျှင် ဗျစ်တောက်ဗျစ်တောက်နှင့် ဖြစ်နေလေသည်။

အိုးခွက် ပန်းကန်ခွက်ယောက်များကို ဆေးသည့်နေရာကအစ အကြီးမှာ စည်းကမ်းကြီးလေသည်။ ဆေးကြောသည့်နေရာတွင် ရေများ ပြန့်ကျဲ၍စိုမနေစေရဘဲ၊ စိုအပ်သလောက်သာလျှင် ကွက်စို



www.burmeseclassic.com

www.burmeseclassic.com



အောင်တားမြစ်လေသည်။

အကြီးမှာ မီးဖိုချောင်ထဲတွင် အလုပ်လုပ်နေသော်လည်း မီးဖို ချောင်ဝင်လုပ်နေသည်နှင့်မတူပေ။ ပင်ပင်ပန်းပန်း အလုပ်ရှုပ် ဖျာများ နေပုံလည်း မတွေ့ရ။ အိမ်ရှေ့ထွက်သွားလိုက် အိုးချခါနီးလောက်မှ ပြန်ဝင်လာလိုက် မတ်တတ်မတ်တတ်နှင့် လုပ်သွားပြီး ထွက်သွား ပြန်သည်။

အလုပ်တွင် ကျင်ကျင်လည်လည် လာဘ်မြင်ပြီးသားဖြစ်၍ ပင် ပန်းပုံတစ်ချက်မျှမရှိဘဲ အေးအေးဆေးဆေး သက်သောင့်သက်သာ အလုပ်ကို မမှတ်ဘဲ ကျနပြီးစီးအောင် မြန်မြန်ဆန်ဆန် လုပ်သွား နိုင်လေသည်။

လှနွယ်မှာ မီးဖိုထဲတွင် အကြီး၏ အတုကိုခိုးလျက် အကြီးလက် ရာခြေရာအတိုင်း လိုက်လုပ်ရသည်။ မီးဖိုထဲတွင် လက်မလည်အောင် လုပ်နေစဉ် အိမ်ရှေ့မှ မချောရင်၏ခေါ်သံကိုကြားရ၍ သွားရသည်။

'ဒီမှာကြည့်စမ်း၊ အိပ်ရာဖုံးက နဲနဲကလေး ရွဲ့နေတယ်၊ တွေ့ လား လှနွယ် ဆွဲတည့်လိုက်စမ်း'

လှနွယ်မှာ အိပ်ရာဖုံး အစကလေးကို အကျညီအောင် အသာ ကလေး လက်ကလေးနှင့် ဆွဲတည့်ပေးခဲ့ရပြီး မီးဖိုထဲသို့ ပြန်၍ပြေး သည်။

'ပြီးမှ သိမ်းတယ်ဆိုတာမျိုး မလုပ်ရဘူးဟဲ့၊ ချက်ရင်းပြုတ်ရင်း သုံးနေရာနဲ့သူ တစ်ခါတည်း ကောက်သိမ်းသွားရတယ်၊ အားလုံး ကျက်လည်းကုန်ရော သိမ်းပြီးသားလည်း ဖြစ်ကရော၊ နင့်ဥစ္စာက တကတဲ ပြန့်ကျဲလို့ ပတ္တလားစီထားလိုက်တာကလည်း မြင်မကောင်း ဘူး' ဟု မီးဖိုထဲမှ အကြီးက ဆီးဆူပြန်၏။ လှနွယ်မှာ တောက် တောက် တောက်တောက်နှင့် ကောက်သိမ်းရလေ၏။

ဟိမ်ရှေ့သို့ရောက်ရောက်ချင်း လှနွယ်နှင့် ဆုံတွေ့ရသည့်အရေး





မှာ သန့်ရှင်းရေးပင် ဖြစ်လေသည်။ မိုးလင်းကမိုးချုပ် လှနွယ်သည် သန့်ရှင်းရေးကို အထူးသတိချပ်ရသည်။

မေ့လျော့ပေါ့ဆ၍မရ၊ သတိလစ်၍မရ၊ ပျင်းနေ၍မဖြစ်။ သန့် ရှင်းရေးနှင့် ဆန့်ကျင်နေလျှင် မိမိအား အကြီးက တစ်မျိုး၊ မချောရင် ကတစ်မျိုး နားကိုအူသွားအောင် ဝိုင်းပြောကြသည်။

တစ်အိမ်လုံးကို လွှမ်းမိုးနေသည့် ဤအိမ်၏သန့်ရှင်းရေးဝါဒကြီး သည် လှနွယ်ကို တစ်ရစ်ပြီးတစ်ရစ်ပတ်ကာ တုပ်နှောင်ချုပ်ချယ်၍ လာလေသည်။ ဤဝါဒကို ဖောက်ဖျက်လျှင် အပြစ်ကြီးတစ်ခုကို ကျူးလွန်သည်နှင့်မခြား ကွပ်ညှပ်ဆုံးမလျက် ထိုဝါဒကို လှနွယ်၏ ကိုယ်ထဲသို့ ရိုက်သွင်းကြလေသည်။

အိမ်တွင် ပေပေကျံကျံ၊ ညစ်ညစ်ထေးထေး၊ ရှုပ်ရှုပ်ပွေပွေ နံနံ သော်စော်ဆို၍ ဘာမှမရှိဘဲ ကြည့်လိုက်လျှင် ရှင်းလင်းသေသပ်ပြောင် သက်လှပနေပုံကို လှနွယ်ကြည့်မြင်ရ၏။

ခပ်သိမ်းသောအရာဝတ္ထုတို့သည် သန့်ရှင်းရမည်ဟူသည့်တရား သည် လှနွယ်အဖို့ အဆန်းဖြစ်နေကာ ဤလိုဘဝမျိုးတွင် မလွဲသာလို့ သာ လာရောက်နေထိုင်ရရှာသည့် သူ့ခမျာကား အစဉ် အကျင့်မရ နိုင်သေး။

'လှနွယ် ဒီမှာလာကြည့်ပါဦး၊ ကြမ်းတွေက ချောပြောင်နေပြီး၊ ဒီထောင့်က ခေါင်းပေါ်မှာ မော့ကြည့်လိုက်စမ်း ပိုးအိမ်တွေကပ်လို့ တွေ့လား'

လှနွယ်မှာ အခန်းထောင့်တွင်ရပ်လျက် မချောရင်လက်ညှိုးထိုး ၍ပြနေသောပိုးမှိုက်အိမ်များကို မော့၍ကြည့်ကာ စိတ်မလုံလှသော အပြုံးနှင့် ပြုံးကြည့်နေလေသည်။

'မမြင်မိဘူး အစ်မရယ်'

'အေး တေး ဒါမျိုးဟာ ကြည့်တတ်မှ မြင်တတ်တာကွယ့်၊



www.burmeseclassic.com

www.burmeseclassic.com



တော်တော့် မျက်စိမမြင်ဘူး၊ ဒီလိုမြင်တတ်အောင်ဟာလည်း စေ့စပ်တဲ့ အကျင့်ရှိမှလည်း မြင်နိုင်တယ်နော်၊ ဒီပိုးမွှိုက်သရိုက်လေးဟာ ဘာ တော့ အရေးမကြီးဘူးပေါ့ကွယ်၊ နို့ပေမယ့် ရှိတာနဲ့မရှိတာ မြင်ရတဲ့ နေရာမှာ ဘယ်ဒင်းက ကောင်းသလဲ'

'မရှိတာက ကောင်းတာပေါ့ အစ်မရယ်'ဟု လှနွယ်ကပြန်၍ ပြောလေ၏။

ဤသို့အားဖြင့် သန့်ရှင်းရေးသည် အစအန အမြေးအမှင် အ မှိုက်တစ်ခု၏ အတွင်းမှပင်ခုန်ထွက်ကာ မကောင်းဘူးဟူသော အ တရားသည် လှနွယ်၏သည်းခြေထဲသို့ တစ်ခါတည်း စွဲကပ်ဝင်ရောက် မသွားနိုင်သေးသော်လည်း လှနွယ်ကိုဆွဲ၍ ထူမတ်လိုက်သည်။

လှနွယ်သည် ကြက်မွေးကိုယူကာ အမှိုက်သရိုက်များကို တွယ် ကပ်မနေအောင် ခါလှည်းပစ်လေသည်။

'ကိုင်း သန့်ရှင်းသွားပြီမဟုတ်လား ကြည့်စမ်း'

လှနွယ်၏ ဟဒယတွင် ပြောင်ရှင်းသွားသောအတွေ့၏ သိမ်မွေ့ သောအငွေ့ကလေးသည် ရှိတ်ခနဲ ဟပ်သွားကာပေါ့ပါးကြည်လင် သွားလေ၏။ ရွှင်လန်းသောမျက်နှာထားကလေးဖြင့် ခေါင်းပေါ်သို့ မော့ကြည့်ရင်း 'ဟုတ်ပါတယ် အစ်မ'ဟု ဖြည်းဖြည်းသက်သာ ပြ ပြောလေသည်။

'အစ်မပြောမယ်လှနွယ်၊ သန့်ရှင်းတယ်ဆိုတာဟာ ဆင်းရဲဆင်း ချမ်းသာချမ်းသာ တိုက်နဲ့နေနေ တဲနဲ့နေနေ ဘယ်သူမဆို နှစ်မြို လိုက်နာအပ်တဲ့တရားကွယ့်၊ အထူးသဖြင့် မိန်းကလေးတွေက ပိုပြီး လိုက်နာကျင့်သုံးနိုင်ရမယ်၊ ဒါဟာ တို့အဖို့မှာ အရေးအကြီးဆုံးပဲ'

အာရုံစူးစိုက်နားထောင်ခြင်းရှိရဲ့လားဟု လှနွယ်အားတစ်ချက် အကဲခတ်ကြည့်ပြီးမှ သူ့တရားကို ဆက်ပြန်လေသည်။





'ဘာဖြစ်လို့လဲဆိုတော့ အိမ်တစ်အိမ်မှာ ဒါဟာ အခရာပဲကွယ့်၊ နို့သန့်ရှင်းရှင်းဆိုတာ လုပ်ယူမှရတာ၊ အကျင့်ပါအောင် တမင်လုပ် ရတာ၊ သန့်ရှင်းတယ်ဆိုရင်ပဲ သန့်ရှင်းတဲ့ နောက်မှာ ဘာတွေ သလဲဆိုတော့ သန့်ရှင်းတော့ ဖြူစင်လာတယ် မဟုတ်လား'

လှနွယ်က သဘောပေါက်သလို ဆတ်ခနဲ ခေါင်းကိုညိတ်လေ၏။

'အဲ. . . ဖြူစင်လာရင် စိတ်နှလုံးကြည်လင်လာတယ်၊ စိတ်နှလုံး ကြည်လင်တယ်ဆိုရင်ပဲကွယ် ရိုးသားဖြောင့်မှန်တဲ့ သဘောဟာ နည်းနဲ့အများ သက်ဝင်လာတာပဲ၊ ဆင်းရဲတောင် ပြောင်ပြောင်နဲ့ ဆင်းရဲတယ်၊ အညစ်အကြေးကင်းရှင်းတဲ့သဘောဟာ မပြောင်ဘူးလား'

'ပြောင်ပါတယ် အစ်မ'

'ကျွန်းမာရေးဟာလည်း သန့်ရှင်းရေးဖြစ်မှ ပြည့်စုံတယ်၊ ညစ် ပတ်ပတ် နံနံစော်စော် ပုပ်ပုပ်သိုးသိုးဆိုရင် ကိုယ်ခန္ဓာကို ဒုက္ခ တယ် မဟုတ်လား'

'အဲဒီလို သန့်ရှင်းချင်ရင် ဟော စည်းကမ်းသေဝပ်ရလိမ့်မယ်၊ ကတတ်ဆန်း ဟိုထိုးဒီထိုး ပိုးစိုးပက်စက်လုပ်လို့မရဘူး၊ သန့်ရှင်း စိတ် ကြပ်ကြပ်စွဲမြဲလာရင် စည်းကမ်းသေဝပ်တဲ့ အကျင့်ရယ်၊ စပ်သေချာတဲ့အကျင့်ရယ်၊ ဒီအကျင့်နှစ်ခုဟာ တွဲဖြစ်လာတာပဲ'

မချောရင်သည် သူ့တရားကိုသူ နှစ်ခြိုက်ဟန်ဖြင့် ပြုံးပြုံးပြုံးပြုံး ခေါင်းကိုတဆတ်ဆတ်ညိတ်လေ၏။

'ရှုပ်ရှုပ်ပွေပွေထဲမှာနေရင် စိတ်ကတစ်မျိုး၊ ရှင်းရှင်းလင်းလင်းထဲ နေရင် စိတ်ကတစ်မျိုး၊ ပတ်ဝန်းကျင်အခြေအနေဟာ စိတ်ကိုအမျိုး ဖန်တီးတယ်၊ သန့်ရှင်းတဲ့စနစ်နဲ့ စည်းကမ်းသေဝပ်ပြီး စေ့စပ်သေ လာတယ်ဆိုရင်ပဲ စိတ်ဓာတ်ကို ကြံ့ခိုင်လာစေပြန်တယ်၊ မြင့်မားစေ တယ်၊ မိန်းကလေးတစ်ယောက်ဟာ သန့်ရှင်းတယ်၊ ရိုးသားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပိပြားတယ်၊ စည်းကမ်းစနစ်ရှိတယ်၊ စေ့စပ်သေချာတယ်၊ စိတ်ေ ကြံ့ခိုင် မြင့်မားတယ်၊ ကျန်းမာတယ်ဆိုရင်ကွယ်၊ အဖိုးမတန်ဘူးလ မထူးခြားဘူးလား'

မချောရင်၏သန့်ရှင်းရေးတရားသည် အေးအေးဆေးဆေ ၏။ စိတ်ပါဝင်စားစွာ နားထောင်ရင်း ကြည်ကြည်လင်လင် ဖြ သော လှနွယ်အား စိတ်ဝင်စားလာအောင် သာယာညင်းပျောင်း ပ ပြောနေခြင်း ဖြစ်ပေသည်။ ကလေးတစ်ယောက်အား စိတ်ထားမြ လဲသွားအောင် သွေးဆောင်သောအတတ်၌ ဆရာမ မချောရင် ကျွမ်းကျွမ်းကျင်ကျင် ရှိလေသည်။

လှနွယ်သည် စိတ်ပါဝင်စားစွာဖြင့် တစ်လုံးပြီးတစ်လုံး ဖျ ဝပ်ဝပ် နာယူမှတ်သားလေသည်။

မချောရင်၏ မျက်လုံးများသည် နူးညံ့သောအရောင်တစ်မျိုး ထွန်းပနေလေ၏။ ကိုယ်ပြောသောအချက်ကို မိမိကိုယ်တိုင် နှစ် ယုံကြည်စွာဖြင့်လည်းကောင်း၊ မိမိကျွမ်းကျင်နားလည်သည့် အ ပညာတစ်ခုကို မသိသေးသော ကျောင်းသားတစ်ဦးအား ညွှန်ပြပြ သွားတတ်သော စိတ်အားထက်သန်မှုမျိုးဖြင့်လည်းကောင်း၊ သူ မိန်းကလေးမှန်သမျှ တတ်သင့်သမျှ၊ သိသင့်သမျှ၊ လိုက်နာသင့် တို့ကို လှနွယ်၏အသည်းနှလုံးကြားတွင် ကိန်းဝပ်သွားအောင် လင်းပြောပြနေလေသည်။

'မင်းအမေကရော မိန်းကလေး ကိုယ်ရေးကိုယ်တာနဲ့ ပတ် ပြီး အပိုးသေအောင် ဆုံးမတယ်မဟုတ်လား'

လှနွယ်၏ စိုက်ငေးနေသောမျက်လုံးများတွင် အစဉ်သဖြင့် တိမှုန်မွှားထင်နေသည့် မျက်နှာတစ်ခုကို ထင်ထင်ရှားရှား ပြ နေလေ၏။





လှနွယ်မှာ မျက်စိနှစ်လုံး ပွင့်တာနှင့်တစ်ပြိုင်နက် အိမ်မှုကိစ္စ အလုပ်များဖြင့် မအားလပ်အောင်ရှိ၍ မေ့မေ့ပျောက်ပျောက် ဖြစ်နေ သော်လည်း ညအိပ်ရာဝင်၍ ကျောနှင့်ဖျာထိတာနှင့် တစ်ချက်တည်း ထိုမျက်နှာပေါ်လာကာ လှနွယ်သည် ရွာသို့ ပြန်ရောက်သွားလေ သည်။

မိုးလင်းလေလျှင် လှနွယ်၏မျက်စိထဲတွင် အမေ၏မျက်နှာမှာ မှုန်တိမှုန်မွှား ထင်နေရစ်လေသည်။

ပြာဖုံးနေသောမီးခဲတွင် ပြာများလွင့်သွားအောင် မှုတ်ပေးလိုက် ရသလို အမေ့အကြောင်း ပြောရမည်ဖြစ်၍ အမေ့ကို သတိရလာကာ မျက်နှာတစ်ခုလုံး အုံ့မှိုင်းညှို့ဆိုင်း၍ သွားလေ၏။

လှနွယ်သည် ခေါင်းကိုငုံ့၍ 'ဆုံးမပါတယ် အစ်မ'ဟု မျက်စိ မျက်နှာ မကောင်းလှစွာဖြင့် ပြန်ပြောလေ၏။

'ဆုံးမတာတွေ မှတ်မိသလား၊ ဘယ်လိုဆုံးမသလဲဟင်'

မချောရင်သည် ညင်သာစွာမေးလိုက်ရာက လှနွယ်၏မျက်နှာ ကဲကို ရိပ်မိကာ တွေးတွေးဆဆ ငေးကြည့်နေလေသည်။

'ကျွန်မလေ မီးဖိုထဲမှာ ငရုတ်သီးထောင်းနေတုန်းက အမေက ပြောပါတယ်၊ ငရုတ်သီးကို ဟိုကျသည်ကျ ဖိတ်ဖိတ်စဉ်စဉ် မထောင်း ရဘူးတဲ့၊ အသံမြည်အောင်လည်း တဂျုံးဂျုံးလုပ်မထောင်းရဘူးတဲ့၊ ဒူး ပေါ်မှာ မေးတင်ပြီးလည်း မထောင်းရဘူးတဲ့၊ ရှေးတုန်းက ချွေးမ လုပ်မယ့်မိန်းကလေးကို မိန်းမပီသလား၊ အပိုးသေသလားဆိုတာ ယောက္ခမလောင်းက ငရုတ်သီးထောင်းခိုင်းကြည့်တယ်တဲ့'

မချောရင်သည် စားပွဲခုံကို လက်နှင့်ကန်၍ထိုင်နေသောကုလား ထိုင်ကို နောက်သို့လှန်ကာ အသံထွက်အောင်များပင် အားပါးတရ ရယ်လိုက်လေသည်။ ထို့နောက် အားရဝမ်းမြောက်လှသောအသံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်. . .

'အေး. . . အေး မင်းမှတ်တတ်တယ်၊ မင်းအမေ ပြောတာ လည်း မင်းမှတ်ထား၊ အစ်မပြောတာတွေလည်း မင်းမှတ်ထား၊ အတွက် တစ်သက်လုံး အဖိုးတန်ယိမ့်မယ်၊ မိဖကျေးဇူးဆိုတာ တာ မွေးတာတွင် မဟုတ်ဘူးကွယ့်၊ သင်တာ ပြောတာလည်း တယ်။ မင်းအမေကို ဘယ်တော့မှ မမေ့နဲ့ ကြားလား၊ ညည အမေ့ကို ရှိခိုးပြီး အိပ်၊ အခု ဒီမှာလာနေပြီး အမေ့ကို ပိုက်ဆံ ပေးတာဟာ အင်မတန် ကုသိုလ်ကြီးတယ်။ မင်းအမေပြန်တုန်း မင်းရတဲ့ လခနှစ်ဆယ်ကို ပေးလိုက်ရတာများ ဝမ်းမသာဘူးလား'

မချောရင်သည် လှနွယ်အား ပြုံးပြုံးကြီး ကြည့်လိုက်သည်။ ၏ကြည်လင်သောမျက်လုံးများတွင် ချစ်စရာကောင်းလှသော ကရုဏာ အရိပ်များသန်းထွက်နေပေသည်။

ထိုအခါ လှနွယ်သည် မျက်လုံးမျက်ဆန်ပြူး၍ လည်ချောင်း တံထွေးနင်သလို မျို၍ချလျက် ခေါင်းတခါခါဖြင့်. . .

'အမေပြန်တုန်းက ပေးလိုက်တဲ့ပိုက်ဆံနှစ်ဆယ်ဟာ အမေ့ မဟုတ်ဘူးအစ်မ။ ကျွန်မရောက်စက ပေးတဲ့ တစ်လခဟာ ဒေါ် ရပါတယ်၊ တစ်လလုပ်ခ ဒေါ်အေးကို ပွဲခပေးရပါတယ်'

မချောရင်သည် ရင်ကို မ ၍ထားလိုက်ရသည်။ ဤအကြောင်း ကြားလိုက်ရသောအခါ မချောရင်၏ရင်ထဲအသည်းထဲတွင် နင့်ဖူး လေ၏။

လူတွေရဲ့ နှလုံးသားဟာ အကြင်နာတရားဆိုလို့ နည်း လေးမှ မရှိကြတော့ပါကလားဟု လူလူချင်း ခေါင်းပုံဖြတ်သည့် ကို မုန်းတီးရွံရှာ၍သွားလေကာ စိတ်ထဲတွင် မခံစားနိုင်အောင် ကျင်၍သွားသည်။





မချောရင်သည် အထက်အထက်က တရားမဲ့သောလူတွေကို ကြားဖူးခဲ့ပေသည်။ ကိုယ်တိုင်တွေ့ကြုံခံစားရပုံမှာ မိမိဘဝတွင် မရှိ သလောက်ဖြစ်ခဲ့ရာ၊ ယခုသော်ကား ရိုးသားဆင်းရဲလှသည့်သားအမိ နှစ်ယောက်အား ခေါင်းပုံဖြတ်စားလိုက်သည့် သည်လိုလူတွေ ရှိနေ သေးသည့်အဖြစ်ကို မသိမကြားချင်လှမတတ် ဖြစ်သွားလေသည်။

မချောရင်သည် လှနွယ်ကို စူးရှသောမျက်လုံးများဖြင့် စိုက် ကြည့်လိုက်ကာ. . .

'ဖြစ်မှဖြစ်ရလေ လှနွယ်ရယ်၊ အစ်မဖြင့် ကြားရတာ စိတ်ထဲမှာ အနှောင့်အယှက်ကြီး ဖြစ်သွားလိုက်တာ အစ်မ စောစောကများ သိရရင် အစ်မကပဲ ပေးလိုက်ပါရဲ့ကွယ်'

မချောရင်ကား မျက်စိမျက်နှာ မကောင်းလှပေ။

ကုလားထိုင်မှထ၍ရပ်လိုက်ကာ လှနွယ်၏ပုခုံးကို ညင်ညင် သာသာ ပုတ်လျက် 'အဲဒီပိုက်ဆံ မင်းအမေလာတော့ အစ်မပေးမယ် လှနွယ်၊ သွားသွား လုပ်စရာရှိတာ သွားလုပ်တော့' သာသာညင်း ညင်းပြောလွှတ်လိုက်သည်။

လှနွယ်၏ဘဝကား ကြင်နာစွာ ဖြေသိမ့် ယုယခြင်းကို ခံရသလို ဖြစ်လျက် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြန့်သိမ့်သွားလေ၏။

မချောရင်သည် ကုလားထိုင်တွင် ပြန်ထိုင်ကာ ငြိမ်သက်စွာ ငိုင်းစားခန်းဝင်နေလေသည်။

လူတွေဟာ တစ်ယောက်ကို တစ်ယောက် ကြည်ကြည်နူးနူး ချစ်ချစ်ခင်ခင် ဖေးဖေးမမ ဘယ်အခါကျတော့မှ ဖြစ်လာကြမှာလဲ၊ လူလူချင်း တစ်အူတုံဆင်း သွေးရင်းသားရင်းလို ချစ်မေတ္တာစိတ် ပေါ် ထွန်းလာမယ် လောကသစ်ကြီးကို ဘယ်နည်းနဲ့များ ပြောင်းပစ်နိုင် သလဲ။



www.burmeseclassic.com

www.burmeseclassic.com



မချောရင်သည် ခုံပေါ်တွင် လက်မောင်းဆန့်လျက် လက်ရုံးပေါ်တွင် မေးတင်ကာ မျက်လုံးများစင်း၍ ထူးခြားဆန်းကြယ်သော အထင်အမြင်သစ်တွေနှင့် ခဏကြာမျှ အတွေးနယ်၌ မျောနေလေသည်။

## အခန်း [ ၁၃ ]

မိုးလင်းစကတည်းကပင် ကောင်းကင်သည် ညိုမှုန်လျက် ရှိလေသည်။

ကြည့်နေရင်း တောင်ဆီမှ အုံ့အက် တက်လာလျက် မိုးသက်လေသည် သစ်ပင်များသို့ဖြတ်ကာ ဝှေ့သုတ်သွားလေပြီ။ နောက်ဖြန်းခနဲ ရွာချလိုက်လေ၏။

မိုးကား ဖြိုင်ဖြိုင်ကျလေပြီ။

လှနွယ်သည် တံခါးပေါက်၌ရပ်လျက် အိမ်အပြင်သို့ခေါင်းပြူကာ မျှော်ကြည့်နေလေသည်။ အပြင်ဘက်တွင် မိုးပွင့်ကလေးများသည် တသဲသဲရွာဖြိုး ကျဆင်းနေကြလေသည်။

လှနွယ်သည် မိုးရေများအကြားရှိ သဘာဝ၏ထုထည်ပြင်ထဲ၌ နစ်မောနေမိ၏။

ထင်မြင်လာသောအတိတ်ကား သမန်းမြေပွက်လယ်ကွက်ကြီး တစ်ခု၊ ထိုသမန်းမြေပွက်ပေါ်၌ ရေတွေဖုံးနေလေသည်။ ရေတွေထဲတွင် မျိုးပင်ကလေးများသည် ငိုက်နေကြသည်။ မိုးသည်း၍လေထန်လာလျှင် မျိုးပင်ကလေးများသည် ယိမ်းနွဲ့၍နေကြလေသည်။ လယ်ကွက်ထဲတွင် ကုန်းစိုက်နေကြသည့် သဏ္ဌာန်များ။





လှနွယ်သည် ထိုပုံလွှာကို ထင်မြင်ရင်း ရင်ထဲ၌ ဟာ၍သွားကာ[illegible]သဖြစ်သွားလေ၏။

တစ်ဖန်. . . ပင်ပန်းနွမ်းနယ်သောအမူအရာရှိသည့် အမေ၏[illegible]ကို မြင်ယောင်၍လာပြန်၏။ အမေသည် မိုးပေါက်များ တဖွဲ[illegible]ဆင်းနေသောစိုစိုစွတ်စွတ်ထဲ၌ ဈေးတောင်းကို ခေါင်းပေါ်၌[illegible] တစ်ကိုယ်တည်း လျှောက်သွားနေ၏။

နောက်ဆုံးမြင်ရသောသဏ္ဌာန်ကား၊ မိမိအား စူးစိုက်၍ ကြည့်[illegible]သာကိုရင်တစ်ပါး ဖြစ်ပေသည်။ ကိုရင်သည် သပိတ်ကိုပိုက်လျက်[illegible]ကမတ်တတ်ရပ်ကာ မိမိရှိရာသို့လှမ်း၍ကြည့်နေသလို မြင်ရစဉ်[illegible]သည် တဲထဲမှထွက်၍ဆွမ်းထွက်လောင်းသောအခါ ကိုရင်မှာ[illegible]တ်အဖုံးကို ငုံ့ဖွင့်လိုက်သည်။

ရှုပ်ပွေထွေးလုံးနေကြသည့်အတွေးများသည် လှနွယ်၏ရင်တွင်း၌[illegible]ကျိတ်လိုက်၍ မလွန့်သာအောင် တစ်ရင်လုံးကို ဖျစ်ညှစ်ခြင်း[illegible]ကြ၏။

တံခါးပေါက်တွင် မိုးရေများတပေါက်ပေါက်ကျနေသလို လှနွယ်[illegible]ပေါ်တွင် မျက်ရည်များ အပေါက်ပေါက်ကျလာလေ၏။

မိုးမှာ တသဲသဲရွာသွန်းလျက် ရှိလေသည်။ မိုးသံများမှာ လွမ်း[illegible]ဘွယ်ရာကောင်းသော တေးသံဖြစ်၍ နေလေ၏။ လှနွယ်၏ရင်[illegible]င် ဖိုလှိုက်လေးလံလာကာ မြင်မြင်သမျှ အရာဝတ္ထုတို့မှာ အ[illegible]ကင်းမဲ့နေသလို ဖြစ်နေလေသည်။

'လှနွယ်ရေ. . . တံခါးဖွင့်စမ်းကွယ်. . .'

အိမ်ရှေ့မှ မမျှော်လင့်သော မချောရင်၏အသံကို ကြားရ၍[illegible]ယ်၏အတွေးများမှာ တစ်မဟုတ်ချင်း ပျောက်ကွယ်ကုန်ကာ ဆန်း[illegible]ယ်. . . ဟုထင့်ခနဲဖြစ်သောစိတ်နှင့် တံခါးပေါက်မှ လျင်မြန်စွာ



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်သို့ ပြေးထွက်သွားလေသည်။

မချောရင်သည် မကြာသေးခင်ကပင် အိမ်မှကျောင်းသို့ထွက်
သွားလေသည်။ ယနေ့ကျောင်းပိတ်ရအောင်လည်း ကျောင်းမှာ
နေ့တွင် မပိတ်ဘဲ တနင်္ဂနွေ၌သာလျှင် ပိတ်၍ပြန်လာပုံမှာ
သလို ဘာမှန်းမသိ ထင့်သွားသည်။

သံတံခါးရှေ့တွင် ရပ်နေသောမချောရင်၏မျက်နှာမှာ
ဖြူရော်နေလျက် နှုတ်ခမ်းများမှာ တဆတ်ဆတ် တုန်ယင်နေသည်
မြင်ရလေ၏။

မချောရင်သည် မောဟိုက်စွာ အသက်ရှူရင်းက 'မြန်မြန်ဖွင့်
ဟ. . 'ဟုပြောလိုက်ရာ လှနွယ်မှာ ထိတ်လန့်တကြား ဖြစ်သွား
သည်။

'အကြီးကော. . . ဟင်. . . အကြီးကော'

တံခါးပေါက်က ဝင်ဝင်ချင်း ထိတ်ထိတ်ပျာပျာ မေးလိုက်
သာ၍ရင်ခုန်ကာ 'အကြီး. . . အကြီး. . အခန်းထဲမှာ. . . 'ဟု လှနွ
သည် ကတုန်ကယင်ကြီး ပြန်ပြောလိုက်သည်။

အိမ်ရှေ့မှ အသံများမှာနားထဲတွင် ဗလုံးဗထွေး ထူထူဝဲဝဲ
သွား၍ အကြီးသည် 'ဘာလဲ. . ဘာလဲ'ဟု အခန်းထဲမှ ပြောပြော
ဆို ပြေးထွက်လာသည်။

အကြီးကို မြင်မြင်ချင်း. . . မချောရင်သည် မျက်လုံးများကို
ကျယ်စွာဖွင့်လျက် မချိမဆံ့ တအားကုန်းအော်ဟစ်ငိုလိုက်တော့
ပမာရှိနေ၏။

'အတွင်းဝန်ရုံးမှာ ဗိုလ်ချုပ်တို့ကို သေနတ်နဲ့ ပစ်သွားပြီ'
'ဟယ်'

အကြီးသည် ကြီးစွာတုန်လှုပ်၍ သွားလေ၏။ အခန်းအတ





ကောင်တွင် စကားမပြောနိုင်တော့ဘဲ မတ်တတ်ရပ်ပြီး မချောရင်ကို
ငိုင်ကြည့်နေလေ၏။

မချောရင်ထံမှ ထိုသတင်းကို ကြားသိရသောအခါ လှနွယ်သည်
သွေးထိပ်မွန်ကာ နှုတ်ခမ်းများ တဆတ်ဆတ်တုန်၍နေလေ၏။ မျက်
နှာကသွေးမရှိတော့ပေ။

'ဘယ်တုန်းကလဲ၊ ဘယ်သူတွေကပစ်တာလဲ' ပြူးကျယ်သော
မျက်လုံးဖြင့် တဒိတ်ဒိတ်ခုန်လာသောရင်ကို လက်နှင့်ဖိလျက် အကြီး
က ကသောကမျော မေးရလေ၏။

'ဆယ်နာရီလောက်ကတဲ့ အကြီးရယ် ရက်စက်လိုက်ကြတာ. . ၊
ရုံးခန်းထဲမှာ အစည်းအဝေးလုပ်နေကြတုန်း စတင်းဂန်းနဲ့ဝင်ပစ်ပြီး
ထွက်ပြေးကြတာတဲ့. . . '

အကြီးမှာ ရင်ကိုမ၍'ဖြစ်မှဖြစ်ရလေနော်. . . ဖြစ်မှဖြစ်ရလေ'ဟု
မြည်၍မဆုံးနိုင်အောင် တမ်းတကာ ဗိုလ်ချုပ်အား တတမ်းတတနှင့်
တသသ ရှိနေတော့၏။ ထိုနေ့တွင် မချောရင်၏ နွမ်းနွယ်ပန်းလျနေ
သော ရင်ထဲအသည်းထဲတွင် ရပ်တည်၍မရနိုင်အောင် လှုပ်ရှားလျက်
စိတ်ကိုခိုက်ခြင်းဖြစ်၍နေလေသည်။ တိတ်ဆိတ်ငြိမ်သက်နေသောအိမ်
မှာ စိတ်နောက်ကျိဖွယ်ရာကြီး ဖြစ်နေလေတော့၏။

တစ်နေ့ခြင်းလုံး ဂနာမငြိမ်တိုင်း၊ တစ်နေရာတွင် ထိုင်နေလို့မရ
ဘဲ၊ ဟိုနေရာကောင်းနိုးနိုး ဒီနေရာပြောင်းထိုင်ရ အနေကျနိုးနိုးနှင့်
အိမ်ထဲ၌ ငြိမ်ငြိမ်မနေနိုင်ဘဲ ထလိုက်ထိုင်လိုက် လျှောက်လိုက် ပြန်
ထိုင်လိုက် ဖြစ်နေလေသည်။

ဖြူဆွတ်သောမိုးပေါက်များသည် တဖွဲဖွဲကျဆင်းနေလျက် တံ
ခါးပေါ်၌ ဟီးလေးခိုကာနေကြလေရာမှ မှန်ချပ်ပေါ်သို့ တဖြည်းဖြည်း
စီးကျနေလေရာ၊ ရေစီးကြောင်းကလေးများထင်၍ ကျန်ရစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မချောရင်၏မျက်စိထဲတွင် ဗိုလ်ချုပ်၏မျက်နှာမှာ တရေးရေး ထင်မြင်လာလေပြန်၏။

ထိုခဏ၌ ဖြည်းညင်းစွာဝင်လာသောခြေသံကို ကြားရလေသည်။ မချောရင်သည် ကုလားထိုင်မှ လည်ပင်းကိုလိမ်၍ လှည့်ကြည့်လေ၏။

'လှနွယ်. . . အကြီးတစ်ယောက်ကော'

လှနွယ်သည် စားပွဲခုံနား၌ မှိုင်တိုင်တိုင်နှင့် လာရပ်ကာ အကြီးအခန်းထဲမှာ လှဲနေတယ်အစ်မ'ဟု ခြောက်သွေ့ညှိုးငယ်စွာ ပြန်ပြောလေသည်။

'အိမ်ရှေ့က တံခါးပိတ်ထားရဲ့လား'

'သော့ခတ်ထားပါတယ်အစ်မ လမ်းထဲမှာ လူတစ်ယောက်မှလည်း မရှိပါဘူး၊ တစ်မြို့ကြီးပဲ တိတ်နေတာပဲ၊ ဟိုဘက်အိမ်ကလူတွေတော့ အိမ်ဝမှာ စုရုံးစုရုံးနဲ့'

'ဗိုလ်ချုပ်တို့အကြောင်းပြောနေတာဖြစ်မှာပေါ့၊ လူတွေဟာ အားလုံး စိတ်ထိခိုက်နေကြတယ်၊ စိတ်မကောင်းလိုက်တာကွယ်'

မချောရင်သည် လှနွယ်၏မျက်နှာကို မကြည့်၊ ပြတင်းပေါက်သို့ စိုက်ငေးရင်းနှင့် ပြောနေခြင်းဖြစ်လေ၏။ ခုံပေါ်တွင်လက်တစ်ဖက်ကို ဆန့်ဆန့်ထားကာ စားပွဲခုံကို လက်ညှိုးနှင့်သာသာဖြည်းဖြည်း ခေါက်နေလေ၏။

'ကျွန်မလည်း စိတ်မကောင်းဘူးအစ်မရယ်၊ ဗိုလ်ချုပ်က လယ်သမားတွေကို သနားတယ်အစ်မရဲ့၊ သူဌေးတွေကိုပေးရတဲ့ လယ်ထောက်ခနှုန်းကို လျှော့ပြင်ပေးခဲ့တယ်'

မချောရင်သည် ဖျပ်ခနဲလှနွယ်၏မျက်နှာကို လှည့်ကြည့်လေသည်။ သူ့မျက်နှာသည် အုံ့နေရာမှ လင်းသွားကာ ထင်ရှားသောအပြုံးဖြင့် 'အမယ် ဘာပြောတယ်၊ ဒါတွေ မင်းကသိတယ်လား၊ ဘယ်





လိုသိတာလဲ'ဟု အံ့ဩသလိုလို အမူအရာနှင့် မေးလေ၏။

'သူဌေးကိုယ်စားလှယ် ရွာလာတုန်းက ပြောသွားတယ်အခု လယ်သမားတွေ လယ်ထောက်ခနှုန်း လျှော့ပေးရတယ်ဆိုတော့ ခံသာတာပေါ့ အစ်မရယ်'

ဗိုလ်ချုပ် မသေမီက လယ်သမားများ လယ်ထောက်ခနှုန်းလျှော့သွားသည်ဆိုခြင်းကို ယခု လှနွယ်ပြောမှသိလေသည်။ လယ်နှင့်ပတ်သက်၍ အမှုမဲ့အမှတ်မဲ့ နေမိသည်။

မိမိနေထိုင်သောနိုင်ငံကြီးမှာ လယ်ယာစိုက်ပျိုးသောနိုင်ငံကြီးဖြစ်၍ လယ်နှင့်ပတ်သက်သမျှကို သိမြင်သင့်ထိုက်မှန်းသိသော်လည်း အစောက အမှုမဲ့အမှတ်မဲ့။ ယခု လှနွယ်ပြောမှပင် သိမြင်ချင်သည့်စိတ်များမှာ ပေါ်လာလေသည်။

'နေပါဦး ဘယ်လိုလျှော့တာလဲ၊ ဘယ်လောက်လျှော့တာလဲ'

လှနွယ်သည် တွေ၍စဉ်းစားလိုက်ပြီးလျှင် မှန်းဆ၍ပြောရသော အမူအရာဖြင့် မပွင့်တပွင့် ပြန်ပြောသည်။

'သီးထောက်ခ အရင်ကထက် ခေါက်ချိုးနီးနီးလျှော့တယ်ပြောတာပဲ အစ်မ၊ သေသေချာချာဘယ်လောက်ဆိုတာတော့မသိပါဘူး၊ ကျွန်မဘယ်လုပ်တော့သိမှာပဲ'

'ဪ. . . မင်းက လယ်လုပ်မယ် ဟုတ်လား၊ လယ်ရှိသလား' ဟု လှနွယ်ကို မေးလိုက်ကာ စိုက်၍ကြည့်မိ၏။

လှနွယ်သည် မချောရင်ကိုကြည့်ပြီး တစ်ခဏမျှ ငြိမ်သွားလေ၏။ ထို့နောက်မှ ပြုံးနေကျအတိုင်းပြုံးလျက် 'လယ်ဘယ်ရှိဦးမလဲ အစ်မရယ်၊ ကျွန်မငယ်ငယ်ကတော့ လယ်ရှိတယ်ပြောတာပဲ၊ အခု လယ်မရှိလို့ လယ်လုပ်ရအောင် ရန်ကုန်ကို အခိုင်းအစေလုပ်ဖို့ လာတာ. . .'



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မချောရင်မှာ အဓိပ္ပာယ်မရှင်း၍ စိုက်ကြည့်နေရာမှ..'ဘာ'ဟု မေးလိုက်၏။

'ဪ ကျွန်မကို ခိုင်းပြီး အစ်မတို့ပေးတဲ့ ပိုက်ဆံကိုနွားဝယ် နိုင်အောင် စုရပါမယ်၊ ကျွန်မပိုက်ဆံစုမိတော့ ရတဲ့ပိုက်ဆံနဲ့ လယ်ထဲ မှာခိုင်းဖို့ နွားပြန်ဝယ်မယ်၊ နွားဝယ်ပြီးရင်သူဌေးဆီမှာ လယ်သီးစားခံပြီး ကျွန်မလယ်လုပ်မလို့ပါ အစ်မ'

မချောရင်သည် နောက်သို့ တွန့်သွား၏။ မိမိကို လှနွယ်စိုက် ကြည့်နေသောမျက်လုံးနှင့် မဆိုင်ရက်၍ မျက်တောင်ကို စုံခတ် လှနွယ်၏ မျက်လုံးမှ ခွာလိုက်မိသည်။

လယ်လုပ်လျှင် လယ်ထဲ၌ခိုင်းဖို့ရာ နွားဝယ်နိုင်ဖို့အတွက် သူ ဒီအိမ်မှာလာပြီး အခိုင်းအစေ ပထမ လုပ်ရပုံအကြောင်းများသည် မချောရင်၏ နှလုံးထက်သို့ လေးလံစွာဖိကျသွားလေ၏။

နုံနဲ့ချို့တဲ့လှသောသဘောတရားကြီးတစ်ရပ်သည် မချောရင်၏ ခေါင်းထဲကိုရောက်လာကာ ထိုသဘောတရားအထင်အမြင်သည် ဖိထ လေးလံနေသောနှလုံးသည်းပွတ်တို့အား နာကျင်ပြင်းပြလှသည့် ဝမ်း နည်းခြင်းဖြင့် သိမ့်ခါလျက်ရှိပေသည်။

မချောရင်သည် သည်စကားကို မပြောချင်တော့၊ ထိုကြောင့် လှနွယ်ကို ပြန်၍ကြည့်နေလေသည်။ ကြင်နာသနားမိသည့်မေတ္တာ အခိုးအလျှံတို့သည် မျက်လုံးအိမ်တွင် ပိတ်ဆို့မှုန်ဝေနေလေ၏။

'အစ်မ လယ်ထဲရောက်ဖူးသလား'

မချောရင်သည် ခေါင်းကို ဖြည်းဖြည်း ယမ်းပြနေ၏။

'လယ်လုပ်ရတာ သိပ်ပျော်စရာကောင်းတာပဲ အစ်မ၊ ကောက် စိုက်ရတာလည်း ပျော်စရာပဲ၊ စပါးတွေသီးလာရင်လည်း ပျော်စရာ ကောက်ရိတ်ပြီးတော့ ကောက်လှိုင်းတွေကို စပါးနယ်ပြီး လှေ့စင်ပေါ်





ကသွန်ချလိုက်ရင် လေလာလာမှာစပါး အမြွှာတွေ လွင့်နေတာ စပါးသီးတွေတဝေါဝေါကျနေတာ အစ်မကို ပြချင်တယ်၊ ကြည့်လို့ သိပ်ကောင်းတာပါပဲ၊ 'စပါးလည်း ရပါရော ကြွေးရှင်တွေက လယ် ထဲလိုက်လာပြီး ကြွေးတောင်းလိုက်ကြတာ ညံနေတာပဲအစ်မရယ်၊ အခုဆိုရင် ကောက်စိုက်နေပြီ...'

လှနွယ်မျက်နှာတွင် သွေးရောင်များ ဖြာလက်လျက်ဖြင့် လယ် အကြောင်းကို တခမ်းတနားဖောက်သည်ချ၍ အားရပါးရ ပြောပြခြင်း ပြုနေတော့သည်။

မချောရင်သည် ရင်ထဲ၌ အတန်ငယ်ပေါ့သွားလျက် ယခုမှပြုံး နိုင်လေ၏။

'ကောက်စိုက်ရတာမပင်ပန်းဘူးလား'

'စိုက်စတော့ပင်ပန်းပါတယ်၊ ဒါပေမဲ့ အကျင့်ရသွားတော့ ပင် ပန်းမှန်းမသိတော့ပါဘူး'

'လယ်ထဲမှာ မြွေတွေတွေ့ယ်တယ်ဆို'

'တွေ့တာပေါ့အစ်မ၊ တစ်ကောင်တစ်ကောင် မနည်းပါဘူး၊ သန်းလန်းလန်းလန်း ပျော့ပျော့မည်းမည်းကြီးတွေ၊ ခြေသလုံးသားမှာ တွယ်ပြီး သွေးတွေစုပ်နေလိုက်တာ ပျိုးဖတ်နှင့်မနည်းကို ခွာချရတယ်'

မချောရင်မှာ ကျောထဲ၌ လှိုက်၍ ရွံ့စိမ့်သွားလေ၏။

'တချို့လေ...ဝိုက်ထဲကိုဝင်ရင် သေတာပဲ' ဟုလှနွယ်က ထပ် ဆင့်လိုက်ရာ တကျောလုံး တရှုရှု တွန့်တက်သွားပြန်၏။

'ဒီမှာအလုပ်လုပ်နေတာနဲ့၊ လယ်ထဲမှာအလုပ်လုပ်ရတာ ဘယ် ဒင်းကသက်သာသလဲ၊ ဘယ်ဒင်းက ကောင်းသလဲကွယ်'ဟု လေအေး အေးနှင့်ပြန်၍မေးကြည့် လိုက်လေသည်။

'ဒီမှာနေရတာ ကောင်းတော့ ကောင်းတာပေါ့ အစ်မရယ်၊ ဒါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ တစ်မျိုးစီပါပဲ'

'ဘယ်လိုတစ်မျိုးစီလဲ၊ ဒီမှာစားရသောက်ရတာနဲ့ တောမှာ စား သောက်ရတာ မတူဘူးမဟုတ်လား၊ ပင်ပန်းတာချင်း မတူဘူးမဟုတ် လား'

လှနွယ်သည် အဖြေကိုရုတ်တရက်မပေးဝံ့ချေ။ ပြောသင့်မပြော သင့်ကို စဉ်းစားတွေးတောကာ ကိုယ့်ကိုယ်ကိုသွေးထိုးပေးနေသကဲ့သို့ ရှိနေပြီးမှ မချောရင်အား မရဲတရဲပြန်ဖြေကြားသည်။

'ဒီမှာစားရတာ ကောင်းပါတယ်၊ အလုပ်လည်းသက်သာပါတယ် အရသာလည်းရှိပါတယ်၊ ဒါပေမဲ့ သိပ်မစားနိုင်ပါဘူး၊ တောမှာ ကောက်စိုက်ပြီး ငါးပိနဲ့စားရတာက မြိန်တယ်အစ်မ၊ အများကြီးစားနိုင် တယ်'

'ဟုတ်မယ်ပေ့ မင်းပြောတာဟုတ်မယ်' ဟုပြုံးရယ်ကာ ခေါင်း ညိတ်ညိတ်နှင့် ပြန်ပြောလျက်. . .

'ဝတ်ရတာတို့ နေရတာတို့ကကောကွယ်. . . .' ဟုလှနွယ်၏ သဘောထားကိုသိချင်၍ ထပ်ဆင့်မေးမြန်းပြန်၏။

လှနွယ်မှာ ပြောဖို့ရန် အားနာရတော့မလိုပင် အဖြေရခက်နေ သည်။ သို့သော် မိမိဖြေချင်တာဖြေရန် မချောရင်၏မျက်စိများက အားပေးသလိုရှိနေ၍ ဤအိမ်ရောက်ပြီး ကာလကြာမြင့်စွာကပင် စိတ်ထဲတွင် စွဲယူတွေးတောထားသည့် 'တစ်မျိုးစီ' ဖြစ်ကြောင်းကို လွယ်တကူ ပြန်၍ဖြေလိုက်နိုင်၏။

'ဝတ်ရတာတို့၊ နေရတာတို့ ဒီကကောင်းတာပေါ့အစ်မရယ် တောမှာတော့မဝတ်နိုင်ပါဘူး။ ဒီအဝတ်မျိုးတွေက ဒီမှာသာဝတ်မှ ကောင်းတယ်အစ်မရဲ့၊ တောမှာ ဒီအဝတ်မျိုး သွားဝတ်လို့ဖြစ်တာ မဟုတ်ဘူး။ ရွှံ့ထဲမိုးထဲမှာ အလုပ်ကြမ်းလုပ်နေရတော့ ဒီအဝတ်မျိုး





တွေ နေ့တိုင်းဝတ်ဖို့မလိုပါဘူး၊ ရှိလည်းအပိုနေမှာပဲ၊ နေရတာကတော့ အစ်မရယ်၊ တဲနဲ့နေရတာ အနေကြာလာပြီးသားဖြစ်တော့ တဲကလည်း နေလို့ဖြစ်တာပါပဲ'

လှနွယ်သည် မချောရင်အား ပြုံးပြုံးကြီး ကြည့်နေ၏။ သူ၏ တောက်ပနေသောမျက်လုံးများနှင့် အကြည်ဓာတ်ရိုက်နေသောမျက် နှာထားအမူအရာများသည် မချောရင်၏မျက်စိထဲတွင် ဤအိမ်သို့ ရောက်မှ ဤတစ်ကြိမ်သာလျှင် ပွင့်ပွင့်လင်းလင်း တွေ့မြင်ဖူးသော နှစ်လိုချင်စဖွယ်ရာကောင်းလှသည့် ရိုးသားမှုအစစ်ဖြစ်လေ၏။

မချောရင်မှာ ယခင့်ယခင်ကထက် လှနွယ်၏ ပင်ကိုအသွေး အသွင်များကို လေးလေးနက်နက် အကဲခတ်လျက်စိတ်ပါဝင်စားစွာဖြင့် လှနွယ်၏စကားကို ဆက်လက်၍ နားစိုက်နေလေ၏။

'လယ်လုပ်ချင်တာကြာပါပြီ အစ်မရယ်၊ အဘဘုန်းကြီးကိုလည်း လယ်လုပ်ချင်တယ်လို့ လျှောက်ဖူးပါတယ်၊ ဘုန်းကြီးက လယ်လုပ်တာ မလွယ်ဘူးဟဲ့. . . လို့တော့ပြောပါတယ်၊ ဒါပေမဲ့ ကျွန်မတော့ လယ် လုပ်ချင်တာပဲ၊ အခု ဒီလာနေလို့ တော်သေးတာအစ်မ၊ တောမှာဆို ရင် မိုးလင်းတာနဲ့ လယ်ကွက်ကြီးတွေကိုမျက်စိထဲမှာ တစ်မျှော်တစ် ခေါ်ကြီးမြင်နေရတော့ ဘယ်တော့မှ လယ်လုပ်နိုင်ပါ့မလဲလို့ တွေးနေ ရတာပဲ၊ ကျွန်မပိုက်ဆံစုမိရင် ရွာပြန်ပြီး လယ်လုပ်မယ်နော်အစ်မ'

မချောရင်မှာ လှနွယ်၏ ရည်ရွယ်ချက်ရှိပုံကို ထူးခြားချက်တစ် ရပ်အနေဖြင့် လေးလေးစားစား အမှတ်ထားလိုက်ကာ လှနွယ်အား ခြေဆုံးခေါင်းဆုံး သုံးသပ်ကြည့်ရှုလိုက်ပြီးနောက် သာယာညင်းပျောင်း ပြောလေ၏။

'ကိုယ်လုပ်ချင်တဲ့အလုပ်တစ်ခုကို ကြိုးစားရင်ဖြစ်တာပဲပေါ့ကွယ်၊ မင်းဆန္ဒအတိုင်း တစ်နေ့ မင်းလုပ်ချင်တဲ့ လယ်ကိုလုပ်ရမှာပေါ့၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



လယ်လုပ်တဲ့အချိန်ရောက်တော့ အစ်မလည်း အကူအညီပေးမှာပေါ့။ မချောရင်၏မျက်နှာကို ဖျပ်ခနဲ စိုက်၍ကြည့်လိုက်ကာ မိမိအား လယ်လုပ်နိုင်စေရန် အားပေးနေသောအစ်မအား တကယ့်အစ်မအရင်းအချာနှင့်မခြား တစ်သွေးတစ်သားတည်းလို ချစ်ခင်အောက်မေ့မိကာ နှစ်သိမ့်အားရခြင်း ဖြစ်မိတော့၏။

'တို့နိုင်ငံကြီးဟာ လယ်ယာစိုက်ပျိုးရေးနိုင်ငံကြီးကွယ့်၊ မင်းတို့တစ်တွေက ရွှံ့ထဲမိုးထဲမှာ ပင်ပန်းဆင်းရဲခံပြီး ထွန်ယက်စိုက်ပျိုးပေးကြလို့ တို့များက စားရတာ၊ ဒါတင်မကသေးဘူး၊ တို့ပြည်ကထွက်တဲ့ ဆန်စပါးတွေကို တခြားနိုင်ငံတွေရောင်းပြီး အဲဟိုက တို့ပြည်မှာမရှိတဲ့ စက်မှုလက်မှုပစ္စည်းတွေနဲ့ လဲရတယ်ကွယ့်၊ ဒီတော့ ဒီနိုင်ငံကြီးဟာ ဒီလယ်တွေကိုမှီနေရတာ၊ ဒီလယ်တွေကလည်း မင်းတို့ကို မှီနေရတာ မင်းတို့ကိုလည်း လယ်ရှင်မြေရှင်တွေနဲ့ တို့များအားလုံးပါ မှီနေရတာ၊ မင်းတို့ကြောင့် နိုင်ငံကြီးဟာ ကျေးဇူးဖြစ်ထွန်းရတယ်ရယ်လို့ မှတ်ထားကွယ့်၊ ဒါကြောင့် ဗိုလ်ချုပ်တို့က မင်းတို့ကို အထူးသက်ညှာသွားတာပေါ့'

လှနွယ်သည် စူးစူးစိုက်စိုက် နားထောင်နေလေ၏။ စကားပြောနေသော မချောရင်၏မျက်နှာအား စေ့စေ့ကြည့်ကာ ကိုယ်ကိုမလှုပ်မီ အောင်ပင် သတိထားကြိုးစားပြီး အာရုံစိုက်နားထောင်ရှာ၏။

မချောရင်သည် မိမိပြောနေသည့်စကားများကို လှနွယ်နားလည်စေချင်သောစေတနာများမှာ ပြင်းပြသက်ဝင်လာသည်။ မိမိပြောပြမည့် စကားကို လှနွယ်နားလည်မည့်နည်းဖြင့် ဘယ်ကဲ့သို့ ရှင်းလင်းပြောပြမည်ကို စကားရှာနေရ၍ ခေတ္တခဏရပ်နားနေခိုက်၊ လောကအကြောင်း ခေတ်အကြောင်းကို ဘာမှမသိသကဲ့သို့ ငေးငိုင်ကြည့်နေသော လှနွယ်အတွက် စိတ်မချမ်းသာနိုင်ပေ။ သို့ဖြစ်၍ ဗိုလ်ချုပ်တို့လုပ်





ငန်းနှင့် လှနွယ်တို့၏ဘဝကို ရှင်းလင်းပြောဆိုချင်လာလေ၏။

'တို့တိုင်းပြည်မှာ ဗိုလ်ချုပ်မပေါ်ခင် ဟိုအရင်တုန်းကဘယ်သူတွေ အုပ်စိုးနေတယ်ဆိုတာမင်းသိသလား'

'ရှင်ဘုရင်တွေအုပ်စိုးတယ်ဆို အစ်မ'

'ဒါမေးတာ မဟုတ်ဘူး၊ အဲ့ဒီ မြန်မာမင်းတွေအုပ်စိုးပြီး ဘယ်သူလာအုပ်စိုးသလဲ'

'အင်္ဂလိပ် အုပ်စိုးပါတယ်' ဟုလှနွယ်ကဖြေကြားလိုက်ရာ မချောရင်မှာ လှနွယ်ကို ပြောအားရှိလာသကဲ့သို့ ဝမ်းမြောက်လှစွာဖြင့် အင်္ဂလိပ်တွေ အုပ်စိုးပြီး ဘယ်သူလာသလဲကွယ်. . .'ဟု မေးလိုက်ပြန်သည်။

'ဂျပန်လာပါတယ် အစ်မ'

'အေး၊ ဟုတ်တယ် တို့ဆီလာပြီးအုပ်စိုးနေတဲ့ အဲဒီအင်္ဂလိပ်ရော၊ ဂျပန်ရော သူတို့ကို မောင်းထုတ်တာကဘယ်သူလဲ'

'ဗိုလ်ချုပ်အောင်ဆန်း'

'ဘာဖြစ်လို့ မောင်းထုတ်ကြတာလဲ'

'ဆင်းရဲတဲ့ လူတွေများလို့ပါ'

မချောရင်သည် မေးသာမေးရသော်လည်း သို့ကလို လှနွယ်က ဖြေကြားလိမ့်မည်ဟု မမျှော်လင့်ချေ။ မိမိကသာလျှင် ရှင်းလင်းဖြေကြားရမည်ဟု သိမြင်လျက်ဖြင့် မေးရခြင်းဖြစ်လေရာ လှနွယ်၏ အဖြေကို ကြားရလျှင်ကြားရချင်း မိမိပြောပြမည့် အချက်အလက်တို့နှင့် နီးနီးကပ်ကပ် ဖြစ်နေ၍ အင်မတန် စိတ်အားတက်မိကာ စိတ်ထက်သန်လှစွာဖြင့် ပြန်၍ပြောလိုက်၏။

'အစစ်ပေါ့ ဆင်းရဲတဲ့ လူတွေများလို့ မောင်းထုတ်ကြတာပေါ့ . . . တို့တိုင်းပြည်မှာ၊ စပါးတွေလည်းရှိတယ်၊. . . သစ်တောတွေ



www.burmeseclassic.com

www.burmeseclassic.com



သစ်တွေလည်းရှိတယ်၊ ရေနံတွင်းတွေ ရေနံတွေရှိတယ်. . .၊ သ
တွင်းတွေ သတ္တုတွေလည်းရှိတယ်၊ ဒါတွေရှိတော့ အတော့်ကိုချမ်းသာ
တဲ့တိုင်းပြည်. . . ဒါပေမဲ့ သဘာဝချမ်းသာကြွယ်ဝတဲ့ပစ္စည်းတွေ
တို့လူမျိုးက မခံစား မသုံးဆောင်ရဘူး ၊တစ်ပြည်နဲ့တစ်ပြည် ရော
တဲ့နေရာမှာလည်း တို့မပါရဘူး၊ ဒီပစ္စည်းတွေကို နိုင်ငံခြားကိုပို့ေ
နိုင်အောင် ထုတ်နုတ်ပေးတဲ့ လူတွေအနေနဲ့သာ နေကြရတယ်
စပါးထွက်အောင်၊ ရေနံထွက်အောင် လုပ်ပေးတဲ့ အဖိုးအခလောက်
ရတယ်၊ ဒါတောင်မှလည်း လူတန်းစေ့စေ့ နေနိုင်အောင်မရကြပါဘူ
ဒီတော့ မြန်မာတွေဟာ ဆင်းရဲသထက်ဆင်းရဲလာကြတော့ မ
မနပ်ဖြစ်လာကြတာပေါ့၊ ဒီ ခနရှင်စနစ်ကြီးကို တိုက်ပြီး ကိုယ့်ဘ
သာ ကိုယ့်တိုင်းပြည်အတွင်းမှာရှိတဲ့ စီးပွားဥစ္စာတွေကို တို့မြန်မာ
အချင်းချင်းရဲ့အကျိုးကို ရှေးရှုပြီး တို့ဘာသာတို့ စီမံခန့်ခွဲလုပ်ချင်
တယ်၊ အဲသလိုလုပ်နိုင်ဖို့အတွက် ဗိုလ်ချုပ်တို့က မရရအောင် အနည်
နည်းနဲ့တိုက်ကြတာပေါ့။ နောက်ဆုံး အင်္ဂလိပ်တွေကို မောင်းထုတ်
တယ်၊ မောင်းထုတ်တာဟာ တခြားက အဆိတွေ အသွေးတွေလာ
စုပ်ကြတော့၊ လူတွေ ဆင်းရဲ ဆင်းရဲ လာပြီး ဆင်းရဲတဲ့လူတွေများ
လွန်းလို့ကွယ့်'

လှနွယ်သည် စိတ်ပါလက်ပါနားထောင်၍နေ၏။ လူဖြစ်လာ
တည်းက ဤအကြောင်းအချက်များကို ယခုကဲ့သို့ သူ့အား ဂယက
ရှင်းလင်းပြောဆိုပြဖူးသူ မရှိဖူး၍ များစွာမှကျေနပ်ကာ သဘော
၍နေပေ၏။

မချောရင်၏နဂိုအသံမှာ သိမ်မွေ့နူးညံ့လျက်အေးဆေးတည်ငြိမ်
လှပေရာ၊ ယခုသော် တစ်မျိုးတစ်ဖုံဖြစ်နေသည်ထင်၍ လှနွယ်သည်
အမူအရာများကို တစ်ချက်နှစ်ချက်လိုက်ကြည့်မိလေ၏။ ထိုအခ





းနက်၍ အားသန်နေသောအမူအရာကို မြင်ရလေ၏။

'ဒါကြောင့်ထင်တယ် အစ်မ၊ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်
ရအောင် လုပ်ပေးတယ်ဆိုတဲ့ သီချင်းတွေ ရွာမှာဆိုလိုက်ကြတာ၊
င်အတ္ထုပ္ပတ္တိလည်း သိရမယ်၊ မော်ကွန်းလည်းထိုးလောက်တယ်၊
မြတ်တဲ့ဗိုလ်အောင်ဆန်းရယ်. . .လို့ လူတိုင်းပါးစပ်ဖျားမှာ ဆိုနေ
တာပေါ့ အစ်မ'

မချောရင်မှာ အသံနေ အသံထား ဆိုမပြရုံတမယ် ပြောနေ
သာလှနွယ်ကိုကြည့်ကာ ပြုံးရလေသည်။

'အေးပေါ့၊ ဗိုလ်ချုပ်တို့က လွတ်လပ်ရေးရအောင် လုပ်ပေးတာ
ဒါပေမဲ့ အခု လွတ်လပ်ရေးမရသေးဘူး။ အင်္ဂလိပ်တွေရှိသေး
မပြန်သေးဘူး၊ တို့များ လွတ်လပ်ရေးရတော့မယ့် ဆဲဆဲမှာ
သွားတာ နာတာပေါ့ကွယ်'

'လွတ်လပ်ရေးရတော့ ကျွန်မတို့မဆင်းရဲဘူးပေါ့နော် အစ်မ. . .'

'ဘယ်ဆင်းရဲမလဲ' ဟု မချောရင်က ကျူးရင့်လိုက်လေ၏။

'လွတ်လပ်ရေးရတော့လေ တို့တိုင်းပြည်ကြီးကို သဘောတရား
ပြန်ထူထောင်ရလိမ့်မယ်။ သဘောတရားသစ်က ဘယ်လိုလဲဆို
အစိုးရဆိုပြီး အခုထိ ရှိတဲ့ဟာတွေဟာ၊ လူချမ်းသာတွေရဲ့
ခံသက်သက် ဖြစ်နေတယ်၊ လူချမ်းသာတွေကလည်း မင်းတို့လို
င်းရဲတွေရဲ့ လုပ်စာကိုင်စာကိုအမှီပြုပြီး ခေါင်းပုံဖြတ်ပြီးချမ်းသာ
ကြတယ်၊ သူတို့ကတော့ အလုပ်မလုပ်ဘဲ စည်းစိမ်ခံနေနိုင်တယ်၊
ပ်လုပ်ရတဲ့မင်းတို့လို လုပ်စားကိုင်စားတွေကတော့ ဘာမှ လူ
စေ့ လောက်လောက်ငပြည့်ပြည့်စုံစုံမရှိဘူး၊ ဒါဟာ နည်းလမ်း
ဘူး၊ ဒီတော့ လူဆင်းရဲတွေကိုစေခိုင်းပြီး တစ်ဖက်သတ်အဆီ
နေတဲ့ လူချမ်းသာတွေရော၊ အဲ့ဒီလူချမ်းသာတွေရဲ့ဩဇာအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လုပ်နေတဲ့အစိုးရရော အဲဒါတွေမရှိအောင်ပယ်ဖျက်ပြီး၊ တိုင်းပြည်မှာ အလုပ်လုပ်နိုင်တဲ့လူတွေဟာ အသီးသီး အသီးသီး ကိုယ်သန်ရာသန်ရာဘက်က ဝင်လုပ်ရမယ်၊ လူတိုင်းလူတိုင်းက ကိုယ့်အစွမ်းရှိသလောက်မတွန့်မတိုဘဲ အများရဲ့အကျိုးငှာ လုပ်ပေးရမယ် အဲဒီလိုလုပ်ပေးတဲ့လူတွေဟာ အစိုးရက သူတို့လုပ်တဲ့အလုပ်နဲ့ တန်အောင် အခကြေးငွေကအစ လောက်လောက်ငငေ ပေးရမယ်ပေါ့ကွယ် လူတိုင်းလူတိုင်း အစွမ်းရှိသလောက်လုပ် လုပ်သလောက် အကျိုးခံစားခွင့်ရစေမယ်ဆိုတာပေါ့၊ သဘောတရားသစ်နဲ့ ထူထောင်ရမယ်ဆိုတာ အဲဒီသဘောတရားသစ်ပဲ၊ ဗိုလ်ချုပ်တို့ ရှိရင်လည်း အဲဒီသဘောတရားသစ်နဲ့ ပြန်တည်ထောင်မှာပဲ၊ သဘောတရားသစ်ဆိုတာ နားလည်ပြီလား. . .'

လှနွယ်သည် ဟုတ်တန်ရာ၏၊ မဟုတ်တန်ရာ၏၊ ဟူသော အမိပ္ပာယ်မျိုးကို ရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောဂရာမရှိဘဲ တင်းတည်း ရှင်းလင်းသိမြင်နားလည်၍လာသလို 'ဪ. . . ဪ' ဟု ခေါင်းကိုညိတ်၍ ဖြေပြော၏။

'ဒီတော့ မင်းတို့ လယ်လုပ်တယ် မဟုတ်လား၊ မင်းတို့လုပ်သလောက်လောက်ငငေ ခံစားရမယ်ဆိုရင်ကွယ် မင်းတို့ဆင်းရဲဦးမလား'

လှနွယ်မှာ ငေးငိုင်လျက် နားထောင်နေရာမှ 'ဒီအတိုင်းဆိုရင် ဆင်းရဲမှာမဟုတ်ဘူး' ဟုအကြမ်းဖျင်း ယုံကြည်သွားလေသည်။

ဤယုံကြည်မှုမှာ စွဲမြဲသွားလေ၏။ နေရောင်ခြည်ကို လှုံလိုက်ဘိသကဲ့သို့ သူ့ရင်ထဲတွင် နွေးသွားလေသည်။

လွတ်လပ်ရေးရလျှင် ဆင်းရဲတွင်းမနက်စေရဘဲ မျှမျှတတဖြစ်လာမည့် လောကသစ်ကြီးကို တည်ဆောက်ပေးအပ်သောဗိုလ်ချုပ်အား တမ်းတလွမ်းဆွတ်သယောင်ယောင် စိတ်ထဲ၌ဖြစ်နေပေ၏။





အမှောင်သည် ချဉ်းကပ်၍လာနေပေပြီ၊ လမ်းထဲတွင် 'ညနေသတင်းစာ'ဟု ဗိုလ်ချုပ်တို့သတင်းများကို သူ့ထက်ငါ ဟစ်အော်ကြွေးကြော်ရောင်းကြသော သတင်းစာရောင်းသည့်သူငယ်လေးများ၏အသံများသည် အခန်းထဲသို့ သဲ့ဝင်လာသည်။ မချောရင်သည် ထိုင်ရာမှ ကပျာကယာထ၍ အပြင်သို့ပြေးထွက်သွားကာ သတင်းစာရောင်းသူကို လှမ်းခေါ်ဝယ်ယူလေ၏။

အိမ်ရှေ့ဧည့်ခန်း၌ အကြီးကို မချောရင်က သတင်းစာဖတ်ပြနေလေ၏။ လှနွယ်မှာ အခန်းထဲကထွက်လာလျက် မနီးမဝေး၌ရပ်ကာ သတင်းများကို နားစွင့်၍နားထောင်နေလေသည်။

သတင်းဆုံးသွားလျှင်လှနွယ်သည် မီးဖိုထဲသို့ဝင်ခဲ့၏။ ထို့နောက် ထမင်းအိုးတည်ပြီး ဟင်းအိုးများကိုနွေးတည်လျက် အားလုံးပြီးစီးသွားသောအခါ မီးဖိုဘေး တံခါးသံတိုင်ပေါက်မှ အိမ်အပြင်သို့ မျှော်ကြည့်ကာ အမေ့ကိုသတိရနေလေသည်။

'အမေ ဘာဖြစ်လို့ မလာပါလိမ့်၊ ငါးလရှိပြီ. . .'

မိုးပွင့်ကလေးများသည် စိုစွတ်ထိုင်းမှိုင်းလှသောမှောင်ရိပ်တွင်း၌ တဖွဲဖွဲ တသဲသဲ ရွာသွန်းကျဆင်းနေကြလေသည်။

အချိန်မည်မျှကြာအောင် ဤနေရာတွင် ရပ်ငေးနေမိသည်မသိ၊ သူ၏နားထဲတွင် အိမ်ရှေ့ဧည့်ခန်းရေဒီယိုမှ 'အစိုးရဖွဲ့စည်းလိုက်ကြောင်း' သတင်းကို သံ့သံ့ကြားရ၍ ကပျာကယာအိမ်ရှေ့သို့ပြေးထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း[ ၁၄ ]

နေ့ရက်တွေညောင်း၍ လပေါင်းများစွာ ရွေ့ပြောင်းလာခဲ့လေ

လှနွယ်၏အမူအရာအားလုံးမှာ ခါတိုင်းထက် ဗိုင်းကော ကျောက်ဖိကလေး ဖြစ်နေပေ၏။ မျက်လုံးများသည် ထူးထူးခြား သိမ်သိမ်မွေ့မွေ့ကလေး ဖြစ်နေကြသည်။ ဆံပင်ကို အမြဲတစေ သ သပ်ရပ်ရပ် ဖြီးထားလေ့ရှိ၏၊ တစ်အိမ်လုံးကို သန့်သန့်ရှင်းရှ လုပ်လျက် သူလည်း သန့်သန့်ရှင်းရှင်းဝတ်စားနေထိုင်သည်။

စကားပြောလျှင် ယဉ်ယဉ်ကျေးကျေး ကြွေရရ ပြောတတ် ကာ ဘယ်အခါမဆို အားတက်သရောရှိနေသောအမူအရာနှင့် ရွှ ပျပျ ရှိလေသည်။

နံနက်လင်းလျှင် အိမ်အလုပ်များ ပြီးပြီးချင်း ဈေးသို့သွား မချောရင်အတွက် ထမင်းအမီချက်ပေးလိုက်ပြီးနောက် တစ်အိမ် လုပ်စရာရှိရှိသရွေ့ သူတစ်ယောက်တည်း ဒိုင်ခံ၍ ကျကျနနလုပ်သွ နိုင်လေရာ၊ အကြီးရော မချောရင်ပါ မျက်နှာလွှဲရသောအခြေသို့ ဆိုက်ရောက်၍သွားပေပြီ။

လမ်းထဲတွင် နံနက်ခင်းနှင့်ညနေခင်းတို့၌ လူသွားလူလာထူ လျက် ကားသံများမှာ ဆူညံနေ၏။

ညနေစောင်းသွား၍ လှနွယ်မှာ မီးဖိုထဲတွင် အလုပ်ရှုပ်လျ နေလေသည်။

မချောရင် ကျောင်းမှပြန်ပြန်ချင်း ထမင်းအဆင်သင့်ဖြစ်စေ ချက်ရင်းပြုတ်ရင်းဖြင့် အိမ်ရှေ့မှ ကားဆိုက်သံကိုမကြားလိုက်ဘဲ လေ၏။





'လှနွယ်'ရေ ဟုခေါ်လိုက်သော အကြီးအသံကို ကြားရတော့မှ ဘပျာကယာ အိမ်ရှေ့သို့ ပြေးထွက်လာခဲ့၏။ အိမ်ရှေ့ဧည့်ခန်းထဲမှ ဧည့်သည်များ၏အသံကို ကြားလိုက်ရသောအခါ အပေါက်ဝ ခန်းဆီး အကွယ်တွင် အသာ ကိုယ်ရှိန်သတ်ကာ ရပ်နေလိုက်ရ၏။

'အကြီး. . . ခေါ်ပါသလား'

လှနွယ်သည် လူလုံးမပြဘဲ ခန်းဆီးကြားမှ လှမ်းမေးလိုက်သည်။ ဆိုသို့မေးရင်း အိမ်ရှေ့တွင် ထိုင်နေကြသော ဧည့်သည်များအား သူ တို့ မမြင်အောင် အဝတ်ကြားမှ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုရသည်။

အသက်လေးဆယ်ခန့် ရှိမည်ဖြစ်သော မိန်းမတစ်ယောက်နှင့် သူ့နွယ်အရွယ် ခပ်ငယ်ငယ်မိန်းမတစ်ယောက်တို့မှာ ဆိုဖာပေါ်တွင် ထိုင်ကြလျက် အကြီးနှင့် စကားပြောနေကြသည်။

ဧည့်သည်မိန်းမကြီးမှာ ကျောပေး၍ ထိုင်နေလေရာ ခေါင်း နောက်၌ ဘီးကျော်ပတ် ပတ်ထားသော အစွန်းနှစ်ဖက်ထွက်နေသည့် ရွှေဘီးမှာ ဝင်းနေလေ၏။

အကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်နေကြသော မိန်းကလေးနှစ် ယောက်မှာ ဆံပင်များကောက်ကောက်တွန့်တွန့်နှင့် နူတ်ခမ်းနီနီရဲရဲဆိုး ထားသည်။ ရင်ဘတ်ပေါ်၌ နှစ်ဖက်စုံချထားသော ကျစ်ဆံမြီးအဖျားကို ဖဲကြိုးအပြာ၊ အရောင်ဆင်တူချည်ထားသည်။ ခရမ်းရောင်နိုင်လွန်၊ ခရမ်းရောင်ပိုးတွန့် ငွေပွင့်ထဘီနှင့် လက်ကိုင်အဖြူ အိတ်ကလေးများ ကို ပွေ့ကိုင်ထားကြသည်။

မိန်းကလေးနှစ်ယောက်မှာ အသံလာရာအခန်းဝသို့ လှမ်းကြည့် ကြသည်။

လှနွယ်မှာ ဘယ်လိုဧည့်သည်မျိုးလဲဆိုသည်ကို တစ်ခါတည်း အကဲခတ်မိသွားသကဲ့သို့ ခန်းဆီးအပြင်သို့ မထွက်တော့ဘဲ အထဲက



www.burmeseclassic.com

www.burmeseclassic.com



ပင် မတ်တတ်ရပ်လျက် အကြီးကို လှမ်းပြောခြင်းဖြစ်လေ၏၊

'အေးဟေ့. . . . ဧည့်သည်တွေအတွက် ကော်ဖီယူခဲ့ပါ'

မော်တော်ကားကြီးနှင့် အထက်တန်းစား ဒင်တွေ. . . ဟု ဆေးကြည့်ရှုသွားပြီး လှနွယ်သည် 'ဟုတ်ကဲ့ အကြီး'ဟု ပြောခဲ့ပြီး နောက်ဖေး၌ ကော်ဖီပွဲကို ဖုတ်ပူမီးတိုက် ပြင်ဆင်တော့လေသည်။

အကြီးသင်ကြားထားသည့်အတိုင်း သူတို့အဝတ်အစားနှင့် တို့အချိုးမှာ နေ့စဉ်သောက်သုံးနေကျ ပန်းကန်များနှင့် မဖြစ်မှ နားလည်ကာ လှနွယ်သည် ထမင်းစားခန်းဗီရိုထဲမှ အိမ်သား မသုံးသော ပန်းကန်ခွက်ယောက်အသစ်များထုတ်ယူ၍ ကော်ဖီ ပန်းကို သားသားနားနား ပြင်ဆင်နေရသည်။

ပြင်ဆင်ပြီးလျှင် ပန်းကို ထမင်းစားပွဲခုံပေါ်တွင် သွား၍တင် အခန်းထဲသို့ ခြေသံမကြားအောင် ပြေး၍ဝင်သွားသည်။ အကျီလုံချည် ခပ်လတ်လတ်ကို မြန်မြန်ဆန်ဆန် ရွေးကာ လဲ၍ဝတ်လိုက်၏။

အဝတ်သာလဲသော်လည်း သူ့အတွက်ဖြီးဖို့လိမ်းဖို့မလို၊ လှ မှန်ကြည့်ရန်ပင်မလိုချေ။ ဧည့်သည်များ၏မျက်စိတွင် သူ့အဝ ကောင်းဖို့သာအရေးကြီးရမည်ဖြစ်သည့်အတိုင်း အဝတ်လဲပြီး အခန်း ထဲမှ ပြေးထွက်လာကာ ခုံပေါ်ကပန်းကိုယူလျက် အိမ်ရှေ့သို့ ဖြည်း ဖြည်းလေး ထွက်လာခဲ့သည်။

'ကြွေးမြီ မှတ်ပုံတင်ရေး ဥပဒေက ဝိုလ်ချုပ်တို့လက်ထက် ဥပဒေအဒေါ်ရဲ့၊ လယ်သမားတွေပေါ်မှာတင်တဲ့ကြွေးကို လယ်ရှင် ဆိုင်ရာခရိုင်အရေးပိုင်ဆီမှာ မှတ်ပုံတင်ရမယ်တဲ့၊ အဲဒီဥပဒေတည် တဲ့ ခြောက်လကျော်လို့ မှတ်ပုံမတင်ရသေးလျှင် လယ်သမားဆီ ရစရာကြွေးကို လယ်ရှင်က တရားစွဲလို့မရဘူးတဲ့'

လှနွယ်သည် ပန်းကန်များကို တစ်ခွက်စီ ဧည့်သည်များရှေ့၌





ပုကလေးဖြင့်လိုက်ချပေးနေရင်း 'လယ်သမား'ဟူ၍ ကြားရသောစကား တို့ သိချင်ဇောဖြင့် နားစွင့်ထားလေ၏။

'ဒီဥပဒေက ဘယ်လို အဓိပ္ပာယ်လဲ'ဟု အကြီးက ဝင်၍ထောက် လေ၏။

'အိမ်ကလူပြောတော့ လယ်သမားများ ကြွေးမြီချောင်ချိရေး ဥပဒေလုပ်ချင်လို့ ဒါကို အရင်လုပ်တာလို့ ပြောတာပဲ။ လယ်သမားတွေ အပေါ်မှာ လယ်ရှင်က တင်တဲ့အကြွေးဟာ တစ်သောင်းကျော်နေရင် အချိန်မရွေး တရားစွဲလို့ရသတဲ့။ တစ်သောင်းမကျော်ဘူးဆိုရင် ကြွေး မြီဖြန်ဖြေရေးအဖွဲ့ ဖွဲ့ပြီး ဖြန်ဖြေမယ့် သဘောပေါ့။ လယ်ရှင်က လယ်သမားဆီမှာ ရစရာကြွေးဟာ ဘယ်လာ တစ်သောင်းတော့ ကျော်မလဲ အဒေါ်ရယ်. . . အဲဒီဥပဒေထွက်တာကိုမသိလို့ မှတ်ပုံသွား မတင်မိရင် တရားမစွဲနိုင်ဘူး'

လှနွယ်သည် ပန်းကန်များကို ချ၍ပေးပြီးနောက် ပန်းကန်များထဲ သို့ ကော်ဖီကို အိုးကရားဖြင့် ငုံ့ကာငုံ့ကာ လိုက်၍ထည့်ပြန်၏။

အစေအငှထည့်ပြီးလျှင် အနားတွင်ရပ်မနေနိုင်သဖြင့် အခန်းထဲ သို့ ဝင်ခဲ့သည်။ မိမိအား အလိုရှိလျှင် ခေါ်ရန်အခန်းဝလိုက်ကာ အကွယ်တွင်ထိုင်လျက် အိမ်ရှေ့မှ ဧည့်သည်၏စကားကို ဆက်လက် ၍ အာရုံစိုက်ပြီး နားထောင်နေလေသည်။

'အိမ်ကလူကလည်းမမာနေ၊ ဒီဥပဒေထွက်တာ အမှုမဲ့အမှတ်မဲ့ နဲ့ နောက်ကျမှသိရတော့ သူတို့ဆီမှာရစရာရှိတာတွေဟာ အကုန်ဆုံး တော့တာပါပဲ အဒေါ်ရယ်၊ လယ်လုပ်ဖို့အတွက် ကျွဲနွားလယ်ထွန် ပစ္စည်းတွေ ဝယ်နိုင်အောင် ငွေတစ်ရာ နှစ်ကျပ်တိုးနဲ့ ထုတ်ပေးထား ခဲ့ရတာ၊ မိုးတွင်းစရိတ်စပါးပေးငွေကလည်း ချေးရသေးတာ၊ ကျွန်မ တို့မှာ ဧကကများတော့ တစ်နှစ်တစ်နှစ် လယ်သမားတွေကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ချေးရတဲ့ငွေတွေက နည်းတာမဟုတ်ဘူး၊ ဘယ်လောက်နစ်နာသလဲ'

'မှန်တယ်. . . မှန်တယ်' ဟုအကြီးက အသံတိုးတိုးနှင့်ပြောလေသည်။

လှနွယ်သည် လယ်ထဲတွင် ကြီးပြင်းလာခဲ့သော်လည်းလယ်ပိုင်ရှင်သူဌေးများကို တစ်ခါမျှ မတွေ့ဖူးပေ။ သူဌေးကိုယ်စားလှယ်သာလျှင်တွေ့ဖူးလေသည်။ လယ်ပိုင်ရှင်သူဌေးများမှာ လယ်ထဲသို့ခြေတစ်ပေါင်းမှမချသာ၍ လယ်ရှင်သူဌေးများနှင့် မဆုံစည်းခြင်းဖြစ်လေ၏။

ဧည့်သည်၏စကားအသွားအလာကို နားစိုက်ထောင်၍နေတော့ပင် 'လက်စသတ်တော့ လယ်ပိုင်ရှင်သူဌေးတွေကိုး'ဟု ရိပ်မိလာသည်နှင့် သေသေချာချာကြည့်ချင်သဖြင့် အကြီးမမြင်ရအောင် လိုက်ကာကြားမှ မရဲတရဲ ချောင်းကြည့်လိုက်လေ၏။

ခပ်ရွယ်ရွယ်မိန်းကလေးနှစ်ယောက်မှာ စကားတစ်ခွန်းမှမပြောကြဘဲ ငြိမ်ငြိမ်ဆိမ်ဆိမ် ထိုင်နေကြသည်။ လိုက်ကာထဲက ပြူထွက်လာသောလှနွယ်၏မျက်နှာတစ်ခြမ်းကို မြင်လိုက်ကြ၍ နှစ်ယောက်စလုံးငဲ့ကြည့်ကြ၏။ ခေါင်းကိုငဲ့လိုက်လျှင် နားထဲကစိန်နားဆွဲကလေးများသည် ယမ်းခါကာ ဝင်းဝင်းလက်သွားသည်။

လှနွယ်မှာ မိန်းကလေးနှစ်ယောက်၏မျက်စိများဖြင့် ဆုံမိသည်နှင့်တစ်ပြိုင်တည်း မျက်ခုံးများတွန့်၍မျက်နှာကို နောက်သို့တုံ့ကာ ခန်းဆီးအဝတ်နှင့် ပြန်ကွယ်လိုက်လေသည်။

လှနွယ်သည် နောက်ကြောင်းများကို အားလုံးပြန်၍ သတိရမိလေ၏။ သူဌေးလယ်ကို လုပ်စဉ်တုန်းက မိမိကို အဖေက ရွှေနားသန်သီးကလေး ဆွဲပေးဖူးခဲ့ခြင်းများကို ပြန်ပြောင်း မြင်ယောင်၍လာလေ၏။

ထိုအခါ ဝမ်းနည်းသလို ဖြစ်ပေါ်လာသောစိတ်သည် ပန်းလှနွမ်းနယ်နေသောနှလုံးသားကို လှုပ်ဆွ၍ပေးလိုက်သကဲ့သို့ ဖြစ်ပြန်





လေ၏။

ရှာနောက်ဖေး၌ လူရောနွားရော ပေါင်းစုနေထိုင်ကြရသောလယ်သမားများ၏ ခနီမိုးတဲများကို မျက်စိထဲတွင်တရေးရေးထင်မြင်၍လာလေသည်။

မိမိတို့နေထိုင်သောတဲပုတ်ကလေး နောက်ဖေးပေါက်၌ အမေနှင့်နှစ်ယောက်ထိုင်ကြလျက် အမေ ထိုလယ်တဲတွေကို စဉ်းစားသလိုလှမ်း၍ မျှော်ကြည့်နေပြီးနောက်. . .

'လယ်လုပ်တုန်းက အဲသလို တဲကြီးတွေနဲ့လား၊ ညည်းကငယ်ငယ်ရှိသေးတာ၊ ကောက်စိုက်ချိန်ကျပြီဆိုရင်အေ၊ တစ်နေ့ကို ဆန်တစ်တင်း လောက်ချက်ရတယ်၊ သူရင်းငှားကြီး ဆယ်ယောက်လောက်ငှားထားရတာ၊ အဲ့တုန်းက ဆယ်တုံးထွန်ဇကာတစ်ရာလုပ်ခဲ့တယ်၊ စပါးဈေးကလည်း ကောင်းတော့ ညည်းအဘက ကျောက်တန်းက ဦးငွေရှိန်ပန်းထိမ်မှာ ညည်းဖို့ ရွှေနားဆွဲကလေးသွားအပ်တယ်'

လှနွယ်သည် ခေါင်းကိုငုံ့လျက် ဟင်းခနဲ အသက်ပြင်းကြီးချလိုက်မိလေသည်။

'ရှေ့လျှောက် ဘာဖြစ်ဦးမလဲ မသိပါဘူးအဒေါ်၊ တောမှာ ပိုက်ဆံရှိတဲ့လူတွေဟာ ဘယ်သူမှ နေဝံ့တာ မဟုတ်ဘူး၊ ဂျပန်အထွက် အင်္ဂလိပ်အပြန်မှာ လက်နက်တွေက ဖောခြင်းသောခြင်းကလား၊ တိုက်လိုက်တဲ့ဓားပြ မပြောနဲ့တော့၊ မြို့ထဲမှာ ကျကျနနကင်းချပြီးမှ အိမ်ပေါက်ဖေ့ တိုက်ကြတာ၊ ဘယ်နေဝံ့ပါ့မလဲ၊ ကျွန်မတော့ရန်ကုန်ကိုပြေးလာပြီး ဒီမှာပဲ တိုက်ဝယ်လိုက်ရတော့တာပဲ၊ တောမှာရှိတဲ့ လယ်တွေ ဆန်စက်တွေဟာ အလကားဖြစ်ရတော့မလိုပါပဲ'

ဧည့်သည်မိန်းမကြီး၏ စိတ်တိုင်းမကျ ညည်းညူလိုက်သောအသံဖြစ်လေ၏။ ထိုအခါ အကြီးက 'ဟုတ်တယ် ရှေ့လျှောက်ဘာဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး'ဟု ထောက်ခံလိုက်ကာ 'ကဲ ကော်ဖီသုံးဆောင်ကြပါဦး' ဟု ဆိုနေလေ၏။

အိမ်ပေါက်ဝမှ မချောရင်၏ ကြည်လင်သောအသံသည် ခေါင်းငုံ့ကာ ဟိုတွေးသည်တွေး တွေးနေသောလှနွယ်ကို ထူပင့်လိုက်လေသည်။ လှနွယ်သည် လိုက်ကာကြားမှ ချောင်း၍ကြည့်ပြန်သည်။

'ဒေါ်ဒေါ်တို့ရောက်နေတာကြာပြီလား'

လက်ထဲမှ ပိုက်လာသောစာအုပ်များကို စားပွဲခုံတွင်တင်လိုက်ကာ မချောရင်သည် ဆိုဖာတစ်လုံး၌ ထိုင်လိုက်သည်။

'ဗူမကြီးနဲ့ ယခု ဗိုလ်ချုပ်ဈေးမှာ တွေ့ပြီးကတည်းက လာမယ် လာမယ် လုပ်နေတာ မအားတာနဲ့ မလာရဘူး ဒီနေ့တော့ ကလေး တွေပါ ခေါ်ပြီး လာခဲ့ရတယ်'

'ဘယ်ကျောင်းမှာ နေကြသလဲ'

'စိန့်ဂျွန်း ကွန်ဗင့်မှာပါ. . .'

လှနွယ်သည် ဤအိမ်ရောက်မှ ယခုတစ်ခါပင် စကားပြောသော မိန်းကလေးနှစ်ယောက်၏ အသံကိုနားထောင်လိုက်သော်လည်း ဘာပြောကြမှန်း နားမလည်၍ လိုက်ကာကြားမှ ချောင်းကြည့်နေ၏။

'ဘယ်နှတန်းရပြီလဲ'

'နိုင်းစတင်းတက်မှာပါ'

'ဩော် ဩော် ကြီးလာလိုက်ကြတာ၊ ဒေါ်ဒေါ်ရယ် ဖျာပုံမှာ ဖေဖေ အရေးပိုင်လာလုပ်တုန်းက သူတို့ ငယ်ငယ်ကလေး ရှိသေး တယ်နော်၊ နာမည်ကကော ဘယ့်နှယ်ခေါ်ကြသလဲ'

မချောရင်သည် ဧည့်သည်မိန်းမကြီးကို လှမ်း၍ပြောပြီး တစ်ဖန် မိန်းကလေးဘက်သို့လှည့်ကာ မေးနေစဉ် အကြီးက 'လှနွယ်ရေ ကော်ဖီတစ်ပန်းကန် ယူခဲ့ပါဦးကွယ်'ဟု လှမ်းပြောလိုက်သည်။





'ကက်သရင်းနဲ့ ဂလဲဒစ်ပါ'

ထူးခြားဆန်းကြယ်သောနာမည်များကို ကြားလိုက်ရ၍လှနွယ်မှာ 'ဘယ့်နှယ်နာမည်တွေလဲ ခရစ်ယာန်တွေလား. . .'ဟု အောက်မေ့မိလေ၏။

လက်ဖက်ရည်ပန်းကန်ကို မချောရင်ရှေ့သို့ သွားချပေးပြီးလျှင် မိန်းကလေးနှစ်ယောက်ကို ခရစ်ယာန်ဟုတ်မဟုတ် သေသေချာချာ စစ်ဆေးကြည့်ရှုခဲ့ကာ အခန်းထဲသို့ ပြန်ဝင်ခဲ့၏။

အခန်းပေါက်လိုက်ကာအကွယ် ကြမ်းပေါ်၌ ပြန်ထိုင်ကာ 'ဗမာ တွေပါ' ဟု သူ့ကိုယ်သူ စိတ်ထဲကပြောနေလေသည်။

'မေမေဆုံးသွားပြီးကတည်းက၊ အပေါ်ထပ်ကိုငှားထားပြီး ကျွန်မ တော့ အကြီးနဲ့နေရတာပဲ'

'ကျောင်းဆရာမ လုပ်တာက ဘယ်ကျောင်းမှာလဲ'

ကျွန်မဟာ ကျွန်မ အလွတ်ပညာသင်ကျောင်းမှာ ဖွင့်ထား ပါတယ်'

'ဝင်ငွေကောင်းရဲ့လား'

'အသင့်အတင့်ပါပဲ'

'ကောင်းတာပေါ့၊ အခုလို အိမ်ထောင်ရက်သားမပြုဘဲ မိဘများ စုဆောင်းထားခဲ့တဲ့ငွေနဲ့ အေးအေးချမ်းချမ်း ကိုယ့်အလုပ်နဲ့ကိုယ်နေ တာကောင်းတာပေါ့၊ အိမ်မှာ တူအရီးနှစ်ယောက်ထဲပဲ နေကြတယ် လား. . .'

'ခိုင်းတဲ့ကောင်မလေးရယ်' ဟု အကြီးက ဝင်၍ဖြေလိုက်ရာ၊ လှနွယ်၏ရင်ထဲတွင် နစ်၍သွားလေ၏။

'ဩော် ခုနက ကလေးမလေးလား၊ ကြည့်ရတာ သန့်သန့်ပြန့် ပြန့်ရိုးရိုးကလေးပဲ၊ ဘယ်ကရတာတုံး၊ အိမ်မှာခိုင်းတဲ့ဟာတွေက



www.burmeseclassic.com

www.burmeseclassic.com



အသုံးမကျလွန်းလို့ ကောင်းကောင်းမွန်မွန် ရိုးရိုးသားသား ကလေးများရရင် ရှာပေးစမ်းပါအဒေါ်ရယ်'

အကြီးမှာ စိတ်မပါတပါဖြင့် ဝတ်ကျေရုံမျှခေါင်းညိတ်ကာ 'မေးကြည့်ပါဦးမယ် သူဌေးကတော်' ဟု ပြန်ပြောလိုက်သည်။

'လခက ဘယ်လောက်ပေးရသလဲ' ဟု ဇည့်သည်က မေးပြန်ရာ 'နှစ်ဆယ်ပေးရတယ်' ဟု အကြီးပင် ဆက်ဖြေလိုက်သည်။

'အောင်မယ် လခက များလှချည်ကလား အလုပ်အကိုင် ဘယ့်နယ်လဲ'

'သိပ်တော်ပါတယ် ဒေါ်ဒေါ်၊ တစ်အိမ်လုံး မျက်နှာလွှဲရပါတယ် ဘာမှပြန်မကြည့်ရဘူး ၊ ကျွန်မတော့ ခိုင်းတဲ့ဟာရယ်လို့ သဘောမထားပါဘူး၊ သွေးလိုသားလိုပဲ ဖြစ်နေပါပြီ၊ မရှိဆင်းရဲလို့ လာနေကြတာ ကိုယ်က ကောင်းကောင်းမွန်မွန်ထားပြီး ချစ်ချစ်ခင်ခင်နဲ့ ပြုပြင်သွန်သင် ဆုံးမတော့ သူကလည်း လိမ်လိမ်မာမာနဲ့ သွေးလိုသားလို ပြန်ချစ်ခင်နေတာပဲ'

မချောရင်၏ပျော့ပျောင်းစွာ ပြန်ပြောလိုက်သောအသံသည် ရင်ထဲတွင် နစ်နေသောလှနွယ်အား သက်သာရာရစေ၏။ ထိုအသံများဖြင့် အသည်းနှလုံးများ နူးညံ့ပျောင်းအိ၍ သွားလေသည်။ ထို့နောက် မိန်းကလေးနှစ်ယောက်ကိုချောင်းကြည့်ကာ မျက်လုံးများတွင် မျက်ရည်တွေ စို့လာလေသည်။



အခန်း [ ၁၅ ]

လှနွယ်အား မညှဉ်ဘူးဟု စိတ်ထဲတွင် စွဲမြဲထင်မှတ်ခဲ့ပြီးသည့်နောက်များတွင် မချောရင်အဖို့ ဂရုမပြုဘဲ မနေနိုင်အောင် ထူးခြားချက်တစ်ရပ် ရှိနေပြန်၏။

အအားနေရသည့်အချိန်များတွင် လှနွယ်သည် သတင်းစာကို ဖြန့်၍ ငုံ့ကြည့်ကာ နှုတ်ခမ်းများကို လှုပ်နေလေသည်။ တစ်ယောက်ယောက် အသံကို ကြားရမည်ဆိုလျှင် အထိတ်ထိတ်အပျာပျာနှင့် သတင်းစာကို ဖုံးဖိရင်းနားစွင့်နေ၏။

ဘယ်သူမှ မဟုတ်ဘူးဟု ယုံကြည်စိတ်ချရတော့မှပင် သတင်းစာကို ပြန်ဖွင့်လျက် တိုးတိုး တိုးတိုးနှင့် ဖတ်နေပြန်လေ၏။

သူနားမလည်သောစာလုံးများကို မချောရင်အား အမှတ်မထင်မေးလာခြင်းကအစ၊ လှနွယ်အား ထူးခြားတယ်ဟု ထင်မှတ်၍ သတိထားလေရာ တစ်နေ့တွင် လူမသိအောင် သူ့ဟာသူ တိတ်တဆိတ်စာကြည့်နေပုံကို မချောရင်တွေ့မြင်သွားလေသည်။

ဤတွင် လှနွယ်အား စာတတ်မတတ် မေးမြန်းစစ်ဆေးကြည့်လေရာ၊ အနည်းအကျဉ်းသာ ဖတ်တတ်မှန်းသိ၍ သွက်သွက်ကြီးဖတ်သွားနိုင်အောင် အားလပ်ခွင့်ရတိုင်း မချောရင်က စာသင်ပေးသေးသည်။

လှနွယ်သည် အိမ်အလုပ်ကိစ္စများကိုပြီးစီး၍ ညဘက်တွင် အကြီးကို နင်းနှိပ်ပေးပြီးတာနှင့် ကြိုးကြိုးစားစား စာထိုင်ဖတ်လေသည်။

မချောရင်မှာ လှနွယ်ရောက်စကကဲ့သို့ ညများတွင် အချိန်မှန်



www.burmeseclassic.com

www.burmeseclassic.com



မှန် အိပ်သည်မရှိ။

ညနေအိမ်သို့ပြန်လာလျှင် စာအုပ်များ တစ်အုပ်ပြီးတစ်အုပ် သယ်ဆောင်၍လာကာ အခန်းထဲတွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် ညဉ့်နက်အောင် စာဖတ်နေတတ်လေ၏။

လှနွယ်သည် မအိပ်ခင် တိုးတိုးလေး စာအံနေရာမှ မသိသော စာများ၏ အဓိပ္ပာယ်ကို မချောရင်အား မေးနိုင်လေသည်။

ကြမ်းပေါ်တွင် လက်ထောက်၍ သတင်းစာကိုဖြန့်လျက် ကုန်းပြီးဖတ်နေစဉ် စာတစ်ကြောင်းကို အခေါက်ခေါက်အခါခါ ဖတ်ကြည့်သည့်တိုင် အဓိပ္ပာယ် ဘာမှန်းမသိသဖြင့် မချောရင်ကို သွားမေးလေ၏။

'အစ်မရယ် ဆိုဗီယက်ဆိုလား ရုရှားဆိုလား အဲဒါဘာပါလဲ. . .'

မချောရင်သည် စာအုပ်ကို ရင်ဘတ်ပေါ်သို့ မှောက်ထားလိုက်ကာ လက်ချောင်းများကို တဖျတ်ဖျတ်မြည်အောင်ချိုးရင်း လှနွယ်ကို မော့၍ ကြည့်လေသည်။

'ဘာသိချင်လို့ မေးတာလဲ'

'သတင်းစာထဲမှာ ရုရှားဆိုတာ ဖတ်ရလို့ပါ'

'ရုရှားဆိုတာ နိုင်ငံကိုပြောတာ၊ အင်္ဂလိပ်ပြည်၊ အမေရိကန်ပြည်၊ ဂျပန်ပြည်၊ ကုလားပြည်လို ရုရှားလည်း တိုင်းပြည်ပဲပေါ့၊ ဘာအကြောင်း ဖတ်နေလို့လဲ'

'ဆိုဗီယက် ရုရှားဝါဒဆိုတဲ့ စာလုံးဖတ်ရလို့ ဘာပြောတာများလဲလို့ပါ အစ်မရယ်'

မချောရင်သည် လှနွယ်ကို စေ့စေ့ကြည့်လျက် ရုတ်တရက်မပြောပေ။ စားပွဲခုံပေါ်က မီးတိုင်ကို တစ်ဖန် ပြောင်း၍တစ်အောင့်လောက်ကြည့်နေပြီးနောက် လှနွယ် နားလည်အောင် စဉ်းစဉ်းစားစားနှင့် ပြော





ရလေသည်။

'ရုရှားပြည်က ဆိုဗီယက်ဝါဒဆိုတာက ဟိုပထမ ကမ္ဘာစစ်ကြီးအပြီးမှာ ဆိုဗီယက် ရုရှားရယ်လို့ ကမ္ဘာပေါ်မှ ထူးထူးခြားခြားပေါ်လာတယ်၊ ကမ္ဘာအကျယ်အဝန်းခြောက်ပုံမှာ တစ်ပုံဖြစ်တဲ့ ဆိုဗီယက် ရုရှားနိုင်ငံက လောကကောင်းကျိုး လူအများရဲ့ကောင်းကျိုးကို ကြည့်တယ်၊ ဘယ်လိုကြည့်သလဲဆိုရင်. . .'

မချောရင်သည် လှနွယ်ကို လှမ်း၍ကြည့်လိုက်သည်။ လှနွယ်မှာ စိတ်ဝင်စားစွာဖြင့် ငေး၍နားထောင်နေလေသည်။

'လူတွေဟာ အတန်းအစားချင်းမတူလို့ လောဘ၊ ဒေါသ၊ မောဟ မီးတွေ လောင်နေကြတယ်၊ သူတို့ကို တစ်တန်းတစ်စားတည်းတူအောင် အတန်းတူ ထားပေးရမယ်၊ ဦးနှောက်နဲ့အလုပ်လုပ်တဲ့ပစ္စည်းရော လက်နဲ့ ခွန်အားနဲ့လုပ်တဲ့ပစ္စည်းရော အားလုံးတန်းတူအညီအမျှ ခံစားရရင် တစ်ယောက်ကိုတစ်ယောက် မလိုတမာ မေတ္တာစိတ်တတ်နည်းတာတွေ ပျောက်ကွယ်သွားပြီး လောဘ၊ ဒေါသ၊ မောဟဖြစ်နေတဲ့ အမိုက်မှောင်ထုကြီးထဲက ထွက်လာကြပြီးတော့ တစ်ဦးနဲ့တစ်ဦး စိတ်တူကိုယ်တူ ကျေကျေနပ်နပ်ညီညီညွတ်ညွတ် အေးအေးချမ်းချမ်း နေထိုင်ကြရမယ်လို့ တစ်ထစ်ချယုံကြည်ပြီး တိုင်းပြည်မှာ လူတိုင်း အစွမ်းရှိသလောက် ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်ကြ၊ အစိုးရက လူတိုင်းလိုအပ်တဲ့အသုံးအဆောင်တွေကို လိုလေသေးမရှိ လူတိုင်း ရစေမယ်ဆိုတဲ့အခြေကိုရောက်အောင် ရှေးရှုလုပ်နေကြတယ်၊ ဒီလို မွန်မြတ်တဲ့စေတနာအရင်းခံ ရှေးရှုချက် မေတ္တာအလုပ်ကြီးကို လုပ်နေကြတော့ သူတို့တိုင်းပြည်ဟာ စစ်ဖြစ်မှာ သိပ်ကြောက်တာပဲ၊ စစ်ဖြစ်ရင် သူတို့ရည်ရွယ်ချက်လုပ်ငန်းကို ထိခိုက်လို့ ဘယ်တော့မှ စစ်မဖြစ်ချင်ဘူး၊ အဲဒါ ဆိုဗီယက်ဝါဒဆိုတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



မချောရင်က လှနွယ်အား ပြုံးဝလွယ်အတိုချုံး၍ ပြောပြလိုက်သည်။ လှနွယ်မှာ တစ်ခါက မချောရင်ပြောဖူး၍ စွဲမြဲမှတ်သားထားသောသဘောတရားသစ်ကို ပြန်သတိရမိလေသည်။

မချောရင်သည် စာအုပ်ကိုလှန်ဖွင့်လျက် ဆက်လက်၍ ဖတ်နေလေသည်။

လှနွယ်မှာ အိပ်ရာသို့ ဝင်လှဲသည့်တိုင်အောင် တော်တော်နှင့်အိပ်မပျော်နိုင်ဘဲ ရန်ကုန်ရောက်မှ မကြားဖူး၊ မသိဖူး၊ မမြင်ဖူးတာတွေကို စုံလောက်အောင် ကြားတွေ့သိမြင်နေရပါကလား . . . ဟုဆင်ခြင် စဉ်းစားမိလေသည်။

လှနွယ်သည် မနက်အစောကြီး ဈေးသို့ထွက်သွားလေ၏။ ဈေးသွားဝယ်ရာမှအပြန် အိမ်ဘေးမှဝင်လာသောအခါ မီးဖိုအပေါက်ဝ၌ရုတ်တရက်ဝမ်းသာလုံးဆို့လျက် မေ့ပြီးရပ်နေမိလေ၏။ မီးဖိုထဲတွင်ထိုင်နေသူကား သူ့အမေဖြစ်လေသည်။

'ဟော. . . လှနွယ်လာပြီ'ဟု အကြီးက လှမ်းပြောလိုက်လေသည်။ ထိုအခါ မိမိဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်သောအမေ၏မျက်နှာနှင့် ဆိုင်မိတော့ရာ လှနွယ်၏ရင်ထဲတွင် နှစ်သောင်းအားရှိသောအရသာကို ခံစားလိုက်ရမိသည်။

'အမေ'

လှနွယ်သည် မမျှော်လင့်ဘဲတွေ့လိုက်ရခြင်းကြောင့် အားရဝမ်းသာခေါ်လိုက်ကာ မီးဖိုထဲသို့ လှမ်းဝင်လိုက်သည်။

သူ့လက်များမှာ တုန်တုန်ချည့်ချည့်ဖြစ်နေလျက် ဈေးတောင်းကိုခုံပေါ်သို့လှမ်းတင်လိုက်ပြီး အမေ့နား၌ ထိုင်ချလိုက်သည်။

'ပျော်သလား၊ မပျော်ဘူးလား၊ ကျုပ်ပြောတာ ဟုတ်မဟုတ်ရှင့်သမီးပဲ မေးကြည့်'ဟု အကြီးက ရယ်ကာမောကာ ဆက်ပြောလျက်





အားအမိနှစ်ယောက်ကို မီးဖိုထဲ၌ထားခဲ့ကာ အိမ်ပြင်သို့ရှောင်ထွက်သွားလေသည်။

ဒေါ်သဲမြစ်က လှနွယ်ကို စိုက်၍ကြည့်၏။ ဒေါ်သဲမြစ်မျက်နှာ ကျ၍နေလေသည်။ မျက်လုံးများတွင် မျက်ရည်စကလေးများ စို့လျက် တော်တော်နှင့် အသံမထွက်နိုင်ပေ။

'အမေ ဘယ်တုန်းကရောက်သလဲ'ဟု တုန်နေသောအသံနှင့် နွယ်က ခပ်တိုးတိုးပြောလေသည်။

'မနေ့ညက ရောက်တယ်'

'မျှော်လိုက်ရတာအမေရယ်၊ လေးငါးလကြာရင်လာမယ်ဆို၊ အတော့ ကြာလိုက်တာ'

'လာမလို့ လုပ်နေတုန်းပဲ၊ နေမကောင်းဖြစ်တာနဲ့ မလာရတာ၊ ကောင်းပြန်တော့လည်း၊ နေလက်စနဲ့ ညည်းဆန္ဒအတိုင်း ပြည့်စုံ ငွေကလေးစုမိပါစေ၊ မထူးပါဘူးဆိုပြီး တမင်ပဲ နေလိုက်တာကြောင့် ကြာသွားတာပဲ'

အမေသည် ခပ်ပြုံးပြုံးနှင့်ပြန်၍ဖြေလေ၏။ ထို့နောက် လှနွယ်ခုံးထက်သို့ တုန်ချည်းနေသောလက်တစ်ဖက်ကို တင်လိုက်ရင်းနေ့ရဲ့လား' ဟု မေးလေ၏။

လှနွယ်ကား ဘာတစ်ခွန်းမျှ မပြောနိုင်ဘဲ အမေ၏လက်ကို ကိုင်သပ်၍ နေလေ၏။

လှနွယ်၏စိတ်ထဲတွင် ရက်ကြာလွန်း၍ အမေ့အား အောက်မေ့သည့် စကားလေးတွေ တွေ့ရ၍ ဝမ်းသာလှသည့် စကားကလေး အများအစားကြီး ပြန်ပြောလိုက်ချင်မိ၏။

သို့သော် ပြောချင်သည့်စကားကလေးများသည် ပါးစပ်ဖျားတွင်လျက် အပြင်ထွက်ရန် တုံ့နှေး တုံ့နှေး ဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မအေးလာတာ ညည်းနဲ့ မတွေ့ဘူးဆို'

'ဟုတ်တယ် အမေ၊ ကျွန်မဈေးသွားနေတုန်း၊ သူလာတာ မတွေ့လိုက်ပါဘူး၊ အကြီးနဲ့ တွေ့သွားပါတယ်၊ ဒါထက် အစ်မကအေ ဒေါ်အေးကို ပွဲခပေးရတဲ့ ငွေနှစ်ဆယ် သူပေးမယ်တဲ့ အမေ'

နူးညံ့သိမ်မွေ့သောအသံနှင့် မျက်နှာအမူအရာများကို မြင်ကြားရသည့်အခါ၌ ဒေါ်သဲမြစ်မှာ ကြည်နူးသာယာလာလျက် ပြုံးပြုံးပြုံးနှင့် ခေါင်းကို ညိတ်နေ၏။

လှနွယ်သည် ဝမ်းသာအားရလှသောအသံဖြင့် အကြည်ဆိုက်တိုးတိုးကျိတ်၍ ပြောလိုက်ပြန်သည်။

'လယ်လုပ်ရင်လည်း အစ်မက သူ အကူအညီပေးမတဲ့ အမေ'

ဒေါ်သဲမြစ်ကား ဘာတစ်ခွန်းမျှ ပြန်မပြောနိုင်ဘဲ လှနွယ်ပြောသမျှကိုသာ အားပါးတရ ငြိမ်၍နားထောင်နေလေသည်။

'အစ်မက သိပ်ကောင်းတာပဲ၊ စာလည်း သင်ပေးလို့ ကောင်းကောင်းဖတ်တတ်ပြီ၊ အဘဘုန်းကြီးသိရင် ဝမ်းသာမှာပဲနော် အမေ၊ ဘုန်းကြီးက ဘာပြောပါသေးသလဲ အမေ'

'ဘုန်းကြီးကို ငါ သွားလျှောက်တုန်းက ဘုန်းကြီးက သဘောမကျဘူးတော့၊ အခု လာခါနီး ငါသွားတော့ တိုင်းပြည်ကြီး ဆူဆူပူပူနဲ့ ပြန်ခေါ်ခဲ့တဲ့'

'ဗိုလ်ချုပ်တို့ဆုံးတာ အမေတို့ သိသလားဟင်' ဟု လှနွယ်ကောက်၍ မေးလိုက်သည်။

'သိတာပေါ့၊ ကြားစက စိတ်ပူလို့ လာခေါ်မလို့ပေါ့၊ မမာနေနဲ့ မလာနိုင်တာ'

'ဒီမှာ ဘာမှမဖြစ်ပါဘူး အမေရဲ့' ဟု လှနွယ်က ပြော၍ 'မြသင်ကောအမေ အိမ်ထောင်ကျနေပြီလား' ဟု သိချင်စော





သတင်းမေးလိုက်လေသည်။

'မြသင်လား၊ တောက်တီးတောက်တဲ့၊ အိမ်ထောင်မကျသေးပါဘူးတော်၊ ကမကလဲမှာပါပဲ၊ သူတို့တော်တော် ပန်းရှာတယ်အေ၊ နို့ကုန်ကို သူမပြောဘဲ တိတ်တိတ်သွားရမလားလို့ ငါ့တွေ့တိုင်းပြောနေတာပဲ၊ ညည်းကို မြင်ရင်တော့အေ သူတို့ အံ့ဩကြမှာပါပဲ၊ ဝသည်း ဝလာတယ်၊ အသားတွေလည်း ဖြူလာတယ်၊ တစ်ဒသွေးတစ်သွေးကိုဖြစ်လို့'

'ဟုတ်လား' ဟု လှနွယ်သည် ရှက်ကိုးရှက်ကန်းနှင့် ပြုံးလိုက်လေသည်။ ထို့နောက် ရင်ထဲတွင် ပျော်ရွှင်ပေါ့ပါးလာလျက်. . . .

'ကဲ. . . အမေ၊ အစ်မ ကျောင်းမသွားခင် ချက်လိုက်ဦးမယ်၊ နေ့လယ်မှ အေးအေးဆေးဆေး စကားပြောမယ်နော်' ဟုဆိုကာ လုပ်စရာရှိသည့်အလုပ်များကို ဣပျာကသီ ထလုပ်နေသည်။

ဒေါ်သဲမြစ်မှာ လှနွယ် လုပ်ပုံကိုင်ပုံများကို ထိုင်၍ တအံ့တဩ ကြည့်နေမိလေသည်။

ထိုအချိန် အတောအတွင်း၌ ဒေါ်သဲမြစ်၏ ရင်ထဲတွင် ဖြစ်ပေါ်နေသော ခံစားမှုမှာ တလိပ်လိပ် ကြွ၍ လှိုင်းထနေလေ၏။ မယုံနိုင်အောင် တစ်ဖြစ်လဲသွားသော လှနွယ်ကို ငေးကြည့်နေရင်း တစိမ့်စိမ့်ဖြစ်နေသောပီတိသည် အသည်းအိမ်ထဲ၌ နစ်၍နေလေသည်။

မချောရင်သည် ဖြူဖွေးသောတဘက်ကိုခြုံလျက် တံခါးပေါက်မှ ထွက်လာလေ၏။

မီးဖိုထဲတွင် ချက်ပြုတ်နေသောလှနွယ်ကိုလည်းကောင်း၊ တံခါးပေါက်တွင် ကျုံ့ကျုံ့ရုံ့ရုံ့ကလေး ထိုင်နေသောဒေါ်သဲမြစ်ကိုလည်းကောင်း တစ်လှည့်စီကြည့်ရင်း ချမ်းမြေ့ကြည်လင်သွားသောနှလုံးဖြင့် ပြုံးစွာ နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်ကလည်း ခုမှပဲ ပေါ်လာတော့တယ်'

'လာမလို့ပါပဲ တူမရယ်၊ ကောင်းကောင်း မမာလို့ပါ။ ဖြူ...
သူ့ကို တူမဆီမှာ ထားခဲ့ရတာ စိတ်လည်းချသွားလို့ အေးအေး

ဒေါ်သဲမြစ်သည် တုန်ယင်သောအသံနှင့် ပြန်ပြောလိုက်သည်
အသံမှာ ကျေနပ်ဝမ်းမြောက်ခြင်းဖြင့် တုန်နေပေသည်။

'အခု လှနွယ်ကို လာခေါ်တာလား အဒေါ်'

မချောရင်က ဖြည်းညင်းညင်သာစွာ မေးလိုက်လေသည်။ လှ
သည် ပန်းကန်ဆေးနေရာမှ အမေ့မျက်နှာကို စောင်းကြည့်လို
သည်။ ဒေါ်သဲမြစ်မှာ လှနွယ်ဆီသို့ လှမ်းကြည့်ကာ တစ်ဖန် မ
ရင်ကို မော့၍ ကြည့်နေပြီး ပြောရမည့်စကားများမှာ လည်ချောင်
တစ်ဆို့နေသကဲ့သို့ အားနာနှုတ်လေးနေဟန်နှင့် ခြောက်သွေ့
အပြုံးဖြင့်သာ အဖြေကို ဖော်ပြနေသည်။

မချောရင်သည် ချိုင့်တိုင့်တိုင့်ကလေးရှိနေသော ပါးနှစ်ပြ
ခွက်ဝင်သွားအောင်ပင် ပြုံးလျက် 'ပြန်လိုက်တော့မယ်လား လှ
အေးအေး ပြန်ရမှာပေါ့ကွယ်' ဟု အသာတကြည် ပြန်ပြော
ရေချိုးခန်းထဲသို့ သုတ်ခြေတင်သွားလေသည်။

'အစ်မရယ်၊ အစ်မနဲ့လည်း မခွဲချင်ပါဘူး၊ ကျွန်မမရှိရင် အ
ပင်ပန်းနေတော့မယ်' ဟု ပြောကြည့်လိုက်လေသည်။ ထို့နော
သက်ပြင်းချလျက် 'ရွာမရောက်တာလည်း ကြာပြီ အစ်မရဲ့၊ ပြ
လည်း ပြန်ချင်တယ်၊ ပြန်လည်း မပြန်ချင်ဘူး အစ်မရယ်' ဟု ဆ
လိုက်လေ၏။

လှနွယ်၏မျက်လုံးများတွင် မျက်ရည်တွေဝိုင်းလာလေသည်။
ကန်များ ဆေးကြောရင်းက အသံမထွက်ဘဲ ပြောနေခြင်းဖြစ်လေ
လက်များမှာ တုန်၍နေလေသည်။





မချောရင်သည် ကျောင်းသို့ထွက်သွားရာမှ အိမ်သို့ပြန်လာနေသည့်အချိန်အထိ လှနွယ်ကို ပို၍ပို၍ စိတ်ဝင်စားသလို တစ်လျှောက်လုံး တွေး၍နေမိ၏။

အိမ်သို့ ရောက်သည့်နေ့ကစ၍ လှနွယ်သည် ကောင်းကောင်းမွန်မွန် လိမ်လိမ်မာမာ နေထိုင်သည်။ သူ့အလုပ်ကို သူစိတ်ပါသည်။ လုံ့လဝီရိယရှိသည်၊ စိတ်ကို အညွတ်အနူးဆုံးသောအရာများကာ ဖြူစင်ရိုးသားမှု ချစ်ချင်စဖွယ်ရာကောင်းလှသည့် အလိုက်သိတတ်မှု။

'ဩော် ချစ်ဖို့ကောင်းတဲ့ ဟာမကလေး' ဟု မချောရင်သည် စိတ်ထဲက ခေါင်းတညိတ်ညိတ်ဖြင့် တွေးတောအောက်မေ့လာလေသည်။

'လွှတ်လပ်ရေးရတဲ့နေ့ပေါ့ အမေရဲ့၊ မိုးမလင်းတလင်း အမြောက်တွေပစ်လိုက်တာ ကျွန်မဖြင့် အိပ်ချင်မူးတူးနဲ့ ထကြည့်ရတယ်၊ သဘော်တွေကလည်း မှုတ်လိုက်ကြတာ ဆူနေတာပဲ၊ ညဘက်ကျတော့ အစ်မက လိုက်ပြပါတယ်။ တစ်မြို့လုံး မီးတွေ ထွန်းထားလိုက်တာမှ ထိန်လင်းနေတာပဲ၊ လွှတ်လပ်ရေးရပြီ အမေ'

လှနွယ်သည် မချောရင် မီးဖိုထဲသို့ ဝင်လာ၍ စကားတန်းလန်းဖြတ်၍ ရှုံ့တွန့်တွန့်နှင့် မျက်နှာပိုးသတ်လိုက်သည်။

'လှနွယ်ရေ ခဏ' ဟု မချောရင်က ခေါ်လျက် ပြန်လှည့်ထွက်သွားရာ လှနွယ်လည်း အသာ နောက်မှလိုက်သွားသည်။

မချောရင်သည် အခန်းထဲ၌ ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ထိုင်ချလျက် လက်နှစ်ဘက်ကို မြှောက်၍ လက်ချောင်းများယှက်ကာ ခေါင်းပေါ်၌ အုပ်တင်ထားလိုက်ပြီးလျှင် လှနွယ်အား ပြုံးလိုက်လေ၏။

'ဘာလိုလိုနဲ့ ရောက်လာတာ ဆယ့်တစ်လ ရှိသွားပြီနော်. . .'



www.burmeseclassic.com

www.burmeseclassic.com



လှနွယ်သည် တစ်စုံတစ်ရာမဖြေဘဲ ခေါင်းငုံ့နေလေသည်။ ရှင်ထဲ၌လည်း တဒိတ်ဒိတ် ခုန်နေ၏။

'ရွာပြန်ရင် လယ်လုပ်မယ်လား'

လှနွယ်သည် ခေါင်းငုံ့ထားရာမှ မချောရင်ကို မျက်လုံးများဖြင့်သာ လှန်ကြည့်လျက် မျက်လွှာကို ဖြေးနှေးစွာပြန်ချကာ မလှုပ်မရှားရပ်နေသည်။

'အခုနွေဆိုတော့ မိုးဦးကျရင် လယ်ထွန်ရမှာပေါ့နော် မင်းလုပ်ချင်တဲ့လယ်ကို ဖြစ်မြောက်အောင် လုပ်စမ်းကွယ်၊ လယ်ပြီးတဲ့အချိန်ကျတော့သာ အစ်မဆီကို ခဏပြန်လာခဲ့နော်. . .'

လှနွယ်မှာ ခေါင်းကိုမထောင်တော့ဘဲ ငိုက်ကျနေလေ၏။

'ဆယ့်တစ်လဆိုတော့ မင်းကိုပေးရမှာ ငွေနှစ်ရာနဲ့နှစ်ဆယ်ဒေါ်အေးကိုပေးတဲ့ပွဲခပါဆိုရင် နှစ်ရာနဲ့လေးဆယ်မဟုတ်လား၊ အစ်မက နောက်ထပ် အပိုငွေတစ်ရာပေးလိုက်မယ် နွားဝယ်နိုင်ရောပေါ့'

မချောရင်သည် လှနွယ်ထံမှ အဖြေမရဘဲ ပါးပေါ်၌ တစ်ပေါက်ပြီးတစ်ပေါက် သွန်းကျစီးဆင်းနေသော မျက်ရည်များကိုသာ မြင်ရလေသည်။

'ဒီည ပုဇွန်တောင်မှာအိပ်ပြီး မနက်ပုဇွန်တောင်ဘူတာက ရထားစီးကြမယ်ဆို၊ အကြီးပြောတယ် ဟုတ်လား'

လှနွယ်သည် မျက်လုံးအိမ်မှ ယိုကျနေသောမျက်ရည်များကိုလက်မောင်းနှင့် တို့ကာတို့ကာ တစ်ချက်ရှိုက်လိုက်ပြီး ခေါင်းညိတ်ပြလိုက်၏။

' အေးအေး လာတာလည်းကြာပြီ ပြန်တာပေါ့ကွယ်၊ ပြန်ပေါ့မင်းတို့ရွာမှာ ကလေးမလေးတစ်ယောက်များ အဖော်ရမယ်ဆိုရင် အစ်မ လိုချင်တယ်၊ တွေ့ရင်လွှတ်လိုက်စမ်းနော်. . .'





'ဟုတ်ကဲ့အစ်မ လွှတ်ပါမယ်' ဟုလှနွယ်သည် ဝမ်းနည်းပန်းနည်းအြီး ပြန်၍ပြောလိုက်သည်။

' မင်းကို ပေးထားတဲ့ အဝတ်တွေ ယူသွား၊ ထမင်းပါစားပြီးမှသွားကြ. . .'

မချောရင်သည် စိတ်မကောင်းဖြစ်စွာဖြင့် အေးအေးသက်သာပြန်ပြောကာ ကုလားထိုင်မှ ထူထလိုက်ပြီးနောက် အိမ်ရှေ့သို့ ထွက်သွားလေသည်။

လှနွယ်သည် ထိုနေ့အဖို့ ထမင်းလုံးလုံးမစားနိုင်ရှာ။ မနက်ဆက်တွင် အမေနှင့်တွေ့ရ၍ ဝမ်းသာလွန်းသဖြင့် ငနေလေသည်။ ညနေစောင်း၌ သွားရတော့မည်ဖြစ်သဖြင့် ဝမ်းနည်းလွန်းသဖြင့် မြေနေလေသည်။

အိမ်ကမထွက်ခင် မီးဖိုတံခါးနားတွင် မိန်းမပီပီထိုင်ကာ အကြီးနှင့်မချောရင်တို့ကို ဝတ်ချလိုက်သည့်အခါ၌ အကြီးက ဘုန်းကြီးပါဆေ၊ သက်ရှည်ပါစေ စသည့်ဖြင့် ဆုအရှည်ကြီး ပေးနေ၏။ အကြီးဆုပေးပြီး၍ဆုံးတော့မှ မချောရင်သည် လှနွယ်ကို ကြင်နာယုယလှသည့် ကြည့်ခြင်းဖြင့် ကြည့်ပြီး 'မင်းလုပ်ချင်တဲ့လယ် လုပ်နိုင်ပါစေကွယ်' ဟု ဆုပေးလိုက်၏။

လှနွယ်တို့ မီးဖိုပေါက်မှ ဆင်းကြသည့်အခါ မချောရင်သည် တံခါးဝ၌ ရပ်လျက်. . .

'လယ်မလုပ်ဖြစ်သေးရင်တော့ အစ်မဆီပြန်ခဲ့နော်' ဟု သံယောဇဉ် မကောင်းလှသည့်အသံဖြင့် မှာလိုက်လေ၏။

လှနွယ်၏မျက်လုံးများတွင် မျက်ရည်တွေ အိုင်ထွန်းပြည့်လျှံလာလျက် 'ပြန်ခဲ့ပါမယ် အစ်မ' ဟု တိုးတိုးညင်သာစွာ ပြန်ပြောကာ ကျောက်နှာလှဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား တပေါင်းလရာသီ ဖြစ်လေ၏။ ခြောက်သွေ့ဝါဝင်းနေသောသစ်ရွက်တို့သည် မြေပြင်ထက်သို့ တဖြောက်ဖြောက် ကျဆင်းနေလေ၏။ လေရူးကလေးသည် ရော်ရွက်ခြောက်တို့ကို ဝှေ့သုတ်မြှောက်ခြွေပစ်ပြီးလျှင် သစ်ပင်အောက်သို့ ခုန်ပေါက်ဆင်းကာ၊ မြေပြင်ထက်ရှိ ဝါးရွက်ခြောက်များအား လမ်းကို အလျားလိုက် တွန်းထိုးသယ်ယူ၍ သွားလေသည်။

လှနွယ်တို့ ထွက်သွားသည့်အခါ၌ ဖိနပ်နှင့်အနင်းခံရသော သစ်ရွက်ခြောက်တို့သည် ခြေထောက်အောက်၌ကြွေမွသည်းတွား၍ ကျန်ရစ်ခဲ့ကြလေ၏။

## အခန်း [ ၁၆ ]

မီးရထားဥသြသံသည် ညစ်ပတ်ဟောင်းအိုလျက်ရှိသော ကျောင်းတန်းဘူတာရုံကလေးထဲသို့ တုန်ဟည်းစူးရှလှသည့်အသံကြီးဖြင့် ဟောက်ညည်းအော်မြည်ရင်း ဝင်ရောက်လာလေ၏။

ဘူတာရုံသို့ ရထားထိုးရပ်လိုက်ပြီးနောက် မောကြီးပန်းကြီး အသက်ရှူနေသောရေနွေးငွေ့၏ သက်ပြင်းမှုတ်သံကြီး ပေါ်ထွက်လာလေသည်။ လူအပေါင်းသည် ရထားအတွင်းမှ ပလက်ဖောင်းပေါ်သို့ သွန်ထွက်၍ လာကြလေ၏။

လှနွယ်သည် ကော်တင်၍ မီးပူတိုက်ထားသည့် ရှုံသားပန်းရောင် အပွင့်ရိုက်အင်္ကျီ၊ လင်မနစ်အစက်ပြောက် ထဘီအနီအသဲစိမ်းနှင့် တစ်ပတ်ရစ် ဓားမောက် ညှပ်ဖိနပ်ကို စီးလျက် လက်မှ အထုပ်ကို ဆွဲကိုင်ကာ ပလက်ဖောင်းပေါ်သို့ အမေ့ရှေ့က ဆင်းခဲ့၏။





'ရွာ'

ရွာ၊ ရွာရောက်ပြီဟူ၍ ရွာတွေ့ရသောနှင့် ရွာ့အတွေ့သည် နှလုံးတွင် လာ ၍ ရိုက်ကာ လှိုက်ဖို၍ သွားမိ၏။

လှနွယ်ထွက်သွားစဉ်တုန်းကကဲ့သို့ပင် ပြောင်းလဲခြင်းမရှိသော ဘူတာရုံအထွက် ပေတစ်ရာလမ်းနှစ်ဖက်ရှိ အိမ်တန်းလျား ဈေးဆိုင်များကို တွေ့ရ၏။

ကိုလှဝါး၊ ကိုနေဘ်တက်၊ ကိုချန်တိတ်တို့၏ တရုတ်ကုန်စုံဆိုင်၊ အဖြောင်၏ ခေါက်ဆွဲဆိုင်၊ ကုလားဖိုးစိန်၏ လက်ဖက်ရည်ဆိုင်။

အိမ်ကလေးတစ်အိမ်ရှေ့၌ ခုံတန်းပေါ်တွင် ပုလင်းများကို စာကပ်၍ထားကာ ဗရုတ်သုတ်ခ ခင်းကျင်းထားသောဘယဆေးဆိုင်ကို လှနွယ်က လှမ်းကြည့်လျက်. . .

'ဆရာ ဦးဖေယျကြီးတို့ မာရဲ့လား အမေ' ဟု အမေ့နားသို့ အသံတိုးတိုးကပ် မေးလိုက်သည်။

ခါတိုင်း၌ ကျောက်တန်းရောက်လျှင် လှနွယ်သည် မြင်မြင်ကရာ စုံတကာစေ့အောင် တစ်မေးတည်းမေး၊ တစ်ပြောတည်းပြောတတ်၍ 'တိုးတိုးပြောစမ်းပါ၊ လမ်းကြည့်လျှောက်ပါ' ဟု အမေက ခဏခဏ ဆိုရသည်။

လှနွယ်မှာ မြို့ကအပြန် ရွာရောက်၍ ပြောပုံ ဆိုပုံပင်မဟုတ်၊ လျှောက်ပုံ သွားပုံများပါ ထူးထူးခြားခြား ကြန္တြေရရ သိမ်သိမ်မွေ့မွေ့ ဖြစ်နေခြင်းကို အမေက ခပ်ထေ့ထေ့ ပြုံးလျက် 'မာသားပဲ' ဟု ပြန်ပြောလိုက်သည်။

ဇာဘော်လီများကို ကြိုးတန်းပေါ်တွင် လှန်း၍ အထည်ဆိုင်ကလေး ဖွင့်ထားသည့်အိမ်တစ်အိမ်မှ မိန်းမကြီးတစ်ယောက်က 'ဒေါ်သဲမြစ် ပြန်လာပြီလား'ဟု ဟစ်၍ မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အသံလာရာသို့ လှည့်ကြည့်လိုက်ကြပင်လျှင် 'အံမယ်၊ ဟိုတာ လှနွယ်လား၊ လူတွေဘာတွေများ မှားလို့တော်' ဟု မိန်းမကြီးက ဆက်၍ အော်နေ၏။

လှနွယ်သည် ဘာမျှ ပြန်မပြောဘဲ ပြုံးရယ်၍ ကြည့်နေသည်။ ဒေါ်သဲမြစ်ကသာ 'ဟုတ်တယ် ပြန်လာခဲ့ကြပြီ' ဟု ပြန်အော်ပြော ခဲ့လျက် ဆက်လျှောက်လာခဲ့ကြသည်။

ထိုဆိုင်များ ကျော်လွန်၍ လမ်းအတိုင်း တည့်တည့်ကြီး လျှောက်ခဲ့ကြရာ ဟင်းရွက်ဟင်းသီး ကုန်စိမ်း၊ ပုစွန်၊ ငါး၊ ငါးခြောက်၊ ငါးပိရောင်းသောကျောက်တန်းဈေးကလေးသို့ ရောက်လာ၏။

ရထားဆိုက်ချိန် ဈေးကလေးမှာ ရွာပေါင်းစုံကလာသောသူများ နှင့် စည်ကားနေပေသည်။

နွေဘက်တွင် နီဗွာန်၊ သံတံခါး၊ ပိုင်ကြံ့၊ ကမကလဲ၊ နဘဲပင် ဆိပ် စသည့်ရွာများမှ ချဉ်ပေါက်ရွက်၊ ပဲသီး၊ နေကြာပန်း၊ ဒေါင်း ဖန် ဝါ စသည့် ဟင်းရွက်ဟင်းသီးပန်းမန်များနှင့် ငါးပိ၊ ငါးခြောက်များကို ကျောက်တန်းဈေး၌ လာရောင်းကြ၏။

ကျောက်တန်းဈေးမှ ကြက်ပေါင်သီး၊ မရန်းသီး၊ ပိန္နဲသီး၊ ကန်စွန်းဥ စသည့်ပစ္စည်းများနှင့် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အဝတ်အထည် စသည့်ပစ္စည်းများကို ရွာတွင်ရောင်းရန် ပြန်၍ဝယ်သွားကြ၏။

'ဈေးကလေးတွင် ရွာကလူတွေကို တွေ့ရတော့မှာပဲ' ဟု လှနွယ် သည် ဝမ်းသာအားရ လှမ်း၍ကြည့်လေ၏။

ရှေးဦးစွာ တွေ့ရသောသူများမှာ ကျောက်တန်းသို့ ဈေးလာ ရောင်းဝယ်ကြသော ကမကလဲမှ ကောက်စိုက်ဖော် ကောက်စိုက်ဖက် မအေးကြွယ်၊ မဝါး၊ မရင်စိန်၊ မမြို့တို့ဖြစ်လေသည်။

ဈေးရှေ့တွင် သူတို့ကို မြင်လျှင်မြင်ချင်း လှနွယ်မှာ ကြွမြေ





မဆောင်နိုင်တော့ဘဲ ခပ်မြန်မြန် လျှောက်သွားကာ လှမ်းခေါ်လိုက် သည်။

'အမယ်လေးဟယ် လှနွယ်ရယ်'

'ညည်းနှယ်အေ ကြာလိုက်တာ'

'ဝလာလိုက်တာဟယ်'

'ဖြူလိုက်တာအေ၊ လှတယ်တော့'

'မြို့ကြီးသူဖြစ်သွားပြီ၊ သတိရသေးရဲ့လား'

မိမိအား ဝိုင်းအုံကာ တစ်ယောက်တစ်ပေါက် သူထက်ငါ လု ပြောနေကြ၏။ လမ်းမကြီးအလယ်တောင်တွင် လှနွယ်မှာ မျက်နှာကို မထားတတ်တော့ဘဲ ရှက်ကိုးရှက်ကန်းအမူအရာများဖြင့် ဘာပြော ရမှန်းမသိဘဲ ထူအမ်းသွားသည်။

'ခုမှ ပြန်လာတော့တယ် အေ၊ ရန်ကုန်မှာ အေးရဲ့လား' ဟု စကားသံများ စဲသွားမှ မမြို့က မေးလိုက်သည်။

'အေးပါ့ဟယ်၊ ဘာမှ မဖြစ်ပါဘူး' ဟု လှနွယ်က အေးအေး လူလူ ပြန်၍ပြောသည်။

'ကွန်မြူနစ်တွေ တောခိုသွားကြတယ်ဆိုတော့ ဘာများဖြစ်မလဲ လို့အေ၊ ရန်ကုန်မှာ အိမ်တွေ ညမီးမထွန်းရဘူး မှောင်ချနေရတယ် ဆို'

'မဟုတ်ပါဘူး၊ ထွန်းရပါတယ်၊ အရင် ဗိုလ်ချုပ်တို့ ဆုံးတုန်း ကသာ ညမှာ လမ်းမထွက်ရ အမိန့်ထုတ်ထားတာပါ'

'ပြောတတ်ပါဘူးအေ၊ တို့ကြားတဲ့သတင်းတွေကတော့ မျိုးစုံပဲ၊ ကြောက်စရာကောင်းလိုက်တာ'

လှနွယ်မှာ အားလုံးကိုကြည့်ကာ ဘာတစ်ခွန်းမျှ မပြောဘဲ ရယ်၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မဝါးက လှနွယ်ကို ခြေဆုံးခေါင်းဆုံး အပြန်အလှန် ကြည့်ရှု၍ 'မြသင်ကတော့ ညည်းကို တ တ တနဲ့တော့' ဟု ဆိုလိုက်၏။

ဤတွင် လှနွယ်သည် မြသင်ကို မြန်မြန်ဆန်ဆန် တွေ့ချင်စိတ်မှာ ပြင်းပြင်းပြပြ ဖြစ်လာလေ၏။

ဦးတုတ်တို့ တဲရှေ့တွင် မြသင်နှင့် တွေ့ဆုံကြပြီးသည့်နောက် မြသင်အား ရန်ကုန်သွားမည့်အကြောင်းကို နှုတ်မျှပင် မဆက်ခဲ့ချေ။ မြသင်သာမဟုတ်၊ တစ်ရွာလုံးကို ရန်ကုန်တွင် နေမည့်အကြောင်း ဘယ်သူ့ကိုမျှ မပြောဘဲ အမေနှင့် ကျိတ်၍ အကြံထုတ်ပြီး ထွက်သွားခြင်းဖြစ်လေ၏။

'မပြန်ကြသေးဘူးလား' ဟု လှနွယ်က မေးလိုက်ရင်း တစ်ဖန် 'သွားတော့မယ်နော်' ဟု ဆက်လက်၍ ပြောလိုက်ပြီးနောက် ရှေ့မှ အမေ့နောက်သို့ အမီသွားကာ ကူးတို့ဆိပ်သို့ လျှောက်လာခဲ့သည်။

မဝါးတို့ တစ်သိုက်မှာ ထွက်သွားသောလှနွယ်ကို လိုက်၍ နောက်မှကြည့်နေကာ အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ပြန်၍ ကြည့်ကြပြီးနောက် 'ကောင်မက ဂိုက်ကြီးလာတယ်ဟေ့' ဟု ပြောဆိုရယ်မော နေရစ်ခဲ့ကြသည်။

ကျောက်တန်းချောင်း၊ ကူးတို့ဆိပ်၊ အုတ်လှေကားထိပ်သို့ရောက်လျှင် အမေ့နောက်မှ လိုက်၍ လှေကားတစ်ထစ်လှမ်းဆင်းလိုက်သောအခါ 'လှနွယ်' ဟု လှမ်းခေါ်လိုက်သော ခပ်လှမ်းလှမ်းမှ အသံတစ်သံကို ကြားရလေ၏။

လှနွယ်သည် ခေါင်းနားပန်း ကြီးသွားကာ ချက်ချင်း လှည့်၍ ကြည့်မိ၏။

ဘိုဆံတောက်နှင့် ပေါ်ပလင်ရှပ်အပြာ၊ ချည်လုံချည်အနီကို ဝတ်လျက် မိမိဆီသို့ ပြေးလာလုမတတ် လျှောက်လာသောမောင်သိန်းကို မြင်ရလေ၏။—





လှနွယ်သည် မျက်နှာကို ခပ်တင်းတင်းထားလျက် နှုတ်ခမ်းစူ၍ ခေါင်းကို ချာခနဲ ပြန်လှည့်ကာ၊ အုတ်လှေကားမှပြေးဆင်းပြီး သမ္ဗန်ပေါ်သို့ အပြေးတက်လိုက်သည်။

အနေ့နေ့အရပ်ရပ် အခဲမကျေခဲ့သောစိတ်ကြောင့် မောင်သိန်းအား အရေးမစိုက်သလို လက်စားချေလိုက်ရ၍ အရသာရှိလှသည့် ဝမ်းသာခြင်းဖြင့် သမ္ဗန်ပေါ်၌ ထိုင်ချလိုက်သည်။

မောင်သိန်းသည် ကူးတို့ဆိပ်အနီး အကောက်ကောက်သည့် သဲကလေးရှေ့တွင်ရပ်လိုက်ကာ ဆိပ်ကမ်းမှ ခွာနေသောသမ္ဗန်ကို ဝမ်းပန်းတနည်း ဆီး၍ကြည့်ရင်း အင်အားများ ကုန်ခန်းချည့်နဲ့၍ သွားလေတော့သည်။

သမ္ဗန်ရေလယ်လောက်ရောက်လျှင် လှနွယ်သည် ကမ်းပေါ်သို့ မသိမသာ လှည့်ကြည့်လိုက်သည်။

ကမ်းပေါ်တွင် ငေးမှိုင်ကာ ချပ်ကြည့်နေသော မောင်သိန်းကို မြင်ရ၍ လှနွယ်၏ဝမ်းမြောက်ခြင်းသည် စိတ်မကောင်းသလိုလို ဘာလိုလိုတို့နှင့် ရောထွေးပေါင်းစပ်လာကာ ဝမ်းသာစိတ်မကောင်းဖြစ်သွားလေ၏။

ဆန့်ကျင်ဘက်ဖြစ်နေသောအာရုံနှစ်ခု ရောစပ်မှုသည် ရင်ထဲတွင် အခဲရခက်လှစွာ တစ်ကိုယ်လုံး ပွက်ပွက်ရိုက်သွားလေ၏။

တစ်အောင့်ကြာလျှင် တစ်ဖက်ကမ်းက မောင်သိန်းကို လှည့်ကြည့်ပြန်၏။

အကောက်ကောက်သည့် တဲရုံကလေးကို မှီရပ်ကာ၊ ကမ်းပေါ်က ငေးကြည့်နေတုန်းပင် တွေ့ရ၍ သမ္ဗန်ဦးသို့ ခေါင်းကိုပြန်လှည့်ရင်းက၊ 'မှတ်ပလား' ဟု စိတ်ထဲ၌ ကြုံးဝါးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်းနေရောင်သည် ပွပြင်းတောက်လောင်ခြင်းမရှိ၊ တအိအိ စီးဆင်းနေသောချောင်းရေအယဉ်မှာမူ တဖိတ်ဖိတ်တောက်လျက်ရှိသည်။ နွေရာသီဖြစ်၍ ချောင်းမှာ တိမ်နေသည်။ မြစ်ကမ်းပါးမှာ စောက်မတ်သည်။

သမ္ပန်သည် ကမကလဲကမ်းနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

ကမကလဲရှိ စိမ်းညို့ညို့ တောတန်းကလေး၏ရှုခင်းသည် ဦးဝပ်လျက် ကြည်နူးဖွယ်ရာကောင်းလေသည်။

လေသည် တသုန်သုန်ပင် သုတ်ဖြူးလျက်ရှိပေသည်။ တညင်းညင်း သွေးလျက်ရှိသောလေပြည်တွင် ကမကလဲ ဘုန်းကြီးကျောင်းဆွမ်းစားချိန် ကြေးစည်ထုသံ တုံးခေါက်သံတို့သည် လေထဲတွင် လွင့်မျောကာ မြည်ဟည်းလျက်ရှိလေသည်။

ကမကလဲဆိပ်ကပ်လျှင် ခက်ရွက်များ အုပ်ဝေလျက်ရှိသော ဧရာမကုက္ကိုပင်ကြီး၏ အေးမြသောအရိပ်အောက်၌ လှည်းများကိုတွေ့ရသည်။ ရွာမှလူများသည် ကျောက်တန်းတစ်ဖက်ကမ်းသို့ ဈေးသွားရောင်းကြ၍ လှည်းတွေကို သစ်ပင်အောက်၌ ထားခဲ့ကြသည်။

လှနွယ်သည် ဒေါ်သဲမြစ်မှ မစောင့်နိုင်ဘဲ ရွာလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာလေ၏။

အရောင်အဆင်းကင်းမဲ့လျက် ဟောင်းအိုနေသောအိမ်များ ထဲမှ အိမ်များအတွင်းမှ 'လှနွယ်ရေ' 'လှနွယ်ပါလား' ဟု ခေါ်ဟစ်ကြလျက် ကလေးလူကြီး လမ်းပေါ်သို့ထွက်၍ လိုက်လာကြ၏။

သူတို့မှာ ဝတ်မွတ်ရှားပါးလှသဖြင့်၊ ပိန်ချိုင့်ချိုင့် ညှဉ်းဆိုးဆိုး မျက်နှာများဖြင့် နောက်မှ လျှောက်လိုက်လာကြသည်။

ခြံစည်းရိုးရှေ့မှမဝင်ခင် လှနွယ်သည် ဟောင်းနွမ်းစုတ်ပြတ်နေသော တဲပုတ်ပုပုကလေးကို စိုက်ကြည့်လိုက်၏။

တဲမှာ ယိုင်၍ နေလေ၏။ ခေါင်းမိုးပေါ်က ဓနိဖက်များမှာ အားဘက်သို့ ဖယ်ကျနေ၏။ နှစ်ရှည်လများ မနိုင့်တနိုင် ထမ်းထားရသော ဝါးတိုင်ကလေးများမှာ ညိုညစ်ညှော်ခွေလျက် ပြိုတော့မလို ဖြစ်နေလေ၏။

တဲရှေ့၌ မာလကာပင် ငှက်ပျောပင်များက ခြောက်သွေ့လျက် ရှိကြသည်။

လှနွယ်သည် နောက်ကလိုက်လာကြသော လူများနှင့်အတူ သောက်မသာဖြစ်မိသောနှလုံးနှင့် တဲတွင်းသို့ ငုံ့ဝင်လိုက်လေ၏။

ဒေါ်ထွေးသည် သံပန်းကန်ပြားထဲတွင် ထမင်းခဲထည့်လျက် ကလေးကို ဝါးခွံ့နေရာမှ လှနွယ်အား ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလေသည်။

ဝါးခင်းပေါ်၌ ထနိုင်ခါစ ပိန်ပိန်သေးသေး ကလေးမလေးမှာ တစ်ကိုယ်လုံးတွင် ခေါင်းပေါ်၌ ဆောင်းထားသောဂျာရစ်အပိုင်း မည်းမည်းကလေးကလွဲ၍ အဝတ်တန်ဆာ ဗလာကျင်းထားပေ၏။

'ကျွန်မသွားနေတုန်း မွေးတာနေ်'ဟု ပြောပြောဆိုကာ ကလေးကို ကောက်ချီလိုက်ရာ၊ လှနွယ်ကို စိုက်ကြည့်လျက် ဝါးခနဲ ငိုလိုက်သဖြင့် ပြန်ချလိုက်ရသည်။

လှနွယ်သည် ဝါးကြမ်းပေါ်တွင် မိန်းမပီပီကလေး ယောင်ယမ်းဆိုင်မိသည်။

ထို့နောက် မိမိထိုင်ပုံမှာ မဟုတ်သေးသဖြင့် ခါတိုင်းလိုပင် ဖင်ချ၍ ဒူးနှစ်ချောင်းထောင်ကာ လက်နှင့်ပိုက်၍ ပြင်ထိုင်လိုက်မှပင် သုံးစံအတိုင်း နေသားထိုင်သားကျသွားသည်။

တဲကပြင်တွင် လူများထိုင်လျက် အချို့ကလေးများမှာ မြေကြီး







www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် မတ်တတ်ရပ်၍ လှနွယ်အား ငေးကြည့်ပြီး နေကြ

တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း ပေရေလာသောသူ၊ အ
အစားဟောင်းနွမ်းစုတ်ပြတ်နေသောသူ၊ အဝတ်အစားမရှိသော
ညှဉ်းဆိုးဆိုး မွဲခြောက်ခြောက် စသည်အားဖြင့် မြင်မကောင်း
ကောင်းအောင် အမျိုးမျိုး အဖုံဖုံဖြစ်ပျက်နေသော ရွာကလူမျာ
တစ်ယောက်စီ စိုက်၍ကြည့်မိ၏။

ဤကား မပြောင်းလွဲသော ရွာကလူတွေ၏ဘဝပင်ဖြစ်လေသည်

ထိုဘဝသည် အိုင်ထဲက ရွှံ့ပုပ်ရေကဲ့သို့ စီးဆင်းစရာဟူ၍
ဘဲ နေ့ရှိသရွေ့ ဒီလိုချည်း ဒီလိုချည်းသာလျှင် ဖြစ်နေသော အော
တန်းစား ဆင်းရဲသားများ၏ ရိုးရာဟောင်းကြီးအဖြစ် နောက်
ပုပ်ရိကာ အနည်ကျနေကြပေ၏။

လှနွယ်ကို အထူးအဆန်းကြည့်လျက် တစ်ယောက်တစ်
လျှောက်၍ မေးကြပြောကြရာ လှနွယ်မှာ အလိုက်သင့် ပြန်၍
ရ၏။

လှနွယ်သည် ရွာသတင်းများကို မေး၏။ တစ်ဖန် မြို့သတင်းမျာ
ကို ပြန်ပြောပြနေရင်း မြသင်ထံသို့ သွားချင်လှသဖြင့် မအောင့်
တော့ဘဲ သတင်းမေးလာကြသူများကို အမေနှင့် ထားခဲ့ကာ မြသ
ဆီ သွားဦးမယ်နော်ဟု ပြောပြောဆိုဆို တဲတွင်းမှ ပြေးဆင်းထွက်
ခဲ့လေ၏။

လမ်းတွင် ဟိုတဲသည်တဲက ဟစ်ခေါ်မေးမြန်းကြခြင်းကို အလို
အထိုက် ရပ်ပြောလျက် ခပ်သုတ်သုတ် သွားလေ၏။

ရွာနောက်ဖေးရှိ ကန်သင်းငုတ်၊ ပပ်ကြားအက်၊ မြေကြီးခဲမျာ
ထူလှသည့်လမ်းမှာ ဓားမောက်ညှပ်ဖိနပ်နှင့် မလျှောက်တတ်အောင်
နေးကွေး၍နေ၏။





ကန်သင်းရိုးပေါ်တွင် စုံရပ်ကာ ထဘီကို တိုတိုပြင်ဝတ်ပြီးလျှင် [illegible]ကို ငုံ့ချွတ်၍ လက်တစ်ဖက်နှင့် ဖိနပ်ချင်းထပ်ကိုင်ကာ လှနွယ်သည် စက်ပိုင်းသို့ ဒုန်းစိုင်း၍ သွားလေ၏။

တဲတစ်တဲမှ မောင်းထောင်းသံကို တအုန်းအုန်းနှင့် ခပ်ဝေးဝေး [illegible] ကြားရလေသည်။

တဲနောက်ဖေးသို့ရောက်လျှင် တံ့၍ရပ်လျက် မြင်ရသောအရာကို အသာကြည့်နေမိ၏။

တဲနောက်ဖေး အဖီအောက်တွင် မြသင်သည် နောက်ခိုင်းလျက် [illegible]ထောင်းနေလေ၏။

လက်ဆုံ ကျည်ပွေ့ကို လက်နှစ်ဖက်နှင့် မြဲမြဲ ဆုပ်ကိုင်လျက် ခွန်အားရှိသရွေ့ အထက်သို့ ပင့်မြှောက်ကာ အရှိန်ပြင်းပြင်း ဆောင့် ထောင်းချနေရာ လက်ဆုံကျည်ပွေ့နှင့်အတူ ကိုယ်ပါရော၍ကုန်းလိုက် လန်လိုက် ဖြစ်နေလေ၏။

မြသင်သည် လေးငါးချက်မြှောက်ကာမြှောက်ကာ ဆောင့်ထောင်း ချပြီးနောက် ပင်ပန်းမောဟိုက်လာသဖြင့် ဆုံကြီးထဲတွင် လက်ဆုံ ကျည်ပွေ့ကို လက်တစ်ဖက်နှင့် မှေးကိုင်ထောက်ကာ လက်တစ်ဖက် က ခါးတွင်ညှပ်ထားသောထဘီစကို ဆွဲဖြုတ်လျက် မကျွတ်အောင် တံတောင်နှင့် ဖိကိုင်ပြီး ထဘီစဖြင့် မျက်နှာပေါ်က ချွေးများကို ငုံ့သုတ်လိုက်သည်။

လှနွယ်သည် ဖိနပ်ကို အဝေး၌ ချထားခဲ့လျက် အသံမကြား အောင် ခြေဖျားထောက်လာခဲ့ပြီးလျှင် ခါးတွင် ထဘီစကို ပြန်ညှပ်ကာ တဖြည်းဖြည်း ခါးထောင်လာသောမြသင်၏မျက်နှာကို နောက်က လက်နှစ်ဖက်နှင့် ဆတ်ခနဲ ဖမ်းအုပ်လိုက်လေ၏။

'အမယ်လေးတော်. . . ဘယ်သူတုံး'



www.burmeseclassic.com

www.burmeseclassic.com



မြသင်သည် မျက်လုံးပေါ်က လက်များကို ဖယ်ရှားမိ၍ လ ထဲမှ လက်ဆုံကျည်ပွေ့မှာ မြေပေါ်သို့ လဲကျသွားကာ ဝရုန်းသုန်း ဖြစ်သွားလေသည်။

'မြသင်'

လှနွယ်၏ အသံမှာ အသည်းနှလုံးကြားထဲမှ ယိုစိမ့်ထွက်စီး သောအသံဖြစ်လေ၏။

လှနွယ်မှန်းသိလျှင်ပင် မြသင်မှာ ကိုယ်ကိုလှည့်၍ လှနွယ် တင်းကျပ်စွာ ဖက်လိုက်၏။ ဤသို့ ဖက်ရာတွင် သူ့လက်များမှာ ၍ နေလေသည်။

မြသင်ကား စကားတစ်လုံးမျှ မထွက်နိုင်၊ လှနွယ်၏ပခုံးနော တွင် ခေါင်းချလျက်သာ မျက်ရည်များ ဝဲနေ၏။

လှနွယ်သည် မြသင်ကို ပြန်ဖက်ထားရင်း. . .

'ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရတာ ဝမ်းသာလိုက်တာအေ၊ ရန်ကု သွားတုန်းက ညည်းကိုမပြောတာ ငါစိတ်မကောင်းပါဘူး၊ ငါ. . . စိတ်ပေါက်ပေါက်နဲ့ ထွက်သွားတာ' ဟု ဆိုလေ၏။

ထို့နောက် လှနွယ်သည် မြသင်ကိုတွဲကာ နောက်ဖေးတဲကပြ သို့ခေါ်လာလေရာ မြသင်သည် လှနွယ်ကို ကပ်မှီလိုက်ပါလာရင်း မျက်ရည်များကို ခပ်မြန်မြန် သုတ်ပစ်နေလေ၏။

ကပြင်၌ နှစ်ယောက်သားခြေထောက် အောက်ချထိုင်လိုက်ကြ လျက် 'အခုပဲရောက်တာအေ့၊ ရောက်ရောက်ချင်း ပြေးလာခဲ့တာ' ဟု လှနွယ်က ပြောလေသည်။

မြသင်သည် လှနွယ်ကို တစိမ့်စိမ့်ကြည့်နေလေ၏။ ထိုသို့ ကြည့်ရင်း အသက်ရှူမှန်လာလျက် 'ဝမ်းသာလိုက်တာ ကောင်မရယ်' ဟု ယခုမှ ပြောလာနိုင်၏။





'ညည်းသွားစကအေ ငါ့မှာ မနေတတ် မထိုင်တတ်နဲ့ စိတ်လည်း ဆိုးတယ်၊ ဝမ်းလည်း နည်းတယ်၊ အခုညည်းကို တွေ့ရတော့လည်း ရန်တွေ့စရာတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ပါဘူးအေ'

လှနွယ်သည် မြသင်အား ပြုံးပြုံးကြီး ကြည့်နေလေသည်။ မျက်လုံးများတွင် မေတ္တာအရောင်များ တရှိန်ရှိန်တောက်နေကြသည်။

'ငါလည်း ညည်းကို နေ့တိုင်းလွမ်းတာပဲ မြသင်၊ မသွားမဖြစ်လို့ သွားရတာ'

လှနွယ်သည် ဖြည်းလေးစွာ ပြန်ပြော၏။ ထို့နောက် နေပူလောင် ၍ မည်းပြာပြောင်နေသော အကြည့်ရဆိုးနေသည့် မြသင်မျက်နှာကို ကြည့်နေလေသည်။

'လယ်လုပ်ချင်လို့ဆို၊ ငါ့ဘာဖြစ်လို့ မပြောတာလဲ'

'အေးပေါ့ လယ်လုပ်ချင်လို့၊ လယ်လုပ်ရင် နွားဝယ်နိုင်အောင် ငွေရဖို့အတွက် သူများအိမ်မှာ သွားနေမှာ မပြောချင်လို့ပေါ့အေ'

လှနွယ်သည် မြေကြီးကို ခြေဖဝါးနှင့် ပွတ်ရင်းက လယ်ကွက် များကို မျက်စေ့ကစားလျက် ပြောနေလေ၏။

'ညည်းမပြောပေမဲ့ အရီးက နောက်တော့ ငါ့ကိုပြောပါတယ် အေ၊ ရန်ကုန်က ကျောင်းဆရာမအိမ်မှာ နေခဲ့တယ်၊ လခနှစ်ဆယ် ပေးတယ်ဆို'

လှနွယ်က ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

'ငါသာ စောစောကသိရင် ဖျက်မှာပဲ၊ ညည်းမို့လို့ သွားနေတယ် အေ၊ သူများအိမ်မှာ နေရတာ နှိပ်နှိပ်စက်စက်၊ နိဗ္ဗာန်က အေးခင် ကလေး ရန်ကုန်သွားနေလိုက်တာ အိမ့်ရှင်မကြီး ဖနောင့်နဲ့ ကန် ပိုက်ကျောဆွဲလိမ်၊ ပါးရိုက်နဲ့အေ၊ ပြန်လာတော့ ဒဏ်ရာတွေနဲ့'

'ငါသွားနေတဲ့အိမ်က ဒီလိုမှတ်ပါဘူးအေရဲ့၊ သူများသားသမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမလုပ်ပါဘူး၊ ငါ့ဆိုရင် အစ်မက သိပ်ချစ်တာပဲ၊ ငါ့လည်း သိ ချစ်တာပဲအေ'

'ဒါက ညည်းကုသိုလ်ကောင်းလို့ကိုး၊ ငါကြားရသမျှကတော့ လိုအိမ်မျိုးရှားသားကပဲ၊ ကျောက်တန်းက ကရင်မကလေးတွေ ပြော တယ်တော့၊ တချို့အိမ်များတဲ့လေ သူတို့သားတွေ၊ လင်တွေ အပြင် ထွက် အလေမလိုက်အောင် တိတ်တိတ် ကြိတ်ပြီး အတင်းအနေ ပေးစားထားသတဲ့'

လှနွယ်မှာ မချောရင်ကို သတိရ၍ ညိုးသွားလျက် ဘယ်ည ဘယ်ညာ ပြန်မပြောနိုင်ဘဲ နေလေ၏။

'ညည်းနော် တသွေးတမွေးကို ဖြစ်လာတာပဲ၊ လှလို့ ဝတ် ညည်းအင်္ကျီကလေးက လှလိုက်တာအေ'

မြသင်သည် အင်္ကျီအသားကို လက်နှင့်ကိုင်၍ ပွတ်ကြည့်လျက် လိုချင်စုံမက်သည့် အကြည့်ဖြင့် 'ရှုံသားနော်' ဟု ပြောလေသည်။

'ညည်းဝတ်ဖို့ ငါတစ်ထည် ပေးမယ်' ဟု လှနွယ်က ခေါင်းညိတ် ရင်း ပြောလိုက်သည်။

'လယ်လုပ်ရင် ညည်း စောစောစီးစီး လယ်ခံထားတော့၊ အခု ဟိုလူမရ ဒီလူမရ ဖြစ်နေကြတယ်'

'ဘာဖြစ်လို့လဲ' ဟု လှနွယ်က ပြာပြာသလဲ မေးလိုက်သည်။

'ဘာဖြစ်လို့လဲတော့ မဆိုနိုင်ပါဘူးအေ၊ ကြားတာပြောရတာပဲ'

လှနွယ်မှာ ရင်ထဲတွင် ဖို၍သွားလေ၏။ သို့သော် အဘဘုန်းကြီး ကို လျှောက်ပြီး ကျောင်းဒကာဦးစတို့ လယ်ကျင်းမှာ ဧက (၁၀) လောက် ခံပေးဖို့ ပြောခိုင်းရင်ချမှာပါပဲဟု တွေးတောယုံကြည်ကာ စိတ်အေးသွားလေ၏။

'ငါကအေ၊ ညည်းများ ယောကျ်ားရနေပလားလို့' ဟု လှနွယ်က





ားမရှိ စကားရှာ ဆက်လိုက်၏။

'ကြံကြီး စည်ရာတော်၊ ဒါထက် ညည်းသွားတော့ ကိုမောင်သိန်း သဲ'

မြသင်သည် ခစ်ခနဲရယ်လိုက်ကာ လှနွယ်ကို ကြည့်လိုက်သည်။ ကော်ခုံးနှစ်ဖက် တွန့်လျက် မျက်မှောင် ချက်ချင်း ကုတ်သွားသော နွယ်၏ အမူအရာများ မြင်ရ၍ မြသင်မှာ ပြောရကောင်းမကောင်း တွေသွားလေ၏။

'ဘာဖြစ်သလဲ၊ ညည်းကို လူပျိုစကားပြောလို့လား'

'ငါ့ကို ပြောတာမဟုတ်ဘူးတော့၊ ပြောတာက တစ်ယောက် . . . ကြီး'

စကားဦးလှည့်လာခြင်းကို မနှစ်သက်ဟန်မျက်နှာဖြင့် မျက်နှာကို ည်တည်ထားလိုက်သည်။

'ငါ့ဆီလာလာပြီး ညည်းဘယ်သွားသလဲလို့ လာမေးတယ်၊ ဝါက သိဘူးဆိုတော့အေ၊ မှိုင်သွားတာပဲ'

မြသင်မှာ တခစ်ခစ်ရယ်နေ၍ လှနွယ်က 'တော်စမ်းပါအေ' ဟု ကားပိတ်လိုက်သော်လည်း ရင်ထဲတွင် တလှပ်လှပ်ဖြစ်လာလေသည်။

'အဟုတ်ပါ အေရဲ့၊ ခဏခဏ ငါ့ကိုမေးတယ်၊ တစ်နေ့အော ဲနောက်ဖေးမှာ လာထိုင်မှိုင်နေတာနဲ့ တမှိုင်မှိုင်နဲ့ ဘာဖြစ်နေတာလဲ လို့ ငါကမေးတော့၊ မျက်နှာကို ပျက်နေတာပဲ၊ မရမက မေးတော့မှ ညည်းကို သူကြိုက်နေသတဲ့ ကောင်မ၊ အဲ့ဒါ သူတော့ လွမ်းဖျား လွမ်းနာ ကျနေလေရဲ့၊ ကိုရင်တောင် ပြန်မဝတ်နိုင်ဘူးတော့'

မြသင်သည် လှနွယ်၏ မျက်နှာကဲကိုခတ်လျက်၊ သာသာထိုးထိုး င်းဖိ၍ ပြောနေလေ၏။

လှနွယ်မှာ မျက်လုံးကြီးဝိုင်းလျက် နားကို စွင့်၍ မယုံနိုင်သလို



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရာမှ စကားဆုံးလျှင် ခေါင်းကြီး ငိုက်စိုက်ကျသွားပြီးနောက် ခဏလောက် ငြိမ်၍နေ၏။ နောက်မှ သတိရကာ ကြွေ၍ဆည်လျက်-

'ညာမနေပါနဲ့အေ၊ လူထွက်လာမှ ဟန်ကြီး ပန်ကြီးလုပ်လိုက်တာ၊ လူကို အဖက်မတန်သလိုပဲ ကိုရင် မဝတ်ခင်တုန်းက ဒီလိုမဟုတ်ပါဘူး'

'တကယ်ပါအေ. . . သူကလည်း အဲဒါ ငါ့ကို ပြောတာပေါ့၊ ညည်းက ဘာများထင်မလဲမသိဘူးတဲ့၊ သူ့ဟာသူ တိတ်တိတ်ကြိုက်နေတာ ရှက်နေလို့ ညည်းနဲ့ မျက်နှာကောင်းကောင်း မဆိုင်ရဲဘူးတဲ့တော့'

လှန္တယ်သည် ဟန်လုပ်၍ပြောမည့်သာ ဖွတ်ပြောချလိုက်သော်လည်း ကျောက်တန်းတွင် အပြေးလိုက်ခေါ်ကာ ကမ်းပေါ်၌ ဧဒေး ကျန်ခဲ့ပုံကို မျက်စိထဲတွင် မြင်နေလျက် တစ်ကိုယ်လုံး စိမ့်ကျဉ်သွားသောဝေဒနာကို ခံစားနေရလေ၏။

'အခုအလာ ကျောက်တန်းမှာ တွေ့ခဲ့တယ်တော့၊ ကူးတို့ဆိပ်မှာ ငါ့ကို လိုက်ခေါ်တယ်၊ ငါကမခေါ်ပါဘူး'

'ညည်းနှယ် ခေါ်လိုက်ပါတော့အေ၊ သနားပါတယ်'

မြသင်မှာ ပြုံးစိစိနှင့် လှောင်သလို လုပ်ပြောနေ၏။ 'သနားရင် ညည်းယူပါလား' ဟု လှန္တယ်က တမင် နှုတ်ခမ်းစူ၍ ကျီစားသလို ဆိုလိုက်သည်။

'ဟိုက ငါ့ကြိုက်တာမဟုတ်ဘူးတော့၊ ညည်းကြိုက်တာ'

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ထုရိုက်၍ တခစ်ခစ်ရယ်နေကြရာတွင် လှန္တယ်မှာ ကူးတို့ဆိပ်တွင် သူလုပ်ခဲ့သည့် အလုပ်ကို စိတ်မချမ်းသာဘဲ ဖြစ်နေရှာ၏။





မြသင်ထံမှ မရွှင်မပျနှင့် ပြန်လာခဲ့ပြီးနောက် တဲရောက်လျှင် အမေနှင့် နှစ်ယောက် ကျားတက်ကျောင်းသို့ ထွက်လာကြသည်။

ကျောင်းသို့ရောက်သွားသောအခါ ဘုန်းကြီးမှာ ကျောင်းအနီးရှိ သင်္ချိုင်းဇရပ်တွင် မသာတစ်လောင်းကို သရဏဂုံတင်နေ၍ထိုင်စောင့်နေကြရသည်။

ကျောင်းပေါ်ကနေကြည့်လျှင် သုသာန်မှာ ညောင်ညိုပင် ကုက္ကိုပင်များဖြင့် အုပ်ဝေနေလေသည်။ ရော်ဝါသော ညောင်ရွက်များသည် လွင့်ကာလွင့်ကာ ကြွေ၍နေကြသည်။ သင်္ချိုင်းတစ်ဘက်တွင် လယ်ကွက်ကြီးရှိလေရာ၊ လယ်ကွက်ထဲ၌ နွားများမြက်စားနေကြသည်။

လှန္တယ်သည် သုသာန်ကျော်၍ လယ်ကွက်များကို မျက်တောင်မခတ် ငေးစိုက်ကြည့်နေရာ၊ ကျောင်းပေါ်သို့ ဘုန်းကြီးပြန်တက်လာမှန်းပင် မသိလိုက်၊ အမေက လက်တို့မှ ကပျာကယာ ဦးချလိုက်ရသည်။

'ဘယ့်နှယ်၊ ရန်ကုန်မှာနေရတာ ပျော်ရဲ့လား'

လှန္တယ် ကြွေ့ရွံ့ရဖြင့် 'မှန်ပါ့ဘုရား' ဟု လျှောက်လေသည်။

ဘုန်းကြီးမှာ လှန္တယ်ကို အကဲခတ်ကြည့်နေ၍ မျက်နှာကို ငုံ့ချထားကာ ငြိမ်ငြိမ်သက်သက်ထိုင်နေ၏။

'မြို့နေရတယ် ဆိုတာလည်း ဗဟုသုတ တစ်မျိုးပေါ့လေ၊ ရန်ကုန်မှာ အေးချမ်းသွားပလား'

'အေးချမ်းပါတယ်ဘုရား'

'သတင်းစာတိုက်တွေ ဆိုရှယ်လစ်တွေ ရိုက်ချိုးကြတုန်းက ပုလိပ်တွေက ဘယ်သွားနေလို့လဲဟယ်'

'တပည့်တော် သတင်းစာထဲမှာ ဖတ်ရတော့ ပုလိပ်တွေ ရှိသားပဲဘုရား၊ ပုလိပ်တွေက တိုက်တွေဖျက်ပြီးမှ သွားစစ်ဆေးကြသတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုရား'

'ဟေ. . . သတင်းစာ ဖတ်တတ်သလား'

ဘုန်းကြီး၏ အသံမှာ တစ်မျိုးတစ်မည် ပြောင်းလဲသွားလေသည်။ မျက်နှာအမူအရာမှာ စောစောကလောက် ကြွနေ့မကြီးတော့ပေ။

'တပည့်တော်အစ်မက သင်ပေးလို့ ဖတ်တတ်ပါပြီဘုရား'

'စာတတ်တာ ကောင်းတာပေါ့၊ အလိမ္မာဟာ စာထဲမှာရှိတယ်'

'တင်ပါ့' ဟု လှနွယ်က ပြုံး၍ ဖြေလိုက်လေသည်။

ဘုန်းကြီးနှင့် လှနွယ်တို့ အပြန်အလှန် အချီအချ စကားပြောနေပုံများကို ဒေါ်သဲမြစ်မှာ ဘေးက ထိုင်လျက် ငြိမ်နားထောင်နေသည်။

ဘုန်းကြီးသားအဖ ပြောနေကြသော စကားများမှာ တစ်ခါတစ်ခါ အကွာရာသံ၊ စမသံတွေ ထွက်လာ၍ ဒေါ်သဲမြစ်အဖို့ ဉာဏ်မမီအောင် ဖြစ်နေလေ၏။

'ရန်ကုန်က ဝလတစက သူငယ်ကလေးလာလို့ ဖဆပလအကြောင်း ပြောသွားတယ်၊ ဖဆပလမှာ ကွန်မြူနစ်တွေ တောခိုသွားပြီးမှ ဆိုရှယ်လစ်တွေချည်း ကြီးစိုးနေသတဲ့. . .'

ဒေါ်သဲမြစ်သည် ဘာတွေပြောကြတာပါလိမ့်ဟု 'ရိုင်း' နေသည့်မိမိနားဖြင့် အာရုံစိုက်ပြီး နားထောင်နေလေ၏။

'အင်း တစ်ယောက်ကလည်း တောခို၊ တစ်ယောက်ကလည်း ခုလို မြို့လယ်ကောင်ကြီးမှာတောင် မင်းမူနေတယ်ဆိုရင် ရှေ့လျှောက်သူတို့နှစ်ဦး ညီညီညွတ်ညွတ် မဖြစ်သမျှ တိုင်းပြည်ကြီးတော့ ငြိမ်းငြိမ်းချမ်းချမ်း ရှိမယ်မထင်ပါဘူးဟယ်၊ တောမှာနေတာပဲ ကောင်းပါတယ်၊ ရန်ကုန်မပြန်နဲ့တော့. . .'

ဤသို့ အမိန့်ရှိလိုက်သောအခါ လှနွယ်၏မျက်နှာမှာ သွေး





ရောင်လျှမ်း၍ လာလေ၏။

'မပြန်ပါဘူးဘုရား၊ ဒီနှစ် တပည့်တော်တို့ လယ်လုပ်တော့ ကျောင်းဒကာလယ်ပွဲထဲက ဆယ်ကောလောက် လုပ်ချင်လို့ပြောပေးပါဘုရား'

ဘုန်းကြီးမှာ လှနွယ်ကို ငိုင်ကြည့်နေမိတော့သည်။ လှနွယ်က သဘောကျ အူရှင်နေသောမျက်နှာထားဖြင့် ပြောလက်စ စကားကို စိတ်အားထက်သန်စွာ ထပ်လျှောက်တင်နေ၏။

'ရန်ကုန်က တပည့်တော် ငွေသုံးရာလောက် ပါပါတယ်၊ ဘုရား၊ အမေငါးပိရောင်းတာနဲ့ ဈေးရောင်း စုထားတာလေးလည်း ရှိပါသေးတယ်၊ အဲဒါတွေနဲ့. . .'

လှနွယ်စကားမဆုံးခင် ဘုန်းကြီးကဝင်၍ 'လက်ထဲငွေရှိတယ်ဆိုပေမယ့် အခက်သားပဲ၊ အခု အစိုးရက သီးစားခစ်နှုန်းဥပဒေ လယ်ခွန်တော် နှစ်ဆပြင်လိုက်လို့ လယ်ရှင်တွေအကြပ်ရိုက်ပြီး လူတိုင်းကို လယ်မချတော့ဘူးဟဲ့'ဟု ဖြတ်ပြောလိုက်သည်။

'လယ်ခွန်တော် နှစ်ဆဆိုတာ ဘယ်လိုပါလဲ ဘုရား' ဟု လှနွယ်က သိချင်ဇောဖြင့် ပြောလက်စစကားကို မဆက်တော့ပဲ ထောက်လိုက်လေ၏။

'လယ်ခွန်တော် နှစ်ဆဆိုတာက တစ်ဧကကို အစိုးရကို လယ်ခွန်လေးကျပ်နှုန်းပေးဆောင်ရမယ်၊ လယ်သမားက လယ်ရှင်ကို လယ်သီးထောက်မ စပါးနဲ့မဟုတ်ဘဲ ငွေအားဖြင့်တစ်ဧက ရှစ်ကျပ်ပေး ရမယ်တဲ့၊ လယ်ရှင်အဖို့ အစိုးရလေးကျပ် သူလေးကျပ်ပေါ့'

လှနွယ်မှာ ရုတ်တရက် ဝမ်းမြောက်ဝမ်းသာဖြစ်သွားကာ 'ဒီဥပဒေက ဆင်းရဲသားတွေ သက်သာချောင်ချိအောင်ထုတ်တဲ့ ဥပဒေဘုရား၊ တပည့်တော်အစ်မက ပြောပါတယ်၊ လွှတ်လပ်ရေးရရင် ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သားတွေ မဆင်းရဲအောင် အစိုးရက သဘောတရားသစ်နဲ့ လုပ်ပေးမယ်ဆိုတာ မှန်တာပေါ့ ဘုရား မှန်တာပေါ့'

'အေး အေး နင်ကသာ မှန်နေ၊ အခုလယ်ရှင်တွေက ဒီဥပဒေကို မခံနိုင်လို့ သူတို့ဘာသာ သူတို့လက်တို့ပြီး ကြိုက်ရာလူကို နားလည်မှုနဲ့ ရွေးချနေတော့ လယ်လုပ်တဲ့လူတွေ လယ်လက်လွှတ်ကုန်ပြီ. . .'

'ဒါဖြင့် ဘုရားတပည့်တော်တို့ကို ဦးစက ချပါ့မလားဘုရား'ဟု လှနွယ်က စိတ်ပူပန်စွာလျှောက်တင်လိုက်၏။

ဘုန်းတော်ကြီးမှာ တွေဝေ၍နေလျက် 'ကျောင်းလာရင်ပြောကြည့်ဦးမယ်လေ ချပဲချကုန်ပြီးပလား'ဟု စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်၏။

ကျားတက်ကျောင်းမှ တဲသို့ပြန်လာကြသောအခါ လှနွယ်မှာ ခရီးရောက်မဆိုက် စိတ်မချမ်းသာစရာ၊ စိတ်မအေးစရာတွေနှင့် ပတ်ပင်းကြုံဆုံနေ၍ ညှိုးချုံးပူပန်ကာ နေမထိထိုင်မသာ ဖြစ်သွားလေ၏။

## အခန်း [ ၁၇ ]

နေသည် ချစ်ချစ်တောက်အောင် ပူပြင်းလှလေ၏။ မြစ်ရေမှာ တသွင်သွင်စီးလျက်ရှိလေရာ၊ ရေကျတွင်မျော၍ လာနေသောဖောင်ကလေးကား၊ ရှင်ဥပဂုတ်ဖောင်တော်ဖြစ်လေ၏။

ကမ်းပေါ်မှ ဆီးကြည့်နေကြသောလူအုပ်ကား တစေစုရုံးပြွတ်သိပ်လျက် တရှုရှုဖြစ်နေကြသည်။

ဖောင်ကလေးသည် လှိုင်းလုံးကလေးများကိုစီးကာ နိမ့်ချည်မြင့်





ချည်ဖြင့် ပေါလောပေါလောမျောလာနေသည်။

မြစ်ရေမှာ ဖွေးနေပေ၏။ လေကဝှေ့၍ တိုက်ခတ်နေသောကြောင့် ဖောင်မှာ မငြိမ်မသက်ဘဲ လှိုင်းကလေး တဖွေးဖွေးတွင် တလှုပ်လှုပ်နှင့် လူးနေလေသည်။

ဖောင်တော်နှင့် ငြိစွန်းတိုက်ထိ၍ အုံတွယ်လိုက်ပါလာကြသော ဗေဒါပင် အုပ်ကြီးကား တစ်ဖောင်လုံးကို ပတ်ဝိုင်းထားလေ၏။

ရေကြောင်းခရီးတွင် သောင်တင်တင် ကမ်းဆိုက်ဆိုက် ဝေသစာရီ ကြွချီလာသော ရှင်ဥပဂုတ် ကိုယ်တော်ကြီးကို မိမိတို့၏ စိမ်းလဲ့သော ပင်အုံမှာ ခေါင်းမြီးကွက် ထနေသည့် ပြာလဲ့လဲ့ အပွင့်တို့ဖြင့် ဖူးပွင့်၍ ကပ်လှူပူဇော်ထားကြသည်။

ကြည့်နေရင်းပင် ဖောင်ကလေးမှာ စက်ပိုင်းရှာနှင့် တဖြည်းဖြည်း နီးလာသည်။

ဖောင်ပေါ်တွင် ထုံးဖြူသုတ် ရာဇမတ်များ ဝိုင်းကာ ထား၏။ စက္ကူကြက်ရှာ၊ တံခွန် ကုက္ကားများကို ရာဇမတ် ပတ်ပတ်လည်၌ ထိုးစိုက်ထားသည်။ ငှက်ပျောပင်များကိုလည်း ထောင့်များတွင် စိုက်ထူထားလေ၏။

ရာဇမတ်ကွက်အတွင်း၌ ရှင်ဥပဂုတ် စံမြန်းသီတင်းသုံးသော ကျောင်းဆောင်ကလေးကို သဘော်ဆေးရောင်စုံ အဖြူအနီ အစိမ်း သုတ်ခြယ်ထားသည်။

ကျောင်းဆောင်တွင်း၌ ရှင်ဥပဂုတ် ကိုယ်တော်ကြီးမှာ တင်ပလ္လင်ခွေထိုင်တော်မူလျက် သပိတ်ကို ဝိုက်ကာ လက်တစ်ဖက်က သပိတ်ထဲမှ ဆွမ်းကို နှိုက်တော့မည့်ဟန်နှင့် နေကို မော့ကြည့်နေလေသည်။

ကိုယ်တော်၏ရုပ်တုပုံတော်၌၊ ခေါင်းတွင် သစ်ဆေးအနက်ရောင်ဖြင့် နက်နေလျက်၊ မျက်နှာကိုယ်လက်တို့မှာ ထုံးရောင်ဖြူဖွေးနေပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင်၊ လွှမ်းရုံထားသည့်သင်္ကန်းကား ဝါဝင်းနေပေသည်။

ဖောင်တော်တွင် လူအပေါင်းတို့ လှူလိုက်တန်းလိုက်သောပစ္စည်းများကို ဘယ်သူမျှ မယူရဲအောင် ကျောင်းဆောင်အောက်၌ အစွယ်ငေါငေါထွက်နေသောသံလျက်ထမ်းဘီလူးရုပ်ကြီးနှင့် လျှာထုတ်ထားသည့်ဆံပင်ဖားလျား သူရဲရုပ်ကြီးတို့ကို အစောင့်အရှောက်ချထားသည်။

မည်သည့်ဒေသမှ ဖောင်တော်အား အသစ်ထပ်မံ မွမ်းမံပြုပြင်၍ ပြန်မျှောလိုက်ကြောင်းကို သိစေရန် 'ကဝမြို့'ဟု ကမ္ပည်းတတန်းထိုးလျက် ဆွဲချိတ်ထား၏။

ပဲခူးမြစ်ချောင်းတစ်လျှောက် ကျောက်တန်း၊ ကမကလဲစက်ပိုင်းရွာစသည် ကမ်းနဖူးပေါ်တွင် ရွာသူရွာသားများထွက်၍ ဖောင်တော်အား ကမ်းလုံးညွတ် မျှော်ကြည့်နေကြ၏။ 'တို့ရွာမှာ ဆိုက်မလား၊ တို့ရွာလာဆိုက်ပါစေ'စသည်ဖြင့် တစ်ယောက်တစ်ခွန်း ပြောနေကြသည့်အသံများမှာ ကမ်းနဖူးတိုင်းတွင် ညံနေကြသည်။ ရေစီးကြောင်းအတိုင်းကမကလဲ ကျောက်တန်းဆီသို့ မမျှောချေဘဲ စက်ပိုင်းရွာကလေး၏ ကမ်းချေသို့သာ လှိုင်းပုတ်တိုင်း တစ်ရွေ့ရွေ့ ကပ်လာလေရာ၊ စက်ပိုင်းမှ ဝမ်းမြောက်ဝမ်းသာညာသံပေး၍ ဝိုင်းအော်နေကြသောအသံတို့မှာ ကမကလဲ ကျောက်တန်းကမ်းနဖူးဆီကပင်ကြားနိုင်လေ၏။

လှိုင်းများပုတ်၍ ကမ်းဘက်သို့ ယိမ်းလာတိုင်း ကျောင်းဆောင်ရှေ့ရှိ မျက်နှာကြက် လုပ်၍ လှူလိုက်သည့် ဖန်ဖြူဖန်စိမ်း ဖန်ပြာဖန်ချောင်းလုံးကလေးများသည် နေရောင်တွင် တလှပ်လှပ် တက်နေကြသည်။

ဖောင်ပေါ်၌ ပိုက်ဆံအကြွေများ၊ ဆံစု၊ ကြယ်စေ့၊ အလှူရှင်





အမည်နှင့် ကမ္ပည်းရေးလျက်၊ အနီရောင် စက်ပန်းများထိုးထားသည့် ပိတ်ဖြူမျက်နှာကြက်များ၊ ပဝါများ၊ ပန်းကန်ပြား၊ ရေချမ်း ဖန်ခွက်စသည့်ပစ္စည်းများ ပါလာလေသည်။

ဖောင်ကလေး ကမ်းပါးသို့ တလှပ်လှပ် ချဉ်းကပ်လာလျှင် 'တို့ရွာမှာ သီတင်းသုံးချင်လို့ဟော့၊ ကပ်လာတာနိမိတ်ကောင်းတယ်၊ ဆယ်ကြပါ. . .' ဟု မိန်းမတစ်စုက ဆူညံစွာအော်နေကြသည်။

ကမ်းပေါ်၌ရပ်ကြည့်နေကြသော လူငယ်တစ်သိုက်သည် အင်္ကျီများ ကပျာကယာချွတ်လျက် ရေထဲသို့ခုန်ချကြပြီးနောက်၊ ဖောင်ဆီသို့ လက်ပစ်ကူးသွားကြကာ ဖောင်ကို ကမ်းဘက်သို့ တွန်းပေးကြလေသည်။

မြသင်နှင့်လှနွယ်မှာ ကမ်းပေါ်၌ရပ်လျက် ငေးကြည့်နေရင်းမှ 'ကိုသိန်း၊ တွန်းပေး. . . တွန်းပေး'ဟု ဝိုင်းအော်အားပေးကြလေ၏။

မောင်သိန်းသည် ဖောင်ကိုတွန်းနေစဉ် ပါးစပ်ထဲမှရေများကို မှုတ်ထုတ်လိုက်ကာ 'လှနွယ်ရေ. . . နင့်ဖို့ဆံစုပါလာတယ်ဟေ့ ယူမလား' ဟု ရေထဲမှ လှမ်းနောက်လိုက်သည်။

လှနွယ်မှာ နှုတ်ခမ်းများစူသွားလျက် 'မလိုချင်ဘူး၊ ရှင့်အမေကြီးတော်သစ်ဖို့ယူသွား အဲဒီလူသေဆံစုကို'ဟု ပြန်လှမ်းပြောလိုက်သည်။ ဖောင်ဆွဲလာသော လူရွယ်များနှင့် ကမ်းပေါ်ကလူများမှာ လှနွယ်နှင့် မောင်သိန်းကို ပွဲကျသွားသလို ဝါးခနဲရယ်လိုက်ကြသည်။

လှနွယ်သည် မျက်နှာပေါ်တွင် လူးလိုက်သည့်သနပ်ခါးများ ခြောက်သွားအောင် ပန်းခုံးနှင့် စိမ်ပြေနပြေယပ်ခတ်ပေးနေရင်း နောက်ကြောင်းများကို မျက်စိထဲတွင်ပြန်၍မြင်နေလေသည်။

မှန်လောက်အောင် ကျကျနန လိမ်းခြယ်ပြီးသည့်နောက် မှန်ကြည့်၍ပင် မပြီးနိုင်အောင် လက်မှမချ ထောင်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တဲရှေ့က မြသင်အသံကြား၍ အခန်းထဲသို့ တန်းဝင်လာမှပင် မှန်ကလေးကို လက်ကချတော့သည်။

'ညည်းကို ကြိုက်ပြီးသားပါအေ့၊ မပြီးသေးဘူးလား၊ မှန်ပေါက်ပါ့မယ်'ဟု မြသင်က ပြောလိုက်၍ 'မနောက်စမ်းနဲ့အေ'ဟု လှည့်ကြည့်ရင်း ပြန်မာန်လိုက်သည်။

မြသင်သည် သရက်ထည်အကျီ၊ သရက်ထည်ထဘီဟောင်း ဟောင်းနွမ်းနွမ်း ဝတ်ထားလျက် မျက်နှာ၌ သနပ်ခါးထူနေအောင် လူးထား၍ အကြည့်ရဆိုးနေလေ၏။

'ညည်းစောင့်နေတာအေ့၊ ပြီးပါပြီ'ဟု လှနွယ်က ဣန္ဒြေရရပြောလျက် အနားကအဝတ်ထုပ်ကို လှမ်းဆွဲကာ ဖြေလိုက်လေသည်။

'ရော့အေ၊ ဟော့ဒီရှဲသားအကျီနဲ့လုံချည်ကိုယူ၊ တစ်ခါတည်းလဲဝတ်ခဲ့ပါတော့'

မြသင်သည် ကမ်းပေးနေသောအဝတ်များကို အသာလှမ်းယူလိုက်လျက် ဝမ်းသာအားရ ဖြန့်ငုံ့ကြည့်နေသည်။

'လှတယ်အေ၊ အကျီလည်း လှတာပဲ၊ လုံချည်ကလေးကလည်း အဆင်ကောင်းတယ်၊ ငါနဲ့တော်မှာပါပဲနော်'

မြသင်သည် သဘောကျအူရှင်နေသော မျက်နှာထားဖြင့် အကျီ လုံချည်များကို တစ်ခါတည်းလဲ၍ဝတ်နေရာ လှနွယ်မှာ ငေးလျက်ပြုံး စိုက်ကြည့်နေ၏။

'လိုက်တယ်ဟေ့...ညည်းနဲ့လိုက်တယ်၊ အတော်ပဲ'ဟု လှနွယ်ကပြောလိုက်ရာ၊ မြသင်မှာ ကျေကျေနပ်နပ်ကြီးပြုံး၍ ကိုယ်ပေါ်က အဝတ်ကို တစ်ကြည့်ထဲ ငုံ့၍ကြည့်နေ၏။

မြသင် ချွတ်ချလိုက်သည့် အကျီလုံချည်ဟောင်းများကို လှနွယ်က ဆွဲခေါက်လေ၏။





'ညည်းနှယ်အေ၊ သန့်သန့်ရှင်းရှင်းဖြူဖြူစင်စင် လျှော်ဖွပ်ဝတ်စမ်းပါ၊ စွန်းလို့ ကွက်လို့၊ ညစ်ပေလိုက်တာ၊ မိန်းကလေးဆိုတာ သန့်ရှင်းရတယ်အေ့၊ သန့်ရှင်းတာ ကောင်းတယ်မဟုတ်လား'

မြသင်သည် လှနွယ်၏မျက်နှာကို စေ့စေ့ကြည့်၍ နားထောင်ရင်း မြို့သွားနေလို့ တောအကြောင်း မသိတော့ဘူးမှတ်တယ်ဟု တွေးမိကာဝမ်းနည်းသွားသည်။

'ဖြူဖြူစင်စင် လျှော်ဖွပ် ဝတ်ချင်တာပေါ့အေ၊ အဝတ်ဖွပ်ရင် အကွက်အစွန်းတွေကို ဆပ်ပြာနဲ့ တိုက်ဖွပ်မှလည်း ပျောက်တာအေ့၊ တို့မှာ ဆပ်ပြာဝယ်နိုင်ဖို့နေနေသာသာတော်၊ ညညမှောင်ကြီးထဲ ငုတ်တုတ်ထိုင်မနေရအောင် ရေနံဆီကလေးကိုပဲ မဝယ်မဖြစ်လို့ ဝယ်ပြီး ချွေသွန်းရတာ ညည်းသိသားပဲ'

လှနွယ်မှာ တွေဝေငေးငိုင်လျက် ပြောမိခြင်းကိုပင် စိတ်မကောင်းဖြစ်သွား၏။ ဘဝကပေးသော အခြေအနေအတိုင်းဖြစ်ကြပုံကို သဘောပေါက်ကာ လေးလံစွာ သက်ပြင်းချလိုက်သည်။

'ညည်းတို့မြို့လို မဟုတ်ဘူးတော့၊ တို့ဆင်းရဲသားဟာ စားဖို့သောက်ဖို့အနိုင်နိုင်၊ ဆပ်ပြာဆိုတာ ပိုက်ဆံပိုမှ လျှံမှ ဝယ်ရတာ၊ ဒီအတိုင်း ရေနဲ့ ဆောင့်ညှစ်လှမ်းရတော့ ဘယ်စင်မလဲအေ'

လှနွယ်သည် ထဘီနှင့်အကျီခေါက်ကို အထုပ်ပေါ်သို့လှမ်းတင်ကာ 'စိန်လှိုင်ဗိုလ်က ကောင်းလားအေ'ဟု စကားလွှဲပြောင်းပြောလိုက်သည်။

'မနှစ်က ကျောက်တန်းမှာ ကသွားတယ်၊ ကောင်းသားပဲ'

'ဖျာခက ဘယ်လောက်တဲ့လဲအေ' ဟုလှနွယ်က ဆက်မေးလိုက်သည်။

'ကျူထရံဖျာတစ်ချပ် ငါးမူးတဲ့၊ လူနှစ်ယောက်ပဲ ထိုင်နိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ရှေ့ဆုံးကဖျာတွေက တစ်ချပ်တစ်ကျပ်တဲ့'

'တစ်ကျပ်ဆိုတာ များလှချည့်ကလား၊ ဘယ်သူကြည့်နိုင်မှာလဲ'

'တစ်ခါတလေမှ ကြည့်ရတာ ကြည့်ကြတာပဲတော့၊ မရှိနိုင်တာ ကျောက်တန်းအပေါင်ဆိုင်မှာ သွားပေါင်ပြီး ကြည့်ကြတာပဲ၊ ညည်း ရန်ကုန်မှာ ပွဲမကြည့်ဘူးလား'

'ပွဲတော့ မကြည့်ခဲ့ရဘူး၊ ဘိုင်စကုတ်တော့ အစ်မပြလို့သွား ကြည့်တယ်။ အင်္ဂလိပ်ကားလည်း တစ်ခါကြည့်ရတယ်'

'ဘိုင်စကုတ်မကြိုက်ပါဘူးအေ၊ စာမှမတတ်တာ၊ ငါတော့ပွဲ ကြိုက်တယ်၊ ညည်းပြန်လာတာ အတော်ပဲတော့၊ စပါးရိတ်ပြီး မျှောမလို့ဟာ မမျှောဖြစ်ဘူး'

လှနွယ်သည် ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ ပြုံးလျက် 'ရှင် ဥပဂုတ်ကိုယ်တော်ကြီးက ငါ့အပြန်ကို စောင့်နေတာအေ့'ဟု ရှေ့ နောက်၍ ရယ်နေလေသည်။

'တို့စက်ပိုင်းမှာ ဖောင်လာကပ်လို့ ရွာရှေ့က ကန်နား ကျောင်းဆောင်ဆောက်ပြီး ပင့်ထားတာ ဘယ်လောက်ကြာပြီလဲအေ ပြန်မျှောဖို့ကို မေ့နေကြတယ်။ လယ်သမားတွေကျွေးထုပြီး အလ အကိုင်တွေက နေရာမကျ ဖျားကြ နာကြတော့မှ ပြန်မျှောဖို့သတိ တာတော့'

မြသင် ရှံ့သားအင်္ကျီ အဝါပွင့်၊ လမနစ် လုံချည်အစိမ်းရင့် ဝတ်ထား၍ စောစောကနှင့်မတူဘဲ ရုပ်တစ်မျိုးပြောင်းနေလေ အသားသာ ညစ်မည်းမနေလျှင် ရုပ်မဆိုးလှဟု ထင်မိသည်။

'ဖောင်မမျှောခင် မနက်စောစော မုန့်ဟင်းခါးဆွမ်းကပ်ပေး လူတွေလည်း ကျွေးလိမ့်မယ်၊ ဖောင်ကြီးလုပ်ထားတာ ရောမ အဖြ ကြီးပဲတော်'





မြိန်မြိန်ရှက်ရှက် အားရပါးရကြီး ပြောပြနေတုန်း 'ပွဲခံတာ မြတ်ပါမလားအေ့. . .'ဟု လှနွယ်က ဖြတ်မေးလိုက်သည်။

'ပွဲငှါးခပေးရဦးမယ်၊ ကျူထရံဖျာတွေ ဝယ်ရဦးမယ်၊ လှူဖို့ကျန်ပါ့မလား၊ ရှင်ဥပဂုတ် ရေမျှောဖို့ဆိုပြီး ရွာထဲမှာငွေခွဲလိုက်ရင် ပြီးရောအေ' ဟုဆက်ပြောနေသည်။

'မရဘူးမကြီး၊ အဲသလို ပိုက်ဆံလိုက်ကောက်ရင် ဖောင်လုပ်ဖို့ ဝါးဖိုးတောင် ရမှာမဟုတ်ဘူး၊ ပွဲဆိုတော့ မသမျှောဘူးတော့'

လှနွယ်သည် မြသင်နှင့် စက်ပိုင်းသို့ ပွဲကြည့်လိုက်ခဲ့လေသည်။ တဲမှမထွက်ခင် 'မိုးလင်းအောင် မကြည့်နဲ့ မထွေးတို့နဲ့ ပြန်ခဲ့' အမေက မှာလိုက်သည်။

စက်ပိုင်းနှင့် ကမကလဲကြားတွင် ကွင်းပြင်ထဲ၌ ဇာတ်စင်ကြီးထိုးထားသည်။ ပွဲခင်းထဲတွင် နေမဝင်ခင် လူများရောက်လာကြသည်။ ဇာတ်စင်ကြီးကို နန်းတော်မြို့ ရိုးပုံ ဆေးချယ်ထားသော ကန့်လန့်ကာအနီကြီး ဆင်ထား၍ အဝေးကပင် ဝင်းနေသည်။

ဇာတ်စင်ဘေးမှ ဖြတ်လျက် မြသင်တို့တဲသို့ လျှောက်လာကြရာ၊ ပွဲခင်းထဲမှ ကျူထရံဖျာပေါ်တွင် ထိုင်နေကြသော မမြို့နှင့်မဝါးတို့က လှမ်းအော်ခေါ်ကြသည်။

'ထမင်းစားဦးမယ်. . . မှောင်မှ လာမယ်၊ ဖျာဝယ်ပြီးပြီ' မြသင်သည် နားအူသွားအောင်ပင် လှမ်း၍ပြန်အော်ခဲ့သည်။ အသံကုန်ဟစ်၍ပြောကြခြင်းကို ကျယ်လိုက်တာ. . .ဟု မြသင်တို့အား စိတ်ထဲက အပြစ်တင်မိသည်။

မြသင်တို့အိမ်သားများမှာ ပွဲဈေးထွက်ရောင်းကြ၍ တဲတွင် မြသင်အဘသာ ကျန်ရစ်သည်။

ထမင်းခူးရန် မီးဖိုထဲသို့ မြသင်ဝင်သွား၍ လှနွယ်မှာ မြသင်



www.burmeseclassic.com

www.burmeseclassic.com



အဘနှင့် ထိုင်စကားပြောနေသည်။ အဘက မြို့အကြောင်းကိုလျှော မေးနေ၍၊ ဖောက်သည်ချနေခိုက် လူတစ်ယောက်ရောက်လာသည် မသိမမြင်လိုက်ပေ။

'ဘကြီး. . . ဖောင်မှာ အဘ စောင့်နေတယ်၊ သံရိုက်ဖို့လာခဲ့ တဲ့'

လှနွယ်သည် တုန်၍သွားလေ၏။ ကျောကို အချခံလိုက်ရသည် အလား ခေါင်းမှာ ချာလည်လည်၍ သွားလေ၏။

လှနွယ်၏ နောက်တွင် မောင်သိန်းမှာ တဲရှေ့ကဲလားထော ထားသောဝါးတိုင်ကို မှီကာရပ်နေသည်။

'လာမလို့ဘဲဟ၊ မြသင်မလာသေးလို့ စောင့်နေတာ၊ မောင်တု ရောက်နေပလား. . .၊ လာ ထကွယ်၊ မောင်သိန်းထိုင်လေ'

လှနွယ်မှာ အဘထသွား၍ ဤနေရာတွင် ထိုင်နေရကော မကောင်းဖြစ်နေတုန်းပင် မောင်သိန်းမှာ တဲပေါ်သို့တက်၍ ထိုင်လေ ၏။

'မြသင် နင်တို့စားနှင့်၊ ငါမစားသေးဘူး'

ဟု အဘသည် ပြောပြောဆိုဆို တဲပေါ်သို့ တက်၍ထိုင်လေ၏။

မြသင်သည် မီးဖိုပေါက်မှ ထွက်၍ 'ကိုမောင်သိန်းလား' နှုတ်ဆက်ကာ လှနွယ်ကို မေးထိုးကာ မျက်စိတစ်ဖက်မှိတ်ပြရင်း မီးဖိုထဲသို့ ပြန်ဝင်သွားလေ၏။

လှနွယ်သည် အပေါက်ကို နောက်ခိုင်းထိုင်နေရာမှ ကိုယ် လှည့်၍ တဲကပြင် ဖိနပ်ချွတ်တွင် ခြေထောက်များကို ချလိုက်ကာ ထသွားတော့မည့်ဟန်ပြုလိုက်လျှင်ပင် 'လှနွယ်နေပါဦး'ဟု မောင်သိ က အသံတုန်တုန်နှင့် ပြောနေ၍ အသာကိုယ်အရှိန်သတ်ကာ န လိုက်ရ၏။





ငါ့ကို မုန်းနေသလား၊ ငါ့ကို စိတ်ဆိုးသလား။

မောင်သိန်းသည် စိတ်ထဲရှိသမျှကို စကားဖြင့် မထွက်နိုင်တော့ ရကား၊ လေးလံစွာ အသက်ရှူလိုက်ပြီးလျှင် ဖိနပ်ချွတ်က ဝါးခင်းကို ငုံ့ကြည့်နေ၏။

'လှနွယ်. . .'

လှနွယ်ကား မျက်နှာချင်းမဆိုင် လှည့်မကြည့်၊ အခဲမကျေသေး သလို အောက်သိုးသိုးမျက်နှာအမူအရာနှင့် လမ်းကိုသာ ကြည့်နေ လေ၏။

မောင်သိန်း၏မျက်နှာမှာ သွေးဆုတ်သလို ဖြူရော်ရော် ရှိနေ ပြီးလျှင် ဝေဒနာတစ်ခု ခံစားရသည့်အလား မျက်လုံးများကို မချိမဆံ့ ပြူးကျယ်စွာဖွင့်လျက် လှနွယ်ကိုမော်ကြည့်ကာ တီးတိုးလှမ်းခေါ်လိုက် ခြင်းဖြစ်လေရာ လှနွယ်က မထူးသဖြင့် မောင်သိန်းမှာ ခေါင်းငုံ့သွား လေသည်။

ဝင်အံ့ဆဲဆဲရှိသောနေသည် အုန်းပင်အဆွယ်မှနေ၍ တဲထဲ သို့လှမ်းကြည့်နေလေ၏။ လမ်းပေါ်၌ ပွဲသွားပရိသတ်များမှာ အဆက် မပြတ် ဥဒဟို သွားလာနေကြသည်။ ခြေထောက်များနှင့် မရှောင် သာ၍ သစ်ရွက်သစ်ကိုင်းခြောက်များမှာ တဖျပ်ဖျပ် တဂျွတ်ဂျွတ် မြည်၍နေကြသည်။

မောင်သိန်းသည် မျက်လွှာချရင်း ဒူးပေါ်တွင် လက်တင်ကာ လက်တစ်ဖက်ကို အခြားတစ်ဖက်ဖြင့် လက်ဝါးချင်း ထပ်ပွတ်၍ နေလေ၏။

မြသင်မှာ တဲထရံနှင့်ကွယ်၍ အပြင်ကအသံများကို တဒိတ် ဒိတ်ခုန်သောရင်နှင့် နားစွင့်လျက်ရှိသည်။

ခေါင်းကြီး ငုံ့ကာ လက်ဝါးချင်း ပွတ်နေသော မောင်သိန်းကို



www.burmeseclassic.com

www.burmeseclassic.com



သူမမြင်အောင် အလစ်ခိုးကြည့်လိုက်ရာ. . .၊ နီရဲသော မျက်နှာကြီး ကိုမြင်ရသဖြင့် လှနွယ်၏ ရင်ထဲတွင် နှလုံးအခုန် အနည်းငယ် သက်သာ၍ နေ၏။

'ငါ့ကိုမုန်းသလား'

ဤတစ်ချိန်တွင် မောင်သိန်းသည် မျက်နှာကိုမဖော်ဘဲ တိုး တုတ်တုတ်ပင် မေးလေ၏။

လှနွယ်သည် အရုပ်လိုပင် မလှုပ်မယှက် ငြိမ်နေလိုက်သည်။

မောင်သိန်းမှာ ရှက်ရှက်နှင့်ငုံ့လျက် တစ်ချိန်ထက် တစ်ချိန် ရင်ထဲတွင် အောင့်လာလေ၏။ လက်ဝါးနှစ်ဖက်ကို ဖော့ဖော့ဖြည်း ဖြည်း ပွတ်နေရာမှ နောက်ဆုံးတွင် အတင်းဖိ၍ အသံထွက်လာ အောင် နင်းပွတ်ပြီးနောက် ရုတ်တရက် ဖြူးဗျင်းနောင်ဖြူးဗျင်းထ၍ မတ်တတ် ရပ်လိုက်လျက် တဲပေါ်မှ လေးကန်စွာ ဆင်းသွားလေ၏။

လှနွယ်၏ မထုံကက်တေးနေ့ချင်မှုသည် ထိုခဏ၌ အလိုလို ငုပ်ကွယ်သွားလျက် ၎င်း၏နေရာတွင် ကယောင်ချောက်ချားမှုသည် ရုတ်တရက်ခုန်ဝင်လိုက်လေ၏။ အလွန်အေးမြလှသောရေကို လောင်း ချလိုက်သည့်အလား လှနွယ်၏တစ်ကိုယ်လုံးမှာ အေးခနဲဖြစ်သွား လေ၏။

'ဒီမှာ. . . ကိုမောင်သိန်း'

လှနွယ်သည် မျက်စိများပြာဝေလျက် မောင်သိန်းဆီသို့ ဝိဝိ လက်ကို ဆန့်ထုတ်လိုက်ပြီး ခေါ်လိုက်လေသည်။

မောင်သိန်းသည် လှနွယ်ကို သေချာစွာလှည့်၍ ကြည့်နေလေ ၏။ အနီးသို့ ပို၍ကပ်သွားအောင် တဖြည်းဖြည်းတိုးသွားလေ၏။ ထို နောက် လှနွယ်နှင့် တည့်တည့်ရပ်လျက် ဝါးလုံးကို လက်နှင့်လှမ်း ကိုင်ကာ ပြုံးကြည့်လိုက်သော မောင်သိန်း၏မျက်လုံးများမှာ လက်၍





နေလေသည်။

မောင်သိန်းကို ပြန်၍ပြုံးလိုက်သော လှနွယ်၏မျက်လုံးများမှာ လည်း တောက်၍နေလေ၏။

နှစ်ဦးစလုံး၏ မျက်လုံးရောင်ရှိန်သည် ဟပ်ကြသဖြင့် လက်ခနဲ ငင်းခနဲ ပြိုးပြိုးပြက်ပြက် ဖြစ်သွားကြလေရာ၊ မောင်သိန်းမှာ ပူပူထူထူ ကြီးဖြင့် ဖိန့်ဖိန့်တုန်သွားပြီးနောက် အားအရကြီးရလိုက်၊ အကျေနပ် ကြီး ကျေနပ်ကာ ပြုံးရယ်ပြီး ဘာမပြော ညာမပြော ချာခနဲလှည့်၍ လမ်းပေါ်သို့ ပြေးထွက်သွားလေသည်။

လယ်ကွင်းထဲ၌ ပတ်မကြီးကို ဗေထိဗေထိ တီးကာ လူခေါ်နေ သောဆိုင်းသံမှာ နှလုံးခုန်လောက်အောင် လဟာထဲတွင် ပြည့်နှံ့ မြည်ဟည်းလျက်ရှိလေသည်။

လမှာ ထိန်ထိန်လင်းအောင် သာလာလေသည်။ ကန်သင်းရိုး တစ်လျှောက် ရွာနီးချောင်းစပ်က ပွဲကြည့်လာကြသောလူများကား တသီတတန်းကြီး ဖွေးနေလေသည်။

ပွဲထဲ၌ လူတွေစုရုံးပြွတ်သိပ်ကျပ်ခဲလျက် ထွက်စရာလမ်းပင်မ ရှိအောင် ပိတ်ထိုင်နေကြ၏။ ဇာတ်ခုံပေါ်ရှိ ဓာက်လင်း ဓာတ်မီး ရောင်တို့မှာ တောက်ပထိန်လင်းကာ ဇာတ်ခုံကို ဖော်ကြွားလျက်ရှိ ကြ၏။

ပွဲကြည့်ပရိသတ်ကြီးဘေးတွင် လှည်းများစု၍ ရပ်ထားကြ၏။ လူတွေ တိုးဝှေ့လျက် ရုတ်ရုတ်ဖြစ်နေသော်လည်း ဈေးဆိုင်များမှာ အချို့လည်း ရေနံဆီမီးတိုင်နှင့် စားမည်၊ ဝယ်မည့်သူနည်းပါလျက် ငုတ်တုတ်ထိုင်နေကြရ၏။

ပွဲလာ ကာလသားများသည် လက်ဆွဲဓာတ်မီးထွန်းထားသော လက်ဖက်ရည်ဆိုင်ဘွင်ထိုင်ကာ စက္ကူပန်းတွေအုပ်ဝေနေအောင် ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပန်၍ သနပ်ခါးဘဲကျားလူးလာသည့် ပွဲလာအပျိုများကို ရှုစားနေကြ၏။

ဆိုင်းသံမှာ ညံလာလေပြီ၊ ပွဲထွက်တော့မည်ဟု ပွဲထဲသို့ တိုးဝေ့ဝင်လာကြသောလူသံများဖြင့် အုတ်အုတ် အုတ်အုတ်၊ ကျွက်စီ ကျွက်စီ ဖြစ်နေကြသည်။

မကြာမီ အပျိုတော်ထွက်လာလေ၏။ မီးကို ရေနဲ့မှုန်းသကဲ့သို့ ပရိသတ်မှာ ငြိမ်းသတ်စပြုလာလေသည်။

လှနွယ်နှင့်မြသင်မှာ တစ်ယောက်ကိုတစ်ယောက် တစ်ဆိတ်တည်း ဆိတ်နေကြလေ၏။ ဇာတ်ခုံဘေး ကန့်သင်းပေါ်၌ရပ်ကာ လက်ကိုင်ပဝါ အဖြူခေါင်းစည်းလျက် လူရောင်တပြပြလုပ်နေသော မောင်သိန်းကို လှမ်းကြည့်နေကြကာ တစ်ယောက်နှင့်တစ်ယောက် လက်ကုတ်ရင်း ဆိတ်နေကြသည်။

လှနွယ်မှာ တလှပ်လှပ်ဖြစ်နေကာ ကြည်နူးပျော်မြူး၍ နေသောသည်။ ဇာတ်ခုံပေါ်က အပျိုတော်ကနေသည်ကို သည်လောက်မကြည့်လှဘဲ မောင်သိန်းကိုသာ ခဏခဏ လှမ်းကြည့်မိလေသည်။

အပျိုတော်ဝင်သွားပြီးနောက် လူဘိုင်စကုတ် ထွက်နေလေသည်။ လှနွယ်သည် မောင်သိန်းရှိသည့်နေရာသို့ လှမ်းအကြည့်တွင် မောင်သိန်းကိုမတွေ့ရ၍ မသက်မသာ ဖြစ်သွားမိသည်။

လှနွယ်၏မျက်လုံးများသည် မောင်သိန်းကိုရှာလျက် ပွဲကြည့်နေသည်။

အတန်ကြာလျှင် 'လာဟေ့...ထိုင်' ဟု ဒေါ်ထွေးအသံကြား၍ လှည့်ကြည့်ကြရာ၊ မောင်သိန်းသည် လှနွယ်၏ရင်ထဲသို့ ချမ်းမြေ့ခြင်းကို သွန်းလောင်းလိုက်သည်။

မိမိအား လာ၍လက်ကုတ်သော မြသင်အား နာနာပြန်ဆိတ်





လိုက်ပြီးလျှင် အသာ ကြွနွေ့ရရ ပွဲကြည့်နေသည်။

မောင်သိန်းသည် နောက်ကအသံပေးလျက် ဒေါ်ထွေးနှင့် စကားပြောနေ၏။ ရယ်စရာရှိလျှင် နင်းကန်ပြီးရယ်နေလေသည်။ ဇာတ်ခုံပေါ်ကမင်းသားအသံမှာ ဒီလောက်မဖမ်းလှဘဲ မောင်သိန်းရယ်သံပြောသံများသာ၊ သာယာကြည်နူးဖွယ်ရာ အသည်းခိုက်အောင် ငြိထိလျက်ရှိသည်။

လသည် တဖြည်းဖြည်းမြင့်တက်လျက် ပြည့်ပြည့်လင်းလင်းသာ၍နေ၏။ တိမ်သားများကင်းရှင်းသော ကောင်းကင်ကြီးသည် ပြာမှိုင်း၍နေလေသည်။ ခပ်ဝေးဝေးတွန်နေသည့် သန်းခေါင်ယံ ကြက်တွန်သံသည် သဲ့သဲ့မျှသာကြားနိုင်ပေသည်။

မင်းသား မင်းသမီး နှစ်ပါးသွားခန်းကို ကြည့်နေကြသည့်ပရိသတ်သည် မင်းသားက မင်းသမီးကို လက်ဆွဲလိုက်၍ သဘောတွေ့လျှင် ရှိခနဲရှိခနဲ လက်ခေါက်မှုတ်လိုက်ကြသည်။

နှစ်ပါးသွားပြီးသောအခါ ဒေါ်ထွေးနှင့် လှနွယ်တို့ ထပြန်ကြ၍ မောင်သိန်းက လိုက်ပို့လေသည်။

လသာသာ စက်ပိုင်းမှ ကမကလဲသို့ လျှောက်ပြန်လာခဲ့ရာ တစ်လမ်းလုံး မောင်သိန်းမှာ ပွဲမကောင်းကြောင်း၊ မင်းသား မင်းသမီးခိုကြောင်းတွေကို တဖောင်ဖောင်ပြောလိုက်လာသည်။

လှနွယ်မှာ ငြိမ်နေလေသည်။ ချစ်သူနှင့် ယခုလို လသာသာအတူတူလျှောက်ပြန်လာခြင်းပင် စကားမပြောနိုင်အောင် တစ်မျိုးတစ်မည်ကြီးဖြစ်၍နေသည်။ လေသည် အေးအေးညင်းညင်း တိုက်ခတ်၍နေလေသည်။ ပွဲထဲတွင် လူတွေနှင့် ရောထိုင်နေရသဖြင့် ငြီးစီစီကြီးဖြစ်နေရာ ယခုမှ ကြည်လင်လန်းဆန်းလာသည်။

တဲကလေးတစ်တဲရှေ့သို့ရောက်လျှင် ဒေါ်ထွေးက မလှမ်းမကမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိ သရောင်အောက်တွင် ဝပ်၍နေသော လှနွယ်၏တဲကလေးကို လှမ်းမြှော်ကြည့်လိုက်ပြီး 'ကဲအေ ငါမလိုက်တော့ဘူး လှနွယ်၊ မောင်သိန်းနဲ့ပဲသွားတော့'ဟု ဆိုလိုက်ကာ လှည့်ဝင်သွားသည်။

ရွာထဲ၌ ဘာသံမျှမကြားရချေ၊ ကမကလဲမှာ အိပ်မောကျနေပေ၏။ ရွာလမ်းပေါ်၌ ဖြတ်သန်းသွားလာသူများပင် မရှိကြ၊ လေတိုက်သဖြင့် သစ်ရွက်များပင် လှုပ်သံရှိသည်။

ကြည်နူးသာယာဖွယ်ကောင်းသော လရောင်သည် အပေါ်တည့်တည့်မှထိုးလျက်ရှိသည်။ လရောင်သည် သာသည်ထက် သာလာလသည်။ ဘယ်တိမ်စိုး ဘယ်တိမ်ငွေ့မှ လ၏မျက်နှာကို ဖြတ်ကျော်မသွား၊ ထိန်ထိန်သာ လင်းနေပေသည်။

လရောင်ထဲတွင် လှနွယ်သည် မိမိနှင့် ပခုံးချင်း တိုက်မတတ်ကပ်လျှောက်လာသော မောင်သိန်း၏ကိုယ်မှ အနံ့အသက်ကို ရှူရှိုက်ခံစားရသည်။

နှစ်ယောက်တည်းလာရတော့မှ၊ နှစ်ယောက်တည်းဖြစ်ခြင်းကို ရင်ဖိုမိသည်။ လှနွယ်သည် ခပ်သုတ်သုတ်လျှောက်လေသည်။ တိတ်ဆိတ် ၍နေသည်။ ဘယ်သူမျှစကားမပြောကြ။ ပြောလည်းမပြောနိုင်။ မောင်သိန်း၏ လေပြင်းထန်သောအသက်ရှူသံ ထွက်နေလေသည်။

တဲနားရောက်လျှင် 'နေပါဦးလေ ဖြည်းဖြည်းသွားပါ' ဟု မောင်သိန်းက ဆိုလိုက်သဖြင့် လှနွယ်မှာ တစ်ကိုယ်လုံးတုန်၍သွားလေသည်။

လှနွယ်သည် ရင်ထဲတွင် တဆတ်ဆတ်ခုန်လျက် ဖြည်းဖြည်းလျှောက်လာသည်။ တဲဝသို့ရောက်လျှင် လှနွယ်က ရှေ့ကဝင်၍ မောင်သိန်းက နောက်မှကပ်ဝင်လာသည်။





ငှက်ပျောပင် မာလကာပင်နားသို့ရောက်သောအခါ 'လှနွယ်'ဟု တိုးတိုးကလေးကပ်၍ခေါ်လိုက်သော မောင်သိန်း၏အသံ ထွက်လာ၍ တစ်ကိုယ်လုံးစိမ့်သွားကာ ရပ်လိုက်မိသည်။

'ငါ့ကို ကြိုက်တယ်နော်. . .'

လှနွယ်မှာ ဘာပြန်ပြောရမှန်းမသိဘဲ လည်ချောင်းတွင် တစ်ဆို့လျက် နတ်ဝင်သလို တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေတုန်း နောက်မှ တအားဖက်လိုက်၍ 'အမေ'ဟု ပါးစပ်မှ ထွက်သွားလေသည်။

'ဟဲ့. . . ဘယ်သူတုံး. . .'

သည်အသံမှာ တဲတွင်းက ပြန်အော်လိုက်သောဒေါ်သဲမြစ်၏ အသံဖြစ်ပေသတည်း။

## အခန်း| ၁၈ |

စိုးရိမ်မအေးဖြစ်ခဲ့ရသောနေ့များမှာ တစ်လနီးနီးကြာလာလေ၏။

လှနွယ်သည် ကျွဲတက်ကျောင်းသို့ တစ်နေ့တစ်ခေါက်မှန်မှန်ကြီးသွားနေလေသည်။

ရွာရောက်စတောတောကဆိုလျှင် ကနေ့နက်ဖြန်ပင် ဟန်ကျတော့မည့်အခွင့်ကောင်း အခါကောင်းကြီး တစ်ခုနှင့် ကြုံတွေ့ရတော့မည့်အလား မျှော်လင့်ချက်ကြီးစွာ ထားခဲ့မိသည်။

ထိုမျှော်လင့်ချက်ကြီးမှာ တစ်နေ့ထက်တစ်နေ့ မရေရာ မသေချာ၍ စိုးရိမ်ပူပန်နေရကာ စိတ်မအေး လက်မအေး တထင့်ထင့်နှင့်ဖြစ်ခဲ့၏။

ယခုသော်ကား ထိုမျှော်လင့်ချက်ကို မိမိဆုံးရှုံးသွားရပေပြီတကား



www.burmeseclassic.com

www.burmeseclassic.com



ကား. . .

လှနွယ်သည် ဘုန်းကြီးရှေ့တွင် ဒူးငုပ်ငုံ့လျှိုး၍ ချွေးပြန်လာကာ ချွေးသီးချွေးပေါက်များ ထွက်လာလေ၏။ လည်ချောင်းထဲတွင် ခြောက်ကပ်လျက် တရှိန်းရှိန်း ပူလာလေသည်။ ရင်မှာ ကျပ်ပိတ်ဆို့သွားလေသည်။

လှနွယ်သည် မှုန်မှိုင်းနေသောမျက်လုံးများဖြင့် ဘုန်းကြီး၏ မျက်နှာကို မော်ဖူးလိုက်သည်။

'တပည့်တော် ကုသိုလ်ပေါ့ဘုရား'ဟု နောက်ဆုံးလျှောက်တင်လိုက်ရင်း မျက်နှာမှာ တုန်တုန်ယင်ယင်ကြီးဖြစ်လာ၏။ လှနွယ်သည် သူ့မျက်နှာကိုသူ ပျာပျာသလဲ ကွာရွှေပြန်၍ဆည်လေ၏။ သို့ဆည်ရင်းပင် ကြီးမားသောမျက်ရည်ပေါက်ကြီးများသည် ပါးပြင်ထက်သို့ တစ်ပေါက်ပြီးတစ်ပေါက် ကျဆင်းလာကြလေ၏။

ပါးပေါ်တွင် မျက်ရည်အသွယ်သွယ် စီးကျနေသောမျက်နှာကို မြင်ရ၍ ဘုန်းကြီးမှာ သက်ပြင်းကြီးချလိုက်ကာ ခေါင်းရှုပ်သွားသော အမူအရာဖြင့် လှနွယ်ကို တွေကြည့်နေလေ၏။ ထိုနောက် ခေါင်းကို လေးလေးကြီးခါလျက်. . .

'ဒီလိုပဲ၊ လောကကြီးက အဆင်မပြေဘူးဟဲ့၊ ကိုယ်ကြံစည်လျက်နဲ့ ပျက်ချင်လည်း ပျက်တာပဲ၊ ကိုယ်မကြံစည်ဘဲနဲ့ ဖြစ်ချင်လဲဖြစ်တတ်တာပဲ၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က စိန္တိတမ္ပိဝိဿတိ၊ အစိန္တိတမ္ပိဘဝိဿတိ. . . လို့ ဟောတော်မူတာပေါ့'

လှနွယ်ကား ဘုန်းကြီးပြောဟောနေသမျှကို ကြားဟန်မတူပေ။ သူ့မျက်နှာမှာ ပိုမိုဖျော့တော့လာလျက် မျည်ရည်တလိမ့်လိမ့် ယိုစီးနေသည့်မျက်လုံးများမှာ မပွင့်တပွင့်ဖြစ်နေလေ၏။

'ငါလည်း ပြောတာပဲဟဲ့၊ ဘယ်လိုပဲ အစိုးရက သီးထောက်ခ





နှုန်း လယ်ခွန်တော် နှစ်ဆထားပေမယ့် အများပေးကြသလိုသူတို့လည်း ပေးပါလိမ့်မယ်လို့ ပြောခိုင်းသားကပဲ၊ ချပြီးကုန်ပြီဆိုတော့ အခက်သားကလား၊ ဒီပြင်လည်း ဘယ်မှခံလို့ မရတာ နင်လည်းသိတဲ့အတိုင်းပဲ'

ဘုန်းတော်ကြီးမှာ ဖြေဆည်၍ရလေအောင် တရားချကာ ဖျောင်းဖျသော်လည်း ဖြေပျောက်ပုံမတွေ့ရ၍ စိတ်ညစ်ညည်းလာသည်နှင့် နောက်ဆုံး၌ လေးလေးဆေးဆေးကြီး ညည်းညူ၍ချ လိုက်လေ၏။

လှနွယ်သည် ကျောင်းဝင်းထဲမှထွက်ခဲ့ကာ လှည်းပေါ်သို့ဖြည်းလေးစွာ ထိုင်ချလိုက်၏။ အင်အားဟူသမျှ ချည့်နဲ့ နုံးခွေ၍သွားကာ ဟာလာဟင်းလင်းကြီး ဖြစ်၍သွားလေသည်။

ဦးသူတော်သည် စုတ်သပ်လျက် နွားများကို ကြိမ်လုံးနှင့်တို့၍ ကြိုးကို ဆွဲလိုက်၏။

လှည်းဘီးပေါ်ရှိ လှည်းအိမ်မှ ဂျိုးဂျိုးဂျောင်းဂျောင်းအသံများ မြည်ထွက်၍ လှည်းထွက်လာသည်နှင့်ပင် 'ဘယ့်နှယ်လဲ'ဟု မေးကြည့်လိုက်လေသည်။

လှည်းနောက်မှ အသံမကြားရ၍ 'ဟ. . . မဟန်ခဲ့ဘူးလား'ဟု လှည့်ကြည့်ပြောပြန်သည်။

လှနွယ်သည် တစ်ခွန်းမျှ ပြန်မပြောနိုင်ဘဲ ငြိမ်မြဲ ငြိမ်နေကာ နှုတ်ဆိတ်နေ၍ ဦးသူတော်သည် အဖြေကို မပြောဘဲနှင့် သိသွားသည့်ဟန်ဖြင့်. . .

'ဒီနှစ်မရလည်း နောက်နှစ်ခါပေါ့ဟယ်'ဟု နှစ်သိမ့်လိုက်လေ၏။

လှည်းမှာ နေချိုချိုတွင် တအိအိသွားနေလေသည်။

လယ်ကွက်များကို တစ်ကွက်ပြီးတစ်ကွက် ဖြတ်၍ မောင်းလာလေရာ လှနွယ်သည် လယ်ကွက်များကို ကြည့်၍ အသံမထွက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များသွန်ချနေလေသည်။ တစ်ကိုယ်လုံးမှာ အေးစက်လျက် ဝိတ်မချမ်းသာကြီး ဖြစ်၍နေလေ၏။

ဦးသူတော်မှာ လှနွယ်အတွက် စိတ်ထိခိုက်နေဟန်ဖြင့် နွားများကိုပင် အသံမပြုတော့ပဲ ခပ်မဆိတ် မောင်းနေလေသည်။

လှနွယ်သည် လမ်းဘေးရှိ လယ်ယာမြေကွက်များကိုမကြည့်ချင် မမြင်ချင်တော့ဘိသကဲ့သို့ မျက်နှာလွှဲကာ မျက်စိနှင့်တည့်နေသော ကျားတက်ရွာကြီးကို စိုက်၍ကြည့်နေလိုက်လေသည်။

အဝေးရှိ မြက်ပင်များ ထူစိမ်းနေသောကုန်းမြင့်ကြီးပေါ်၌တည်ရှိနေသည့် 'ဖလေးဘုရားကြီး'မှာ ပြာလဲ့သောမိုးတိမ်အောက်တွင် သပ္ပာယ်စွာ ဖြူဖွေး၍နေ၏။

စေတီတော်၏ ထီးတော်နှင့် ငှက်ပျော်ဖူး ဖောင်းရစ်ကြာမှောက်ကြာလန်တို့တွင် ရွှေရောင်များဝင်းပ၍ နေရောင်နှင့်ပန်းရနေလေသည်။

စကားဖြူစကားစိမ်းပင်ကြီးများသည် ဘုရားကုန်းတော်ပေါ်တွင် အုပ်ဝေလျက် ရှိလေ၏။

လှနွယ်သည် ဝမ်းပန်းတနည်းဖြင့် ဘုရားကြီးကို ငေးမျှော်ကာ ကြည့်နေရင်း နဖူးပေါ်တွင် လက်အုပ်မိုးကာ ဦးတင်၍ အသံမထွက်ဘဲ နှုတ်ခမ်းများ တလှုပ်လှုပ်နှင့် ရှိကြသည်။

'မိုးတွင်း ကောက်စိုက်ဦးမလား'

လှနွယ်သည် လယ်အကြောင်းကို အတောမသတ် စဉ်းစားကာ ဆိတ်ဆိတ်ထိုင်နေရာမှ ရှေ့သို့တိုး၍မတက်တော့ဘဲ ဖြုန်းခနဲ တန်၍ ရပ်လိုက်၏။

'မစိုက်ပါဘူး ဦးသူတော်ရယ်'

'ဘာဖြစ်လို့လဲဟ'

'ကိုယ့်လယ်ကိုယ်လုပ်နိုင်တော့မှ ကောက်စိုက်မယ်၊ နို့မို့ရင်





ကျွန်မ ဘယ်တော့မှ ကောက်မစိုက်ဘူး၊ ဘုရားကိုရှိခိုးထားတယ်'

လှနွယ်သည် ဒေါနှင့် မာန်နှင့် ပြန်ပြောလိုက်ကာ မိမိစကားတွင် မိမိ စိတ်ချလက်ချရှိပုံဖြင့် ဘုရားဆီသို့ လှမ်းကြည့်လေသည်။

'မိုးတွင်း ကောက်မစိုက်ရင် ဘာလုပ်မလဲ' ဦးသူတော်သည် ခါးပိုက်ထဲမှ ဆေးပြင်းလိပ်ကို ထုတ်၍ကိုက်ဖြတ်လိုက်ကာ ပါးစောင်တွင်ငုံလျက် တံတွေးကို ပျစ်ခနဲ လှမ်းထွေးလိုက်သည်။

လှနွယ်သည် ဦးသူတော်ပြောမှပင် မိုးတွင်း လုပ်ခင်း ကိုင်ခင်းများကို စဉ်းစားကြည့်နေသည်။

လက်ထဲတွင် စုမိသည့်ငွေကလေးကို နှောင်နှစ်ခါမကူးခင် ကုန်သွားမှာလည်း ပူရပေသည်။ အလုပ်မလုပ်ဘဲနေ၍ကားမဖြစ်။ ထို့ကြောင့် လယ်မရ၍ ဘာများလုပ်ရမလဲဟု စဉ်းစားကြည့်ရာ လယ်မှတစ်ပါး ဘာအလုပ်မှ လုပ်ချင်စိတ်မရှိဘဲ ဖြစ်နေလေ၏။

လှည်းမှာ လမ်းအတိုင်း မောင်းနေရာမှ လမ်းဘေးလယ်ကွက်ထဲသို့ ထိုးဆင်းနေ၍ ရှေ့မှ လှည်းတစ်စီး လာနေမှန်းကို သိလိုက်သဖြင့် လှည့်၍ ကြည့်လိုက်သည်။

စပါးများ ဝန်လေးတင်လာသည့်လှည်းမှာ လှနွယ်တို့လှည်းနှင့် ကပ်၍ ဖြတ်ကျော်သွားရာ လှည်းနောက်တွင် ထိုင်လိုက်လာသော မောင်သိန်းကို တွေ့ရလေသည်။

မောင်သိန်းသည် လှည်းနောက်မြီးမှ ခုန်ချလျက် လှနွယ်တို့လှည်းပေါ်သို့ ခိုတက်ကာ ပြောင်းထိုင်လေ၏။

'မြသင်က မလာသေးဘူးပြောလိုက်လို့ လိုက်လာတာဟ။ ဘယ့်နှယ်လဲ ရခဲ့သလား'

မောင်သိန်းသည် လှည်းပေါ်သို့ ခိုတက်ရင်း ဝမ်းသာအယ်လဲ မေးနေလေရာ၊ အလိုက်သိသောဦးသူတော်ကြီးက 'မရခဲ့ပါဘူးကွယ်'ဟု



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖြေ၏။

လှနွယ်သည် မောင်သိန်း၏ မျက်နှာကိုညှိုးငယ်စွာကြည့်နေ၏။ မောင်သိန်းသည် လှနွယ်အား ကြင်နာယုယစွာ ပြန်ကြည့်နေလျက် တစ်စုံတစ်ရာကို မကျေနပ်သကဲ့သို့ လက်သီးကို ဆုပ်ကိုင်ကာ နဖူးကြောကြီးများပင် ပေါ်လာသည်။

'လှနွယ်ရာ၊ စိတ်မကောင်း ဖြစ်မနေနဲ့၊ တို့လည်း လယ်လက်လွှတ်သွားပြီ၊ ခုနက အဖေပြန်လာလို့ သိရတာနဲ့ နင့်ပြောရအောင် မြသင်တို့တဲ သွားရှာတာ. . .'

'ဘာ ဘယ့်နှယ်'

လှနွယ်မှာ မျက်လုံးများဝိုင်းလျက် မျက်နှာပေါ်က မျက်ရည်စကို လက်ဖျားဖြင့် သုတ်ပစ်ရင်း မေးလိုက်ခြင်းဖြစ်လေ၏။

'သူဌေးက မနှစ်ကအတိုင်းပဲ ချချင်တယ်၊ အဖေကအစိုးရနှုန်းအတိုင်း လယ်ခွန်တော် နှစ်ဆမချရင် မလုပ်နိုင်ဘူးဆိုပြီး ပြန်လာခဲ့တယ်'

'ဘာကွယ်'

ဦးသူတော်သည် မောင်သိန်းဆီသို့လှည့်၍ မေးမြန်းလိုက်လေသည်။ ဦးသူတော်မှာ သည်သတင်းကြားရသည့်အတွက် စိတ်မချမ်းမသာဖြစ်သွားကာ 'အနှစ်နှစ်အလလ လုပ်လာခဲ့တာကွယ်၊ မင်းတို့ငယ်ငယ်ကလေးကတည်းက လုပ်လာခဲ့တာ'ဟု တသသမြည်တမ်း၍နေလေသည်။

လှနွယ်မှာ ငေးငိုင်လျက် စိတ်နောက်ကျိသွားလေ၏။ သူ့မျက်လုံးများမှာ ကြီးစွာသောစိတ်မချမ်းသာမှုကို ဖော်ပြ၍နေလေသည်။

'လယ်ရှင်တွေဟာ မြေတွေကို လက်ဝါးကြီးအုပ်ထားပြီး တို့ကိုသတ်နေတာပဲ၊ ဘယ်လို အစိုးရက တို့ကို သက်သာချောင်ချိအောင်





ညာညာတာတာလုပ်နေနေ၊ သူတို့မြေဟာ သူတို့မြေပဲ၊ သူတို့က လယ်မချရပေမယ့် ဘာအရေးလဲဆိုပြီးနည်းနည်းမှ တုန်လှုပ်တာမဟုတ်ဘူးဟ၊ အေးအေးဆေးဆေးပဲ စိတ်လည်းပူမနေဘူး၊ တို့လယ်သမားတွေကသာ မြေရှင်စနစ်ကို နက်နက်နဲနဲတွေးပြီး အစိုးရနှုန်းခရရင် မလုပ်ဘူးလို့ အားလုံးတင်းခံကြည့်စမ်း၊ လယ်ရှင်တွေ. . .'

'ဘယ်တော့မှ မဖြစ်နိုင်ဘူးကွ'

ဦးသူတော်သည် မောင်သိန်း၏စကားကို ဝင်၍ဟန့်တားလိုက်လေ၏။

'ဘယ်လယ်သမားမှ တင်းမခံနိုင်ကြဘူးကွ၊ လယ်သမားတွေရဲ့ခြေထောက်အောက်က ဒီမြေကြီးကို မြေရှင်တွေက ဘယ်ပုံဘယ်နည်းယူထားကြတာဆိုတာမျိုးကို ဘယ်လယ်သမားကမှ တွေးကြည့်မှာမဟုတ်ဘူးကွ၊ လယ်သမားအဖို့ရာမှာ လယ်မလုပ်ရရင် ချက်ချင်းလက်ငင်း ငတ်မှာကိုသာတွေးကြပြီးသားပဲ။ လယ်ရှင်က မငတ်အောင်ကျွေးထားနိုင်မယ်ဆိုရင်ကွာ အစိုးရ ဘာဥပဒေ ထုတ်နေနေ လယ်သမားတွေကို သူတို့လုပ်ချင်တာ လုပ်နိုင်တယ်'

ဦးသူတော်မှာ ပြောပြီးလျှင် နှာခေါင်းကြီးပွစိပွစိနှင့် သက်ပြင်းကြီးတွေ တရှူးရှူးထုတ်၍ နွားများကို မဲကာကြိမ်လုံးနှင့် ထိုးနေလေသည်။

လှနွယ်သည် ကြားရကြားရ နားများမချမ်းသာသဖြင့် မျက်မှောင်ကြီးကုတ်၍ ငေးနေလေ၏။ မျက်စိမဆုံးရှိနေသောဤမြေကြီးမှာ ကျယ်ပြန့်ချင်တိုင်း ကျယ်ပြန့်နေပါလျက် ခြေတစ်ဖဝါးစာမျှ လယ်သားများ မပိုင်မဆိုင်မှန်းကို တွေးတောကာ ဝမ်းနည်းမိလာသည်။

'သူတို့ လုပ်ချင်တာလုပ်ကြတာ လယ်သမားတွေ ခံခဲ့ရတာကြာလှပြီဗျ။ ကြာလွန်းလို့ မတော်မတရား ဖိနှိပ်ခံရလို့တောင် ခံရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိကြဘူး၊ ထုံနေကြပြီ၊ ဒီတော့ အဲ့သလိုခံနေရင် အဲ့သလိုပဲ လုပ်နေမှာပဲ'

မောင်သိန်းက မကျေမချမ်း ဒေါနှင့် မောနှင့်ကွာ၊ ခံရတယ်ဆော ဒါပေမဲ့ ခံနေရတာကို မခံရတဲ့အနေ ဟန်ဆောင်မနေကြရင် ဘာ သွားလုပ်မလဲ လုပ်စရာ ဘာရှိသလဲ'

ဦးသူတော်မှာ ရှုံးရှုံးရှဲရှဲဖြစ်၍ နေလေ၏။ မောင်သိန်းမှာ ငြိမ်သက်စွာ တွေးနေပြီးနောက် . . .

'မြေယာ တော်လှန်ရေးလုပ်ရမှာပေါ့ဗျ' ဟု အော်ပြောလိုက် လေသည်။

ဦးသူတော်သည် တော်တော်နှင့် ပြန်မပြောနိုင်ဘဲ တစ်စုံတစ်ရာ ကို ဝေဖန်ပိုင်းခြား စဉ်းစားသလို အမူအရာမျိုးနှင့် လှည်းလမ်းကြောင်း ကို တွေးတွေးဆဆ ငေးကြည့်နေလေ၏။ ထို့နောက် ခေါင်းယမ်း ကာ. .

'မင်းတို့က မြို့ကလာတဲ့ နိုင်ငံရေးသမားတွေ ပြောတဲ့စကားကို လိုက်ပြောနေတာလားကွာ၊ တို့ဗုဒ္ဓဘာသာတိုင်းပြည်မှာ သူများပစ္စည်း ကို အတင်းလုယူ လုပ်တာလည်း မကောင်းသေးဘူး၊ မကြီးပွားဘူးတွေ'

ဦးသူတော်စကားဆုံးလျှင် မောင်သိန်းမှာ မျက်လုံးကြီးပြူး၍ ခံမရပ်နိုင်ဖြစ်ကာ စိတ်လိုက်မာန်ပါ ခါးခါးသီးသီးကြီး ပြန်၍ပြော လေ၏။

'လယ်ရှင်တွေက အတိုးတွေ၊ လယ်ခတွေ နင်းယူကြပြီး လယ် သမားတွေကို ကျွဲနွားသာသာ မငတ်ရုံကျွေးထားပြီး ကြီးပွားနေကြ တာတွေ ခင်ဗျားကြီးက ဘာပြောမလဲ၊ ခင်ဗျားတို့ တစ်ဆိတ်ရှိ သူများပစ္စည်း သူများပစ္စည်း. . .

'ဒါကတော့ကွာ တို့တရားတော်အရ ပြောရတာပဲ၊ ခိုးခြင်း ၂၅





ပါးဆိုတာ မင်းလည်း သိသားပဲ'

ဦးသူတော်သည် လှည်းရှေ့က လေပျော့ပျော့နှင့် ခပ်ဖြည်း ဖြည်းပြောပြနေခြင်းကို မောင်သိန်းမှာ ပိုမို၍ ဒေါသထွက်သွားပြန်၏။

'ခိုးခြင်း၂၅ပါးဆိုတာ ဘယ်သူက ခိုးနေတာလဲဗျ၊ စဉ်းစား ပြောစမ်းပါ၊ ကျုပ်တို့ပေါ်မှာသာ သူတို့က လောဘထွက်ပြီး နိုင် ထက်စီးနင်း အဓမ္မယူနေတာ မြေယာတော်လှန်ရေးလုပ်ပြီး သူတို့ မြေတွေကို ယူမှာက လုယက်ယူတာမဟုတ်ဘူး၊ ရသင့်ရထိုက်တဲ့ အကျိုးခံစားခွင့်မရလို့ယူမှာ၊ အခုကြည့်ပါလား၊

အစိုးရက ကျုပ်တို့ရဲ့ ကျပ်တည်းကျဉ်းမြောင်းမှုကို သိလို့ ချောင်လည်အောင် လုပ်ပေးတာ၊ ဘယ်လောက်လောဘထွက်သလဲ၊ ဒီအတိုင်းချလား၊ ချသလား'

ဦးသူတော်မှာ မဖြေတတ်ပေ၊ ငြိမ်နေလေသည်။ လှနွယ်သည် တစ်ခွန်းတစ်ပါဒမှ ဝင်၍မပြောဘဲ ငြင်းခုံပွဲကို နားထောင်၍နေလေ ၏။ နွားများမှာ လှည်းပေါ်က ဆူညံဆူညံကြားရသော်လည်း အသွား မပျက် ရုန်းမြဲရုန်းနေကြသည်။

'အဓမ္မလောဘထွက်တဲ့လူက သူခိုးအကြီးစားဗျ' ဟု မောင်သိန်း က ဆက်ပြန်လေသည်။

'ဒါတော့ ဒါပေါ့ကွာ၊ ဘုရားကလည်း လောကအကျိုးစီးပွား သံသရာအကျိုးစီးပွား ဟောထားသားကပဲ၊ ဝိသမလောဘကို ဘုရားက ဘားမြစ်ထားပါတယ်'

လှနွယ်သည် နားထောင်နေရင်း မချောရင်ကို ပြေး၍သတိရ သည်။ မိမိအား လယ်သမားဘဝ၊ လယ်သမားဂုဏ်ကျေးဇူးများ ပြော ဟောနေပုံကို မြင်ယောင်၍ လာလေသည်။

'လယ်မလုပ်ဖြစ်ရင် အစ်မဆီပြန်ခဲ့နော်' ဟု အိမ်ကအထွက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာလိုက်ပုံကို နားထဲကမထွက်နိုင်အောင် ဒါကိုပဲ ထပ်ထ လဲလဲ ကြားယောင်နေလေသည်။

'မင်းတို့ ဒါဖြင့် လယ်မလုပ်ရင် ဘာလုပ်မလဲ' ဟု ဦးသူတော်က စကားကို လျှောချပြီး ပိတ်မေးလိုက်သည်။

'ပြောတတ်သေးဘူးဗျာ'

မောင်သိန်းသည် လှနွယ်ကို ထူးထူးဆန်းဆန်း ကြည့်သလို စိုက်ကြည့်ကာ သူပြောချင်သည့်စကားများကို အားလျှော့လျှော့နှင့် ခပ်တိုးတိုးပြောလိုက်သည်။

'အဘက လယ်မရှိလို့ ပဲခူးပြောင်းပြီး ဟိုမှာ အလုပ်ရှာမယ် ပြောနေတယ်'

လှနွယ်မှာ မျက်နှာပျက်သွားပြီးလျှင် 'ဘယ်တော့ ပြောင်းမှာလဲ ဟင်'ဟု မေးကြည့်သည်။

'မသိသေးပါဘူးဟာ ၊ ငါပြောတာကော ဘယ့်နှယ်လဲ လှနွယ် တို့ကိစ္စလေ'

လှနွယ်မှာ တွေဝေ၍ သွားလေ၏။ ထို့နောက် သက်ပြင်းချ၍ ခေါင်းကိုခါယမ်းနေလေ၏။

'ဘာဖြစ်လို့လဲ၊ ငါနဲ့ ပဲခူးမလိုက်ချင်ဘူးလား'

လှနွယ်ကို တစ်ခါက နှစ်ခါထပ်မေးသော်လည်း အဖြေမပေးဘဲ မျက်မှောင်ကုတ်နေ၍ မောင်သိန်းမှာ အားမလိုအားမရဖြင့် လက်က လေးကို ဆုပ်ကိုင်ညှစ်ပြီး တတွတ်တွတ် ထပ်မေးနေလေသည်။

မျက်လုံးများတွင် မျက်ရည်တွေဝဲလျက် မရှုနိုင်မရှိုက်နိုင် အ ကျပ်ရိုက်ကာ မဝေခွဲနိုင်အောင်ဖြစ်နေရာမှ လှနွယ်သည် မောင်သိန်း ကို ခပ်ညှိုးညှိုးကြည့်၍ 'ဒီနှစ်တော့မဖြစ်သေးပါဘူး ကိုသိန်းရယ်' ဟု မပွင့်တပွင့် ပြန်ပြောလိုက်သည်။





'ဘာဖြစ်လို့လဲ'

'နောက်နှစ်ခါ လယ်ရမှပဲ အမေ့ကို ဒီကိစ္စ ဖွင့်ပြောချင်တယ်၊ ဒီနှစ်တော့ လယ်မှ မလုပ်ရဘဲဟာ၊ ကိုသိန်း ပဲခူးသွားနေရင် ကျွန်မ လည်း မြို့ပြန်နေဦးမယ်'

မိမိအား ဖြည်းဖြည်းဆေးဆေး ပြောနေသော လှနွယ်၏မျက်နှာ ကလေးကို တစိမ့်စိမ့်ကြည့်လျက် မောင်သိန်းမှာ နှုတ်ခမ်းများကို တင်းကျပ်စွာစေ့လိုက်ပြီးလျှင် မျက်နှာကြီးညိုမည်း၍ စိတ်ထဲတွင် နင့်တင့်တင့်ဖြစ်နေလေသည်။

ဤတွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြတော့ပဲ တိတ်ဆိတ်ငြိမ်သက်၍ သွားလေသည်။ ဦးသူတော်မှာ အကြောင်းသိ ဖြစ်၍ ကြားထဲက သူပါဝင်စိတ်မကောင်းဖြစ်ကာ လူငယ်နှစ်ယောက် အတွက် အလိုက်တသိ လှည်းကိုခပ်ဖြည်းဖြည်းမောင်းပေးသည်။

'ဒီလိုဆိုရင် နင်လည်း ရန်ကုန်မသွားနဲ့၊ ငါလည်း ပဲခူးလိုက် မသွားဘူးဟာ၊ ဒီကိစ္စကို အမေတို့ဖွင့်ပြောပြီး ဒီနေ့ပဲ နင်နဲ့နေရစ်ခဲ့ပြီး အလုပ်အကိုင်ရှာမှာပေါ့'

လှနွယ်သည် ဝမ်းနည်းစွာဖြင့် ခေါင်းကိုသာယမ်းပြနေလေ၏။ ထိုနောက် အင်မတိအင်မတန် ဝမ်းနည်းလာကာ ဆို့နစ်သွားလေ သည်။

'ဒီပြင် ဘာအလုပ်မှ ကျွန်မမလုပ်ချင်ဘူး ကိုသိန်းရယ်၊ လယ်ဆို လယ်ပဲလုပ်မယ်၊ လယ်မလုပ်ရရင် ဒီပြင်ဘာအလုပ်မှ ဒီမှာ မလုပ်ချင် ဘူး၊ မတတ်သာရင် ခဏခွဲနေဦးပေါ့၊ နောက်နှစ်ခါမှပဲ'

မောင်သိန်းသည် မှိုင်တွေ၍ သွားလေ၏။ မိမိ၏မျက်နှာကို မကြည့် ဦးခေါင်းမဖော်ဘဲ မျက်ရည်များစီးကျနေသောလှနွယ်ကို စူး စူးစိုက်စိုက်ကြည့်ကာ ရင်ထဲတွင်လေးလံလျက် တိုး၍သာ စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

'မြို့ရောက်တော့ ငါ့ကိုသတိရပါဦးမလား လှနွယ်ရယ်'

မိမိအား မေးခွန်းထုတ်လိုက်သော စကားကို မြန်မြန်ဆန်ဆန် မဖြေ။ မောင်သိန်းလက်ကို တင်းတင်းကျပ်ကျပ် အကြာကြီးဆုပ်ကိုင်ထားပြီး လေးနက်သော ဆုံးဖြတ်ချက်ကို ဆောင်နေသည့်အသံဖြင့် တစ်လုံးချင်း ပြန်၍ပြောလိုက်သည်။

('စိတ်ချ၊ ကျွန်မ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ဘူး')

## အခန်း [ ၁၉ ]

မိုးသက်လေမှာ ပြင်းထန်စွာ တိုက်နေလေသည်။ မိုးလယ်တစ်ခွင်တွင် အုံ့ကာမည်း၍ မိုးစက်ကလေးတွေ တဖွဲဖွဲကျနေသည်။ အိမ်ဘေးလမ်းကလေးတွင် မိုးရေများတင်နေကာ မြေကြီးမှာ စိုစွတ်လျက်ရှိသည်။

မချောရင်သည် ကြိုးတန်းပေါ်က အဝတ်များကို ကပျာကယာ ထွက်ရုပ်နေစိုက် 'အစ်မရေ'ဟု လှနွယ်၏အသံကိုကြား၍ ရင်ထဲတွင်ခုန်သွားကာ လှည့်ကြည့်မိ၏။

အိမ်ရှေ့ခြံပေါက်မှ ကွေ့၍ အိမ်ဘေးမှ လာနေသောလှနွယ်၏ လက်တစ်ဖက်က အထုပ်ကိုဆွဲလျက် တစ်ဖက်တွင်နာနတ်သီးများ လေးနေအောင်ထည့်လာသောခြင်းတောင်းကြီးကို ဆွဲကိုင်ထားသည်။

တဟူးဟူး တိုက်ခတ်လျက်ရှိသောလေတိုက်ထဲတွင် ကိုယ်ပေါ်ကအင်္ကျီထဘီများမှာ ခါးထဲတွင် တလွင့်လွင့် ဖြစ်နေပေ၏။

ပြုံးချင်တိုင်း အားပါးတရကြီး ပြုံးထားသောအပြုံး၊ ရှင်ပျခြင်းနှင့်





တောက်ပနေသောမျက်စိမျက်နှာ၊ ခြင်းတောင်းကို မနိုင့်တနိုင် ဆွဲကိုင်ရင်း အားစိုက်၍ မြန်မြန်လာနေသောပိုသီဖတ်သီဖြစ်နေပုံ အမူအရာအားလုံးတို့မှာ မချောရင်၏မျက်စိထဲတွင် ချစ်ခင်နှစ်သက်ဖွယ်ဖြစ်လေသည်။

ဒေါ်သဲမြစ်မှာ ကောက်ညှင်းဆန်ထည့်လာသော တောင်းကြီးကိုရွက်လျက် လှနွယ်ကိုအမှီမလိုက်နိုင်၍ အနောက်မှခပ်ခွာခွာ လိုက်လာသည်။

လှနွယ်တို့ကို မြင်လျှင် မချောရင်သည် ဝမ်းလည်းသာ၏။ အံ့အားလည်းသင့်၏။ စိတ်လည်းမကောင်း။

ပထမဆုံး သတိပြုလိုက်သောအရာမှာ လှနွယ်၏လက်ထဲမှ အထုပ်ဖြစ်လေ၏။ အထုပ်ကိုမြင်တာနှင့် လယ်မလုပ်ဖြစ်၍ ပြန်လာမှန်း ကြိုတင်သိလိုက်သဖြင့် 'ဟယ်. . . လှနွယ်'ဟု ပြန်၍ မြည်တမ်းလိုက်မိသည်။

မချောရင်သည် ခေါင်းပေါ်သို့ တဖွဲဖွဲကျဆင်းနေသောမိုးစက်များအောက်၌ပင်ရပ်ကာ လှနွယ်တို့ကို ဆီးကြိုနေသည်။

'ဒီနှစ် လယ်ခံတာ မရပါဘူး၊ နောင်နှစ်ခါမှ ရမတဲ့အစ်မရယ်'

လက်ဆောင်ယူလာသောတောင်းကြီးကို မြေပေါ်သို့ချလိုက်ကာ ခရီးရောက်မဆိုက် လယ်သတင်းကို ပြောပြရင်း မျက်ရည်များဝဲလာသည်ကို မချောရင်မမြင်အောင် ဖုံးကွယ်ချင်၍ ပြုံးပြုံးရယ်ရယ်ဖြင့် ဟာထေးပစ်သည်။

မချောရင်သည် လှနွယ်၏ငိုမည့်ဟန်ဖြင့် ရယ်နေသောမျက်နှာကို ကြည့်၍ 'ဒီနှစ်မရလည်း ဘာဝမ်းနည်းစရာရှိသလဲ၊ နောင်နှစ်ပေါ့'ဟု ဆီး၍ အားပေးဖြေသိမ့်လိုက်ရသည်။

လှနွယ်သည် သူ့အိမ်သူ့ရာကိုပြန်ရောက်သကဲ့သို့ ပျော်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ရွှင် ဖြစ်နေသည်။ ရောက်တာနှင့် အဝတ်အစားလဲကာ တစ်ခါ တည်း မီးဖိုထဲဝင်ချက်နေတော့သည်။

ယခင်က အချိုးအတိုင်း မပြောင်းလဲသောလှနွယ်ကို သတိပြု လျက် မချောရင်မှာ အားရကျေနပ်မိသည်။

လှနွယ်သည် မိမိရှိစဉ်က လုပ်သွားခဲ့သည့်အတိုင်း မီးဖို၊ အိပ် ခန်း၊ ဧည့်ခန်းများကို သပ်သပ်ရပ်ရပ်ကြီးပင် တွေ့မြင်ရ၍ 'အစ်မ တော့ ငါမရှိတုန်း တစ်ယောက်တည်း တော်တော်ပင်ပန်းရှာမှာပဲ' ဟု တွေးမိသည်။

'တောကလူတွေက အစ်မရယ်၊ ကျွန်မကို မှတ်တောင် မမှတ်မိ ဘူး' စသည်ဖြင့် တော၌ နှစ်လနေခဲ့ရသည့်ရက်ပိုင်းကာလ အတွေ့ အကြုံများကို မချောရင်အား မမောမပန်း စုံလောက်အောင် လျှောက် ပြောလေသည်။

မချောရင်သည် လယ်ခံလို့မရကြောင်း စိတ်မကောင်းဖြစ်တာ မှလွဲ၍ လှနွယ်ပြန်လာခြင်းကို အလွန်တရာ ဝမ်းသာရသည်။ ပြန်ခဲ့ ပါဟု မှာလိုက်သည့်အတိုင်း ပြန်လာခြင်းကို ကျေးဇူးလည်းတင်မိ သည်။

'အစ်မ မနက်စောစောကြီး ထလုပ်ရတော့ ညည စာဖတ်နိုင် ပါသေးရဲ့လား၊ ကျွန်မဖြင့်လေ ရွာကနေပြီး အိမ်အတွက် အစဉ် ပူနေတာပဲ'

ဤအပြောကလေးများသည် မချောရင်၏နှလုံးသားတွင် တစိမ့် စိမ့် ပီတိကျသွားစေသည်။

အိမ်သို့ရောက်ရောက်ချင်း တစ်ခါတည်း သူ့လက်သူ့ခြေ အ ကုန်လုံးကိုသိမ်းကျုံး၍ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် လျှောက်လုပ်သွားပုံများကို ဒေါ်သဲမြစ်သည် ထိုင်၍ကြည့်နေရင်း





'ဒါကြောင့်လည်း ဒင်းကိုချစ်ကြတာ'ဟု စိတ်ထဲက ခေါင်းတညိတ် ညိတ်နှင့် အောက်မေ့ရတော့သည်။

'တောခဏသွားပါတယ်၊ တကတဲ အသားတွေမည်းသွားလိုက် တာ လူလည်းပိန်လာတယ်၊ အသားဖြူအောင်မြန်မြန်ပြန်လုပ်'

လှနွယ်အား အရေးပေးကြလျက် ကြိမ်းသလိုလို မာန်သလိုလို အကြီး၏အပြစ်ဆိုနေပုံမှာ ဒေါ်သဲမြစ်၏သည်းဘဝင်တွင် ကြည်နူး၍ အပြီးမသတ်နိုင်အောင် တသက်သက်ဖြစ်သွားလေ၏။

ခြောက်သွေ့သောအိမ်ကြီးမှာ လှနွယ်ရောက်တာနှင့် စိုပြည်သွား လေသည်။ အိမ်ထောင်ပစ္စည်းများမှာ အိမ်တွင် သူ့နေရာနှင့်သူ ဘယ်လိုပင် ကျကျနနရှိစေကာမူ တစ်စုံတစ်ခုလိုနေသလိုထင်ရသည်။

ရေရှိလျှင် ကြာရှိမှ တင့်တယ်သည့်ဟန်မျိုးအတိုင်း လှနွယ် ရောက်လာမှပင် သူ့ဟာနှင့်သူ ဖက်မိကာ တင့်တယ်သွားကြလေ သည်။

ညဘက်တွင် ဘုန်းကြီးအကြောင်း၊ မြသင်အကြောင်း၊ ရွာအ ကြောင်း၊ ပွဲအကြောင်း၊ လယ်ခွန်တော်နှစ်ဆဥပဒေအကြောင်းများကို ညဉ့်နက်သန်းခေါင်တိုင်အောင် လှနွယ်ကပြောပြလေရာ ညစောစော အိပ်တတ်သောအကြီးပါ မအိပ်နိုင်ဘဲ ထိုင်ပြီးနားထောင်နေသည်။

မချောရင်သည် စိတ်ပါလက်ပါ နားထောင်၍နေရင်း ချမ်းမြေ့လှ သောနှလုံးဖြင့် လှနွယ်အား ပြုံးပြုံးကြီးကြည့်၍နေလေ၏။

'ကျွန်မတော့ လယ်မရှိဘဲ ဘယ်တော့မှ ကောက်မစိုက်ပါဘူးလို့ ဖလေးဘုရားကြီးမှာ ရှိခိုးတိုင်တည်ခဲ့တယ်အစ်မ'

မချောရင်ရော အကြီးပါ သဘောတွေ့၍ အုံးခနဲ ပြိုင်တူရယ် လိုက်ကြသောအသံများမှာ လွှမ်းသွားလေသည်။

အိမ်ရှေ့၌ သူ့အတွက်ပြင်ပေးသောအိပ်ရာထဲတွင် မနက်စော



www.burmeseclassic.com

www.burmeseclassic.com



စောထပြန်ရန် စောစောကပင် ဝင်လှဲအိပ်နေသောဒေါ်သဲမြစ်သည် ရုတ်တရက်အိပ်မပျော်နိုင်ဘဲ စကားသံများကို နားစိုက်ကာ ငြိမ်နေလေသည်။

'ကောက်မစိုက်ပါရစေနဲ့ အမေရယ်၊ ဒီတစ်မိုးတော့ ရန်ကုန်မှာ အစ်မနဲ့ပြန်နေပါရစေ၊ ဆောင်းကျတော့ အမေလာခေါ်လှည့်ပါ. . .' ဟု ထိုကဲ့သို့သော ရွာတွင် မိမိအား လှနွယ်ကပြောခဲ့သည်။ ကောက်စိုက်ဘူးဟု ဘုရားရှိခိုးထားမှန်းကို ယခု သူပြောပြမှပင် ကြားရသိရ၍ ဝမ်းနည်းသွားမိသည်။

ဒေါ်သဲမြစ်သည် တော်တော်နှင့်အိပ်မပျော်နိုင်ဘဲ ခေါင်းကို ခေါင်းအုံးအောက်၌နှစ်ပြီး အသံမထွက်ဘဲ မျက်ရည်များသွန်ချလေသည်။

နံနက်မလင်းခင်အချိန် အိပ်ရာမှထ၍ ဘူတာရုံသွားရန် သားအမိနှစ်ယောက် ပြင်ဆင်၍နေကြသည်။

လှနွယ်သည် ခွဲနေကျ သွားသကဲ့သို့ ခွဲခါနီးမျက်နှာပျက်ခြင်းဘာခြင်းမရှိဘဲ သူ့အမေအား စိတ်မပူရန်ကျန်းကျန်းမာမာနေရန်၊ တစ်မနက်စာလုံး တတွတ်တွတ် မှာကြားနေလေသည်။

အိမ်မှအထွက် လှနွယ်၏ဟန်မပျက်သောအမူအရာများကြောင့် ယခင်တစ်ခေါက်တုန်းကလောက် ဒေါ်သဲမြစ်အား စိတ်မထိခိုက်လှစေပဲ အေးအေးကြည်ကြည်နှင့် ပြန်ခဲ့ရပေတော့၏။

ဒေါ်သဲမြစ် ပြန်လာပြီးနောက် မကြာမြင့်မီပင်၊ တိုင်းပြည်အခြေအနေမှာ တစ်ပြည်လုံးပေါက်ကွဲမည့်ဆဲဆဲ မီးတောင်ကြီးတစ်ခုနှင့် တနေ့တခြား တူလာလေသည်။

တဟုန်းဟုန်း တောက်လောက်တော့မည့် စိတ်မချမ်းသာစရာအခင်းကြောင့် ပြည်သူအားလုံး စိတ်နှလုံးနောက်ကျိစရာ ဖြစ်ပေါ်





လာသည်။

အရပ်ရပ်အနယ်နယ် သောင်းကျန်းသူများနှင့် အစိုးရတို့တိုက်ပွဲများဖြစ်ပေါ်လာကာ တစ်မြို့နှင့်တစ်မြို့ တစ်နယ်နှင့်တစ်နယ်သို့ ကူးစက်လျက်ရှိချေ၏။

သောင်းကျန်းသူများ၏အင်အားကို အပြတ်အသတ် မဖြိုခွင်းနိုင်သောအစိုးရမှာ တစ်မြို့ပြီးတစ်မြို့ တစ်နယ်ပြီးတစ်နယ် လက်လွှတ်နေရလေ၏။

ရေလမ်း ကုန်းလမ်းများမှာ သွားလို့လာလို့မရအောင် တစ်နေ့တခြား ပိတ်ကုန်လေသည်။

သောင်းကျန်းမှုတို့ဖြင့် တိုင်းရေးပြည်ရေး မသာယာ၍ လှနွယ်မှာ ရောက်စကလို ရွှင်ရွှင်ပျပျ မရှိတော့ဘဲ ဂနာမငြိမ် ဖြစ်လာလေသည်။

ပဲခူးရထားလမ်းပိတ်သွားလျှင် လှနွယ်မှာ တမှိုင်မှိုင်နှင့် တိုး၍သာ ဂနာမငြိမ်တော့ဘဲ ထိတ်လန့်လာလေ၏။

တိုက်ပွဲသတင်းများကို သတင်းစာထဲတွင်ဖတ်လျက် မျက်စိမျက်နှာပျက်နေပေ၏။

လူကြီးများရှေ့တွင် ဟန်ဆောင်ကာ အလိုက်အထိုက် နေထိုင်လျက် အလုပ်အားလပ်၍ တစ်ယောက်တည်းနေလျှင်ကား၊ အသက်မဝင်သလိုပင် တိတ်ဆိတ်ငေးမှိုင်လျက် ရွာကိုတွေးပူ၍သာ နေလေသည်။

မချောရင်မှာ လှနွယ်ကို အကဲခတ်မိ၍ စိတ်မပူရန် တဖွဖွအားပေးရသည်။

'လမ်းပိတ်တာ ရထားလမ်းတွေ ပျက်နေတုန်း ခဏပါ၊ တော်တော်ကြာကျ အသွားအလာတွေ ပြန်ကောင်းလာမှာပဲ၊ စိတ်မပူပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အမြဲပိတ်နေမလဲကွယ်'ဟု စိတ်အေးအောင် ကြင်ကြင်နာနာ ချော့မော့ ပြောလေသည်။

ထိုအခါများတွင် 'ဟုတ်ကဲ့အစ်မ မပူပါဘူး'ဟု သူ့မျက်နှာကို ပြင်ကာ ကြည်ကြည်ရွှင်ရွှင်ပြုံးပျော်နေသော်လည်း သူ့ရင်တွင်း၌ကား မချမ်းသာလှ။

အချိန်သည် လျ င်မြန်စွာ ရွေ့၍လာခဲ့လေ၏။

နေ့ရက်တို့သည် တစ်နေ့ကူးလျှင် တစ်ခုခုကို ကြားရပြန်သည် သာဖြစ်လေသည်။ နေ့စဉ်နေ့တိုင်း ဆိုးရွားလှသည့် နယ်အခြေအနေ အဖြစ်အပျက်တို့သည် လှနွယ်အဖို့ တုန်လှုပ်ထိတ်လန့်စရာ စိတ်မအေးအောင်ဖြစ်နေ၏။

'အစ်မရယ် ခုလိုဖြစ်နေတာတွေဟာ အေးမှ အေးပါတော့မလား'ဟု တအားလျော့လျော့ စိတ်ပူပန်စွာ မေးတတ်လေသည်။

'အချင်းချင်း ညီညွတ်ကြမှ အေးမှာ။ မညီညွတ်သမျှ ဘယ်တော့မှ အေးချမ်းမှာမဟုတ်ဘူး'

ထိုအဖြေဖြင့် မျက်နှာကလေးကို ပျက်လျက် နေမထိထိုင်မသာဖြစ်သွားပုံကို မြင်ရ၍ မချောရင်မှာ အမှုမဲ့အမှတ်မဲ့ လွှတ်ခနဲပြောမိခြင်းကို စိတ်မကောင်းဖြစ်သွားသည်။

မချောရင်သည် လှနွယ်၏ စိတ်ချမ်းမြေ့ခြင်းမရှိသောအမူအရာများကို သတိပြုလျက် စိတ်သက်သာသလို လွှတ်လပ်ခွင့်ပေးထား၏။ လှနွယ်မှိုင်နေသည်ကိုမြင်လျှင် မခိုင်းဘဲ ကိုယ်တိုင်ထလုပ်တတ်၍ လှနွယ်မှာ မချောရင်ကို အားနာနေရသည်။

မချောရင်သည် တတ်နိုင်သမျှ ဆင်ခြင်၍ စိတ်ချမ်းသာအောင်ထားလေ၏။ လှနွယ်မှာ မချောရင်ရှေ့တွင် အလိုက်တသိနေထိုင်သော်လည်း အဆက်ပြတ်နေသော မိမိရွာကို ရတက်မအေးနိုင်ဘဲ





ကျိုတ်၍သာ ပူဆွေးနေလေသည်။

ယင်းသို့ဖြင့် အချိန်သည် တရွေ့ရွေ့ပြောင်းကာ ဆောင်းကုန်ခါနီးသို့ ရောက်လာလေသည်။

တစ်နေ့သောနံနက်ခင်းဖြစ်လေသည်။

အပြင်ဘက်တွင် နှင်းများကွဲသွား၍ နေကလေးပွင့်လျက်ရှိသည်။ ဆောင်းလေမှာ မြောက်ဘက်မှ တဖြူးဖြူး စွပ်တိုက်နေသည်။

အိမ်ဘေး ခြံစည်းရိုးနှင့်ကပ်၍ အကွက်ချ စိုက်ထားသော သရက်ထည်ပြောက် ရောင်စုံပန်းပွင့်ကလေးများသည် နံနက်ခင်းနေရောင်အောက်တွင် အသွေးကြွလျက် လှနေကြသည်။

မချောရင်သည် မီးဖိုခန်းထဲတွင် ငြိမ်ထိုင်နေရာမှ လေးလံစွာထခဲ့၍ တံခါးပေါက်အနားသို့ တဖြည်းဖြည်းလျှောက်လာခဲ့သည်။

သူလာတော့မည်ကို သိလေသည်။ သူလာမည့်လမ်းကို တံခါး၌ရပ်ငေးနေစဉ် ရင်ထဲတွင် ကျပ်ဆို့လာ၍ ရှိုက်လိုက်လေသည်။

တညင်းညင်းတိုက်နေသောလေသံနှင့်အတူ ခြေသံလိုလိုကြားရသည်။ မြေပေါ်တွင် တရှပ်ရှပ်မြည်လာသောသူ့ခြေသံမှ သူ့ခြေသံ။

အိမ်ဘေးသို့ ကွေ့ချိုးလာသောလှနွယ်ကို မြင်လိုက်ရသောအခါ မချောရင်၏ရင်ထဲတွင် ဘယ့်နှယ်နေမှန်းမသိ ဒိန်းခနဲ ဆောင့်သွားသောဝေဒနာကို ခံစားလိုက်ရသည်။

လှနွယ်သည် ဈေးခြင်းကိုဆွဲကိုင်ကာ ပြုံးနေကျအတိုင်းပြုံးလျက် ခပ်သုတ်သုတ်လျှောက်လာလေသည်။ တံခါးပေါက်နားသို့မရောက်လာမီ လှမ်းလှမ်းကပင် 'အပ်ချုပ်ဆိုင်မှာ စောင့်နေရလို့ ကြာသွားတယ် အစ်မရယ်'ဟု လှမ်းပြောနေသည်။

မချောရင်သည် လှနွယ်အား တွေတွေကြီးကြည့်၍နေသည်။ မချောရင်၏မျက်နှာတွင် ထူးခြားသောအမူအရာများသန်းနေလျက်



www.burmeseclassic.com

www.burmeseclassic.com



ထိုအမူအရာသည် လှနွယ်အား တစ်စုံတစ်ခုသောနိမိတ်ကို ပြလျက်ရှိလေ၏။

မိမိကို တွေတွေကြီးကြည့်ကာ ညိုးနေသောမျက်နှာကိုမြင်မိ၍ 'ဘယ့်နှယ်ပါလိမ့်'ဟု အံ့အားသင့်သွားကာ မျက်မှောင်ကုတ်သွားသည်။

တံခါးဝသို့အရောက် မီးဖိုထဲတွင် ခေါင်းငုံ့ထိုင်နေသော ဒေါ်ထွေးကို ဘွားခနဲ သွားမြင်ရ၍ လှနွယ်မှာ နောက်တွန့်လျက် ထိုနေရာတွင်ပင် ကြက်သေသေ၍ ရပ်နေမိ၏။

'ဝင်လေ'

မချောရင်ပြောလိုက်မှပင် သတိရ၍ အသာအထဲသို့လှမ်းဝင်လိုက်သည်။

ဒေါ်ထွေးသည် လှနွယ်အသံကြားလျှင် ခေါင်းကိုမဖော်တော့ဘဲ အသားများ တဆတ်ဆတ်တုန်၍ နေလေသည်။

ဒေါ်ထွေးလာပုံထူးဆန်းနေသဖြင့် လှနွယ်မှာ ခေါင်းနားပန်းများကြီးသွားကာ မျက်စိထဲတွင် ဘာမျှမမြင်တော့ဘဲ မိုက်ခနဲဖြစ်သွားပြီး 'ဒေါ်လေး'ဟု ခေါ်လိုက်သည်။

'ဘယ်တုန်းက ရောက်သလဲဟင်၊ အမေကော အမေဘာဖြစ်လို့မလာသလဲ'

အသက်ကိုမရှူနိုင်ဘဲ မောကြီးပန်းကြီးမေးနေသော လှနွယ်၏ အသံမှာ မချောရင်အား တလှပ်လှပ်ဖြစ်အောင် မချိတရိဖြစ်စေလေသည်။ မချောရင်သည် တံခါးပေါက်၌ပင် လှနွယ်တို့အား ကျောခိုင်းပြီး ရပ်နေလေသည်။

အကြီးကား လှနွယ်လက်ထဲမှ ဈေးခြင်းတောင်းကိုလှမ်းယူလိုက်ပြီး 'ထိုင်ဟယ်'ဟု စိတ်မကောင်းသံနှင့် ပြောလိုက်သည်။

လှနွယ်သည် ပြူးကျယ်သောမျက်လုံးကြီးများဖြင့် ဒေါ်ထွေးတို့





ကြောင်ကြောင်ကြီး ကြည့်ကာ ထိုင်မှန်းမသိ ထိုင်ချလိုက်သည်။

ဒေါ်ထွေးမှာ ချုပ်တည်းမျိုသိပ်၍ မထားနိုင်တော့ဘဲ 'ညည်းအမေ မရှိဘူး လှနွယ်၊ အစ်မဆုံးသွားပြီ'ဟူ၍ ခပ်ဖြည်းဖြည်းပြောလိုက်ပြီးနောက်၊ အစ်မရေ. . . အစ်မရဲ့'ဟု အသံသဲ့သဲ့နှင့် လွမ်းတပူဆွေးလျက် ကျိတ်၍ငိုချလိုက်သည်။

လှနွယ်သည် 'အမယ်လေး'ဟု တစ်ချက်သာ အော်နိုင်လျက် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်လိုက်ပြီးလျှင် အသည်းအူပြတ်မတတ်ပူလောင်သော ပရိဒေဝဖြင့် တရှုတ်ရှုတ်ငိုကြွေးလိုက်လေသည်။

စိတ်ရှိတိုင်း နင်းကန်အော်ဟစ်၍သာ ငိုလိုက်ချင်၏။ ရွာမှာသာဆိုလျှင် လူးလိမ့်ဟစ်အော် ငိုကြွေးမိမည် အမှန်ဖြစ်လေ၏။ ယခုသော် သူများအိမ်တွင်ဟူသောအသိနှင့် အသံမထွက်ဘဲ ရှိုက်ငင်ကာ ကျိတ်၍ မျက်ရည်မိုးရွာချရပေ၏။

ထိုသို့ အားရအောင်ငိုကြွေးနေရာမှ 'ဘာရောဂါနဲ့ဆုံးတာလဲ ဒေါ်လေးရယ်၊ အခု မသာမချရသေးဘူး မဟုတ်လား' ဟု သူ့အသံကို ကြိုးကြိုးစားစား အနိုင်နိုင်ထိန်းမေးနေသည်ကို ဒေါ်ထွေးနှင့်တကွ အားလုံးပင် ဆို့သွားကြလေ၏။

'ဆုံးတာကြာပြီလှနွယ်၊ ဝါခေါင်လကပဲ ရွာမှာတိုက်ပွဲဖြစ်တုန်းက ခေါင်းကိုကျည်ဆန်မှန်လို့ ပွဲချင်းပြီး သေသွားတာပဲ၊ အဲဒီတုန်းက ညည်းဆီကိုဘယ်လိုမှအကြောင်းမကြားနိုင်ဘူး၊ ချက်ချင်းမြှုပ်လိုက်ရတယ်၊ အဲဒီနေ့ပါပဲအေ၊ တို့ရွာမှာမနေဝံ့လို့ ထွက်ပြေးနေရတယ်၊ နောက် ကွန်မြူနစ်တွေအုပ်ပြီး အေးသွားပြန်တော့လည်း ရထားလမ်းတွေ ပျက်နေတော့ လာမပြောဝံ့ဘူး၊ အခုလည်း ရထားပြန်ထွက်မှ လာခဲ့နိုင်တာ'

ကြားရသူ နားခံသာအောင် ဒေါ်ထွေးသည် သူ့စကားကို စီ



www.burmeseclassic.com

www.burmeseclassic.com



ကာပတ်ကုံး တစ်လုံးချင်း ခပ်ဖြည်းဖြည်းကလေးပြောလေ၏။

သို့သော် သူ့စကားမှာ လှနွယ်၏နားထဲ၌ မကြားနိုင်အောင် ဆို့၍နေ၏။ ဒေါ်ထွေး၏မျက်နှာကို ကြည့်ရင်းကြည့်ရင်း လှနွယ်မှာ ချောက်ချားလာလျက် ကြီးစွာသောစိတ်မချမ်းသာခြင်းဖြင့် ရင်ထဲ၌ အလိပ်လိပ်တက်၍ မျက်ခုံးတွေ တဖြည်းဖြည်း အထက်သို့ပင့်တက်လာပြီးနောက် ရုတ်တရက်ပြန်ကျသွားလေသည်။

လှနွယ်ကား စကားတစ်လုံးမျှမထွက်နိုင်၊ ဒယိမ်းဒယိုင်နှင့် အနီးရှိ ဆန်အိတ်ကြီးပေါ်သို့ မှောက်မှီလိုက်ရသည်။ နှုတ်ခမ်းတွေ တုန်နေအောင် ကိုက်၍ထားသည်။ အော်ဟစ်၍ မငိုကြွေးမိလေအောင် မျက်လုံးများကို တင်းတင်းကြီးမှိတ်ထားလေသည်။

လှနွယ်သည် ဆန်အိတ်ပေါ်တွင် ခေါင်းမှောက်ကာ တစ်ချိန်လုံး သူနေချင်သလိုနေရလေ၏။ မည်သူမျှသူ့ကို လာမနှောင့်ယှက်ဘဲ အနားမှ ဖြတ်သွားကြခြင်းပင် ခြေကိုကြွလျက် ဖြည်းဖြည်းသက်သာ လှမ်းသွားကြသည်။

မချောရင်သည် ထိုနေ့အဖို့ ကျောင်းမတက်နိုင်၊ အိမ်ရှေ့နှင့် နောက်ဖေးထွက်လိုက် ဝင်လိုက် ဗျာများနေလျက် လှနွယ်၏ဖြစ်အင်ကို မချိတင်ကဲ အသည်းမြေ့မတတ်ဖြစ်နေလေသည်။

နေကြီးအတော်မြင့်လာ၍ မချောရင်သည် လှနွယ်အနားတွင် လာထိုင်ကာ 'ထမင်းကလေးတစ်လုတ်လောက် စားလိုက်ပါလားကွယ်' ဟု လေသံကလေးဖြင့် ဖြည်းညင်းစွာ ချော့ပြောလိုက်သည်။

လှနွယ်သည် မှောက်နေရာမှ မျက်နှာကိုတစောင်းဖော်လျက် မျက်ရည်ထဲတွင် မြုပ်နစ်နေသည့် မျက်တောင်များကို ရှန်းလှန်ကာ သူ့ခေါင်းကို ဖြည်းဖြည်းခါပြသည်။ ထိုနောက် ချက်ချင်းပင် မျက်လုံးများကို ပြန်မှိတ်လိုက်သည်။





'စိတ်ကို တတ်နိုင်သမျှသာ ဖြေပါတော့ကွယ်၊ အားတော့မငယ်နဲ့ အစ်မတစ်ယောက်လုံးရှိသားပဲ၊ သိတယ်မဟုတ်လားကွယ်'

မချောရင်သည် ပခုံးကလေးကို လက်ဝါးနှင့်ပွတ်သပ်ပေး၍ ယု င်နာစွာ ပြောဆိုနှစ်သိမ့်နေလေရာ လှနွယ်၏ပိတ်ထားသော မ်းမှ မျက်ရည်လုံးကြီးများသည် တစ်လုံးနောက်တစ်လုံး ကန် ကျလာလေသည်။

မချောရင်သည် ထိုစကားကို အစွမ်းကုန်ကြိုးစား၍ ပြောရ ၏။ နောက်ထပ်စကားကို တစ်ခွန်းမှ ပြောမရတော့၍ အနား၌ ာကြီး ငြိမ်ထိုင်နေလေသည်။

မချောရင်ထသွားမှ ဒေါ်ထွေးလည်း လှနွယ်အနားသို့လာထိုင် တတွတ်တွတ် ဖျောင်းဖျချော့မော့နေလေသည်။

လှနွယ်သည် ဆန်အိတ်ကို မှေးမှီ၍ပင် ခေါင်းတင်ထားကာ လုံးမဖွင့်ဘဲ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် ရှိုက်ရှုနေလေသည်။

'ဘုန်းကြီးကလည်း ညည်းသဘောပဲတဲ့၊ ပြန်ချင်လည်း ခေါ်ခဲ့ တဲ့၊ မပြန်ချင်လည်းထားခဲ့တဲ့၊ ညည်းတို့တဲကလေးတော့ ပစ်ကြ ကြတာနဲ့ ပြိုသွားပြီ။ တချို့ပစ္စည်းကလေးတွေ ငါ့တဲမှာယူထား ယ်။ ဘယ့်နှယ်လဲ ပြန်လိုက်မလားလှနွယ်. . .'

လှနွယ်ကား ဘာမျှမကြားသကဲ့သို့ လှုပ်ရှားခြင်းမရှိဘဲငြိမ်နေလေ ည်။

'မြသင်လည်းလေ စိတ်မကောင်းရှာဘူးဟယ်၊ ညည်းကိုခေါ်ခဲ့ပါ တရရ မှာလိုက်တယ်၊ နောက်ပြီး မောင်သိန်းအကြောင်းလည်း ည်းကိုပြောပြဖို့ တဖွဖွမှာလိုက်သေးတယ်၊ သူတို့လည်း ပဲခူးပြောင်း ဆဲဆဲပဲ၊ တိုက်ပွဲတွေဖြစ်နေတာနဲ့ မပြောင်းဖြစ်ဘူး'

ဒေါ်ထွေးသည် စကားကို ခေတ္တရပ်ဆိုင်းလျက် ဆက်ပြောရ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမကောင်းတွေးနေ၏၊ လှနွယ်ကိုပြောရသည်မှာ ဆန်အိတ်ထိုင် ပြောရသည်နှင့်မခြား ဘာမှမထူးခြား၍ တလက်စာတည်းအောင်ပင် ဆက်ပြောပြလိုက်သည်။

'အဲ့ဒါအေ ကွန်မြူနစ်တွေ ထွက်သွားတော့ အစိုးရတပ်တွေ ဝင်လာပြီး ရွာထဲက မသက်ာတဲ့လူတွေကိုဖမ်းတဲ့အထဲမှာ သူလည်း ပါသွားတယ်. . .'

လှနွယ်သည် မျက်လုံးများကို ဆတ်ခနဲ တစ်ခဏမျှဖွင့်လိုက်ပြီး နှုတ်ခမ်းများကို ကျုံ့ဝင်အောင်စေ့၍နေ၏။

'မောင်သိန်းကလည်း မောင်သိန်းပဲ၊ နိုင်ငံရေးသမားတွေနဲ့ တွေးပြီး နေတာကလား၊ သင်တန်းတက်ရတာနဲ့ ဘာနဲ့ ဒီ မသက်ာပြီး ဖမ်းတာပေါ့၊ ပထမကတော့ ကဝအချုပ်ထဲမှာပဲ၊ နောက် တော့ပဲခူးပို့တယ်လို့ သိရတာပဲ၊ ပဲခူးပို့ခါနီးမှာ ကဝအချုပ်ထဲ ညည်းကို စာတစ်စောင်ရေးပေးသွားတာ မြသင်ရလို့ပေးလိုက်တယ်

ဒေါ်ထွေးသည် ပြောလက်စနှင့် ကရားမှရေသွန်သလို မ နား ပြောပြလိုက်ကာ စကားဆုံးမှ အိတ်ထဲက စာခေါက်ကလေး နှိုက်၍ လှနွယ်အား လှမ်းပေးလိုက်သည်။

လှနွယ်သည် လက်ထဲသို့ ရောက်လာသော စာခေါက်ကလေး ကျစ်လျစ်ပါအောင်ဆုပ်လျက် မျက်လုံးများ ပြန်မှိတ်ထားကာ တို သာ ...ငိုနစ်ပူဆွေးသွားလေသည်။

'ဘာများ ရေးထားသလဲဟယ်၊ ဖတ်ကြည့်ပါဦးအေ' ဟု ဒေါ် ထွေးက အတန်တန်တိုက်တွန်းနေ၍ လက်ထဲမှ စာခေါက်ကလေး ဖြန့်ကာ ပြည့်လျှံနေသောမျက်ရည်တို့ဖြင့် မြင်အောင် မနည်းကြိုး တ်ရသည်။





လှနွယ်

တောကိုတော့ မပြန်တာပဲကောင်းလိမ့်မယ်၊ ငါလွတ်လာတော့ နင့်ဆီကို စာပို့လိုက်မယ်၊ ပြီးပြီးသားတွေ တရားနဲ့စိတ်ကိုဖြေပါ၊ နင်လုပ်ချင်တဲ့ လယ်ကို တစ်နေ့နေ့ဒီမြေပေါ်မှာ တစ်နေ့ရာရာရရ စေမယ်လို့ မှတ်လိုက်ပါ။

စိတ်မပျက်နဲ့နော်

မောင်သိန်း။

ဖက်ဆစ်ဂျပန်တိုက်ပွဲ၌ တစ်နိုင်ငံလုံး ထောက်ခံမှုဖြင့် တလုံးတစည်းတည်း ဖြစ်ခဲ့ကြသည့်သူများမှာ ယနေ့အချင်းချင်း တိုက်ပွဲဖြစ်လျက် သတ်ဖြတ်နေကြချေသည်။

ပြည်တွင်းသောင်းကျန်းမှုသည် လှနွယ်အဖို့ အမေ့ကိုဆုံးရှုံးခဲ့ရသည်။ အမေ့ကို သာမက ချစ်သူကိုပါ လက်လွှတ်ဆုံးရှုံးခဲ့ရပေပြီတကား. . .

## အခန်း[ ၂၀ ]

နေ့ရက်တို့သည် တဖြည်းဖြည်း ကုန်လွန်၍ လာခဲ့လေ၏။ ဟာ၍နေသောနေ့၊ တသသနှင့် အောက်မေ့လွမ်းဆွတ်ခြင်းသာ ကုန်ဆုံးခဲ့ရသောနေ့ရက်တွေပင် ဖြစ်ပေ၏။

လှနွယ်သည် တမှိုင်မှိုင်နှင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်ရလေသည်။ မိမိတစ်သက်တွင် ယခုတစ်ကြိမ်လောက် စိတ်ပျက်အားငယ်ခြင်းမျိုးကို တစ်ခါဖူးမျှမကြုံစဖူး စိတ်ထဲတွင် ဟာလာဟင်းလင်းကြီးဖြစ်လျက် ကွေကွင်းဆင်းရဲရခြင်း၏ဒုက္ခကို ခံစားရလေသည်။

သူလုပ်ချင်သောလယ်လည်း မလုပ်ရ၊ သူ့အမေလည်းမရှိတော့၊



www.burmeseclassic.com

www.burmeseclassic.com



သူ့တဲကလေးပင် လက်စသိမ်းသွားပြီဖြစ်၍ ရွာပြန်လျှင် စိတ်ဒုက္ခပိုမို၍ ရောက်မည်ကို တွက်မိလေသည်။

လှနွယ်ကား ခင်မင်တွယ်တာစရာ အမေမရှိသောရွာကို မပြန်ချင်တော့၊ မိမိရွာပြန်ရေးမှာ မောင်သိန်းထောင်မှလွတ်၍ လယ်လုပ်ရမည်ဖြစ်မှသာ ပြန်တော့မည်ဟု နောက်ပိတ်ဆုံး ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်ကာ မချောရင်နှင့်ပင် နေထိုင်၍ စိတ်ကို တတ်နိုင်သမျှ ဖြေဖျောက်ရတော့သည်။

မချောရင်သည် လှနွယ်အား ရှေးကထက် ချစ်ခင်သနားမိသည်။ အားကိုးဖားထားမရှိရှာဘဲ တစ်ကောင်ကြွက်ဖြစ်နေသောဘဝမှာ မိမိဘဝနှင့် တူလှသည်ဟု ကိုယ်ချင်းစာစိတ်များ ရင်းရင်းနှီးနှီးထားရှိသည်။

လှနွယ်ကလည်း ဒါပဲအစ်မ၊ ဒါပဲအမေဟူသော သဘောပိုက်ထားကာ သူ့ကို ဘယ်လိုပင် အရေးပေးပေး ရောင့်တက်ခြင်းမရှိဘဲ ရှေးကထက်ပင် အလိုက်တသိ ပိပြားကျိုးနွံနေသေး၏။

ကာလကြာမြင့်သောအခါ လှနွယ်၏ဘဝမှာ ဤအိမ်တွင် သူစိမ်းတစ်ရံက အခိုင်းအစေအဆင့်မှ တစ်ဆင့်ထက်တစ်ဆင့် တက်ကာ ရင်းရင်းချာချာ ဖြစ်လာလေ၏။

အိမ်ရေးအိမ်ရာကိစ္စများပင်မက အတွင်းရေးကိစ္စများပင် လှနွယ် မသိသည်ဟူ၍မရှိ၊ မချောရင်၏အတွင်းပစ္စည်းများနှင့်တကွ တစ်လတစ်လ ရငွေသုံးငွေ မည်ရွေ့မည်မျှဝင်၍ မည်ရွေ့မည်မျှ ကုန်ကျမှန်းကိုပင် အကုန်အစင်သိ၍နေ၏။ ကိစ္စအဝဝ လှနွယ်ပါ သိရပါရသောအခြေသို့ ရောက်ရှိသွားပေပြီ။

အစစအရာရာ မချောရင်ပူသလို လှနွယ်လည်း ပူရသည်။ မချောရင်ကြောင့်ကြသလို လှနွယ်လည်း ကြောင့်ကြသည်။ မချောရင်





မအေးလျှင် လှနွယ်လည်း မအေးတော့။

သွေးသားများပင် မထားနိုင်ကြသော အနွံအတာခံသည့် ချစ်မေတ္တာမျိုးကို လှနွယ်ထံမှ မချောရင် ရယူရလေ၏။ ခိုင်မြဲသော သံယောဇဉ် နှောင်ကြိုးသည် နှစ်ဦးနှစ်ဝရစ်ပတ်ကာ တင်းတင်းကြီး ချည်နှောင်မိကြပြီဖြစ်ပေ၏။

တစ်နေ့သော ကျောင်းပိတ်ရက်တွင် မချောရင်သည် အခန်းထဲ၌ စာဖတ်နေစဉ် မီးပူကို ဆွဲကိုင်ကာ လှနွယ်ဝင်လာ၍ စာအုပ်ကိုချပြီး လှမ်းကြည့်လိုက်သည်။

ဖျာတစ်ချပ်ခင်းလျက် အဝတ်ပုံကြီးကို ဖျာပေါ်တွင်ပုံချကာ မီးပူတိုက်ရန် ပြင်ဆင်နေခြင်းကို ငေးစိုက်၍ ကြည့်နေရင်း 'လှနွယ်တစ်နေ့ကျရင် အစ်မနဲ့ခွဲသွားမှာလား'ဟု ပြုံးရယ်ကာ လှမ်းမေးနေသည်။

လှနွယ်သည် မီးပူကိုမကာ အင်္ကျီပေါ်တွင် တိုက်တော့မည့်ဟန်လုပ်နေရာမှ မမျှော်လင့်ဘဲ ထိုသို့မေးလိုက်ခြင်းကို မီးအိုးကိုင်မြှောက်ထားရင်း ကြောင်ကြည့်မိသည်။

မချောရင်သည် ပြုံးပြုံးကြီးကြည့်၍ အဖြေကိုကြားချင်နေပေသည်။

လှနွယ်သည် မချောရင်ကို ပြန်၍ပြုံးရယ်ကာ အဖြေမပေးဘဲ မီးပူကိုထိုးတိုက်လိုက်သည်။

လှနွယ်အား ချစ်ခင်သည့် သဘောဖြင့် သက်သက်စကားမရှိစကားရှာ၍ မချောရင်က မေးနေခြင်းဖြစ်လေရာ၊ အမှန်မှာ ဘာစိတ်ကူးရ၍မှ မဟုတ်ပေ။

'ပြောလေအစ်မမေးတာ'

လှနွယ်သည် မချောရင်အား မကြည့်ဘဲ အဖြေရခက်ပုံရှိသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးဖြင့် ပြုံးလို့ပင်နေ၏။ မေးတုန်းက ဘာမှမဟုတ်သော်လည်း လှနွယ်၏အပြုံးကြောင့် စိတ်ပိုဝင်စားလာသည်။

'ခွဲသွားမယ်လား'

မချောရင်သည် စိုက်၍ကြည့်ကာ လှနွယ်၏အမူအရာကို အကဲခတ်နေသည်။

မီးပူကိုမ၍ အနားရှိ သံညှပ်ပေါ်၌တင်ချလိုက်ပြီးနောက် မချောရင်ကို မော့၍ကြည့်လေသည်။

ဤတွင်ရင်ထဲ၌ ဆွေးမြည့်မျိုထားသည့် ဝမ်းနည်းဖွယ်ရာတို့သည် မျက်နှာပေါ်၌ မဖုံးနိုင်အောင်ပေါ်လာလျက် မျက်လုံးများရီဝေနေကာ မချိုပြုံးပြုံး၍ ခေါင်းကိုအသာညိတ်ပြသည်။

မချောရင်မှာ အံ့အားကြီးသင့်သွားကာ မျက်နှာပျက်ပျက်နှင့် လှနွယ်အား တစိမ့်စိမ့်ကြည့်လျက်ရှိသည်။

လှနွယ်၏မျက်နှာကား ညှိုးကျလျက်ရှိသည်။ အသက်ကိုပြင်းပြင်းစွာရှူလိုက်သဖြင့် ရင်မှာ မောက်နိမ့်သွားလေသည်။ သူ့အလုပ်ကို ဆက်၍ ငုံ့လုပ်နေလေ၏။

အတန်ကြာ ငြိမ်သက်သွားကြသည်။

'ဘာဖြစ်လို့ ခွဲရမှာလဲကွယ်'ဟု မချောရင်က စိမ်မကောင်းသံဖြင့် မျက်နှာလွှဲကာ ပြောနေသည်။

လှနွယ်က ဘာမျှပြန်မပြောချေ၊ တိုက်လက်စကို ပြီးအောင်တိုက်လိုက်ပြီးမှ မီးပူကိုဘေးချ၍ ခေါင်းထောင်ကာ ပြောလေသည်။

'အိမ်ထောင်ပြုဖို့အစ်မ'

'ဟေ. . .'

မချောရင်တွင် အံ့၍မဆုံးနိုင်၊ သူ့မျက်လုံးများကို လှနွယ်၏ မျက်နှာပေါ်မှမခွာဘဲ ရှိလေ၏။ လှနွယ်ကလည်း ကြေကွဲစွာဖြင့်





မချောရင်၏မျက်လုံးများကို ကြည့်လျက်ရှိ၏။

'ဪ. . . ဪ. . . ဪ'

မချောရင်သည် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီးနောက် ပြုံးလိုက်လေသည်။ သူ့သွားများမှာ ဖြူစင်လျက် ညီညာလှသည်။

'ဘယ်သူနဲ့ပြုမှာလဲ၊ ဘယ်တော့ပြုမှာလဲ၊ ပြောပဲ ပြောစမ်းပါဦး' ဟုဆက်ပြန်၏။

'ဘယ်တော့ပြုမှာလဲ မသိပါဘူးအစ်မ၊ တစ်နေ့နေ့တော့ပြုရမှာပဲ' ဟု လှနွယ်သည် သူ့စကားကို စလိုက်လေ၏။

'ပြုမယ့်လူက ရွာမှာလား၊ ဘာလုပ်သလဲ'ဟု မချောရင်က ဖြတ်မေးသည်။

'ရွာမှာ မဟုတ်ဘူးအစ်မ၊ ထောင်ထဲမှာ'

'ဟင်. . .'

လှနွယ်သည် မီးပူကိုဆက်လက်၍ တိုက်လေ၏။ ခဏမျှငြိမ်နေပြီးနောက် မချောရင်သည် စိတ်မကောင်းလှသည့်အသံဖြင့် 'မင်းဟာက ဘယ့်နှယ်ဟာလဲဟယ်'ဟု ဆိုလေ၏။

လှနွယ်သည် နောက်ဆုံးအင်္ကျီခေါက်ကို ဟိုဘက်ဒီဘက်ဖိထိုးလိုက်ပြီးနောက် မီးပူကိုချထားကာ မချောရင်အားကြည့်၍ ခပ်ဖြည်းဖြည်းဆက်ပြောသည်။

'သူက ကျွန်မတို့ရွာကပါပဲ အစ်မ၊ ကျွန်မနဲ့ ငယ်ငယ်ကတည်းကခင်ပါတယ်၊ ကြိုက်ကြတာကတော့အရင်ရွာပြန်တုန်းကပဲ၊ အဲဒီတုန်းက သူ့ကိုယူဖို့ပြောပါတယ်၊ ဒါပေမဲ့ ကျွန်မက လယ်ရမှ အမေတို့ပြောပြီး ယူမယ်လို့ကတိပေးပါတယ်၊ အမေဆုံးတာ ဒေါ်လေးလာပြောတုန်းက သူကအချုပ်ထဲက စာပေးလိုက်ပါတယ်၊ ဒီမှာပဲနေပါတဲ့၊ သူ ထောင်ကလွတ်တော့မှ လယ်တစ်ပွဲခံပြီး အကြောင်းကြားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့ အစ်မရယ် ဒါကြောင့်. . .'

လှနွယ်သည် ဤစကားများကို တည်တည်ကြီးနှင့် မထင်

ပြောဆိုနေလေ၏။

'ဘာမှုနဲ့ဖမ်းတာလဲ၊ ဘယ်တော့လွှတ်မလဲ'

မချောရင်က မျက်မှောင်ကျုံ့၍ ဝင်မေးပြန်လေ၏။

'ပုဒ်မငါးတဲ့ အစ်မရယ်၊ လွှတ်ဖို့ကတော့ ရက်အကန့်အသ

ရှိပါဘူး၊ ရွာမှာ နိုင်ငံရေးသင်တန်းဖက်လို့ဆိုလား မသင်္ကာလို့

ထားတယ် ဆိုပဲလား'

'နားလည်ပြီ နားလည်ပြီ'

မချောရင်သည် စိတ်ပျက်စက်ဆုပ်စွာဖြင့် ပြည်တမ်းလိုက်

'ဖြစ်မှဖြစ်ရလေဟယ်၊ ဒါဖြင့် မင်းဟာက ခုပုံတော့စိတ်မအေးရော

ပါလား'ဟု ပြောရှာလေ၏။

လှနွယ်သည် ငြိမ်ကျသွားလေသည်။ အကျီများကို

တောက်ကာ ခေါက်ရိုးကျအောင်ခေါက်လျက် မီးပူနှင့်သေသေချာ

ကျနစွာ ထိုး၍ဆက်တိုက်နေ၏။

မချောရင်သည် အံ့မှိုင်းသောမျက်နှာဖြင့် လှနွယ်ကို အတန်ကြ

အောင် ကြည့်နေပြီးမှ သက်ပြင်းကြီးတစ်ချက်ရှူ၍ နောက်ထပ်

ခွန်းထုတ်လိုက်လေသည်။

'ဒါဖြင့် ဒီသူငယ်ထောင်ကလွတ်လာလို့ မင်းကိုလာခဲ့ပါခေါ်

ပြန်မယ်ပေါ့'

'မဟုတ်ဘူးအစ်မ၊ လယ်ရမှ၊ လယ်ရမယ်ဆိုမှ ကျွန်မပြန်

နို့မို့ရင်မပြန်သေးဘူး'

မချောရင်သည် လှနွယ်၏စိတ်ထားကို သုံးသပ်ဝေဖန်လ

စိတ်ထဲ၌အထပ်ထပ် ချီးကျူးထောပနာပြုမိပေတော့သည်။





ရည်ရွယ်ချက်ကို ဘယ်သောအခါမှ စိတ်မလျှော့သောလှနွယ် ကတိကို ပေးထားသည့်အတိုင်း မပျက်မကွက် ထမ်းဆောင်လိမ့်မည့် လှနွယ်၊ အာဂဟာမလေး. . .

လှနွယ်၏စိတ်ချမ်းသာရေး၊ အကြံအောင်မြင်ရေးကို အမြန်ဆုံး ပြည့်စုံစေချင်သွားလေသည်။ အမြန်ဆုံး အောင်မြင်သွားစေချင်သည့် စိတ်မှာ ထက်သန်ပြင်းပြလာလေသည်။ အောင်မြင်ပြည့်စုံစေအောင် ကူညီရန် မိမိဘာမျှမတတ်နိုင်၊ တိုင်းပြည် ငြိမ်ဝပ်ပိပြားအေးချမ်းမှုနှင့် လွတ်လပ်မှု၊ ဖြောင့်မှန်မှုရှိမှသာလျှင် လှနွယ် အောင်ပွဲဆင်ရလိမ့် မည်ကို မချောရင် နက်နက်နဲနဲတွေးမြင်လေသည်။

မချောရင် မျှော်မှန်းထားသည့် ငြိမ်ဝပ်အေးချမ်းမှုကား ဖြစ်မလာ ပေ၊ ငြိမ်းချမ်းရေးကို မျှော်မှန်းနေသောအတောအတွင်း ဆူပူမှုများသည် အရှိန်ပြင်းစွာ လိမ့်၍ လိမ့်၍ သွားကြလေသည်။

စစ်ကြီးပြီးဆုံးသွား၍ ဗုံးသံ အမြောက်သံတို့မှ စဲသွားသော ကာလ မကြာမချင့်သေးမီ ရန်ကုန်လူထုသည် ဗုံးသံအမြောက်သံတို့ ကို တဖုန်းဖုန်း တအုံးအုံး ပြန်လည်၍ကြားကြရ၏။

အင်းစိန်ဘက်တွင် ကရင်သောင်းကျန်းသူများထ၍ တိုက်ပွဲ ကြီးဖြစ်ပွားလိုက်သည်။ ကမာရွတ်ဘက်၌ အမြောက်သံများသည် ပြင်းထန်စွာ တဖုန်းဖုန်း တဒိုင်းဒိုင်း ညံသွားကာ ကောင်းကင်တစ်ခွင် လုံး မီးခိုးလုံးကြီးတို့ဖြင့် အုံ့မှိုင်းဆိုင်းညို့နေလေ၏။

လှနွယ်မှာ တိုင်းပြည်ဆူလေလေ တောင်တွေး မြောက်တွေးနှင့် မောင်သိန်းအတွက် ရတက်မအေးရှာဘဲ မြကျိတ်ဆွေးနေလေသည်။

မြန်မြန် အေးချမ်းပါတော့ဟု နေ့စဉ် ဆုတောင်းကြရလျက် လှုပ်ရှားမှုအခြေအနေကို နားစွင့်ထားရလေ၏။

အင်းစိန်၌ ကရင်သောင်းကျန်းသူများကို ဖြိုခွင်းနှိမ်နင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



၍ ပြန်လည်အေးချမ်းသွားတော့မှပင် အတန်ငယ် အသက်ရှူသာရာ ရသွားခဲ့ကြရသည်။

ရန်ကုန်ကား ပကတိပြန်လည်၍ အေးချမ်းနေပေ၏။

နယ်များကား ကံဆိုးမိုးမှောင်ကျလျက်ပင် ရှိနေသည်။

ရှာလိုက် ရှာလိုက် ချိ၍ အစတုံး မီးလောင်ပြာကျပျောက်ပျက်ကုန်၏။ နယ်အခြေအနေများကို လူတိုင်း လူတိုင်း အခြေမှန် အကုန်အစင် မသိကြ၊ နီးစပ်ရာ မကင်းရာတို့လောက်သာ နယ်အခြေအနေ အဖြစ်အပျက်ကို တစ်ယောက်ကတစ်ယောက် ပါးစပ်သတင်း ပြောပြောနှင့် သိုးသိုးသဲ့သဲ့ သိကြရသည်။

အရပ်ရပ်အနယ်နယ်နှင့် ယှဉ်လိုက်လျှင် ရန်ကုန်မြို့ကြီးမှာ တသီးတခြား ဘေးမရှိ၊ ရန်မရှိ စိတ်ချလောက်သည့်လုံခြုံမှုရှိပေ၏။

လူသစ်များသည် ဘေးကင်းရာ လုံခြုံရာဖြစ်သော ရန်ကုန်သို့ ဝင်လာမစဲ တသဲသဲ ဖြစ်၍နေ၏။ တောသို့ မီးလောင်ပြာကျ၍ အိုးအိမ်မဲ့ပြေးလာကြသောသူ၊ ပစ္စည်းဥစ္စာနှင့် တောတွင်မနေဝံ့၍ ပြောင်းရွှေ့ပြေးလာကြသောသူ ဒုက္ခသည် လူဆင်းရဲ၊ လူချမ်းသာများ အပြင် နိုင်ငံခြားမှ ကြွလာကြသော ပါရဂူ ပါမောက္ခ စသောပရိသတ်မျိုးစုံဖြင့် တစ်မြို့လုံး ဆင်ခြေဖုံးပါမကျန် နေစရာထိုင်စရာ မလောက်အောင် ပြည့်လျှံကျဉ်းကျပ်၍လာတော့လေသည်။

အချိန်သည် ခရီးပြင်းနှင်လျက် ရှိနေသည်။ ကုန်ဆုံးခဲ့သော အချိန်များသည် အမှုမဲ့ အမှတ်မဲ့နှင့် ၂နှစ်မျှ ကြာသွားလေပြီ။

ထို ၂နှစ်ကား အစဉ်အမြဲ တိုးလျှံ၍သာလာသောအတွေးနှင့် သောက ပရိဒေဝ ထောင်းထု နှိပ်စက်ခြင်းကိုခံနေရသည့် လှနွယ်၏ ထူးခြားဆိတ်ငြိမ်လှသောဘဝတာပင် ဖြစ်ချေ၏။

အိမ်ရှေ့မှသစ်ပင်များသည် ရိုးတံကြီးထောင်လျက် အရွက်များ





တလှုပ်လှုပ်ကြွေကျနေကြသည်။

ဝါဝင်းသောနေလုံးကြီးသည် တိမ်ရိပ်တွင်းမှ ပေါ်လာလေသည်။ လမ်းမပေါ်ရှိ သစ်ပင်များ ယှက်မိုး၍ထားသောနေရာတွင် ရွှေရောင်တို့သည် သစ်ပင်ဖျားပေါ်သို့ အန်ကျလာလေသည်။

မချောရင်သည် အခန်းထဲတွင် ပက်လက်ကုလားထိုင်ခင်း၍ ပြတင်းပေါက်ကို မျက်နှာပြုကာ သတင်းစာဖတ်နေလေ၏။

လှနွယ်သည် နံနက်စောစော လက်ဖက်ရည်စားပွဲပြင်ပြီးနောက် အခန်းထဲသို့ဝင်လာကာ မချောရင်နားသို့ကပ်သွားလေ၏။ မချောရင်သည် မိမိရှေ့သို့ရောက်လာသောလှနွယ်အား ကိစ္စကို မေးဟန်ဖြင့် စကားတစ်လုံးမျှမဟဘဲ မျက်နှာကို ကြည့်လိုက်လေသည်။

'ညှော်သည်က ဘယ်နှယောက်တာလဲ အစ်မရယ်'

မချောရင်သည် သတင်းစာကို ပေါင်ပေါ်သို့ ချထားလိုက်ကာ 'လင်မယား နှစ်ယောက်တာထဲပါ၊ ကြည့်ဝယ်ခဲ့ကွယ်' ဟု ခပ်အေးအေးပြောလေ၏။

လှနွယ်သည် ကုလားထိုင်နံဘေးတွင် လေးလံစွာ ထိုင်ချလိုက်သည်။ မချောရင်၏မျက်နှာကို မကြည့်ဘဲ တွေးတောနေသည့်အမူအရာဖြင့် ပြောဆိုလေသည်။

'နေ့တိုင်းနေ့တိုင်း ဝယ်ရတာ ဈေးထဲမှာတလည်လည်နဲ့ မနည်းစဉ်းစားဝယ်ခဲ့ရတာအစ်မရဲ့၊ ညှော်သည်ဖို့ ဒီနေ့ဘာဝယ်ခဲ့ရမယ်ဆိုတာမတွေးတတ်လို့ ပြောပါဦး အစ်မရယ်'

မချောရင်ရှေ့တွင် လှနွယ်၏ညည်းတွားပြောသံသည် ဤအကြိမ်ပင်လျှင် ပထမဦးဆုံးအကြိမ် ဖြစ်ပေ၏။

မိမိရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လျက် ဟင်းရံဝယ်ရမည့်အရေးကို မသက်မသာ တွေးငေးနေသည့်မျက်နှာကလေးကို မျက်တောင်မခတ်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်မိသည်။

မချောရင်သည် ဟင်းရံကိစ္စကို မစဉ်းစားဘဲ လှနွယ်၏ ကြည့် နေသောမျက်နှာ၊ ကြည့်ပုံ ရှုပုံခပ်ဆန်းဆန်း၊ စင်းနေလျက်ရှိသော မျက်လုံးများကို ငေးကြည့်လျက် စိတ်ကတခြားသို့ ရောက်သွားကာ ဘယ်နေရာတစ်ကွက်မှ စိတ်ချမ်းမြေ့စရာမရှိသော လှနွယ်၏အတိတ် ဘဝကို ပြန်မြင်ကြည့်နေသည်။

လှနွယ်သည်မူတစ်မူ ပြောင်းထွက်နေသည်။ ညှိုးညှိုးမှိုင်မှိုင်အား အရာမဟုတ်ဘဲ အားတက်သရောဖြစ်သော်လည်း ရွှင်ရွှင်ပျပျ မရှိ ပေ။ သောကရောင်ဆိုင်းဆိုလျက် ရင့်မှိုင်းနေသည်။

သူ့အမေဆုံးပြီးနောက် ၂ နှစ်ကြာလာသည့် အချိန်အတောအ တွင်း ရွာအကြောင်း၊ လယ်အကြောင်း၊ နောက်ကြောင်းများကို တစ်ခွန်း မဟ၊ စပ်လို့မှပင် လိုက်ပြောဖော်မရ ။တိတ်ချက်သားကောင်းလှသည်။

ဤသည်ပင်လျှင် ကြေကွဲဖွယ်ရာ ဖြစ်တော့၏။ ဤသည်ပင်လျှင် တွေးတောဖွယ်ရာ ဖြစ်တော့၏။

(• မောင်သိန်းအကြောင်းကိုလည်း တစ်ခါ ပြောပြ၍သာ ကြား လိုက်ရသည်။ ဒီနောက် မပြောတော့၊ မေ့မေ့ပျောက်ပျောက် ဖြစ် သလားဟု အကဲခတ်ကြည့်ဖြစ်ပြန်သောအခါ ဘယ်တော့မှ မမေ့ ပျောက်ခြင်းဖြင့် သူ့မျက်လုံးများ၌ အဓိပ္ပာယ်ဆောင်နေသည်။ •)

မချောရင်သည် လှနွယ်၏ နှုတ်ဆိတ်နေနိုင်သောအမူအရာကို တွေ့မြင်လာသည့်နေ့ကစ၍ လှနွယ်၏စိတ်ကို ထိခိုက်စေမည့်စကား များကို လေသံမျှ မသလပ်ဘဲ တတ်နိုင်သမျှ ရှောင်ကြဉ်လိုက်သည်။

လှနွယ်က မျိုသိပ်ဖုံးဖိ၍ အမှုမဲ့အမှတ်မဲ့ စခန်းသွားနေထိုင်သ လို၊ မချောရင်ကလည်း မသိကြားချင်ယောင်ပြု၍ မသိလိုက် မသိဘာသာ ဟန်ဆောင်နေလိုက်သည်။





ယနေ့နံနက်တွင် မချောရင်သည် လှနွယ်ကို ငေးကြည့်လျက် ရှိလေရာမှ မမျိုသိပ်နိုင်၍ ရင်ထဲက ပွင့်ထွက်သွားလေသည်။

'လှနွယ် မင်းပိန်သွားတယ်'

မချောရင်သည် သက်ပြင်းကြီးတစ်ချက်ချရင်း လွတ်ခနဲ ပြော လိုက်မိသည်။ လှနွယ်သည် ခတ်မဆိတ်ပင်နေလေသည်။

အခန်းသည် တိတ်ဆိတ်၍ နေသည်။ ဘယ်သူမျှ စကားမ ပြောကြ၊ ပြောလည်းမပြောနိုင်၊ ငြိမ်သက်ခြင်းဖြင့် လေးနက်သော အဓိပ္ပာယ်ကို ဆောင်နေသည်။

'အေး. . . အေး၊ ကြည့်သာဝယ်ခဲ့ကွယ်၊ သွားတော့ သွားတော့ နောက်ကျနေမယ်'

မချောရင်သည် အတန်ကြာမှ စကားရော ဖောရောလုပ်၍ သူ့ စကားကိုသူ အုပ်ပစ်လိုက်သည်။ လှနွယ်သည် လေးကန်စွာထ၍ ဘာမျှမပြောဘဲ အပြင်ဘက်သို့ ထွက်သွားလေသည်။

လှနွယ်ဈေးသို့ ထွက်သွားမှပင် ဟင်းရံအမယ်စပ်ဟပ်စဉ်းစား၍ မပေးလိုက်မိခြင်းအတွက် 'ငါ့နှယ်နော် လာမေးတာမပြော လိုက်ဘူး' ဟု သူ့ကိုယ်သူပြောနေလေသည်။

ညနေစောင်းနေရောင်ကလေးသည် သူ၏ရွှေရောင်ကို ထိုးရိုက် လျက် ကျလာလေ၏။

အိမ်ရှေ့လမ်းပေါ်တွင် လှပသောဆည်းဆာအောက်၌ ထဘီအ ဝါဆင်တူဝတ်၍ မိန်းကလေးနှစ်ယောက် လျှောက်လာကြသည်။ လမ်း ထဲတွင် ကလေးတစ်အုပ် ဂျင်ပေါက်ကစားနေကြသည်။ နေရောင် အောက်တွင် စိမ်းလန်းသောသစ်ပင်များမှာ မြရေများစို့နေလေ၏။

မချောရင်သည် သံတံခါးမှရပ်၍ လမ်းကိုလှမ်းကြည့်နေ၏။ မိန်းကလေးနှစ်ယောက် အိမ်ရှေ့သို့ရောက်လာကြသောအခါ မချောရင်



www.burmeseclassic.com

www.burmeseclassic.com



ကို သာယာသောအသံကလေးများဖြင့် နှုတ်ဆက်သွားကြသည်။

မချောရင်သည် လမ်းပေါ်သို့ ပြန်၍နှုတ်ဆက်နေစဉ် လမ်းထဲသို့ဝင်လာသော ဆလွန်းကားအပြာတစ်စီးကို မြင်ရလေသည်။

ခပ်ပိန်ပိန်လူတစ်ယောက်သည် ကာကီဦးထုပ်ဆောင်းကာ ဖဲထီးအနက်ကို ပခုံးရှေ့တွင် ချိတ်၍ ပုခုံးတစ်ဖက်တွင် လွယ်အိတ်အနီကို လွယ်ကာ လမ်းကိုမကြည့်ဘဲ စိုက်စိုက်နှင့် ခုံဖိနပ်ရှပ်တိုက်လျက် အိမ်နားသို့ ငုံ့လျှောက်လာနေသည်။

အိမ်ရှေ့ ခြံစည်းရိုးနားသို့ရောက်လာသောကားသည် ထိုလူကို ကားဟွန်းပေး၍ စက်ကိုအရှိန်သတ်ကာ အသာကွေ့ပြီး အိမ်ရှေ့၌ထိုးဆိုက်လိုက်သည်။

ထိုသူမှာ ကားဦးနှင့် သီသီကလေးပွတ်သွား၍ လန့်လန့်ဖျပ်ဖျပ်နှင့် ဘေးသို့ဆုတ်ရပ်ပေးလိုက်သည်။

မချောရင်သည် တံခါးကို ကပျာကယာ ဆွဲဖွင့်လိုက်ကာ ကားထဲမှ ဆင်းလာကြသောဧည့်သည်များကို ဆီး၍ကြိုလေသည်။

အသားဖြူဖြူဝဝဖိုင့်ဖိုင့် မိန်းမတစ်ယောက်နှင့် ရွှေမျက်မှန်တပ်ထားသော လူပုပုဖြူဖြူတစ်ယောက်တို့သည် ဝတ်ကောင်းစားလှနှင့် ကားထဲမှ ဆင်းလာကြသည်။

'နှဲနဲတောင် နောက်ကျသွားတယ် မချောရင်ရယ်၊ ဟောဒီ ကိုလူပျိုဖြီးလို့လိမ်းလို့ မပြီးလို့ စောင့်နေရတာနဲ့ ကြာသွားတယ်'

မချောရင်သည် တံခါးဝကရပ်၍ ခပ်ညြညြအသံနှင့် ပြောဝင်လာသောမိန်းမကို ပြုံးရယ်ကာ 'နောက်မကျပါဘူးစိန်စိန်ရဲ့၊ စောပါသေးတယ်'ဟု ပြန်ပြောလိုက်ပြီး မိန်းမနောက်မှလိုက်လာသောယောကျ်ားကို ပြုံးနှုတ်ဆက်လိုက်သည်။

'အဲဒါသာကြည့်တော့ ကျွန်တော့် လွှဲချနေတယ်' ဟု မချောရင်





ကိုပြောရင်း နောက်မှ အသံကြား၍ လှည့်လိုက်သည်။

ထီးကို ပခုံးရှေ့တွင်ချိတ်လျက် ခြံထဲသို့ နောက်မှဝင်လာသောလူမှာ ဧည့်သည်များနောက်တွင် ရပ်လိုက်ကာ လွယ်အိတ်ထဲမှာ စာအိတ်ထပ်ကို ဆွဲထုတ်လျက် စာတစ်စောင်ရွေးယူပြီးလျှင် သူ့ကိုယ်ကြီးကို ရှေ့သို့ကိုင်းလိုက်ရင်း ဧည့်သည်နှစ်ယောက်အကြားမှ လက်ထိုး၍ ကမ်းပေးလေသည်။ ဧည့်သည်လင်မယားသည် အသာရှောင်လိုက်သည်။

မချောရင်သည် ထိုသူကိုမကြည့်ဘဲ စာကို လှမ်းယူလိုက်ရင်း 'ကိုအေးက ဟုတ်သားပဲ၊ ဖြီးလိမ်းထားလိုက်တာ စိန်စိန့်ထက်တောင် ဟန်သေးတယ်'ဟု ရယ်မောပြောလိုက်သည်။

ဧည့်သည်နှစ်ယောက်စလုံး မချောရင်နှင့်ရော၍ရယ်လိုက်ကြသံမှာ တံခါးပေါက်တွင်ညံနေကြသည်။

'ကဲ. . . ဝင်ပါ ဝင်ပါ'ဟု ဧည့်သည်များအားခေါ်လျက် ဧည့်ခန်းတွင် နေရာထိုင်ခင်း ချပေးလိုက်၍ ဧည့်သည်များ ဆိုဖာတွင် ထိုင်လိုက်ကြမှ မချောရင်သည် လက်ထဲကစာကို အသာသာငုံ့ကြည့်သည်။

'ကောင်းလိုက်တာနော်၊ အိမ်ကလေးက သိပ်ကောင်းတာပဲ၊ အပေါ်ထပ်မှာ ဘယ်သူတွေငှားထားသလဲ'

ဆိုဖာပေါ်၌ထိုင်ချင်း စိန်စိန်က ဧည့်ခန်းကို မျက်စိကစားလျက် မချောရင်အား လှမ်းပြောလိုက်သည်။

မချောရင်သည် မျက်မှောင်ကြီးကျုတ်၍ စာအိတ်ကိုစိုက်ကြည့်နေရာမှ သတိရ၍ မျက်နှာပြင်ကာ ပြုံးပြုံးရယ်ရယ်ဖြင့် 'ပြည်သူ့ဆက်ဆံရေးဘက်ကအရာရှိကို ငှားထားပါတယ်. . .'ဟု ကပျာကယာ ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အရာရှိက ဘယ်သူတုံး'

'အရာရှိက. . . ဟိုဒင်းပါ. . . ဦး. . . ဦးသန့်'

မချောရင်မှာ စာအိတ်ကိုကိုင်လျက် ရင်ထဲတွင် တဒိတ်ဒိတ် ခုန်လွန်း၍ အသံကိုအနိုင်နိုင်ထိန်းဖြေရသည်။

'ဘယ်ကဦးသန့်လဲ. . .'

'ဦးသန့်တွေက အများကြီးဟာ၊ ဘယ်နှယ့် လျှောက်မေးနေတာလဲ သိလို့လား. . .'ဟု ကိုအေးက မချောရင်မဖြေခင် ဝင်ပြောလိုက်သည်။

'ကိုယ့်အသိထဲကများ ဖြစ်နေမလားလို့ မေးကြည့်တာပေါ့။ မေးတာ ဘာဖြစ်သလဲ မျက်နှာကျောကိုမတည့်ဘူး'

စိန်စိန်က ကိုအေးကို မျက်စောင်းထိုး၍ပြန်ပြောလျှင် ကိုအေးက တဟားဟား ရယ်လိုက်လေသည်။

မချောရင်မှာ လင်မယားနှစ်ယောက်၏မျက်နှာတွေကို ကြည့်လျက် ရောနှောရယ်မောကာ 'ကျွန်မလည်း မသိပါဘူး၊ အိမ်ပေါ်ရောက်လာမှ ဦးသန့်မှန်းသိတာ ရန်ကုန်ကထင်ပါရဲ့. . .'ဟု ပြောပြရင်း ကိုင်ထားသောစာအိတ်ကို ချိုးခေါက်ကာ နိုင်လွန်အကျႌအပေါ်အိတ်ထဲသို့ ထိုးထည့်လိုက်၏။

ထိုခဏ၌ လှနွယ်သည် လိုက်ကာကိုဖယ်၍ ထွက်လာလေသည်။ ဆံပင်ကို သပ်ယပ်စွာဖြီးကာ လက်ပြတ်ပဒုမ္မာအကျႌအဖြူနှင့် ကေကေပိုးထဘီအပြာပွင့် ဝတ်ထားသည်။ လက်ထဲတွင် ရေခဲသံပရာဖျော်ရည်ခွက်များကို ဗန်းနှင့်ယူလာကာ ဧည့်သည်များနားသို့ သတိနှင့် လျှောက်လာလေသည်။

မချောရင်သည် လှနွယ်၏ ဗန်းထဲမှ ဖန်ခွက်များကို လှမ်းယူလိုက်၍ လှနွယ်မှာ အသာကိုင်ထားကာ ရပ်နေရသည်။





မချောရင်သည် ဧည့်သည်များရှေ့သို့ချ၍ပေးနေစဉ် 'သူက ဘယ်သူလဲ'ဟု စိန်စိန်က လှနွယ်ကိုကြည့်၍ မေးနေလေသည်။

မချောရင်က ကိုအေးရှေ့တွင် ဖန်ခွက်ကိုချပေးရင်း 'ကျွန်မသမီးလေး'ဟု ပြောလိုက်သည်။

'အပျိုကြီးက သမီးနဲ့ဘာနဲ့လား၊ ဝမ်းမနာ သမီးကလည်း ချစ်စရာကလေးပဲ'

စိန်စိန်သည် ဖန်ခွက်ကို ပါးစပ်နှင့်တေ့၍ ရယ်မောပြောဆိုလေသည်။

ဗန်းထဲမှ သူ့ဖန်ခွက်များကို နောက်ဆုံးလှမ်းမယူခင် မချောရင်သည် လှနွယ်ကို တစ်ချက် ပြုံးပြုံးကြီးကြည့်လိုက်သည်။

လှနွယ်သည် ဗန်းကို လက်တစ်ဖက်တည်းနှင့် ချကိုင်ကာ အခန်းထဲသို့ ပြန်လှည့်ဝင်ခဲ့၏။ မချောရင်ထံမှ မစြားစဖူး "ကျွန်မသမီးလေး"ဟု ကြားခဲ့ရ၍ လှနွယ်မှာ သွေးတဒိတ်ဒိတ်တိုးလျက် မီးဖိုထဲသို့ ခြေလှမ်းမမှန်ဘဲ လျှောက်ဝင်သွားလေသည်။

ထမင်းစားပွဲပေါ်တွင် ဟင်းပန်းကန်များကို တစ်ခေါက်စီလာချနေသောလှနွယ်၏လက်များမှာ တုန်နေလေသည်။ အပြင်ဘက်မှ မိမိအား ဖွံ့နွဲ့ချီးကျူး၍မပြီးနိုင်အောင် ပြောဆိုနေသော မချောရင်၏အသံကို ကြားနေရ၍ ရင်ပါခုန်နေသည်။

အကြီးမှာ စားပွဲထိပ်မှရပ်လျက် ပန်းကန်များကို ဟိုဘက်ကချ၊ ဒီဘက်ကချနှင့် ကြီးကြပ်ပြသပြောဆိုနေလေ၏။

ထမင်းပွဲပြင်ပြီးသောအခါ အကြီးသည် လိုက်ကာဝမှ ခေါင်းပြူလျက် 'စိန်စိန်တို့ မာကြရဲ့နော်. . . လာလာ ထမင်းပွဲပြင်ပြီးပြီ. . .'ဟု လှမ်းခေါ်ရင်း နှုတ်ဆက်လိုက်သည်။

ဧည့်သည်များဝင်လာကြ၍ လှနွယ်မှာ ခုံပေါ်ကမှောက်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပန်းကန်များကို လိုက်လှန်ကာ ထမင်းလိုက်ထည့်ပေးနေ၏။

ထမင်းစားပွဲတွင် အကြီးနှင့်မချောရင်ကတဖက်၊ စိန်စိန်တို့က တစ်ဖက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

'ကဲ သုံးဆောင်ကြပါရှင်...'

မချောရင်သည် ပြောပြီး လှန္တယ်ကို လှမ်းကြည့်လိုက်သည်။ လှန္တယ်မှာ အခန်းထောင့်၌ရပ်လျက် ထမင်းစားပွဲကို အရိပ်အကဲခတ်ကာ စောင့်နေသည်။

'ရောက်စက လာမလို့ဘဲ၊ တစ်နေ့တစ်နေ့ ရှာလိုက်ရတဲ့အိမ် အကြီးရယ် ဂျင်ခြေလည်နေတာပါပဲ'

'အင်းလျားဘက်မှာ မရဘူးလား...'ဟု အကြီးက စိန်စိန့် စကားမဆုံးခင် ဝင်မေးလိုက်သည်။

'မရဘူးအကြီးရဲ့။ အမေရိကန်တွေက အိမ်လခ တစ်လတစ်ထောင် သုံးနှစ်စာ ပက်ခနဲပေးပြီး စာချုပ်နဲ့ငှားတာ၊ ဘယ်ကျွန်မတို့ ကပ်နိုင်မလဲ'

အကြီးမှာ စိတ်ထဲတွင် နင့်၍သွားလေသည်။ မကြာသေးမီက အပေါ်ထပ်မှ လူများမှာ မိမိတို့မသိအောင် ငါးထောင်နှင့် ရောင်းသွား၍ မကျေမချမ်းဖြစ်ခဲ့ရာ အမေရိကန်တွေငှားလိုက်ရရင် အိမ်ဖိုး ကျေမှာပဲဟု အောက်မေ့သွားလေသည်။

'အခု မြို့ထဲကအိမ်ကရော ကျယ်ရဲ့လား'ဟု စိန်စိန့်ပန်းကန်ထဲသို့ ဟင်းလျာများကို ခပ်ထည့်ပေးရင်း မချောရင်က မေးလိုက်လေသည်။

'မကျယ်လှပါဘူးဗျာ၊ ဒါတောင် အပျောက်တစ်သောင်းပေးရတယ်...'ဟု ကိုအေးက ငုံ့၍နယ်ဖတ်နေရင်း ပြောလိုက်လေသည်။

'နို့ တောမှာကော အေးရဲ့လား...'ဟု အကြီးသည် ကိုအေး





ကိုကြည့်၍ မေးနေသည်။

'ဟာ...တောကတော့ အေးလိုက်ပူလိုက်ပါပဲ။ တောက လူတွေ သိပ်ဒုက္ခရောက်ကြတာပဲ၊ ရန်ကုန်သာအေးနေတာ၊ တောမှာတော့ ဘယ်သူဖြစ်ဖြစ် ထိတ်ထိတ်လန့်လန့်နေကြရတာပဲ၊ ကျွန်တော်တို့ အခု ကျိုက်လတ်မှာ စက်တစ်လုံးဝယ်လိုက်တယ်၊ ကျိုက်လတ်မှာလည်း တောကပြေးတက်လာတဲ့ လူတွေနဲ့ ပြည့်နေတာပဲ၊ ကျိုက်လတ်မှာနေရတာ သိပ်စိတ်မချတာနဲ့ စက်ကိုလွှဲထားပြီး ရန်ကုန်ကို ပြေးခဲ့ရတာ'

အကြီးမှာ ထမင်းပန်းကန်ထဲတွင် လက်ထည့်၍ အသာနားထောင်နေသည်။ မချောရင်မှာ လှန္တယ်ကို လှမ်းကြည့်လိုက်သည်။ ဧည့်သည်များပြောနေကြသည့်စကားကို မကြားသယောင်ပြုလျက် ထမင်းပွဲကိုသာ အာရုံထား၍လှမ်းစောင့်ကြည့်နေသော အမူအရာကို တွေ့ရသဖြင့် မချောရင်သည် ပြန်ငုံ့စားနေသည်။

'တောမှာ တိုက်ပွဲတွေဖြစ်တုန်းပဲလား'

'ဖြစ်တာပေါ့ အကြီးရဲ့၊ စပါးပေါ်တဲ့အချိန်ရောက်ရင်တိုက်ပွဲဖြစ်တာပဲ၊ တောကလူတွေဟာ မြို့ပြေးလာတာပဲ၊ အဲဒီအချိန် တောမှာနေရတဲ့လူတွေဟာ ညညကျပြီဆိုပလားမှဖြင့် သူတို့အထုပ်ကလေး၊ ပစ္စည်းကလေးတွေကို ချုပ်ပုတ်ထဲသွားပစ်ထားရတယ်၊ မတော်တဆ တမီးလောင်ရင် ပါမသွားအောင်ပေါ့'

အကြီးရော မချောရင်ပါ စိန်စိန့်ကို ငေး၍ကြည့်ပြီး မစားဘဲ ဆိုင်းနားထောင်နေကြသည်။

'ကျွန်မဖြင့်လေ ညနေနေဝင်ရီသရောလေးဆိုရင် ကမ်းနားကို တိုက်ပေါ်က ထိုင်ကြည့်နေမိတယ်၊ ညည တောမှာမအိပ်ဝံ့မနေဝံ့လို့ သူတို့လှေကလေးတွေကို သုတ်သုတ်သုတ်သုတ်နဲ့ လှော်လာကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်လတ်ဆိပ်ကမ်းမှာ ထိုးဆိုက်ကြတာပဲ၊ သူတို့လှေပေါ်မှာ အဝတ်ထုပ်ရော ကုလားလုပ်တဲ့ သံသေတ္တာအဟောင်း အကျားပြားပြား ကလေးလည်းပါရဲ့၊ အိုးခွက်တွေရော၊ ကလေးတွေရော၊ ခွေးရော ဘဲရောကြက်ရော ရှိစုမဲ့စုအစုံပဲ သယ်လာတာပဲရှင်၊ ကမ်းနားဆိုက်ပြီး ထမင်းချက်ကြတယ်၊ မှောင်လာတော့ မီးကလေး မှိတ်တုတ်မှိတ်တုတ်နဲ့ လှေပေါ်မှာ ဝိုင်းထိုင်စားနေကြတယ်၊ အဲ. . . အာရုဏ်လည်း တက်ပါရော၊ လှေကြိုးဖြတ်ပြီး တောကို ပြန်သုတ်လှော်သွားကြပဲ၊ အဲဒါ နေ့တိုင်း နေ့တိုင်း ဒီလိုချည်းပဲဖြစ်နေတာ၊ ဘယ်လောက်ဒုက္ခရောက်ကြသလဲ၊ သူတို့မြင်ရတာ စိတ်မချမ်းသာလိုက်တာ ဘယ်တော့မှ ဒီဒုက္ခ အေးမယ်မသိဘူး'

'သူတို့အချင်းချင်း ညီညွတ်သွားကြလို့ တိုင်းပြည်ကြီးငြိမ်းချမ်းမှ အေးတော့မှာပဲ'ဟု အကြီးက ဆိုလေသည်။

မချောရင်မှာ ပင့်သက်ကို လေးလံစွာချလျက် ခေါင်းငုံ့ကာ ထမင်းကို စိတ်မပါလှဘဲ ဆက်စားနေသည်။ မျက်စိထဲတွင် စိန်စိန် ပြောသည့် ဆင်းရဲသားများ၏ဖြစ်အင်ကို အကွင်းသားပေါ်နေလေသည်။

'သူတို့အချင်းချင်း ညီညွတ်ဖို့က အခက်သားကလား'ဟု စိန်စိန်က ညည်းတွားလိုက်သည်။

'မခက်ပါဘူး၊ ကျွန်မအထင်တော့ ဆူပူမှုတွေ အေးချမ်းသွားဖို့ဟာ လူထုလက်ထဲမှာ ရှိတာပဲ၊ သောင်းကျန်းမှု ရပ်စဲသွားဖို့ဟာ လူထုက တို့စွမ်းဆောင်နိုင်တယ်လို့ သဘောပေါက်ဖို့လိုတယ်၊ ဘယ်လိုပြီးဆုံးအေးချမ်းသွားအောင်လုပ်ရမယ်ဆိုတာ လူထုကြီးက ဆုံးဖြတ်ကြရပေလိမ့်မယ်၊ နိုင်ငံရေးအာဏာကို ဘယ်အဖွဲ့အစည်းမှာ အပ်နှင်းဖို့ ဆန္ဒရှိကြသလဲ၊ လက်ရှိအစိုးရအဖွဲ့ကိုပဲ တစ်နိုင်ငံလုံးက နှစ်လို





သဘောကျသလား၊ ဒါမှမဟုတ် ဆူပူထကြွနေတဲ့ လူများကိုပဲ နိုင်ငံရေးအာဏာလွှဲပြောင်းလိုကြသလား၊ ဒါမှမဟုတ်ရင်လည်း နှစ်ဖက်စလုံးပါဝင်တဲ့ ညွန့်ပေါင်းအဖွဲ့အစည်းဖွဲ့ပြီး ညွန့်ပေါင်းအဖွဲ့ကို အာဏာလွှဲပြောင်းထည့်လိုသလား၊ ဒီလမ်းသုံးလမ်းပဲရှိတယ်၊ ဒီလမ်းသုံးလမ်းကို သေသေချာချာရွေးချယ်ပြီး ကြိုက်ရာလမ်းကို တစ်နိုင်ငံလုံးက ကြွေးကြော်တောင်းဆိုဆန္ဒပြုကြရင်တော့ လက်ရှိပြဿနာဟာ အကောင်းဆုံးဖြေရှင်းတဲ့နည်းဖြစ်မယ်လို့ ထင်တာပါပဲ'

မချောရင်သည် တွေးတွေးဆဆနှင့်ဖြည်းဖြည်းသက်သာပြောပြလေသည်။ အားလုံးပင် မချောရင်ကို စိုက်ကြည့်နားထောင်နေကြသည်။

'ထည့်ပါဦးထမင်း'ဟု ကိုအေးကို မချောရင်က လှမ်းပြောလိုက်၍ လှန္တယ်မှာ ဗီရိုပေါ်မှ ထမင်းအုပ်ကိုသွားယူလျက် ကိုအေးဘေးဘွင်ရပ်ကာ ဇွန်းနှင့် ခပ်ထည့်ပေးလိုက်သည်။

'လယ်တွေတော့ ဒီအတိုင်းပဲ ပစ်ထားလိုက်ရတာပဲ၊ ဒီလောက်ဆူဆူပူပူကြီးဖြစ်နေတာ လုပ်ချင်တဲ့စိတ်လည်းမရှိပါဘူး'

လယ်အကြောင်းကြား၍ လှန္တယ်သည် မျက်လုံးကိုဖွင့်ကာ အံသြ နားစိုက်ထားခြင်းကို မချောရင် တွေ့ရှိရလေသည်။

'မင်းတို့လယ်တွေကော ဟိုဘက်မှာ ရောက်နေမှာပေါ့. . .'

'ဟုတ်ကဲ့. . . ဟိုဘက်မှာပဲ၊ လယ်ရှင်တွေကို သူတို့ကသင့်တင့်တဲ့ လယ်ထောက်ခပေးမယ်လိုလို ကြားရတယ်'

'နို့ အစိုးရကလည်း လယ်ယာမြေ နိုင်ငံပိုင်လုပ်ရေး လုပ်မလို့ဆို. . .'ဟု စိန်စိန်က ကိုအေးဘက်သို့ လှည့်ပြောင်းလိုက်သည်။

'အစိုးရက လယ်တွေအကုန်သိမ်းပြီး ပြည်သူပိုင်လုပ်မယ်တော့ ဆိုတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'သိမ်းတော့ လယ်ရှင်တွေကို လျော်ကြေးပေးသိမ်းမှာလား'ဟု မချောရင်က မေးလိုက်သည်။

'ကြားရတာကတော့ တစ်ဧကကို လယ်ခွန်တော် ဆယ့်နှစ်ဆ ပေးသိမ်းမယ်လိုလို ပြောတာပဲ၊ အခု တစ်ဧကကို လယ်ခွန်လေးကျပ် ဆိုတော့ ငါးဆယ်လောက်ကျမှာပေါ့၊ ဒါလည်း အစိုးရမှာ အခုငွေမရှိပါဘူး၊ လယ်တွေကိုသိမ်းပြီး ဒီလျော်ကြေးငွေတွေကို ငါးနှစ်ကြာမှ ပေးရမလား၊ အာမခံငွေစာချုပ် ပေးထားရမလား၊ ငွေအချို့တစ်ဝက်နဲ့ စာချုပ်ပေးထားရမလား၊ ဘယ်နှနှစ်အတွင်းမှာ ပေးရမယ်ဆိုတာတွေ စဉ်းစားဆုံးဖြတ်ဖို့ ကော်မတီဖွဲ့တယ် ဆိုတာပဲ'

'နိုင်ငံပိုင် လုပ်ရေးဆိုတော့ လယ်သမားတွေ ပုဂ္ဂလိကပိုင်မဟုတ်ဘူးပေါ့' ဟု အကြီးက ထပ်မေးပြန်သည်။

'ဒီဥပဒေအရဆိုရင် ပုဂ္ဂလိကပိုင် မဟုတ်ဘူး၊ ပြည်သူပိုင်လုပ်ပစ်မှာ တောက လယ်သမားတွေကတော့ဗျာ ကိုယ်လုပ်တဲ့ လက်ငုတ်ကို ကိုယ်ပဲပိုင်ရလိမ့်နိုးနိုး တချို့ထင်နေကြတယ်'

'တရုတ်ပြည်ကြီးမှာတော့ ဒီလိုမဟုတ်ဘူး'ဟု မချောရင်က ဝင်ပြောလေသည်။

'ဘယ်လို. . . ဘယ်လို. . .'ဟု စိန်စိန်ကလှည့်၍ မေးလိုက်သည်။

'လယ်မြေကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မသိရသလောက်တော့ တရုတ်ပြည်ကြီးက လယ်လုပ်သူ လယ်ပိုင်ရေးလုပ်ပစ်တယ်၊ နိုင်ငံပိုင်မလုပ်ဘူး၊ လယ်ရှင်ကြီးတွေဆီက လယ်တွေသိမ်းပြီး တကယ်လုပ်တဲ့လယ်သမားတွေကို အပြီးအပိုင်အချိုးကျ ခွဲဝေပေးလိုက်တယ်'

လှနွယ်သည် ပြောနေကြသည့် စကားများကို နားထောင်နေရင်း ဒီမြေပေါ်မှာ တစ်နေ့နေ့တစ်နေ့ရာရာရစေမယ်ဟု မောင်သိန်းရေးလိုက်သောစာကလေးကို သတိရမိကာ မျက်နှာတွင် ဖျော့တော့ဖြူရော်လျက်ရှိလေသည်။

ထမင်းပွဲကြီးကား ပြီးသွားလေပြီ၊ စားပွဲမှထသွားကြကာ ဧည့်ခန်းထဲတွင် စကားပြောနေကြသည်။ လှနွယ်သည် မီးဖိုထဲသို့ ပန်းကန်အပေအရေများ သွင်းလိုက်ပြီး ဧည့်ခန်းသို့ ထွက်လာကာ ကော်ဖီပွဲများ လိုက်ချလေသည်။

ဧည့်သည်များမှာ ကော်တော်နှင့် မပြန်နိုင်ကြ၍ မချောရင်မှာ စိတ်အိုက်ကာ အောင့်အည်းလျက် စကားထိုင်ပြောနေရ၏။ ဧည့်သည်များထပြန်ကြတော့မှ စိတ်သက်သာရာရလျက် တံခါးနားသို့ လိုက်ပို့လိုက်ပြီးနောက် ကားထွက်အောင်ပင် ကြည့်မနေတော့ဘဲ အကြီးကို ထားခဲ့ကာ အိမ်ထဲသို့ သုတ်သီးသုတ်ပျာ ဝင်ပြေးလေသည်။

မချောရင်သည် မီးဖိုထဲတွင် လှနွယ်ကို တွေ့ရလေသည်။

လှနွယ်၏ မျက်နှာကိုစေ့စေ့စပ်စပ်ကြည့်လျက် ပြုံးပြုံးကြီးလုပ်၍ အနားလာရပ်သော မချောရင်၏မျက်နှာမှာ လှနွယ်၏စိတ်ကို လှုပ်ရှားစေလျက်ရှိပေသည်။ အရောင်ထွက်ကာ တောက်နေသောမျက်လုံးများကို မြင်ရပြန်သောအခါ ဘယ်လိုပါလိမ့်ဟု အံ့အားသင့်သွားမိသည်။ လှနွယ်သည် အံ့အားမသင့် ဟန်ဆောင်နေလိုက်သည်။

'လှနွယ်'

'ဘာပါလဲ အစ်မ'

'ရော့'

လှနွယ်သည် ဖျားချင်သလိုလိုဖြစ်လာ၏။ ဝလျင်လှုပ်သလို ယိမ်းထိုးမူးနောက် ပြောင်းဆန်လာသည်။ မချောရင်သည် သူ့အား စာအိတ်ကို ကမ်းပေးနေသည်။

လှနွယ်သည် စာအိတ်ကို အသာကလေးလှမ်းယူကာ စာအိတ်ပေါ်မှ လက်ရေးကို မြင်မြင်ချင်း စိတ်အထိခိုက်ကြီး ထိခိုက်သွားလျက်







www.burmeseclassic.com

www.burmeseclassic.com



ငိုချင်လာလေသည်။ လှနွယ်သည် မငိုမိရန် ချုပ်တည်းရလေ၏။

'လှနွယ် ဆရာမ ဒေါ်ချောရင်မှတစ်ဆင့် ကိရိလမ်း ရန်ကုန်မှာသော သိမ်စာမှာ အိမ်နံပါတ်မပါဘဲနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

လက်ရေးကိုမြင်သည်နှင့် မောင်သိန်းလက်ရေးမှန်း သိသဖြင့် မျက်လုံးများ ပြူးသွားပြီးလျှင် နှမ်းလျှန်းချည်သွားလေ၏။ စာအိတ်ပေါ်မှ သိပ်စာကိုသေသေချာချာင့်၍ ဖတ်ကြည့်ပြီးသည့်နောက် မျက်စိများကို စုံမှိတ်ထားလိုက်လေသည်။

'ဖွင့်လေကွယ်. . . ဖတ်လေ'

မချောရင်သည် မျက်တောင်မခတ် ကြည့်နေရာမှ နူးနူးညံ့ညံ့ ထက်ထက်သန်သန် ပြောလိုက်သည်။

လှနွယ်သည် မျက်လုံးများဖွင့်လျက် တုံတုံချည့်ချည့်ဖြင့် စာအိတ်ကို ဖောက်လိုက်သည်။ စာအိတ်ထဲမှ စာရွက်ကို ဆွဲထုတ်လိုက်ကာ ဖြန့်၍ မျက်ခုံးများကို လေးလံစွာပင့်လိုက်ပြီးလျှင် မျက်လုံးများကို အာရုံစိုက်လျက် အားထုတ်ကြိုးပမ်းဖတ်လိုက်သည်။

လှနွယ်

ဒီစာကို ပဲခူးက ထည့်လိုက်တယ်၊ ငါထောင်ကလွတ်လာပြီ။ အခု လယ်ငှတွေကို သီးစားချထားရေးဘုတ်အဖွဲ့နဲ့ ချပေးနေတယ်။ ငါလယ်တစ်ပွဲလျှောက်ထားတယ်၊ ရွာကို မြန်မြန်လာခဲ့ပါ၊ တွေ့ချင်လှပြီ လှနွယ်. . .

မောင်သိန်း

လှနွယ်၏ ပါးပြင်ပေါ်တွင် မျက်ရည်ဥများ တလိမ့်လိမ့်စီးဆင်းလာကြလေသည်။ ခေါင်းကို မဖော်ဘဲ ငုံ့လျက်ကပင် လက်ထဲမှစာကို





မချောရင်သို့ ပြန်ကမ်းပေးလေ၏။

မချောရင်သည် စာရွက်ကိုလှမ်းယူလျက် ငုံ့ဖတ်ကြည့်လိုက်သည်။ မျက်လုံးမျက်ဆန်ပြူး၍ ဖတ်ကြည့်၏။ မျက်လုံးများမှာ အရောင်တလက်လက်တောက်နေ၏။ ပွင့်အာနေသော နှုတ်ခမ်းများအကြား၌ ဖွေးဖွေးဖြူနေသောသွားများ ပေါ်နေ၏။ စာဖတ်ပြီးလျှင် လှနွယ်ကို ဆတ်ခနဲ မော့ကြည့်၏။ ထို့နောက် သူ့ပေါင်ကို သူ့လက်ဝါးနှင့် တဖုတ်ဖုတ် ပုတ်၏။ ထို့နောက်မှ အားပါးတရ အားရဝမ်းမြောက်လှသောအသံဖြင့် 'ပြန် ပြန် လှနွယ် နက်ဖြန်ပြန်'ဟု အော်လိုက်လေသည်။

## အခန်း| ၂၁ |

မီးရထားသည် လှနွယ်ကိုတင်၍ နောက်ပြန်ဆွဲခေါ်သွားလေသည်။

ရထားသည် တစ်ခါတစ်ရံ လယ်ကွင်းတွေကိုဖြတ်၍လာ၏။ တစ်ခါတစ်ခါလည်း တဲတာတွေကို ဖြတ်ကျော်နေသည်။

လှနွယ်သည် ထိုင်စရာနေရာမရသဖြင့် လူဆင်းလူတက်နေရာတွင် လူတွေနှင့်တိုးဝှေ့၍ ဆောင့်ဆောင့်ထိုင်လိုက်ခဲ့ရ၏။ တွဲတစ်တွဲလုံး ငါးပိငါးချဉ်သိပ်သလို တစ်ယောက်ပေါ်တစ်ယောက် ထပ်နေကြသည်။

လှနွယ်မှာ ဘယ်ရောက်၍ ဘယ်ရပ်နေသည်ကိုမှ မသိနိုင်အောင် ဖြစ်နေလေ၏။ လှမ်းမြင်စရာမရနိုင်အောင် အဆင်းအတက်တွင် လူတွေပိတ်ရပ်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ်သွားနေသောရထားပေါ်တွင် ခေါင်းတွဲကို ကျောခိုင်းထိုင်ထားလေရာ၊ ရထားနောက်ပြန်ဆွဲသွားသောနေရာသို့ လိုက်ပါလျက်ရှိသည့် အသိသည်လည်း အာရုံထဲတွင် ရှိထား၏။ မျက်နှာပြုထားရာ ဆုတ်လာသည့် နေရာကိုလည်း အာရုံထဲကမထွက်။

လှနွယ်၏စိတ်များမှာ ရန်ကုန်နှင့်မခွာ ကျောက်တန်းသို့ရွှေ့နေလေ၏။

ဘုတာရုံသို့ လိုက်ပို့လိုက်သည့် မချောရင်၏မျက်နှာသည် ဘယ်လောက်ဝေးဝေး မျက်စိရှေ့တွင် အဆက်မပြတ် မြင်နေပေ၏။

တစ်လမ်းလုံး မချောရင်ကို အဆက်မပြတ် မြင်ယောင်ကာ အမေတို့ မောင်သိန်းတို့ကို အမျှင်မပြတ် တွေးမိနေသည့်အာရုံနှစ်ခုနှင့် ရှုပ်ပွေထွေးလုံးလျက်ရှိပေ၏။ ထိုသို့ ရှုပ်ပွေထွေးလုံးနေကြသည့် အတွေးများသည် လှနွယ်၏တစ်ရင်လုံးကို တနုပ်နုပ်ဖြစ်အောင် ညှစ်ဖျစ်ခြင်းပြုထားကြ၏။

ထိုအတောအတွင်း၊ စည်းကိုတစ်ချက်ခတ်လိုက်ကာ လွမ်းဖွယ်ရာတေးကို တဆွဲဆွဲတငင်ငင် စတင်သီဆိုလိုက်သော သူတောင်းစားမကလေး၏တေးသံသည် နားထဲသို့ မသာမယာ ဝင်လာလေ၏။

လှနွယ်မှာ အသံဆီသို့ အာရုံပြောင်းကာ နားစွင့်လျက် မျက်ရည်မကျရန် အတန်တန်ထိန်းထားလိုက်၏။

မချောရင်နှင့် ခွဲလာရခြင်းအတွက် ရင်ထဲ၌ မသက်မသာဖြစ်ခဲ့ခြင်း၊ ရောက်တော့မည့်နေရာမှာလည်း သက်သာမည့်နေရာမဟုတ်ခြင်း၊ ထိုအကြား လမ်းခုလတ်တွင် မသက်မသာကြားရ၊ မသက်မသာ ဝိတ်ကျပ်ထပ်ထိုင်နေရခြင်းတို့သည် လှနွယ်အား တစ်ချိန်လုံး မွန်းအစ်ကျပ်ဆို့စေလျက် တောက်လောင်နေသောအသည်းနှလုံးတို့မှာ မခံမရပ်နိုင်ဖွယ်ရာ ပူချစ်လာပေတော့၏။





တစ်ဘူတာဆိုက်လျှင် အတက်အဆင်းတွေ ရှုပ်ယှက်ခတ်လျက် လှနွယ်အား တက်နင်းမသွားကြရုံ မတိမ်းသာ မရှောင်သာအောင် တိုးဝှေ့တိုက်ခတ်၍ ဆင်းကြတက်ကြ၏။ လှနွယ်သည် ရထားရပ်လျှင် ကြည့်ရှု၍ပင် မရှောင်ဘဲ ဧည့်ငိုင်လျက်သာ ခလုတ်တိုက်ခံနေပေ၏။

ထုံးကြီးဘူတာသို့ဆိုက်လျှင် လှနွယ်နှင့် ကပ်၍ထိုင်နေသော မြန်မာမှုစလင်မိန်းမကြီးသည် လူတွေကြားထဲမှ ဗယာကြော်သယ်ကို အော်ဟစ်ခေါ်လေ၏။ ဗယာကြော်သယ်က မလာ၍ အနားရှိ သူ့အဖော်အား 'ရှေ့ဘူတာ ကျောက်တန်းကျမှ စားပါအေ'ဟု ဆိုလိုက်၏။

ကျောက်တန်းသို့ ရောက်ခါနီးပြီကို ကြားသိရ၍ လှနွယ်မှာ ထုံးကြီးမှ ရထားထွက်လျှင် ရင်ထဲတွင် တဒိန်းဒိန်းမြည်လျက် လက်ဖျားခြေဖျားတွေ အေးစက်လာသည်။

ရောက်ခါနီးပြီဟူသောအသိမှာ တစ်ကိုယ်လုံး ထုံထိုင်းသွားလေ၏။ မကြာမီပင် ရထားသည် ကျောက်တန်းဘူတာရုံကလေးထဲသို့ တအားကျုံး၍ ဝမ်းလျားထိုးဝင်သွားလေ၏။ သူ့အရှိန်ကို သူဖမ်းချုပ်သတ်လိုက်၍ တုံ့ခနဲစောင့်ရပ်သွားလေကာ သံဘီးနှင့် သံလမ်းကြိတ်ပွတ်နေသောအသံကြီးသည် နားထဲမှစိမ့်၍ အသည်းနှလုံးကျိန်းကျင်သွားဘိ၏။ လှနွယ်သည် လွယ်အိတ်နှင့်အထုပ်ကိုကိုင်ကာ လူတွေနှင့် တိုးဝှေ့လျက် ရထားပေါ်မှဆင်းလိုက်၏။ ပလက်ဖောင်းပေါ်သို့ရောက်လျှင် မျက်စိများပြာဝေသွားလေသည်။

ဘူတာရုံကား ယခင်ကလို မဟုတ်ဘဲ ပြောင်းလဲ၍ နေချေပြီ။ စစ်တပ်ချထားသော စစ်တန်းလျားကြီး ဖြစ်နေလျက် စစ်သားများဖြင့် ရှုပ်ယှက်ခတ်နေပေသည်။

စစ်သားများ ထောင်ကိုင် လွယ်ပိုးထားသော စတင်းဂန်းဘာရှင်း



www.burmeseclassic.com

www.burmeseclassic.com



ကန်း တာတိုင်သေနတ်များကို မြင်မြင်ချင်း သူ့အမေဦးနှောက် ပေါက်ထွက်သွားရပုံကို ကျော်ချမ်းသွားသေး၏။ သေနတ်တွေကို မကြည့်ရဲ၍ ကြောက်ကြောက်နှင့် မျက်လုံးများကို ယောင်ပိတ်လိုက်မိသည်။

သူသည် မြေကြီးကို နင်းနေလျက်နှင့် နင်းမှန်းမသိ၊ သွေးထိတ်မွှန်ပြာ ထူပူလျက်ဖြင့် ပေတစ်ရာလမ်းမသို့ ရောက်လာခဲ့သည်။

ကျောက်တန်းတွင် ဘယ်အသိနှင့်မျှ မတွေ့ချင်၊ တစ်ဦးတစ်ယောက်က ခေါ်လိုက် ပြောလိုက် မေးလိုက်မည်ကို ကြောက်ရွံ့ထိတ်လန့်နေလေသည်။ ထို့ကြောင့် ဘယ်မှမကြည့်ဘဲ ခေါင်းငိုက်စိုက်နှင့် ကူးတို့ဆိပ်သို့ သုတ်သုတ်ဖြင့် လှမ်းလျှောက်သွားလေသည်။

ဈေးထဲမှ ခေါ်သံလိုလို ကြားမိသည်။ လှနွယ်သည် အသံကြားကာမှ ပြေးတော့မလို လျှောက်သွားလေသည်။ 'လှနွယ်ရေ. . . ဟဲ့နေပါဦးဟဲ့' ဟု နောက်မှ တစာစာ ဟစ်ခေါ်သောအသံကို လှည့်လို့မျှမကြည့်၊ မျက်စိထဲတွင် ဘာမှမမြင်ဘဲ သုတ်သုတ်သာ ပြေးလျှောက်နေ၏။

ဘယ်သူ့ ခေါ်သံမှန်းမသိသောခေါ်သံကို ဘယ်သူခေါ်ခေါ် မရပ်ဘူးဟူသောစိတ်နှင့် ပြေးလုလု လျှောက်လာရ၍ လှိုက်ဖိုမောဟိုက်နေလေ၏။

နောက်ကခေါ်သံမှာ နောက်ကျန်ပင် ကျန်ရစ်ခဲ့ရာ လှနွယ်သည် ကူးတို့ဆိပ်သို့ ရောက်လာခဲ့သည်။

ကူးတို့ဆိပ်သို့ ရောက်လျှင် ကမ်းပါးမှာ အသာရပ်၍ ဟိုကြည့်သည်ကြည့် ကြည့်လိုက်၏။ ကမကလသို့သွားရန် ကူးတို့မှာ ဆိပ်မှမထွက်သေးဘဲ တွေ့ရ၏။

လှနွယ်သည် ကူးတို့သမ္ဗန်ပေါ်သို့မဆင်းဘဲ စက်ပိုင်းထွက်မည့်လှေကြုံကို လိုက်ရှာလေ၏။ အဆင်သင့်ပင် ထင်းများကို ဝန်လေး





တင်၍ ထွက်တော့မည်လုပ်နေသော စက်ပိုင်းအသိကို တွေ့မြင်၍ အားရဝမ်းသာ ကုန်းအော်ခေါ်လိုက်သည်။

'ဘကြီးချက် ဘကြီးချက် နေပါဦး'

ကမ်းပေါ်မှ ပဲ့တင်ထပ်မျှ ဟစ်ခေါ်လိုက်သည့်အသံသည် တုန်ရီပျံ့လွင့်သွားလေ၏။

'ဟေ. . . လှနွယ်လား. . . လာဟဲ့ လာဟဲ့'

လှေပေါ်က အဘိုးကြီး၏အသံမှာ လိုက်သံပါနေကာ ကမ်းပေါ်သို့ ဟိန်းတက်လာလေ၏။

လှနွယ်သည် ကုန်းပေါ်မှ အပြေးဆင်း၍ လှေဦးသို့လှမ်းတက်လိုက်ရာ လှေမှာ လူးသွားသဖြင့် အသာထိန်းထိုင်ချလိုက်ရ၏။

'လှနွယ်. . . နင် ဘယ့်နှယ်ကြောင့် ခုမှပြန်လာရတာလဲ'ဟု အဘိုးကြီးက ဆီး၍ဆိုလိုက်၏။

လှေမှာ ဆိပ်ကမ်းမှခွာ၍ ထွက်လာခဲ့သည်။ လှနွယ်သည် မအောင့်နိုင် မချုပ်တည်းနိုင်တော့ဘဲ ဒူးပေါ်တွင် လက်နှစ်ဖက်ထပ်လျက် မျက်နှာကို ဖိမှောက်ကာ ရှုံ့ပွဲချ၍ငိုလေတော့၏။

ချောင်းရေယဉ်တွင် တက်သံနှင့်ရှိုက်သံသည် ပလုံစီစီမြည်သွားသော ရေသံတို့နှင့် ရောဖက်လျက်ရှိချေ၏။

လှနွယ်သည် ရှိုက်ကာရှိုက်ကာငိုနေရာမှ ကမကလဘက်သို့ မျှော်ကြည့်ကာ အသည်းအူထဲမှ လှိုက်၍ထွက်လာသောအသံနှင့် 'အမေရေ . . . အမေရဲ့'ဟု ခေါ်ဝေါ်တမ်းတကာ အားရပါးရ ငိုကြွေးလိုက်လာ၏။

အဘိုးကြီးမှာ စကားတစ်ခွန်းမျှ မပြောနိုင်၊ ဆိတ်ငြိမ်လှစွာ လှော်တက်နှင့် မှန်မှန်ကြီးလှော်ခတ်နေလေသည်။

လေသည် ဝေ့၍ဝေ့၍ တိုက်နေလေ၏။ ကမ်းပါးရှိ သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းဖျားတို့သည် ယိမ်းထိုး၍နေကြသည်။ ချုပင်ပေါင်းပင်များ ဖုံးအုပ်လျက်ရှိသောကမ်းစပ်မှာ ခပ်မှိုင်မှိုင်အမူအရာဖြင့် တိတ်ဆိတ်လျက်ရှိသည်။

လေကတိုက်သဖြင့် ဆံယဉ်ဆံညွန်းတို့သည် မျက်နှာပေါ်သို့ ကျဆင်းလျက် လွင့်နေသည်။ တစ်ခါတစ်ရံ ဆံပင်တို့သည် မျက်စိပေါ်သို့ဝဲကျလာ၍ မျက်ရေသုတ်ရင်း သပ်ပစ်လိုက်သည်။

သစ်ပင်ရိပ်များသည် ရှေ့သို့ထိုး၍ ချောင်းထဲသို့ အရိပ်ထိုးကျနေကြသည်။ အရိပ်ကင်းသောနေရာတွင် နေရောင်ထိုးရိုက် ထင်လျက်ရှိသောချောင်းရေမှာ တလက်လက်နှင့် ဝင်းတောက်လျက်ရှိသည်။

လှေဦးတွင် နောက်ပြန်ထိုင်ကာ ကမကလဲသို့ငေး၍ ငိုနေရာမှ ဒူးပေါ်သို့ခေါင်းပြန်မှောက်ကာ အားရအောင် အသံထွက်ငိုကြွေးနေပြန်လေ၏။

ထိုနောက် တဖြည်းဖြည်း အသံများတိတ်သွား၏။ အသံများတိတ်သွားပြီးလျှင် ရှိုက်၍ရှိုက်၍ ဖုတ်လှိုက် ဖုတ်လှိုက်ရှူနေရာမှ အသံထွက်လာကာ ငိုကြွေးပြန်လေသည်။

'နေပူကြီးထဲမှာ သိပ်မငိုနဲ့ဟယ်၊ ခေါင်းကိုက်နေမယ်၊ တိတ်တိတ် လူဆိုတာ သေမျိုးချည်းပဲ၊ သခၤါရဘုံကြီးထဲမှာ နေကြရတာကလား'

လှနွယ်မှာ နားမဝင်နိုင်ဘဲ ပိုမို၍သာ ရှိုက်ငိုနေ၏။ အဘိုးကြီးက 'တိတ်ကွယ် တိတ်တိတ်'ဟု နောက်ထပ်ချော့ပြောဆိုနေ၏။

လှနွယ်သည် ခေါင်းမော့၍ အဘိုးကြီးက အားစိုက်၍ကြည့်လျက် 'သေခြင်းဆိုးနဲ့သေရရှာတာ အသည်းနာလွန်းလို့ပါ ဘကြီးရယ်. . .'ဟု မြည်တမ်းရင်း ငိုကြွေးနေ၏။





အဘိုးကြီးမှာ နှုတ်ဆိတ်ကာ လှနွယ်ကို ကြင်ကြင်နာနာပြန်ကြည့်နေ၏။

လှနွယ်၏ရှိုက်နေငိုနေသံမှတစ်ပါး နောက်ထပ်လှေပေါ်တွင် ဘာသံမျှမကြားရဘဲ တိတ်ဆိတ်နေလေ၏။ လှေမှာ တရွေ့ရွေ့နှင့် စက်ပိုင်းဆိပ်ကမ်းသို့ ကပ်လာလေသည်။

ဆိပ်နားသို့ကပ်လျှင် လှနွယ်သည် မျက်ရည်များကို လက်ဖဝါးနှင့်သုတ်လျက် 'ဘကြီးချက် မြသင်ရှိတယ်နော်'ဟု ငိုသံကြီးနှင့် မေးလိုက်သည်။

'ရှိတယ်. . . ရှိတယ်. . . သွားသွား၊ ငါလည်း လာခဲ့ဦးမယ်'ဟု လှေကို ထိုးဆိုက်ရင်း ပြန်ပြောလိုက်သည်။

လှနွယ်သည် အိတ်ကိုလွယ်၍ အထုပ်ကိုပိုက်ကာ ကမ်းပေါ်သို့ ခုန်တက်လိုက်ပြီးလျှင် မြသင်တို့တဲသို့ ဒုန်းစိုင်းပြီးပြေးလေ၏။

လှနွယ်တဲဝသို့ရောက်လျှင် အိမ်ရှေ့တဲကပြင်တွင် ထိုင်နေသော မြသင်မှာ ထိုင်နေရာမှ မတ်တတ်ဖြစ်သွားလေ၏။ ထို့နောက် လှနွယ်ဆီသို့ပြေးသွားလေ၏။ တုန်တုန်ယင်ယင်နှင့်လှနွယ်၏ လက်များကို ပြေး၍ဆွဲလေ၏။ တဲဝတွင်ရပ်နေသော လှနွယ်သည် နီရဲနေသော မျက်နှာ၊ ပြူးကျယ်နေသောမျက်လုံးကြီးဖြင့် မြသင်ကို မော်၍ကြည့်လေ၏။

'လှနွယ်ရယ်. . . လှနွယ်ရဲ့၊ ခုမှလာရသလား'ဟု မြသင်မှာ အပူမီးတောက်၍ သွားလေ၏။

'ငါ မလာချင်လို့မြသင်၊ ကမကလဲကို ငါမလာချင်လို့' ဟု မျက်နှာတွင်မျက်ရည်အပြည့်နှင့် လှနွယ်သည် ခပ်သဲ့သဲ့သာပြန်ပြောနိုင်လေ၏။

လှနွယ်ကို မြသင်က တဲပေါ်သို့တွဲခေါ်ခဲ့၏။ မြသင်အဘနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအဆွေတစ်စုမှာ လှနွယ်နားတွင် ဝိုင်းထိုင်ကြလျက် ဒေါ်သဲမြစ်သေရပုံအဖြစ်စုံကို တစ်ယောက်တစ်ခွန်း လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတစ်နည်းပြောနေကြ၏။

ပြီးခဲ့သောအဟောင်းမှာ အသစ်ဖြစ်စေလျက် မြသင်တဲကလေးမှာ ဧည့်သည်များဖြင့် မသာအိမ်နှင့် တူသွားလေသည်။

'ဟော ကိုသိန်းလာပြီ'ဟု မြသင်က တဲဝသို့ လှည့်၍အော်လိုက်ရာ လှနွယ်သည် ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။

မောကြီးပန်းကြီးပြေးဝင်လာသော မောင်သိန်းမျက်နှာကို မြင်မြင်ချင်း လှနွယ်မှာ မရှုံကိုနိုင်ဘဲ ဆို့သွားလေ၏။

မောင်သိန်းသည် မျက်နှာကြီးတစ်မျက်နှာလုံး ညိုမည်းသွားလျက် တဲပေါ်သို့လှမ်းတက်ကာ ငုံ့ထိုင်နေလေ၏။

'မင်း ဘယ့်နှယ်သိသလဲ'ဟု မြသင်အဘက မောင်သိန်းအားလှမ်းမေးလိုက်သည်။

'ကျောက်တန်းကလာတဲ့ လူကြုံကပြောလိုက်လို့ ကမကလဲကကျွန်တော်အတင်းပြေးလာတာ'

လှနွယ်သည် ၂နှစ်ကြာမျှ မကြားရသော ချစ်သူ၏အသံကို ရှေးဦးစွာ ကြားရခြင်းဖြစ်သည့်အတွက် သည်းဘဝင်သိမ့်ခါတုန်နေလျက် ပို၍ပင် ဝမ်းနည်းပက်လက်ဖြစ်သွား၏။

မြသင်တို့ တစ်အိမ်သားလုံး အလိုက်သိကြပေသည်။ မောင်သိန်းရောက်လာ၍ အတန်ကြာလျှင် ဟိုထ သည်ထ ထသွားကြ၍ တဲရှေ့တွင် လူမရှိတော့ဘဲ လှနွယ်နှင့် မောင်သိန်းသာကျန်ရစ်ခဲ့သည်။

မည်သူမျှ မရှိကြမှ မောင်သိန်းက လှနွယ် အနားသို့တိုးထိုင်လျက်'ငါပေးတဲ့ စာရသလား'ဟုခပ်တိုးတိုး ကပ်မေးလိုက်သည်။

လှနွယ်က မျက်နှာကို မဖော်ဘဲ ခေါင်းညိတ်ပြလိုက်၏။





'တိတ်ကွယ်. . . လှနွယ်. . . မငိုနဲ့ဟယ်၊ ငါတစ်ယောက်လုံးရှိသားပဲ၊ အားမငယ်ပါနဲ့ဟာ'

ထိုသို့ မောင်သိန်းက အနားသို့ထိုင်လျက် ဖျောင်းဖျောင်းဖျဖျ အသံနှင့် တတွတ်တွတ် ချော့မော့နှစ်သိမ့်ပြောဆိုသော အသံများသည် လှနွယ်၏နားထဲသို့ ဖြည်းညှဉ်းညင်သာစွာ ဝင်သွားလေ၏။

ကမကလဲရွာကလေး၌ လှနွယ် ပြန်ရောက်လာကြောင်းကို မောင်းမထုရဘဲ တစ်ရွာလုံးပျံ့နှံ့သွားလေ၏။ လှနွယ်သည် စက်ပိုင်းသို့ ရောက်သည့်နေ့က ညနေဘက်တွင် မြသင်နှင့်အတူ ကမကလဲရွာသို့ သွားကြလေသည်။

မိမိ ပြန်ရောက်ကြောင်းကို မိမိမလာခင်က သိနှင့်ကြကာ ဒေါ်ထွေးတဲတွင် သတင်းမေးလာသူတွေနှင့် ဆုံစည်းရလေ၏။

ဒေါ်ထွေးတဲက ကျော်ကြည့်လျှင် မလှမ်းမကမ်းရှိ လှနွယ်တို့နေထိုင်ခဲ့သည့် တဲကလေးကို မြင်နိုင်လေ၏။

လှနွယ်သည် မရဲတရဲမျှော်ကြည့်မိ၏။

လူတစ်ကိုယ်လုံးတွင် ရှိရှိသမျှခွန်အားတို့မှာ ရုတ်တရက်ကုန်ခန်းသကဲ့သို့ လဲချင်သလိုလို ယိုင်ချင်သလိုလို ဖြစ်လာသောကြောင့် မျက်လုံးများကို မှိတ်လိုက်ရလေ၏။

မှိတ်ထားသောမျက်စိများသည် တဲကပြင်တွင် ထိုင်နေသော ဒေါ်သဲမြစ်၏ မျက်နှာအမူအရာကို ထင်ရှားစွာ မြင်နေရပေ၏။

တဲပြိုသွားသောနေရာကလေးတွင် ချုံနွယ်ပိတ်ပေါင်းတို့သည် တစ်ပင်နှင့်တစ်ပင် နွယ်ယှက်လျက် အုပ်ယှက်မင်းမူကာ ပေါက်ရောက်နေကြ၏။

အတန်ကြာ ရပ်၍လှမ်းကြည့်နေသော လှနွယ်၏မျက်နှာကလေးမှာ ညှိုးနေပြီးလျှင် မျက်လုံးတွင် မျက်ရည်ဥကလေးများ



www.burmeseclassic.com

www.burmeseclassic.com



တွဲလွဲခို၍ နေလေ၏။

မြသင်သည် လှနွယ်အား တစ်စုံတစ်ရာ အားပေးခြင်းမပြုနိုင်ဘဲ မျက်ရည်ကလေးများဝဲလျက် ကြည့်နေမိလေသည်။

လှနွယ်သည် ကမကလဲရှိ ဒေါ်လေးအိမ်၌ မနေချင်၍စက်ပိုင်းရွာ မြသင်တို့တဲသို့ ပြန်လိုက်ခဲ့ကာ ခေတ္တနေထိုင်ရလေ၏။

## အခန်း| ၂၂ |

လှနွယ်သည် မောင်သိန်းနှင့်နှစ်ယောက်တွဲကာ စက်ပိုင်းမြစ်ချောင်းနဖူးသို့ တဲကြားထဲမှထွက်လာကြသည်။

မောင်သိန်းမှာ ရွာက အခြားကာလသား ခပ်ရှယ်ရှယ်များကဲ့သို့ ကြော့ကြော့ရော့ရော့နှင့် မဟုတ်ဘဲ ခပ်တည်တည် လူကြီးလိုဖြစ်နေသည်။

လှနွယ်က ရန်ကုန်တွင် မချောရင်နှင့် ခွဲခဲ့ရပုံအကြောင်းများကို ခပ်ဖြည်းဖြည်းပင် ပြောလာလေသည်။

မောင်သိန်းကလည်း တိုက်ပွဲဖြစ်ပြီးနောက်၊ ရွာတွင်အဖမ်းခံရပုံများကို ခပ်အေးအေးပင်ပြောပြလေ၏။

စကားတပြောပြောနှင့် လာခဲ့ရာ ချောင်းစပ်သို့ရောက်လာလေသည်။ လှနွယ်သည် ချောင်းစပ်မြက်ခင်းပေါ်တွင် ထိုင်ချလိုက်ကာ မျက်ရည်များဝဲလျက် ငေးကြည့်နေလေ၏။ မောင်သိန်းသည် ရေစပ်ရှိ ဗျောက်ပင်နားထိ သွားရပ်ကာ ရေကို ငုံ့ကြည့်နေ၏။

နေလုံးမှာ ဝင်အံ့ဆဲဆဲရဲနေပေ၏။ ပုရစ်အော်သံများသည် ညံလာလေသည်။ ဗျိုင်းအုပ်ကြီးသည် တစ်အုပ်ပြီးတစ်အုပ် ချောင်း





တစ်ဘက်ကမ်းသို့ ပျံသန်းသွားလေသည်။

'လယ်က ဘယ်လိုလဲ ကိုသိန်းရယ်၊ ရမှာသေချာရဲ့လား'

စကားတစ်ခွန်းမှ မပြောဘဲ ချောင်းနဖူး၌ ရပ်ကြည့်နေသော မောင်သိန်းအား လှနွယ်က လှမ်းမေးလိုက်သည်။

မောင်သိန်းသည် ဘာသည်တော့မှ လှည့်လာကာ လှနွယ်နားကပ် လာထိုင်လိုက်သည်။

'ဘုတ်အဖွဲ့ကို လျှောက်ထားတာပဲ ရရမှာပေါ့၊ လယ်ပိုင်ရှင်တွေ သူတို့ချချင်တဲ့ လယ်သောက်ခန္နန်းမရရင် မချဘဲမနေနိုင်အောင် ဘုတ်အဖွဲ့ဖွဲ့ထားတာပဲ လယ်မြေသီးစားချထားရေးဥပဒေအရ ဥပဒေမှာပါတဲ့အတိုင်း လယ်သမားစင်စစ်ဖြစ်ရမယ်၊ ဒီလယ်ကို အရင့်အရင်က ဖြောင့်ဖြောင့်တန်းတန်းလုပ်လာတဲ့ လူလည်းဖြစ်ရမယ်၊ စံန္နန်းဥပဒေကိုပေးတဲ့လူလည်းဖြစ်ရမယ်၊ အဲဒီလိုအကြောင်းကြောင်းတွေနဲ့ညီညွတ်ရင် လယ်ရှင်ကမချပေမယ့် ဘုတ်အဖွဲ့ကချလိုက်ရင် လုပ်နိုင်တာပဲ၊ သူဌေးက ဟိုတုန်းက လယ်ငှန်တော်နှစ်ဆနဲ့ မချနိုင်ဘူးဆိုလို့ တို့မလုပ်ဘဲ လက်လွှတ်ခံရတာ၊ ဒီလယ်ဟာ တို့များငယ်ငယ်ကလေးတည်းက လုပ်လာတာမဟုတ်လား၊ အဲ့ အခုဘုတ်အဖွဲ့တွေပေါ်လာတော့ ဒီလယ်ဟာ တို့လုပ်ခဲ့တာပါ၊ ဥပဒေအရ ပေးပါမယ်၊ ချပေးပါလို့ လျှောက်လိုက်တာပဲ၊ ရရမှာပေါ့'

လှနွယ်မှာ စိတ်ပါလက်ပါ နားထောင်၍ နေရာမှ 'ကိုသိန်းတို့မလုပ်တော့ ဒီလယ်က အခုဘယ်သူလုပ်နေသလဲ' ဟု မေးကြည့်လိုက်သည်။

'ဒီလယ်ကို သူဌေးကတို့မချဘဲ၊ သူ့ဘာသာသူ လုပ်နေတယ်၊ သူလုပ်တယ်ဆိုပေမယ့် သူဌေးကိုယ်တိုင်တော့ ဘယ်လာလုပ်မလဲ သူ့လူလုပ်ခိုင်းထားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကျွန်မတို့ လယ်ရဖို့အရေးဟာ ဘုတ်အဖွဲ့ပေါ်မှာတည်နေတာပေါ့နော်'

'ဒါပေါ့'

မောင်သိန်းသည် လှနွယ်ဘက်သို့လှည့်၍ မျက်နှာကိုကြည့်ကာ ဖြေလိုက်သည်။ စိတ်မအေးသကဲ့သို့ ညှိုးနွမ်းနေဟန် တွေ့မြင်ရ၍ ပြုံးလိုက်လေသည်။

'စိတ်ချပါ လှနွယ်ရာ ချမှာပါ၊ တို့လုပ်လာတဲ့ လယ်ပဲ၊ နက်ဖြန်ကျ သိရမှာပါ၊ ဘာလဲ ရန်ကုန်ကို ပြန်ချင်သေးလို့လား'

လှနွယ်ကား အဖြေမပေးဘဲ မောင်သိန်းကို မျက်တောင့်ကလေးစွေ၍ ကြည့်နေလေသည်။

'ရန်ကုန်တော့ ပြန်မလွှတ်တော့ဘူး၊ ဒါပဲနော်. အဖေလည်း ပြောပြီးပြီ၊ မိုးမကျခင်ကိစ္စပြီးအောင်စီမံပေးမယ်တဲ့'

လှနွယ်ကား မသွားဘူးသွားမယ်ပြန်မပြောဘဲ ပြုံး၍နေလေရာ၊ မောင်သိန်းမှာ အားမလိုအားမရ ဖြစ်လာသလိုနှင့် လက်ကလေးဆုပ်ကိုင်ကာ 'အတူတူနေရမှာများဝမ်းမသာဘူးလား လှနွယ်'ဟု မေးနေလေ၏။

လှနွယ်က ဘာမျှမပြောဘဲ တစ်ဘက်သို့လှည့်ကာခေါင်းကို အသာညိတ်ပြလိုက်သည်။

နေရောင်ထိုးလျက်ရှိသော ချောင်းရေသည် ရောင်ခြည်ထဲတွင် ပတ္တမြားရောင်ရဲလျက် ရှိချေသည်။ ရေပြင်မှာ လှုပ်ရှားခြင်းမရှိဘဲ ဗေဒါပင်များပေါလောမျောလျက် စီးနေသည်။ ချောင်းနဖူးပေါ်၌ သားလှကျေးရှူးဆေးပင်များရှိသည်။ ကသစ်ပင်ကြီးမှာ သူ၏ညွတ်နေသောအကိုင်းကြီးကို ရေပေါ်၌ အုပ်မိုးထားသည်။

မောင်သိန်းသည် လှနွယ်၏ တစ်ဘက်လှည့်နေသော မျက်နှာကို သူ့ဘက်သို့အသာဆွဲလျက် လက်ကမလွှတ်ဘဲ ပြုံးစိုက်ကြည့်လေသည်။

လှနွယ်မှာ လက်ကိုတွန်းဖယ်လျက် ခေါင်းကိုငုံ့လိုက်ကာ 'လူတွေမြင်ပါ့မယ် ကိုသိန်းရယ်'ဟု ဆိုလိုက်လေသည်။

ချောင်းနံ့ဘေးမှ ထလာကြသောအခါ နေလုံးကျ၍နေလေ၏။ ချမ်းမြေ့သောပီတိနှင့် တဲကြားမှ ခပ်ဖြည်းဖြည်းပြန်လျှောက်လာကြသည်။

မြသင်တို့ တဲရှေ့၌ လူချင်းခွဲခါနီးတွင် လှနွယ်သည် ရပ်ပြီး 'နက်ဖြန် ဘယ်အချိန်သိရမှာလဲ'ဟု ပြောလိုက်သည်။

'ကော်မတီလူကြီး ပဲခူးက နေ့လယ်တစ်ချက် ရထားနဲ့ပြန်လာမှာပဲ၊ အဲဒီတော့ သိရမယ်'

'ဒါဖြင့် ကျွန်မလာခဲ့မယ်'

'ဘယ်ကိုလဲ၊ ကမကလဲကို လာမှာလား'

'မဟုတ်ဘူး၊ ကုက္ကိုပင်ညီနောင်မှာ လာစောင့်နေမှာ'

နေသည် ကွယ်၍သွားလေပြီ၊ အဝေးလယ်ကွင်းဘက်မှ ကျီးများအော်သံကို သဲ့သဲ့မျှကြားရလေသည်။ လမ်းအကွေ့တွင် မောင်သိန်းကွယ်ပျောက်သွားသည့်အထိ လှမ်းမျှော်၍ ရပ်ကြည့်နေသည်။ လူသဏ္ဌာန်ကို မမြင်ရမှ တဲပေါ်သို့ တက်ခဲ့လေ၏။

နောက်တစ်နေ့နံနက်တွင် လှနွယ်သည် မြသင်မုန့်ရောင်းထွက်သွား၍ တဲရှေ့တွင် မြသင်အပြန်ကို ထွက်ထိုင်မျှော်ကာငေးကြည့်နေသည်။ ထိုအခိုက် ဦးသူတော်သည် တဲထဲသို့ဝင်လာလေသည်။

ဦးသူတော်သည် ယခင်ကနှင့်မတူ အတော်ပင်ပိန်ချုံး၍နေ၏၊ ခါတိုင်းကဲ့သို့ပင် ပေပေကျံကျံ ညစ်ညစ်ထပ်ထပ်ဖြစ်နေလေသည်။

သူ၏ပြုံးသောမျက်လုံးဖြင့် လှနွယ်ကိုစိုက်ကြည့်ရင်း 'ဟဲ့







www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး နင်ခုမှလာရသလား'ဟု ပြောပြောဆိုဆို တဲပေါ်သို့ လှမ်းတက်လိုက်သည်။

လှနွယ်သည် ရင်ထဲတွင်လှိုက်၍ မျက်ရည်တွေကျလုမတတ် ဖြစ်လာလေသည်။ မျက်နှာကို ကပျာကယာဖြင်ကာ 'လာ ဦးသူတော် ထိုင်၊ သံတခါးဘက်သွားနေတယ်ဆို'ဟု ခရီးဦးကြိုလိုက်သည်။

သံတံခါးက စပါးတိုက်ခ သွားတောင်းရင်း ဟိုမှာဖျားနေလို့ ဒီနေ့မှ ပြန်လာတာ၊ ဘယ့်နှယ်ခုမှလာသလဲ မယ်ထွေးသွားတုန်းက ဘာဖြစ်လို့လိုက်မလာသလဲ'

'မလာချင်လို့ပေါ့ဦးသူတော်ရယ်၊ အမေမှမရှိဘဲ မလာချင်ဘူး'

'နို့ခုတော့ ဘာလို့လာသေးသလဲဟ' ဦးသူတော်သည် သွားကျိုးနေသော ပါးစပ်ကြီးကိုဖြဲ၍ ပြုံးကြည့်နေလေ၏။

'ကိုသိန်းက လယ်ရမယ်ဆိုလို့ ပြန်လာတာပေါ့'

လှနွယ်သည် ငယ်ငယ်တုန်းကကဲ့သို့ပင် ဦးသူတော်ပေါ်တွင် ခပ်စူစူလေးပြန်ပြောသည်။

'နင့်မလဲဟယ် ခုထက်ထိ လယ်စိတ်မကုန်သေးဘူးလား'ဟုမေးလေ၏။

'ဘယ်ကုန်မလဲ ဦးသူတော်ရဲ့၊ သေတောင်မကုန်ဘူး၊ အခု ဘုတ်အဖွဲ့မှာ ကိုသိန်းလယ်ခံထားတယ်၊ ဒီနှစ်တော့လယ်လုပ်ရတော့မယ်'

'လယ်ကရပလား'ဟု ဦးသူတော်က ပြန်၍ခပ်ပြုံးပြုံးမေးလိုက်လေ၏။

'ရမှာပေါ့ ဦးသူတော်ရဲ့၊ နေ့လယ်ကျရင် သိရမယ်၊ ဒါထက် တိုက်ပွဲဖြစ်တုန်းက ဦးသူတော်ကြီး ဘယ်ပုန်းနေသလဲဟင်. . .'

ဦးသူတော်သည် လှနွယ်ကို စင်းကြည့်နေမှ ရုတ်တရက် မျက်မှောင်ကြီးကုတ်၍ 'အိမ်အောက်ထဲ ဝင်ပုန်းနေရတာပေါ့ဟ'ဟု ဖြေလိုက်၏။

'အကြာကြီးပစ်ကြ ခတ်ကြသလား'

'ကြာတာပေါ့၊ သုံးနာရီလောက်ကြာတယ်၊ စိတ်ရှုပ်စရာပါပဲဟာ၊ တိုက်ပွဲ ခဏခဏဖြစ်နေတော့ ရွာလည်း ဖွတ်ဖွတ်ကြေ လူတွေလည်း ဖွတ်ဖွတ်ကြေနေတာပဲ၊ ဟိုတုန်းက စစ်တပ်ကလည်း ထွက်ချေဝင်ချေနဲ့၊ သူတို့ကလည်း ထွက်ချေဝင်ချေနဲ့၊ ကနေ့ စစ်တပ်အုပ်ထားပေမယ့် နက်ဖြန်တပ်နီရောက်လိုရောက်၊ ရဲဘော်ဖြူရောက်လိုရောက်၊ တို့ဆင်းရဲသားမတော့ ကျွဲနှစ်ကောင်ကြားက မြေဇာပင်လို ဖြစ်နေတာပဲ၊ ဘယ်တော့မှ တိုင်းပြည်ကြီးအေးပါ့မလဲမသိဘူးဟယ်၊ တို့လယ်သမားတွေတော့ ကပ်ဆိုက်နေတာပဲ'

ဦးသူတော်သည် ချုံသံပါအောင် ညည်းလျက် နှလုံးမသာမယာလှစွာဖြင့် လှနွယ်ကိုကြည့်ကာ ပြောလေ၏။

'သူတို့အချင်းချင်း ပြန်ညီညွတ်ကြမှ အေးမှာ ဦးသူတော်' ဟု လှနွယ်က ဝင်၍ဖြည့်စွက်လေ၏။

'အင်း ညီညွတ်မယ်ဆိုရင်တော့ အေးမှာပဲ'ဟု ဦးသူတော်က လက်ခံလေ၏။

ထိုအခိုက် မြသင် မုန့်ရောင်းရာမှ ပြန်လာလေသည်။ မြသင်မှာ တဲပေါ်သို့ တက်တက်ချင်း ဦးသူတော်ကြီးကိုမြင်၍ 'ဦးသူတော် လှနွယ်မင်္ဂလာဆောင်ရင် ဘာလက်ဖွဲ့မလဲ' ဟု မေးလိုက်သည်။

ဦးသူတော်မှာ တဟဲဟဲရယ်လျက်၊ 'ထွန်တုံးလက်ဖွဲ့မယ်၊ ထွန်တုံး' ဟု နောက်ပြောင်ပြောနေလေသည်။

လှနွယ်သည် နေ့လယ်ဘက်တွင် ဦးသူတော်နှင့်အတူ မြသင်တို့တဲမှ ထွက်လာကြသည်။







www.burmeseclassic.com

www.burmeseclassic.com



လှနွယ်သည် လှည်းပေါ်တွင် ရွှင်ပျမြူးထူးလာလေသည်၊ လှည်းကို နောက်တွဲထိုင်၍တက်စီးကာ ရင်ထဲတွင် လှိုက်ဖို၍နေလေသည်။ ယနေ့ လယ်ရတော့မည်။

စက်ပိုင်း ကမ်းနားလှည်းလမ်းကြောင်းမှ နောက်တွဲထိုင်လိုက်ခဲ့၍ ကျောက်တန်းဘက်ရှိ ကင်းပိုင်ကြဲ၊ ဘမွေးကုန်းစသော ရွာခြေကလေးများကို မြင်နေရသည်။ သရက်ပင်၊ ပိန္နဲပင်၊ ကွမ်းသီးပင်တို့ အုပ်ဝေနေ၏။ ရွာတွေနှင့် တစ်ဆက်တည်း ခပ်လှမ်းလှမ်းမှ ကျောက်တန်း တောတန်းကလေးကိုလည်း မြင်နေရသည်။

ချောင်းထဲတွင် သမွန်များ ရှက်တိုက်လျက် ရေစုံမျောနေကြသည်။

နေက ကျဲကျဲကြီး ပူနေသည်၊ လှနွယ်သည် မြသင်ပေးလိုက်သော မြသင်၏အဘပုဆိုးကို ခေါင်းပေါ်တွင် အုပ်တင်ထားသည်။

ဦးသူတော်သည် လှည်းနောက်တွင် ငြိမ်ချက်သားကောင်းနေသောလှနွယ်ကို 'ဟဲ့ ကောင်မလေး၊ မောင်သိန်းနဲ့ဟာ ဘယ်လတုံး'ဟု လှမ်းမေးလိုက်သည်။

'မိုးမကျခင်တဲ့'

'နှင့်အမေများရှိရင်ဟယ်'

ဦးသူတော်သည် စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလေသည်။ လှနွယ်သည် ဘာမှမပြောနိုင်တော့ဘဲ လျှင်မြန်စွာ စို့၍လာသောမျက်ရည်တို့ကို ပုဆိုးစဖြင့် သုတ်ပစ်လိုက်သည်။

စက်ပိုင်းနှင့် ကမကလဲကြားရှိ ကုက္ကိုနှစ်ပင်ညီနောင်ကား လှည်းဆယ်စီးလောက် ခိုနိုင်အောင် အရိပ်အာဝါသ ကောင်းလေ၏။

ဦးသူတော်သည် ကုက္ကိုညီနောင်ရိပ်အောက်၌ လှည်းကို ရပ်တန့်လိုက်သည်။ လှည်းပေါ်မှ ခုန်ချကာ နွားများကို ကြိုးဖြုတ်နေ၍ လှနွယ်လည်း လှည်းအောက်သို့ ခုန်ချလိုက်သည်။





လှနွယ်သည် ကမကလဲဘက်သို့ မျှော်ကြည့်လိုက်လေသည်၊ လမ်းပေါ်တွင် မောင်သိန်းကိုမမြင်ရ၍ စောပါသေးတယ်ဟု စိတ်ထဲကအောက်မေ့လိုက်သည်။

ဦးသူတော်သည် ကောက်ရိုးများကို လှည်းတံပိုးတုံးပေါ်၌ တင်လျက် နွားများကို ကျွေးနေလေသည်။

လှနွယ်သည် သစ်ပင်ခြေရင်းသို့ လျှောက်သွားလေသည်၊ သစ်ပင်ခြေရင်းရှိ မည်းညိုနေသောသစ်မြစ်ကြီးပေါ်၌ သွားထိုင်ချလိုက်သည်။ နေပူကြီးထဲလာရ၍ အရိပ်ကြီးကို ခိုလှုံရသည့် တစ်ခဏအေးမြသွားလေ၏။

သစ်ပင်အောက်တွင် လူရှင်းလျက် ရှိလေသည်။ ဘာသံမျှလည်း မကြားရဘဲ တိတ်နေပေသည်။ တစ်ချက် တစ်ချက် ချောင်းထဲမှ လှော်ခတ်သွားသော တက်သံသာကြားရသည်။

ဦးသူတော်သည် နွားများကို အစာကျွေးပြီးနောက် သစ်ပင်ကြီးနှင့် မလှမ်းမဝေးတွင်ရှိသော ရေကန်ဆီသို့ ရေတိုက်ရန် ကြိုးဖြင့်ဆွဲကာ မောင်းခေါ်သွားလေသည်။

လှနွယ်သည် ချောင်းကို ငေးနေလေသည်။ ဦးသူတော်သည် နွားများကို ရေတိုက်ရာမှအပြန်. . . .

'မောင်သိန်း လာနေပဟေ့' ဟု အသံပေးလိုက်၍ လှနွယ်မှာ ရင်တွေခုန်သွားကာ ချက်ချင်းလှည့်ကြည့်လိုက်သည်။

မောင်သိန်းသည် နေပူထဲတွင် ခပ်သုတ်သုတ် လျှောက်လာနေသည်။

လှနွယ်မှာ မတ်တတ်ထကာ တဒိတ်ဒိတ် ရင်ခုန်လျက် မျက်တောင်မခတ် လှမ်းစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှနွယ်၏ မျက်နှာကလေးမှာ ရှင်လန်းတက်ကြွ နုပျိုလန်းဆန်းနေလေသည်။ မောင်သိန်းသည် အနီးသို့ ရောက်လာလျှင် လှနွယ်၏ တောက်ပြောင် မျှော်လင့်နေသောမျက်လုံးများကိုပါ မြင်ရလေ၏။

ဦးသူတော်သည် တစ်ဘက်ရှိ ကုက္ကိုပင်ကြီး၏ သစ်မြစ်ကြီးပေါ်သို့ ဝင်ထိုင်ရင်း 'ဘယ့်နှယ်လဲဟေ့' ဟု အရင်လှမ်းမေးနေသည်။

မောင်သိန်းသည် ခေါင်းကို ယမ်းပြလျက် မိမိအား ပြုံးရယ်ကြည့်နေသော လှနွယ်၏မျက်နှာကို မကြည့်ရက်ဘဲ သစ်မြစ်ပေါ်သို့ ပစ်ထိုင်ချလိုက်၏။ ရင်ထဲတွင် နုံးနုံးချွေ့ချွေ့ မောမောပန်းပန်းကြီးဖြစ်၍ အားကုန်ပန်းလျက ခေါင်းထဲတွင် မူးနောက်သွားလေသည်။

လှနွယ်မှာ ရုတ်တရက် အသက်ပင် မရှူနိုင်ချေ။ ခြေထောက်များမှာ တဆတ်ဆတ်တုန်နေလေသည်။ မျက်နှာလေးမှာ ငပုပ်ဖမ်းထားသော လစန်းသော်တာကဲ့သို့ဖြစ်သွားကာ မျက်ရည်များ ဝဲလာလေသည်။ လှနွယ်သည် မျက်ရည်တွေစီးကျမလာအောင် စိတ်ကိုတင်း၍ထားလေသည်။ နှုတ်ခမ်းများမှာ တလှုပ်လှုပ်တရွရွဖြစ်နေသော်လည်း အသံမထွက်လာပေ။

မောင်သိန်းသည် လှနွယ်ကို မသက်မသာ မော့ကြည့်ကာ 'ထိုင်ပါဦးလှနွယ်ရယ်. . .'ဟု ရင်ခေါင်းသံကြီးနှင့် ပြောလိုက်သည်။

လှနွယ်သည် သစ်မြစ်ပေါ်သို့ဖြည်းလေးစွာ ထိုင်ကျသွားလေ၏။ အင်အားဟူသမျှလည်း ခန်းခြောက်၍သွားကာ အသိတရားများ လက်လွှတ်လျက် ရင်ထဲတွင်ဟာတာကြီးဖြစ်၍သွား၏။

လှနွယ်သည် မျက်နှာကို ငုံ့လိုက်ပြီးနောက် မဖြေနိုင်အောင် ဝမ်းနည်းကြေကွဲသွားလေ၏။

ဦးသူတော်မှာ လှနွယ်ကိုကြည့်ပြီး တစ်ခဏမျှ ငြိမ်သွားလေ



BURMESE CLASSIC .com



သည်။ ထိုနောက်မှ 'ဘာဖြစ်လို့လဲကွာ'ဟု မေးလိုက်လေ၏။

'ဘာဖြစ်ရမလဲဗျာ ပြောတော့တစ်မျိုး လုပ်တော့တစ်မျိုး'ဟု ပြောလိုက်ကာ မောင်သိန်းသည် မျက်နှာကြီးသုန်သုန်မှုန်မှုန်နှင့် ငြိမ်သက်သွားလေ၏။ သူ့ရင်တွင်း၌ ရွံရှာရုံ့မဲ့နေပုံရှိလေ၏။

'ကျုပ်တို့ဘဝဟာ ပီဘီသူများခြေနင်းဖတ်ပဲဗျာ. . .'ဟု အတန်ကြာမှ ဆက်လေ၏။

'ကြည့်စမ်းပါဦးဗျာ၊ သူဌေးက သူ့လယ်တွေတစ်ပုံကြီး ကျုပ်တို့မချဘဲ ဟိုနာမည် ဒီနာမည်နဲ့ ခွဲဝေတပ်ထားတာသိရက်နဲ့ ဒါကို ဘုတ်အဖွဲ့က ခွင့်ပြုတယ်ဗျ. . .'

ခေါင်းကြီးငိုက်စိုက်သွားပြီးနောက် မောင်သိန်းသည် ခဏမျှ ငြိမ်နေလေ၏။

'ဟိုနာမည် ဒီနာမည်တပ်တာတော်သေးတာပေါ့ကွ၊ တချို့များ ဘုန်းကြီးနဲ့ကျိတ်ပြီး သာသနာ့မြေလုပ်ပစ်လိုက်တယ်။ သူဌေးက ဘုန်းကြီးရဲ့ကပ္ပိယကာရကအဖြစ်နဲ့ သူ့လယ်ကို သူကြိုက်တဲ့ သီးထောက်ခနှုန်းနဲ့ ဥပဒေအပြင်ဘက်က ချတာပဲဟေ့. . .'

မောင်သိန်းသည် လေးလံစွာ အသက်ရှူလိုက်လေသည်။ မျက်နှာတွင် သွေးရောင်သည် နီမြန်းကာ ကြွတက်နေ၏။ မျက်လုံးများမှာ အခဲမကျေခြင်းဖြင့် ဝင်းဝင်းတောက်နေလေ၏။

'ဘုတ်အဖွဲ့အကြောင်း မင်းကမသိသေးဘဲကိုးကွ၊ လယ်သမားခေါင်းပုံဖြတ်အဖွဲ့ကွ၊ မနှစ်ကများကွာ လယ်သမားတွေ အစိုးရက အမတော်ကြေးထုတ်ပေးတယ်၊ အဲဒါ ပဲခူးသွားထုတ်ရတယ်၊ ရုံးသွားပြီး တစ်ခေါက်တည်းနဲ့ ထုတ်ပြီး တစ်ကြိမ်ထဲနဲ့ပြီးခဲ့တာမျိုး မဟုတ်ဘူးကွ လေးငါး ဆယ်ခေါက်သွားမှ ရခဲ့တာ၊ ရပြန်တော့လည်း၊ ငွေ ၁၀ကျပ်မှာ သွားရလာရခရီးစရိတ် စားစရိတ် ဘယ်လောက်နှုန်းဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖြတ်ယူကြတာပဲ၊ လယ်သမား အသက်ဆက်ပေးတဲ့၊ အသက်သွေးကြောကို ဖြတ်လိုက်၊ လှီးလိုက်နဲ့ အငန်းမရ စုပ်ကြတာပဲဟေ့...’

ဦးသူတော်သည် တစ်ဘက်သို့ မျက်နှာလွှဲလိုက်လေသည်။ စိတ်လှုပ်ရှားမှုနှင့် စကားအဆက်မပြတ်ပြောနေမှုကြောင့် နှမ်းလျမောဟိုက်သွားလေ၏။

မောင်သိန်းသည် မီမီဘေးတွင် ထိုင်နေသောလှနွယ်ဘက်သို့ လှည့်လျက် ‘လှနွယ်’...ဟု မရှိတင်ကဲ ခေါ်လိုက်လေသည်။

လှနွယ်၏မျက်နှာတွင် မျက်ရည်များ လိမ့်ဆင်းသွားလေ၏။ မျက်ရည်များသည် အသည်းကိုပွင့်၍ တွန်းကန်ထွက်ကျလာသည့် မျက်ရည်များဖြစ်ပေ၏။ သူသည် တစ်ချက်သာလျှင် မောင်သိန်းကို လှည့်ကြည့်ကာ မျက်လွှာကို ပြန်ချထားလိုက်သည်။

‘မကောင်းပါဘူးဟာ၊ အခုဖြစ်နေတဲ့အခြေအနေဟာ နည်းနည်းမှ မကောင်းပါဘူး၊ ဘယ်သူ့ကြည့်ကြည့်မဖြောင့်မှန်တာချည်းပဲ’

မောင်သိန်းသည် ဤနေရာတွင် စကားကို ရပ်လိုက်လျက် သက်ပြင်းကြီးတစ်ချက်ရှူလိုက်လေ၏။ ထိုနောက် ဆက်လက်၍...

‘မဖြောင့်မှန်တဲ့လူတွေရဲ့ လက်ချက်နဲ့ ရှေ့လျှောက် လူတွေအများကြီး ဒုက္ခရောက်ဦးမယ်’ ဟု အဆုံးသတ်လိုက်လေ၏။

နာကျင်ခြင်း၊ ပူလောင်ခြင်း၊ ဝမ်းနည်းခြင်း၊ အားလျော့ခြင်းတို့ဖြင့် မကြာသေးမီကအထိ ဆွေးမြည့်လာခဲ့ရသော အသည်းနှလုံးတို့ကို ဆူးအပ်တို့ဖြင့် ပေါက်ဆွခြင်းခံရသည့်အလား လှနွယ်သည် နာကျင်ပြင်းပြသည့် ဝေဒနာကို အသည်းခိုက်အောင် ထွန့်ထွန့်လူး ခံစားလျက်ရှိ၏။

‘မတရားကြတာတော့ မပြောနဲ့တော့ဟေ့...’ဟု ဦးသူတော်က အနားဖြေရာမှ ဆက်လိုက်ပြန်သည်။





‘တချို့နယ်တွေများတဲ့ကွာ ဘုတ်အဖွဲ့နဲ့ အရာရှိနဲ့ ပင်းကြိတ်ကြတယ်။ တချို့လည်း မြေတိုင်းစာရေးနဲ့ ပင်းကြိတ်ကြတယ်၊ ဦးပိုင်နံပါတ်ဘယ်လောက်၊ ကွင်းနံပါတ်ဘယ်လောက် ဆိုပြီး၊ မြေဂရန်ထဲမှမရှိတဲ့နေရာကို တိုးထည့်ဆွဲပြီး အဲဒီဂရန်ထဲက ကေနူန်းနဲ့ အမတော်ကြေးငွေထုတ်ပြီး ဝါးစေကြတာပဲတဲ့၊ လယ်ရှင်တွေက ဘုတ်အဖွဲ့နဲ့ပေါင်း၊ လယ်အကြောင်းကို ဘာမှန်းမသိတဲ့ အရာရှိတွေကို ဥက္ကဋ္ဌတင် ဖြစ်ချင်တိုင်းဖြစ်နေကြတာကွ၊ ငါက စပါးဒိုင်တကာ့ဒိုင်လှည့်ပြီး လှည်းတိုက်နေလို့ မသိချင်အဆုံး၊ မကြားချင်အဆုံးပါပဲ’

မောင်သိန်းသည် ပင့်သက်ကိုချလျက် ဦးသူတော်ပြောနေသည့် စကားကို မကြားချင် ကြားချင်နှင့် နားစွင့်၍နေ၏။

ဦးသူတော်မှာ မမောမပန်းဘဲ သူ့စိတ်ထဲရှိသမျှ အန်ထုတ်၍နေပြန်၏။

‘လယ်ခွန်တော် နှစ်ဆ၊ သီးထောက်ခလျော့လို့ လယ်သမားက ချောင်လည်မယ်ထင်သလား၊ အရင်ထက်တောင်ကျပ်သေးတယ်၊ အစိုးရက ဘယ်လိုပိတ်ပိတ် လယ်သမားဟာ စပါးပေး တင်းတိုးယူကြရတာပဲ၊ ထုတ်ပေးတဲ့ အစ်မတော်ကြေးက ဖင်နုတ် ခေါင်းနုတ်နဲ့ ဘာကျန်လို့လဲ၊ လယ်စရိတ်သုံးဖို့ စပါးပေး တင်းတိုးယူကြရတာပဲ၊ အခု ဘယ်လိုလူတွေက ပွနေကြသလဲဆိုတော့ တရုတ်ကုန်စုံဆိုင်တွေ၊ ကုလားကုန်စုံဆိုင်တွေ၊ သူဌေးတွေဟန်ကျနေတာ၊ စပါးပေးတင်းတိုးယူတဲ့ကြွေးက စာချုပ်ရှိဖို့ မလိုဘူး၊ စကားတစ်ခွန်းက စာချုပ်ထက် ခိုင်လုံသေးတယ်၊ အချိန်တန်လို့ မပေးရင်တစ်နှစ်ဆုံးပေ့၊ နောက် ကြွေးမပေးဘူး၊ တစ်ခွန်းပဲကွ၊ လယ်သမားဟာ ဒီပြင်ဟာဘာဖြစ်နေနေ၊ နောင်နှစ်ခါ မငတ်အောင် နှစ်ဆတိုး သုံးဆတိုးကို ကျိတ်ဆပ်ကြရတာပဲ’



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးသုတော်၏ ရင်အုံကြီးမှာ မောပန်းသွားပုံဖြင့် နိမ့်ချည်မြင့်ချည်လှုပ်ရှားလျက်ရှိနေသည်။ နဖူးပေါ်မှ ပေါက်ထွက်နေသော ချွေးပေါက်များအား ခေါင်းငုံ့ကာ ကြမ်းတမ်းသောသူ့လက်ကြီးနှင့် မြေပေါ်သို့ သပ်ချလိုက်သည်။

ထို့နောက် ခေါင်းငုံ့၍ ခါးပိုက်ကိုဖြည့်ကာ ခါးပိုက်ထဲတွင် လုံးညှပ်ထားသောဆေးပြင်းလိပ်ပုံကို ထုတ်ယူလျက် ပါးစောင်တွင်သွင်း၍ အံနှင့် ကြိတ်ဖြတ်လိုက်သည်။

မျက်ခွံများပိတ်၍ တအားကြိတ်ဖြတ်လိုက်စဉ် ရှုံ့တွခွက်ဝင်နေသောမျက်နှာ၌ မျက်လုံးများပျောက်၍ မျက်တွင်းကြီးဟောက်သွားပုံမှာ မျက်မမြင်တစ်ယောက်၏ မျက်နှာနှင့်တူသွားသည်။

ဆေးငုံပြီးလျှင် လက်တစ်ဆစ်ခန့်ကျန်သေးသော ဆေးလိပ်ပြတ်ကို ခါးပိုက်ထဲတွင် ထည့်၍ လုံးညှပ်လိုက်သည်။ တံတွေးကိုဘေးသို့ ပျစ်ခနဲ ထွေးလိုက်ပြီးနောက် ဆက်ပြန်လေသည်။ သူ့လေသံမှာ စောစောကလောက် မထန်တော့ဘဲ ခပ်ဝင်ဝင် ခပ်ပျော့ပျော့ဖြစ်လာသည်။

'လယ်သမားတွေဟာ တစ်နှစ်စာလုံလုံလောက် သူတို့လက်ထဲမှာ စရိတ်ရှိစမ်း၊ သူများဆီ အယူလွတ်ရတဲ့အဖြစ်ရောက်စမ်း၊ စရိတ်ရှိစမ်း၊ လယ်စရိတ်၊ သူ့မှာသာ တစ်နှစ်စာရှိစမ်း၊ တစ်နှစ်တည်းနဲ့ချောင်လည်ပါတယ်ကွာ၊ တစ်ခါတည်းနာလန်ထူပါတယ်၊ အစိုးရက လယ်သမားဘဏ်တွေ ဖွင့်ပေးပြီး၊ ထွန်တုံး၊ ထွန်တံ၊ မျိုးပဲမှအစ အကုန်ထုတ်ပေးကြည့်စမ်း ဘယ်လောက်ချောင်လည်ကြမလဲ၊ အခုတော့ကွာ. . . ရတဲ့ အမတော်ကြေးကလည်း မဖြစ်စလောက်၊ ဒါကလေးတောင် ဟိုကဒီကဝိုင်းအုပ်'

'အဲဒါ လက်ရှိစနစ်မကောင်းလို့ဗျ၊ လက်ရှိစနစ်မကောင်းလို့'





ဟု မောင်သိန်းက အော်ပြောလိုက်သည်။

'လက်ရှိစနစ်တွင်မဟုတ်ဘူး၊ လုပ်တဲ့လူတွေကလည်း ဖောက်ပြန်နေတယ်'

ဦးသုတော်သည် လှနွယ်အနားသို့ အသာထလာပြီး ကြင်နာယုယသော အကြည့်ဖြင့်ကြည့်လျက် 'လှနွယ်ရယ်၊ အခုမလုပ်ရလည်း နောက်လုပ်ရမှာပေါ့'ဟု ချော့မော့နှစ်သိမ့်လိုက်သည်။

လှနွယ်မှာ ခေါင်းမထောင်ဘဲ ဆိတ်ငြိမ်စွာငုံ့၍နေ၏။ 'နို့ဗွာန်ဘက် သွားရဦးမယ်ကွာ'ဟု ဦးသုတော်က ညည်းဆိုကာ သူ့နွားများကို လှည်းတွင် ပြန်တပ်လျက် လှည်းထွက်သွားလေ၏။

မောင်သိန်းသည် ဦးသုတော်လှည်း ထွက်သွားသောအခါ လှနွယ်အနားသို့ကပ်၍ လှနွယ်ဟုခေါ်လိုက်ပြန်သည်။

လှနွယ်ကား မတုန်မလှုပ်။

'ဒီအတိုင်း မနေသေးပါဘူး လှနွယ်ရယ်၊ ဒီကမ္ဘာမြေပေါ်မှာ မတရားမှုတွေ၊ မလွတ်လပ်မှုတွေ၊ မဖြောင့်မှန်မှုတွေကိုတိုက်ထုတ်မယ့် မှန်ကန်မှု၊ လွတ်လပ်မှု၊ သစ္စာတရားအစစ်၊ မေတ္တာတရားအစစ်ပေါ်ထွန်းလာမယ့် နေ့တစ်နေ့တော့ရောက်ရမှာပဲ၊ စိတ်မပျက်ပါနဲ့ . . . နော်. . . နော်'

လှနွယ်သည် မောင်သိန်းအား မော့ကြည့်လေသည်။ မောင်သိန်း၏မျက်လုံးတို့မှာ အနာဂတ်ကိုတင်စားသော လူငယ်၏အသွေးအရောင်ဖြင့် ဖိတ်ဖိတ်တောက်၍နေသည်။

လှနွယ်မှာ မောင်သိန်းပြောလိုက်သည့် လယ်သမားတို့၏ခေတ်ကြီး' လုပ်သလောက် အကျိုးခံစားရမည့်တရားမျှတခြင်း အုပ်စိုးသည့် မေတ္တာခေတ်ကြီးကို တွေးဆမှန်းဆကြည့်ရင်း မျက်လုံးများတွင် မှေးမှိန်ဖျော့တော့ရာမှ အရည်ကြည်ကလေး သန်း၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သိန်းသည် လှနွယ်၏ ချစ်စဖွယ်ကောင်းသောမျက်နှာကလေးကိုကြည့်ကာ အားသစ် မာန်သစ်ဖြင့် ထူးခြားစွာပြုံးလိုက်လေသည်။

လှနွယ်မှုကား ပြန်၍ မပြုံးနိုင်ဘဲ ရင်ထဲတွင် ပြည့်ကျယ်နေသောလယ်လိုချင်သည့် စိတ်ကိုမျိုသိပ်လျက် ယူကျုံးမရ စီးကျမည့်မျက်ရည်အဟုန်ကို ခဲယဉ်းစွာ ပိတ်ဆို့တားဆီးထားရလေ၏။ ။

ပြီး၏။

ဂျာနယ်ကျော် မမလေး

BURMESE CLASSIC .com



www.burmeseclassic.com